လယ်တီဆရာတော်ဘုရားကြီး

ရေးသားစီရင်တော်မူအပ်သော

# ဝိနယ သံခိပ်ကျမ်း

ဣန္ဒြသာယ ပိဋကတ်စာအုပ်ဆိုင်
အမှတ် ( ၂၇ / ၂၈ ) ရွှေတိဂုံတောင်ဘက်ဈေးတော်ရှိ
ဒဂုံစာတိုက်၊ ရန်ကုန်မြို့။

တတိယအကြိမ်

# ဝိနယသံခိပ်အဖြေကျမ်း

## မာတိကာ


၁-ဝန္ဒနာပဏာမနှင့်တကွ သိက္ခာသုံးပါးပြဆိုခန်း

၂-သင်္ကန်းအဓိဋ္ဌာန် တင်နည်း

၃-သင်္ကန်းဝိကပ္ပနာပြုနည်း

၄-သင်္ကန်းဟူသော မှီရာနိဿယ

၅-သပိတ်အပြား ခွက်အပြား

၆-အကပ်ခံနည်း

၇-အတိရိတ်ဝိနည်းကံ ပြုနည်း

၈-ကာလိက လေးပါး အမြွက်

၉-အကပ္ပိယအသားမျိုး

၁၀-အကပ္ပိယပစ္စည်းမျိုး

၁၀-ကပ္ပိခြင်းငါးပါးအမြွက်

၁၂-ကျောင်းဟူသော မိုရာနိဿယအမြွက်

၁၃-ဆေးဟူသော မိုရာနိဿယအမြွက်

၁၄-အမိုလေးပါး

၁၅-ပါရာဇိက

၁၆-သံဃာဒိသိသ်

၁၇-နိဿဂ္ဂိယ

၁၈-သုဒ္ဓပါစိတ်

၁၉-သေခိယ

၂၀-သမုဋ္ဌာနာဒိ

၂၁-အဓိကရုဏ်း လေးပါးအမြွက်

၂၂-သမထခုနစ်ပါး

၂၃-ပါရာဇိက အာပတ်ကုစားနည်း

၂၄-သံဃာဒိသိသ်အာပတ် ကုစားနည်း

၂၅-ဒေသနာ ဂါမ်အာပတ်ကုစားနည်း အမြွက်

၂၆-ရှင်ပြုခန်းအမြွက်

၂၇-ရဟန်းခံခန်းအမြွက်

၂၈-နိဿယမုတ္တကအင်္ဂါ

၂၉-ဥပဇ္ဈာယ်-နိဿယည်း အမြွက်

၃၀-သိမ်ခန်းအမြွက်

၃၁-ပုဗ္ဗကရဏ-ပုဗ္ဗကိစ္စ

၃၂-ပတ္တကလ္လအင်္ဂါလေးပါး

၃၃-ဥပုသ်အပြား

၃၄-ပဝါရဏာအပြား

၃၅-ဥပုသ်ပဝါရဏာပြုပုံ

၃၆-ဝါဆိုခန်း

၃၇-ကထိန်အမြွက်

ကထိန်ခင်းရာ အင်္ဂါရှစ်ပါး

ဝိနယသံခိပ်အဖြေကျမ်း ပြီး၏။

--------- ✳ ---------

# ဝိနယသံခိပ်အဖြေကျမ်း

နမော တဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ။

## ၁-ဝန္ဒနာပဏာမနှင့်တကွ သိက္ခာသုံးပါးပြဆိုခန်း

### ၁။ ဘုရား, တရား, သံဃာအား၊ သုံးပါးဝန္ဒနာ။

"တိဿော က္ကမာ ဘိက္ခဝေ ဝန္ဒနာ။ ကတမာ တိဿော။ ကာယေန ဝန္ဒတိ၊ ဝါစာယ ဝန္ဒတိ"။ (အင်္ဂုတ္တရ တိကပါဠိတော်)။

လောကဉ္ဇ ဒွါရဖြင့် ဆို၍ ရှိခိုးခြင်းသည် ပါဠိတော်နှင့် လျော်လှပေ၏။ အဋ္ဌကထာကြီးတို့၌ကား။ (ဝိသုဒ္ဓိမဂ္ဂ၊ ပ)

"စက္ခုနာ ရူပံ ဒိသွာတိ ကရဏဝသေန စက္ခူတိ လဒ္ဓဝေါဟာရေန ရူပဒဿန သမတ္ထေန စက္ခုဝိညာဏေန ရူပံ ဒိသွာ။ ပေါရာဏာ ပနာဟု-စက္ခုံ ရူပံ န ပဿတိ၊ အစိတ္တကတ္တာ။ စိတ္တံ န ပဿတိ၊ အစက္ခု ကတ္တာ၊ ဒွါရာရမ္မဏ သံဃဋ္ဋနေန ပန ပသာဒဝတ္ထုကေန စိတ္တေန ပဿတိ၊ ဤဒိသီ ပနေသာ ဓနုနာ ဝဇ္ဈတီတိ အာဒီသုဝိယ သသမ္ဘာရ ကထာနာမ ဟောတိ၊ တသ္မာ စက္ခုဝိညာဏေန ရူပံ ဒိသွာတိ အယမေဝေတ္ထ အတ္ထောတိ"

ဟု လာ၏။ ကံဖြင့်ဆို၍ ရှိခိုးခြင်းသည် ဤအဋ္ဌကထာကြီးများနှင့်လျော်၏။ လျော်ပုံကား-စက္ခုသည်လည်း ဒွါရရုပ်မျိုးဖြစ်၏၊ ကာယဝစီတို့သည်လည်း ဒွါရရုပ်မျိုးဖြစ်ကြကုန်၏၊ ထို့ကြောင့် "စက္ခု နာရူပံ ဒိသွာ"၌ စက္ခုနာ-ဟူသော စကားသည် သသမ္ဘာရကထာ ကာရဏူပစာ စကားမျိုးဖြစ်သကဲ့သို့ "ကာယေန ဝန္ဒတိ"-၌ ကာယေန ဟူသောစကားသည်လည်း

သသမ္ဘာရကထာ ကာရကဏ္ဍပစာ စကားမျိုးပင် ဖြစ်၏၊ ထို၌ စက္ခုသဒ္ဒါဖြင့် စက္ခုဝိညာဏ်ကို ယူ၏သို့ ဤ၌ ကာယသဒ္ဒါဖြင့် ကာယဒွါရ၌ဖြစ်သော စေတနာကံ ကိုယူ။

ပဏ္ဏာမပြီး၏။

------------

## သိက္ခာသုံးပါးပြဆိုခန်း

**၂။ ရဟန်းတရား၊ အမြတ်ထား၊ သုံးပါး ကျင့်သိက္ခာ။**

## သိက္ခာသုံးမျိုး

"တိဿော ဣမာ ဘိက္ခဝေ သိက္ခာ၊ ကတမာ တိဿော၊ အဓိသီလ သိက္ခာ၊ အဓိစိတ္တ သိက္ခာ၊ အဓိပညာ သိက္ခာ"။

(အင်္ဂုတ္တရ-တိက)။ အင်္ဂုတ္တိုရ်ပါဠိတော်။

**၃။ အာဒိပြဟ္မ၊ စရိယနှင့်၊ အဘိသမာစာရိက၊ ဤနှစ်ဝ၊ သီလသာသနာ။**

## အဓိသီလသိက္ခာ

အဓိသီလ သာသနာ, အဓိသီလ သိက္ခာ အတူတူပင်တည်း။ လူတို့၏ ငါးပါးသီလ, ဆယ်ပါးသီလ, ရှစ်ပါးသော ဉပေါသထသီလ တို့ထက် လွန်ကဲထူးမြတ်သော သီလသိက္ခာမျိုးဖြစ်၍ ထိုနှစ်ပါးသော သီလတို့ကို "အဓိသီလသိက္ခာ" ဆိုသည်၊ မြတ်စွာဘုရားတို့ ဖြစ်ပွင့် တော်မူသောအခါ၌သာ လောက၌ ဖြစ်ပေါ်သည်။

**၄။ နှစ်ရာ့နှစ်ဆယ်၊ ခုနစ်သွယ်၊ အကျယ်-အာဒိ-သာ။**

## အာဒိဗြဟ္မစရိယက သီလ

အာဒိဗြဟ္မစရိယကသီလဆိုသည်ကား ပါတိမောက်မှာ အကျယ်လာသော ၂၂၇-ပါးသော သိက္ခာပုဒ သီလတို့ကို ဆိုသည်၊ အကျဉ်းအားဖြင့် ရဟန်းတို့၏ အာဇီဝဋ္ဌမက သီလကိုဆိုသည်၊ ထိုသီလသည် မဂ္ဂဗြဟ္မစရိယ၏ အစအဦးဖြစ်၍ "အာဒိဗြဟ္မစရိယက သီလ"မည်၏။

"မဂ္ဂဗြဟ္မစရိယဿ အာဒိ ဘာဝဘူတန္တိ အာဒိဗြဟ္မစရိယကံ၊ အာဇီဝဋ္ဌမက သီလဿေ တံ အဓိဝစနံ"။ (ဝိသုဒ္ဓိမဂ္ဂ-ပ)။

အစအဦးဆိုသည်ကား နံနက်အခါ၌ အရှေ့အရပ်မှတက်သော နေအရုဏ်သည် ထိုနေ့၏ အစအဦးဖြစ်၍ ထိုနေ့၌ အတွင်းဝင် ဖြစ်လေသကဲ့သို့ ဤ ၂၂၇-ပါးသော သိက္ခာပုဒသီလ အပေါင်းသည် သောတာပတ္တိမဂ္ဂသီလ၏ အစအဦး အခြေအမြစ်ဖြစ်၍ သောတာပတ္တိမဂ္ဂသီလ၌ သက်ဝင်ရောက်ခြင်းသို့ ရောက်၏။

ယခုကာလ ဤသီလနှင့် ပြည့်စုံကြကုန်သော သီလဝန္တ ရဟန်းတို့သည် အရိယာပုဂ္ဂိုလ် ရှစ်ယောက်တို့တွင် သေက္ခပုဂ္ဂိုလ်တို့၌ သက်ဝင်ရောက်ခြင်းသို့ ရောက်ကုန်၏။

"သေက္ခော ဘိက္ခုတိ ပုထုဇ္ဇနကလျာဏေန သဒ္ဓိံ သတ္တအရိယာ တိဿော သိက္ခာ သိက္ခန္တီတိ သေက္ခာ၊ တေသု ယော ကောစိ သေက္ခော ဘိက္ခုတိ ဝေဒိတဗ္ဗော"။အဋ္ဌကထာ။(ပါရာဇိကဏ္ဍ အဋ္ဌကထာ-ပ)။

"ကေ သိက္ခန္တီတိ။ သေခါ စ ပုထုဇ္ဇနကလျာဏကာ စ သိက္ခန္တိ"။

(ပရိဝါပါဠိတော်)။

## ၅။ ခန္ဓကဝတ်၊ အကျင့်မြတ်၊ မှတ်လေ ဘိသမာ။

## အဘိဓမ္မာစာရိကသီလ

မဟာဝါခန္ဓက, စူဠဝါခန္ဓကတို့၌လာသော ဥပဇ္ဈာယဝတ်, အာစရိယဝတ် အစရှိသော ကျင့်ဝတ်တရားတို့သည် ထိုအာဒိဗြဟ္မစရိယက သီလပေါ်တွင် အရောင်တင် အမွှန်းတင် သီလဖြစ်ပေ၍ အထွတ်အမြတ်ဖြစ်သော အကျင့်အာစာရ ဟူသောအနက်ကြောင့် "အဘိသမာစရိကသီလ"မည်ကုန်၏။

"ဥဘတော ဝိဘင်္ဂ ပရိယာပန္နံ အာဒိဗြဟ္မစရိယကံ။ ခန္ဓက ဝတ္တပရိယာပန္နံ အာဘိသမာစာရိကံ။ (ဝိသုဒ္ဓိမဂ္ဂ)။

လောကုတ္တရာသီလ သည်မူကား အနုတ္တရ အဓိသီလ ပေတည်း။

### ၆။ အာဘိ သမာစာရိ၊ မပြည့်ဘိ၊ အာဒိ-ကြောင်မြဲသာ။

ဥပဇ္ဈာယဝတ်, အာစရိယဝတ် အစရှိသော ခန္ဓကဝတ် အကျင့်တို့ကို ပြည့်စုံစွာ မဖြည့်နိုင်သော ရဟန်းအား အာဒိဗြဟ္မစရိယက သီလသည် ပြည့်စုံမြဲ မဟုတ်၊ နွားပြောက် နွားကျားကဲ့သို့ အကြောင်းအကျားသာ ဖြစ်မြဲတည်း။

"သော ဝတ ဘိက္ခဝေ ဘိက္ခု အာဘိသမာစာရိကံ ဓမ္မံ အပရိပူရေတွာ အာဒိဗြဟ္မစရိယကံ ဓမ္မံ ပရိပူရေဿတီတိ နေတံ ဌာနံ ဝိဇ္ဇတိ"။ ။ အင်္ဂုတ္တိုရ် ပါဠိတော်။(အင်္ဂုတ္တရ၊ (ဒုတိယအုပ်) နှာ-၁၂/ဝိသုဒ္ဓိမဂ္ဂ-ပ၊ ၁၂ တန္ဓိဿယပါဠိ။)

ထိုအကျင့်တို့ကို သဒ္ဓါ, ဝီရိယ နုန့်ကြသော သူတို့သည် ဖြည့်ကျင့်လိုသော စိတ်ပင် မရှိကြကုန်၊ ထိုသူတို့သည် သဒ္ဓါ, ဝီရိယ ထက်သန်လှမှ ဖြည့်ကျင့်နိုင်ရာသော အချို့သော အာဒိဗြဟ္မစရိယက သိက္ခာပုဒ်တို့၌လည်းကောင်း, သမထကမ္မဋ္ဌာန်းအလုပ် ဝိပဿနာကမ္မဋ္ဌာန်းအလုပ်တို့၌

လည်းကောင်း စိတ်ပင် မရှိကြကုန်၊ သဒ္ဓါ, ဝီရိယကို ထူထောင်၍ ထိုဝတ် အကျင့်တို့ကို ဖြည့်ကျင့်နိုင်သော သူတို့သည်မူကား အာဒိဗြဟ္မစရိယက သိက္ခာပုဒ်တို့၌လည်း ခဲယဉ်းမှု မရှိကြကုန်၊ ဓုတင်အလုပ်, သမထ ကမ္မဋ္ဌာန်းအလုပ်, ဝိပဿနာကမ္မဋ္ဌာန်းအလုပ်တို့၌လည်း နည်းလမ်းကျကျ သိမှုသာလို၏၊ ဝီရိယအတွက်မှာ ခက်ခဲမှု မရှိကြကုန်။

### ၇။ သမာပတ္တိ၊ ရှစ်ပါးရှိ၊ အဓိစိတ္တသာ။

ဝိပဿနာ၏ အခြေပါဒဖြစ်သော ပဌမစျာန် သမာပတ်, ဒုတိယ စျာန် သမာပတ်အစရှိသော သမာပတ် ရှစ်ပါးသည် အဓိစိတ္တသိက္ခာ မည်၏။ လောကုတ္တရာ စိတ်သည်မူကား- အနုတ္တရ အဓိစိတ္တပေတည်း။

"ဝိပဿနာ ပါဒကံ အဋ္ဌသမာပတ္တိ စိတ္တံ အဓိစိတ္တန္တိ ဝုစ္စတိ"။

(ပါရာဇိကဏ်အဋ္ဌကထာ။)

### ၈။ ဝိပဿနာသုံးတန်၊ မဂ်, ဖိုလ်ဉာဏ်၊ အမှန် ဓိပညာ။

## အဓိပညာသိက္ခာ

အနိစ္စာနုပဿနာဉာဏ်, ဒုက္ခာနုပဿနာဉာဏ်, အနတ္တာ နုပဿနာဉာဏ် သုံးပါးသည်လည်းကောင်း၊ မဂ်ဉာဏ်လေးပါး, ဖိုလ်ဉာဏ် လေးပါးသည်လည်းကောင်း "အဓိပညာ သိက္ခာ"မည်၏။ ထိုတွင် မဂ်ဉာဏ်လေးပါး, ဖိုလ်ဉာဏ်လေးပါးသည် မိမိထက်လွန်သော အထက် ဉာဏ် လာရန်မရှိပေသောကြောင့် အနုတ္တရ အဓိပညာမည်၏။

"တိလက္ခဏာကာရ ပရိစ္ဆေဒကံ ပန ဝိပဿနာဉာဏံ အဓိပညာတိ ဝုစ္စတိ။ တတောပိ-စ မဂ္ဂံ ဖလပညာဝ အဓိပညာ"။

(ပါရာဇိကဏ် အဋ္ဌကထာ)

## ၉။ သိက္ခာလိုလား၊ အမျိုးသား၊ ကြိုးစား ကျင့်ကြရာ။

### ဝိဂ္ဂဟ

လဇ္ဇီပေသလ သိက္ခာကာမ ဟူသောပုဒ်၌ "တိသော သိက္ခာ သိက္ခိတုံ ကာမေတိ ကင်္ခတီတိ သိက္ခာကာမော" ပြု။

### အရကောက်

ယခုဘဝ၌ ပြဆိုခဲ့ပြီးသော သိက္ခာသုံးပါးတို့ကို ပေါက်ရောက်အောင် ကျင့်ကြံလိုသော ဆန္ဒဥဿဟ တင်းလင်းရှိနေသော ပုဂ္ဂိုလ်ကို သိက္ခာကာမ ပုဂ္ဂိုလ်ဆိုသည်။ ယခုကာလ၌မူကား အဓိသီလသိက္ခာ၌သာ သိက္ခာကာမဖြစ်နိုင်ကြ၏၊ အဓိသီလသိက္ခာတွင်မှလည်း အာပတ်သင့်တတ်သော သိက္ခာမှုတို့၌သာ ဂရုစိုက်ကြ၏၊ အမွန်းတင်ကိစ္စနှင့် အပိုအမိုဖြည့်ကျင့်ရသော ဝတ်ကြီး ဝတ်ငယ်တို့၌ အားမစိုက်ကြပြီ။

အထက် သိက္ခာနှစ်ပါးတို့ကိုမူကား ထိုသိက္ခာ သာသနာတို့၏ ကွယ်ပရာ ကွယ်ပကြောင်း တရားတို့ကို လိုက်စားမွေးမြူ၍ နေကြသော အခါဖြစ်၍ ဓုရ နိက္ခိတ္တပြု၍ ထားကြ၏၊ ထိုသိက္ခာ သာသနာ နှစ်ပါးတို့၏ ကွယ်ပရာ ကွယ်ပကြောင်းတရားဆိုသည်ကား စေတောဝိနိဗဒ္ဓတရား ငါးပါးတို့နှင့် လာဘသက္ကာရ သိလောကတို့၌ ငြိတွယ်သော တဏှာ တရားစုပေတည်း။

### စေတောဝိနိဗဒ္ဓ

၁။ ကျောင်းကောင်း, ဆွမ်းကောင်း, သင်္ကန်းကောင်း, ပရိက္ခရာ ဘဏ္ဍာကောင်းတို့၌ သာယာသော တဏှာ တပါး,

၂။ မိမိကိုယ်ခန္ဓာ၌ သာယာသောတဏှာတစ်ပါး,

၃။ မိမိကိုယ်အင်္ဂါ အသွေးအရောင်တို့၌ သာယာသော တဏှာ တစ်ပါး,

၄။ စားမှု အိပ်မှုတို့၌ အလေးဂရုပြုသော တဏှာတစ်ပါး,

၅။ ရဟန်းသီလကိုဖြည့်ကျင့်မှုသည် ယခုဘဝ၌ မဂ်ဖိုလ်၏ ပါဒကအကျိုးငှာမဟုတ်၊ ယခုဘဝ၌ ကုသိုလ်လည်း ရ၏။ ဝမ်းလည်းဝ၏။ နောက်ဘဝ၌ လူကောင်း နတ်ကောင်း ဖြစ်ရ၏ဟု စိတ်ရှိခြင်း တစ်ပါး,

ဤကား စိတ်ကို ဘာဝနာအလုပ်သို့ မညွတ်ရအောင် ဘွဲ့နှောင်ချည်တုပ်၍နေသော စေတောဝိနိဗဒ္ဓတရား ငါးပါးတည်း။

၁။ လာဘ်များမှု,

၂။ ကျောင်းကောင်း ဆွမ်းကောင်း သင်္ကန်း သပိတ် ပရိက္ခရာ ကောင်းရတတ်သည်ကို သာယာမှု,

၃။ အကျော်အစောကို သာယာမှု, နောက်သုံးပါး။ ဤတရားတို့သည် အထက် သာသနာကြီး နှစ်ပါးတို့ကို ကွယ်ပစေတတ်ကုန်၏။

## ၁၀။ ရဟန်းဖြစ်စ၊ ဓိသီလ၊ ပြပိမ့်ရှေးဦးစွာ။

ရဟန်းဖြစ်စ၌ ရှေးဦးစွာ ကျင့်အပ်သော အဓိသီလသိက္ခာ အစီအရင်ကို ရှေးဦးစွာ ပြဆိုပေအံ့။ ရှေးဦးစွာ ကျင့်အပ်သည် ဟူရာ၌။

"ပုဗ္ဗေဝ ခေါ ပနဿ ကာယကမ္မံ ဝစီကမ္မံ အာဇီဝေါ သုပရိသုဒ္ဓေါ ဟောတိ"။ (ဥပရိပဏ္ဏာသပါဠိတော် ၃၃၇)

## ၁၁။ သိက္ခာလိုလား၊ မျိုးကောင်းသား၊ ကျိုးများပေဖို့ရာ။

သာသနာတော်၌ ရဟန်းပြုကြမှုသည် တစ်စုံတစ်ခုသော ဘေးကြောင့်ပြုမှု, လူလုပ်လျှင် ဆင်းရဲမည်ကိုမြင်၍ အသက်မွေး ဝမ်းကျောင်း အနေနှင့်ပြုမှု, သံသရာဘေးကို ကြောက်သဖြင့် သံသရာဝဋ်မှ လွတ်တဲ့ရန် သိက္ခာသုံးပါးကို အားထုတ်လို၍ သဒ္ဓါပဗ္ဗဇိတ အနေနှင့်ပြုမှု ဟူ၍ ရှိ၏။ ထိုတွင် သဒ္ဓါပဗ္ဗဇိတကို ရည်၍ "သိက္ခာလိုလား၊ မျိုးကောင်းသား" ဟု ဆိုရပေသည်။

သိက္ခာသုံးပါးကို ပြဆိုခန်းပြီး၏။

--------------

## ၂-သက်န်းအဓိဋ္ဌာန် တင်နည်း

**၁၂။ သက်န်းပစ္စေး၊ ဆွမ်းပစ္စေး၊ ကျောင်းဆေး မှီ-လေးဖြာ။**

ရဟန်းခံရာ သိမ်အပြင်၌ ဆုံးမခန်းတွင်

"စတ္တာရော နိဿယာ အာစိက္ခိတဗ္ဗာ၊ စတ္တာရိ အကရဏီယာနိ အာစိက္ခိတဗ္ဗာနိ"(ဝိနည်းမဟာဝါ-ပါဠိတော်)

ဟူ၍ လာရှိသည့်အတိုင်း မှီရာလေးပါးကို ရှေးဦးစွာ ပြဆိုမည် ဟူလို။

**၁၃။ သင်း, ကိုယ်, ဒု, အိပ်၊ မျက်, ပရိက်၊ နိသိဒ်, မိုး, အမာ။**

### သက်န်းကိုးထည်

၁။ သင်းပိုင်,

၂။ ကိုယ်ရုံ,

၃။ ဒုကုဋ်,

၄။ အိပ်ရာခင်း,
၅။ မျက်နှာသုတ်ပဝါ,
၆။ ပရိက္ခရစောင်ပုဆိုး,
၇။ နိသီဒိုင်အခင်း,
၈။ မိုးရေခံသင်္ကန်း,
၉။ အမာလွှမ်းသင်္ကန်း။ (သင်္ကန်းကိုးထည် သရုပ်)
၁။ အန္တရ ဝါသကော၊ သင်းပိုင်။
၂။ ဥတ္တရာသင်္ဂေါ၊ ကိုယ်ရုံ။
၃။ သံဃာဋိ၊ ဒုကုဋ်။
၄။ ပစ္စတ္ထရဏံ၊ အပေါ်လွှမ်းအိပ်ရာခင်း။
၅။ မုခပုဉ္ဆနစောဠံ၊ မျက်နှာသုတ်ပဝါ။
၆။ ပရိက္ခာရစောဠံ၊ ရေစစ်ပဝါ, လက်သုတ်ပဝါ, သပိတ်အိတ်, ဖိနပ်အိတ် အစရှိသော အတိုအထွာ ပရိက္ခရာပုဆိုး အမျိုးမျိုး။
၇။ နိသီဒနံ၊ နိသီဒိုင်အခင်း။
၈။ ဝဿိကသာဋိကာ၊ မိုးရေခံပုဆိုး။
၉။ ကဏ္ဍုပ္ပဋိစ္ဆာဒိ၊ အမာလွှမ်းသင်္ကန်း။
(ပါဠိအမည်နှင့် အဓိဋ္ဌာန်တင်ရန် ဆောင်ပုဒ်။)

"အနုဇာနာမိ ဘိက္ခဝေ တိစီဝရံ အဓိဋ္ဌာတုံ န ဝိကပ္ပေတုံ။ ဝဿိက သာဋိကံ ဝဿာနံ စာတုမာသံ အဓိဋ္ဌာတုံ တတော ပရံ ဝိကပ္ပေတုံ။ နိသီဒနံ အဓိဋ္ဌာတုံ န ဝိကပ္ပေတုံ။ ပစ္စတ္ထရဏံ အဓိဋ္ဌာတုံ န ဝိကပ္ပေတုံ။ကဏ္ဍုပ္ပဋိစ္ဆာဒိံ ယာဝ အာဗာဓာ အဓိဋ္ဌာတုံ တတော ပရံ ဝိကပ္ပေတုံ။ မုခပုဉ္ဆနစောဠံ အဓိဋ္ဌာတုံ န ဝိကပ္ပေတုံ။ ပရိက္ခာရစောဠံ

အဓိဋ္ဌာတုံ န ဝိကပ္ပေတုံ"။ မဟာဝါပါဠိတော်။ (ဝိနည်းမဟာဝါ-ပါဠိတော်)

အဓိဋ္ဌာတုံ=ငါ့ဥစ္စာဟု အမှတ်ပြုရန် အဓိဋ္ဌာန်တင်ခြင်းငှါ၊ ဝိကပ္ပေတုံ=ငါ့ဥစ္စာဟု အာသာမကပ် ကင်းကွာ လတ်အောင် ဝိကပ္ပနာ ပြုခြင်းငှာ၊ (အနက်ပေး။)

ကိုးထည် အစီအစဉ်မှာ ရှေ့သံပေါက် အတိုင်းစဉ်။ သင်း, ကိုယ်, ဒု, အိပ်, မျက်, ပရိက်, နိသိဒ်, မိုးအမာ။ (ရှေ့သံပေါက်။)

**၁၄။ ရှေ့ခြောက်ထည်လျှင်၊ ယခုမြင်၊ မထင်နောက် သုံးမှာ။**

ရှေ့ခြောက်ထည်သည်သာလျှင် ယခုကာလ၌ သုံးရိုး စွဲရိုး မျက်မြင် ဒိဋ္ဌဖြစ်၏၊ နိသီဒိုင်, မိုးရေခံ, အမာလွှမ်းဟူသော နောက်သုံးထည် တို့ကိုမူကား ယခုကာလ၌ သုံးရိုးစွဲရိုး မထင်မမြင်ပြီ။

**၁၅။ အလျား ရှစ်သစ်၊ နံလေးသစ်၊ ရှင်ချစ် လက် တော်သာ။**

အဓိဋ္ဌာန် ဝိကပ္ပနာ လောက်ရာသော အတိုင်းအရှည် ပမာဏမှာ မြတ်စွာဘုရား၏ လက်သစ်တော်အားဖြင့် အလျား ရှစ်သစ်၊ အနံ လေးသစ်ရှိသော အဝတ်ထည်သည် အယုတ်ဆုံးအားဖြင့် အဓိဋ္ဌာန် ဝိကပ္ပနာလောက်၏။

"အနုဇာနာမိ ဘိက္ခဝေ အာယာမတော အဋ္ဌင်္ဂုလံ သုဂတင်္ဂုလေန စတုရင်္ဂုလဝိတ္ထတံ ပစ္ဆိမံ စီဝရံ ဝိကပ္ပေတုံ"။ (မဟာဝါ။)

စတုရင်္ဂုလဝိတ္ထတံ=လက်လေးသစ်မှန် အနံပြန့်ကျယ် အဝတ် ထည်ကို၊ ပစ္ဆိမံ စီဝရံ=အယုတ်ဆုံး သင်္ကန်းပြု၍ ဟုပေး။

**၁၆။ အလျားတောင်မှန်၊ ထွာအနံ၊ ခေါ်ရန် မဖျိုမာ။**

ဘုရားလက်သစ်နှင့် ပြဆိုသော ထိုဝတ်ထည်သည် မဇ္ဈိမပုရိသ ခေါ်သော ဝဍ္ဍကီ အတောင်အားဖြင့် အလျားတစ်တောင်၊ အနံ တစ်ထွာရှိ၏။ လက်သန်းတောင် လက်သန်းထွာကို ဆရာတို့ ယူကြ၏။

"သုဂတ ဝိဒတ္ထိယာတိ သုဂတဝိဒတ္ထိနာမ ဣဒါနိ မဇ္ဈိမဿ ပုရိသဿ တိဿော ဝိဒတ္ထိယော၊ ဝဍ္ဎကီ ဟတ္ထေန ဒိယဍ္ဎော ဟတ္ထော ဟောတိ"။ (ကင်္ခါဝိတရဏီ အဋ္ဌကထာ)။

ဘုရားမှ မဇ္ဈိမသည် သုံးဆတက်၏၊ ထို့ကြောင့် ဘုရား၏လက် ရှစ်ဆစ်သည် မဇ္ဈိမ တစ်တောင်ဖြစ်၏၊ ဘုရား၏ လက်လေးသစ်သည် မဇ္ဈိမတစ်ထွာ ဖြစ်သတည်း။

**၁၇။ မဇ္ဈိမတွင်၊ ထက်ဝက်တင်၊ မျက်မြင် ငါတို့မှာ။**

မျက်မြင်ငါတို့မှာ ဆိုသည်ကား ပကတိပုရိသကို ဆိုသတည်း၊ မဇ္ဈိမတွင်ထက်ဝက်တင်သည်ရှိသော် မဇ္ဈိမ တစ်တောင်သည် ပကတိ တစ်တောင့်ထွာ ဖြစ်၏၊ မဇ္ဈိမ တစ်ထွာသည် ပကတိ တစ်ထွာခြောက် သစ်ဖြစ်၏၊ မဇ္ဈိမနှင့် ဝဍ္ဍကီကား တူ၏၊ လက်သမားတောင်ခေါ်သည်။

**၁၈။ ဓိဋ္ဌာန်ဝိကပ်၊ လောက်ပြီမှတ်၊ အာပတ် ဝတ္ထု လာ။**

ပကတိ ပုရိသခေါ်သော ငါတို့အတောင် အထွာအားဖြင့် အလျား တစ်တောင့်ထွာ၊ အနံတစ်ထွာခြောက်သစ်ရှိသော အဝတ်အထည်သည် အဓိဋ္ဌာန်လောက်၏၊ ဝိကပ္ပနာလောက်၏၊ သင်္ကန်းသာမညနှင့် စပ်ယှဉ် သော ထိုထိုသိက္ခာပုဒ်တို့၌ "ဝိကပ္ပနုပဂံ ပစ္ဆိမံ စီဝရံ" ဟူ၍ အာပတ်ဝတ္ထု အဖြစ်ဖြင့် လာ၏။

မဇ္ဈိမ ဝဍ္ဍကီတို့မှာ ငါတို့ ပကတိ တက်နည်းကိုကား ဝိနယာ လင်္ကာရဋီကာ, သဒ္ဒသုတ္တ နိဒ္ဒေသတို့၌ လာသည်ကို ပမာဏ ပြုကြရ

ကုန်၏၊ ထိုကျမ်းဆရာတို့သည်လည်း

"အဌာရသ ဟတ္ထုဗ္ဗေဓော၊ ဂေါတမော သကျဝဍ္ဎနော"

ဟူ၍ ငါတို့ဘုရား အရပ်တော်ကို ပြဆိုသောကျမ်းဂန်များကိုမှီ၍ မဇ္ဈိမမှ ထက်ဝက်တက်သည်ကို ပြဆိုကြပေကုန်၏၊ မြတ်စွာဘုရား အရပ်တော်သည် မြတ်စွာဘုရား၏ လေးတောင်သာ ရှိမြဲဖြစ်၏၊ ထိုကို သုံးဆတက်သော် မဇ္ဈိမ တစ်ဆယ့်နှစ်တောင်ဖြစ်၏၊ ထိုကို ထက်ဝက် တက်သော် ပကတိပုရိသ တစ်ဆယ့်ရှစ်တောင် ဖြစ်သတည်း။

**၁၉။ ကိုယ်ပိုင်သန္တက၊ ရသည်မှ၊ ဒသက ရက်တွင်းမှာ။**

**၂၀။ ဓိဋ္ဌာန်တင်မှု၊ ဝိကပ်မှု၊ မပြု အာပတ်လာ။**

မိမိတို့ အတောင်နှင့် အလျား တစ်တောင့်ထွာ, အနံ တစ်ထွာ ၆-သစ်ရှိသော အဝတ်အထည်မျိုး၊ ထိုထက် အလျားအနံကြီးသော အဝတ်ထည်မျိုးတို့ကို ကိုယ်ပိုင်သန္တကအဖြစ်နှင့် ရခဲ့သည်ရှိသော် မိမိ လက်သို့ပင် မရောက်သေးသော်လည်း သေချာစွာ သိရှိခဲ့ပါလျှင် ရသောနေ့မှစ၍ ဆယ်ရက်အတွင်း၌ အဓိဋ္ဌာန်သော်လည်း တင်ရာ၏၊ ဝိကပ္ပနာသော်လည်းပြုရာ၏။ တစ်ခုခု မပြုခဲ့သော် တစ်ဆယ့်တစ်ရက် အရုဏ်တက်သည်နှင့်တပြိုင်နက် နိဿဂ္ဂိ ပါစိတ် အာပတ်သင့်၏။

**မှတ်ချက်**။ ။အရုဏ် ဟူသောစကားဖြင့် တစ်ရက်လုံးကို သိမ်းကျုံးလိုရင်းဖြစ်၏၊ ထို့ကြောင့် လဆန်းတစ်ရက်နေ့ မွန်းတည့်ချိန်မှာ ဖြစ်စေ၊ ညဥ့်သန်းခေါင်မှာ ဖြစ်စေ၊ သင်္ကန်းရလာခဲ့သော် လဆန်း ၂-ရက် အရုဏ်တက်လျှင် ထိုနေ့ဆုံး၏၊ ထိုအခါမှ လဆန်းတစ်ရက် နံနက် အရုဏ်ကို ထိုသင်္ကန်းရသည်မည်၏၊ ငါ့သင်္ကန်းသည် တစ်အရုဏ်ရပြီ

ဆိုရ၏၊ ဝါဆို ဝါကပ်အရာ ပရိဝါသ် မာနတ်စသည်တို့၌လည်း ဤနည်း အတူ။

### ၂၁။ ပရိက္ခာရ၊ စောဠအမည်၊ သူ့အမည်၊ နှစ်ထည် အဓိဋ္ဌာ။

အဓိဋ္ဌာန် တင်နည်းသည် ပရိက္ခာရစောဠ အမည်နှင့် တင်နည်း၊ သံဃာဋိ၊ ဥတ္တရာသင်္ဂ၊ အန္တရဝါသက, ပစ္စတ္ထရဏ အစရှိသော အသီး အသီးသော သူ့အမည်နှင့်တင်နည်းဟူ၍ တင်နည်းနှစ်ပါးရှိ၏။

### ၂၂။ ပရိက္ခာရ၊ စောဠအသုံး၊ ကိုးထည်လုံး၊ ရှေးထုံး အစဉ်လာ။

ပရိက္ခာရစောဠ ဟူသောအမည်နှင့် အဓိဋ္ဌာန်တင်နည်းသည် သင်္ကန်းကိုးထည်တို့တွင် သပိတ်အိတ်, ဖိနတ်အိပ် အစရှိသော ပရိက္ခာရ စောဠ အထည်မျိုးတို့၌သာ တင်ရသည် မဟုတ်၊ ကိုးထည်လုံး၌ပင် တင်လိုသော် တင်ရသော ရှေးထုံးအစဉ် လာ၏။

"ပရိက္ခာရစောဠံနာမ ပါဋ္ဌေက္ကံ နိဓာန မုခမေတံ"။

အဋ္ဌကထာကြီး။(ပါရာဇိကကဏ္ဍ အဋ္ဌကထာ-ဒု)

"ပရိက္ခာရစောဠိယော သဗ္ဗ၊ တထာ ဝတွာ အဓိဋ္ဌတိ"။

(ခုဒ္ဒသိက္ခာ)။

အဋ္ဌကထာကြီး၌ တိစီဝရိက်သာ ပရိက္ခာရစောဠတင်မှုကို ဆို လျက်ရှိ၏။

### ၂၃။ ကိုယ်, နှုတ် နှစ်ပြင်၊ တအင်အင်၊ တင်လေ အဓိဋ္ဌာ။

သင်္ကန်းအဓိဋ္ဌာန်တင်နည်းသည် ကိုယ်အင်္ဂါဖြင့်တင်ခြင်း, နှုတ်အင်္ဂါ ဖြင့်တင်ခြင်း ဟူ၍နှစ်ပါးရှိ၏။ ထိုနှစ်ပါး တို့တွင် တစ်ပါးပါးဖြင့်

တင်လေ ဟူလိုသည်။

"ဒွေ စီဝရဿ အဓိဋ္ဌာနာနိ ကာယေန အဓိဋ္ဌေတိ၊ ဝါစာယ အဓိဋ္ဌေတိ"။ (ပရိဝါပါဠိတော်)။

ကိုယ်အင်္ဂါဖြင့်တင်ရာ၌-

"ဣမံ စီဝရံ ပရိက္ခာရစောဠံ အဓိဋ္ဌာမိ"။

(ဝိနယသင်္ဂ-အဋ္ဌကထာ)။

ဟု နှလုံးသွင်းခြင်းနှင့်တကွ အဝတ်သက်န်းကို လက်ဖြင့် ကိုင်တွယ်၍ သုံးသပ်ရသည်။

နှုတ်အင်္ဂါဖြင့် တင်ရာ၌ကား အဝတ်သက်န်းကို အာရုံပြု၍

"ဣမံ စီဝရံ ပရိက္ခာရစောဠံ အဓိဋ္ဌာမိ"-

ဟု နှုတ်မြွက်ရသည်၊ နှုတ်ကလည်းဆို၊ ကိုယ်ကလည်း သုံးသပ်ပေမူ ကိုယ်နှုတ်နှစ်ပါးဖြင့် တင်သည်မည်၏။

**၂၄။ နီး, ဝေး, နည်း, များ၊ လေးထွေပြား၊ ခြားတုံ့အဆိုမှာ။**

**၂၅။ ဣမံ, ဣမာနိ၊ ဧတံ, ဧတာနိ၊ ဆိုရိုးရှိ၊ နီးဘိ-နှစ်တောင့်ထွာ။**

## အဓိဋ္ဌာန်တင်နည်း ၄-မျိုး

၁။ အနီး၌ရှိသော အဝတ်သက်န်း,

၂။ အဝေး၌ရှိသော အဝတ်သက်န်း,

၃။ တစ်ထည်တည်းသော အဝတ်သက်န်း,

၄။ နှစ်ထည်သုံးထည် စသည်များသော အဝတ်သက်န်း

ဟူ၍ လေးထွေလေးပါး အပြားရှိ၏၊ ဆိုပုံလည်းခြားနား စေရ၏။

## တင်နည်းပုံစံ

၁။ အနီးတထည်ဖြစ်အံ့၊ ဣဒံ-ဟု။

၂။ အနီး နှစ်ထည်သုံးထည် စသည်အများဖြစ်အံ့၊ ဣမာနိ-ဟု။

၃။ အဝေး တစ်ထည်ဖြစ်အံ့၊ ဧတံ-ဟု။

၄။ အဝေး အများဖြစ်အံ့၊ ဧတာနိ-ဟု ဆိုရိုးရှိ၏။

နှစ်တောင့်ထွာ ဟတ္ထပါသ်အတွင်း၌ တည်ရှိသော အဝတ်သက်န်းကို အနီးဆိုသည်၊ နှစ်တောင့်ထွာမှ အပ၌တည်ရှိသော အဝတ်သက်န်းကို အဝေးဆိုသည်၊ ယူဇနာတစ်ရာပင်ဝေးသော်လည်း ထိုသက်န်းကို စိတ်တမ်း၍ နှုတ်ဖြင့်တင်ဆိုလျှင် မြောက်တော့သည်။

၁။ ဣမံ စီဝရံ ပရိက္ခာရစောဠံ အဓိဋ္ဌာမိ။

၂။ ဣမာနိ စီဝရာနိ ပရိက္ခာရစောဠာနိ အဓိဋ္ဌာမိ။

၃။ ဧတံ စီဝရံ ပရိက္ခာရစောဠံ အဓိဋ္ဌာမိ။

၄။ ဧတာနိ စီဝရာနိ ပရိက္ခာရစောဠာနိ အဓိဋ္ဌာမိ။

(ဝိနယသင်္ဂဟ-အဋ္ဌကထာ)။

အထည်ပေါင်း တစ်ရာကိုပင် တပါတည်း တင်ရ၏။

### ၂၆။ ပရိက္ခာရ၊ စောဠတင်မှု၊ သက်န်းစု၊ ပြုဖွယ်ထူးမလာ။

ပရိက္ခာရစောဠ အမည်နှင့် အဓိဋ္ဌာန်တင်အပ်ပြီးသော သက်န်းတို့၌ စောင့်ရှောက်ခြင်း စသည်ဖြင့် ပြုဖွယ်ကိစ္စအထူး မလာပြီ၊ အလိုရှိတိုင်း သုံးဆောင်ရတော့သည်၊ အဓိဋ္ဌာန်ပျက်ကြောင်းများမှာ နောက်၌ လာလတ္တံ့။

## ၂၇။ သူ့အမည်နှင့်၊ တင်တုံလင့်၊ ကျင့်ဝတ်အဖြာဖြာ။

သံယာဋ္ဌိ၊ ဥတ္တရာသင်္ဂ၊ အန္တရဝါသက အစရှိသော အသီးအသီးသော သူ့အမည်နှင့် အဓိဋ္ဌာန်တင်ရာ၌မူကား ကျင့်ဝတ်တရား အဖြာဖြာများ၏။

## ၂၈။ သင်း၊ ကိုယ်၊ ဒု၊ မိုး၊ မာနိမျိုး၊ တင်ရိုးဇကိစီသာ။

သင်းပိုင်၊ ကိုယ်ရုံ၊ ဒုကုဋ်၊ မိုးရေခံ၊ အမာလွှမ်း၊ နိသီဒိုင်တို့ကို သူ့အမည်နှင့် တင်သည်ရှိသော် တစ်ထည်စီသာ ထားရာသည်၊ အဓိဋ္ဌာန်တင် သင်းပိုင်တစ်ထည်သာ ရှိရာသည်၊ နှစ်ထည်မရှိရ၊ အသစ်တစ်ထည်ကို အဓိဋ္ဌာန်တင်လိုသော် သင်းပိုင်ဟောင်းကို ပစ္စုဒ္ဓိုရ်ပြုပြီးမှ အသစ်ကို တင်ရသည်၊ ကြွင်းသော ငါးထည်တို့၌လည်း ဤနည်းတူ၊ အိပ်ရာခင်း၊ မျက်နှာသုတ်၊ ပရိက္ခာရစောဠတို့၌မူကား များစွာပင် တင်၍ထားရ၏။

## ၂၉။ လျား နံ ပမာဏ၊ ပြည့်မီမှ၊ တင်ရခြောက်ထည်မှာ။

သင်း၊ ကိုယ်၊ ဒု၊ မိုး၊ မာ၊ နိ ဟူသော ခြောက်ထည်တို့ကို သူ့အမည်နှင့်တင်ရာ၌ အသီးသီး အလျားအနံ ပမာဏ ပြည့်မီမှသာ တင်ရသည်။

## ၃၀။ ငါးတောင်-တောင်ဆုပ်၊ သုံးတောင်-ဆုပ်၊ ဒုကုဋ်ကိုယ်ရုံမှာ။

ဒုကုဋ် ကိုယ်ရုံတို့၌ အယုတ်ဆုံးအားဖြင့် အလျား ၅-တောင်-တောင်ဆုပ်၊ အနံ သုံးတောင် တောင်ဆုပ်ရှိမှသာ အဓိဋ္ဌာန်းနားသည်၊ ငါးတောင် တောင်ဆုပ်တောင်ဆုပ်ဆိုသည်ကား တောင်ရှည် လေး

တောင်နှင့် တောင်ဆုပ်တစ်ခုကို ဆိုသည်။ သုံးတောင် တောင်ဆုပ်မှာ လည်း ဤနည်းတူ။

**၃၁။ အလျားလိုဟန်၊ နှစ်တောင်နံ၊ တင်ရန် သင်းပိုင်မှာ။**

သင်းပိုင်၌ အလျားပမာဏ ဒုကုဋ်မှုကိုယ်ရုံတို့ အတိုင်းပင်။ အနံမှာ အယုတ်ဆုံး နှစ်တောင်ပမာဏရှိမှ တင်ရသည်။

**၃၂။ နှစ်ထွာ,ထွာခွဲ၊ မြိတ်ထွာတွဲ၊ လုပ်မြဲ နိသိဒ်မှာ။**

နိသီဒိုင်၌ အလွန်ဆုံးအားဖြင့် ဘုရားအထွာတော်နှင့် အလျား နှစ်ထွာ၊ အနံတစ်ထွာခွဲ အမြိတ်အဆာ တစ်ထွာလုပ်မြဲဖြစ်သည်။ ထိုထက် မလွန်ရ။

**၃၃။ လေးနှင့်-နှစ်တန်၊ ထွာတော်မှန်၊ ကဏ္ဍုပ္ပဋိစ္ဆာ။**

အမာလွှမ်း၌ ဘုရားအထွာတော်နှင့် အလျားလေးထွာ၊ အနံ နှစ်ထွာ အလွန်ဆုံး၊ ထိုထက် မလွန်ရ။

**၃၄။ ခြောက်ထွာရှည်နွဲ၊ နှစ်ထွာခွဲ၊ လုပ်မြဲ မိုးရေမှာ။**

မိုးရေခံ၌ ဘုရားအထွာတော်နှင့် အလျားခြောက်ထွာ၊ အနံ နှစ်ထွာခွဲ လုပ်မြဲ၊ ထိုထက် မလွန်ရ။

**၃၅။ ပရိက်, အိပ်, မျက်၊ ဤသုံးချက်၊ မမြွက်လျား-နံမှာ။**

ဤသုံးထည်တို့၌ အလျားအနံ ပမာဏကို ကျမ်းဂန်တို့၌ အမြွက် အဆို မရှိ။ "ဧကံပိ ဝဋ္ဋတိ၊ ဗဟူနိပိ ဝဋ္ဋန္တိ"(ဝိနယသင်္ဂဟ အဋ္ဌကထာ)- ဟူ၍လာ၏။

## ၃၆။ သုံးထည် အရိုး၊ ကောင်းစွာဆိုး၊ မာ, မိုး, သင့်ရုံသာ။

ဒုကုဋ်, ကိုယ်ရုံ, သင်းပိုင်တို့၌ ကောင်းစွာဆိုးမှ အဓိဋ္ဌာန် နားသည်၊ မာ, မိုးတို့၌ အဆင်းပျက်ရုံ ဆိုးလျှင် ပြီး၏။

## ၃၇။ ကပ္ပဗိန္ဒု၊ ထိုရိုးပြု၊ သင်း, ဒု, ကိုယ်, မိုး, မာ။

ဤငါးထည်တို့သည်ကား ကိုယ်၌ ဝတ်ရုံသော သင်္ကန်းမျိုး ဖြစ် ကုန်၍ ဆိုးခြင်း ကပ္ပဗိန္ဒု ထိုးခြင်းတို့ကို ပြုပြီးမှ အဓိဋ္ဌာန်တင် ထိုက် ကုန်သည်။ အိပ်, မျက်, ပရိက်, နိသိဒ်တို့ကား ဝတ်ရုံသော သင်္ကန်းမျိုး မဟုတ်ကုန်၊ ဆိုးမှု, ကပ္ပဗိန္ဒု ထိုးမှု မလို။

## ၃၈။ ဓိဋ္ဌာန်ဟောင်းပစ်၊ စွန့်ပြီးလစ်၊ အသစ် တင်မြဲသာ။

သင်း, ဒု, ကိုယ်, မိုး, မာတို့၌ တစ်ထည်သာ အပ်သောကြောင့် အမည်နှင့်တင်၍ ဆောင်သော အဟောင်း ရှိခဲ့လျှင် အဟောင်းကို ပစ္စုဒ္ဓိုရ်ပြု၍ အဓိဋ္ဌာန်စွန့်ပြီးမှ အသစ်ကို အဓိဋ္ဌာန်တင်ရမည်။

## တင်ပုံ

"ဣမံ သံဃာဋိံ ပစ္စုဒ္ဓရာမိ"(ဝိနယသင်္ဂဟ အဋ္ဌကထာ)။ ဒုကုဋ် အဟောင်းကို ပစ္စုဒ္ဓိုရ်ပြု၍ "ဣမံ သံဃာဋိံ အဓိဋ္ဌာမိ" ဒုကုဋ်သစ်ကို အဓိဋ္ဌာန်တင်။

အဝေး၌ ရှိနေသော ဒုကုဋ်ဟောင်းကို အဝေးကနေ၍ စွန့်ရာ၌ "ဧတံ သံဃာဋိံ ပစ္စုဒ္ဓရာမိ"(ဝိနယသင်္ဂဟအဋ္ဌကထာ) ဟုစွန့်။ အဝေးအဓိဋ္ဌာန်၌

လည်း ထိုနည်းအတူ။

ဣမံ ဥတ္တရာသင်္ဂံ ပစ္စုဒ္ဓရာမိ။
ဣမံ ဥတ္တရာသင်္ဂံ အဓိဋ္ဌာမိ။
ဣမံ အန္တရဝါသကံ ပစ္စုဒ္ဓရာမိ။
ဣမံ အန္တရဝါသကံ အဓိဋ္ဌာမိ။
ဣမံ ဝဿိကသာဋိကံ ပစ္စုဒ္ဓရာမိ။
ဣမံ ဝဿိကသာဋိကံ အဓိဋ္ဌာမိ။
ဣမံ ကဏ္ဍုပ္ပဋိစ္ဆာဒိံ ပစ္စုဒ္ဓရာမိ။
ဣမံ ကဏ္ဍုပ္ပဋိစ္ဆာဒိံ အဓိဋ္ဌာမိ။ (ဝိနယသင်္ဂဟ အဋ္ဌကထာ)

**၃၉။ သုံးထည်ကိုလျှင်၊ အမည်တင်၊ ညဥ့်ပင် မကင်း ရာ။**

**၄၀။ ဌာနဆယ့်ငါး၊ ဝေဖန်ထား၊ များလှ ဆိုခွင့်မှာ။**

ဒု, ကိုယ်, သင်းတို့ကို အမည်နှင့် အဓိဋ္ဌာန်တင်ပြီးသည်ရှိသော် တင်ပြီးသောနေ့မှစ၍ သင်္ကန်းနှင့် တစ်ညဥ့်မျှကင်း၍ မနေရာ၊ အရုဏ် တက်ဆဲအခါ၌ လိုရင်းတည်း။

မကင်းအောင်နေရာသော အစီအရင်ကိုလည်း သင်္ကန်းထား ရာဌာန တစ်ဆယ်ငါးပါးတို့နှင့် ဝေဖန်၍ ပါဠိတော်၌ ကျယ်စွာဟော ဖော်၍ ထား၏၊ ပြောဆိုဖွယ် အလွန်များ၏။

ထိုဌာနတို့၌ မလိမ္မာခဲ့သော် နေလေရာဌာန၌လည်းကောင်း၊ လမ်းခရီးသွားဆဲအခါ၌လည်းကောင်း၊ အရုဏ်တက်ဆဲအခါတွင် နှစ်တောင့်ထွာ ဟတ္ထပါသ်အတွင်း၌ သင်္ကန်းကို အမြဲထား၍ဆောင်လျှင် ပြီးတော့သည်။

ဘိက္ခုသမ္မုတိကိုရခဲ့သော်လည်းကောင်း ကထိန်အာနိသင်ကို ရခဲ့သော်လည်းကောင်း၊ ညဥ့်ကင်းသော်လည်း အပြစ်မရှိ၊ အခန့်မတော် လှ၍ ညဥ့်ကင်းမည်ရှိခဲ့သော် အဝေးမှလှမ်း၍သော်လည်း ပစ္စုဒ္ဓိုရ် ပြုလိုက်ရသည်၊ အရဏ်တက်သည်နောက် အဝေးမှလှမ်း၍ အဓိဋ္ဌာန် တင်လိုလျှင် တင်ရ၏။

**၄၁။ မိုးလေးလတွင်၊ မိုးကိုတင်၊ လွန်လျှင် ဝိကပ္ပါ။**

မိုးရေခံသင်္ကန်းမှာ ဝါဆိုလပြည့်ကျော် တစ်ရက်မှစ၍ တန် ဆောင်မုန်းလပြည့်နေ့တိုင် မိုးလေးလအတွင်း၌သာ အဓိဋ္ဌာန်တင်ရ သည်၊ ဆောင်းလေးလ, နွေလေးလတို့၌ ဝိကပ္ပနာပြု၍ ထားရသည်။

**၄၂။ အနာရှိလျှင်၊ မာကိုတင်၊ လွန်လျှင် ဝိကပ္ပါ။**

အမာလွှမ်းသင်္ကန်းမှာ အိုင်းကျသော ယားနာကြီး, ဝဲနာကြီး စသည်ရှိသောအခါ၌သာ အဓိဋ္ဌာန်တင်ရသည်၊ ထိုအနာပျောက်ငြိမ်း သော အခါ၌ ဝိကပ္ပနာပြု၍ ထားရသည်။

**၄၃။ နိသီဒန၊ တင်တုံက၊ လေးလ မကင်းရာ။**

နိသီဒိုင်သင်္ကန်းကို နိသီဒနအမည်နှင့်တင်၍ ဆောင်စဉ်အခါ လေးလလုံးလုံး ကင်း၍ မထားရာ။

**၄၄။ ပေးစွန့်, ခိုးယူ၊ ကျွမ်းဝင်ယူ၊ လူထွက် ချသိက္ခာ။**

**၄၅။ သေဆုံး, လိင်ပြန်၊ ပစ္စုဒ္ဓိုရ်၊ ရှစ်တန်-ကျဓိဋ္ဌာ။**

အဓိဋ္ဌာန် တင်ထားသော သင်္ကန်းသည် ရှစ်ပါးသော အကြောင်း တို့ကြောင့် အဓိဋ္ဌာန်ကျ၏။ ထိုသင်္ကန်းကို သူတစ်ပါးအား ပေးလိုက်စွန့် လိုက်သော်လည်းကောင်း, ထိုသင်္ကန်းကို သူတစ်ပါးတို့ ခိုး၍ တိုက်၍ လုယက်၍ ယူခဲ့သော်ကောင်း အကျွမ်းဝင်၍ ဝိဿာသဂ္ဂါဟ ယူနည်းဖြင့် ယူခဲ့သော်လည်းကောင်း သင်္ကန်းရှင်သည် ဘိက္ခုနီဖြစ်၍ သိက္ခာမချရပဲ

လူဝတ်လဲ၍ လူထွက်ခဲ့သော်လည်းကောင်း, ရဟန်းယောက်ျားဖြစ်၍ သိက္ခာချခဲ့သော်လည်းကောင်း, သက်န်းရှင်ရဟန်း သေဆုံးခဲ့သော်လည်းကောင်း, ဣတ္ထိလိင်, ပုလ္လိင် ပြန်ခဲ့သော်လည်းကောင်း, ပစ္စုဒ္ဓိုရ် ပြုခဲ့သော်လည်းကောင်း အဓိဋ္ဌာန်ကျ၏၊ သက်န်းရှင် ပါရာဇိကကျခဲ့သော် အဓိဋ္ဌာန်ကျသည် မကျသည်ကို အဆိုမရှိ၊ သိက္ခာကျ၌ ရေတွက်ရာ၏။

**၄၆။ သင်း, ကိုယ်, ဒုအား၊ ပေါက်မှုပွား၊ ကိုးပါးကျကြောင်းလာ။**

သင်းပိုင်, ကိုယ်ရုံ, ဒုကုဋ်တို့မှာ ပေါက်ခြင်းကို ထည့်၍ အဓိဋ္ဌာန်ကျကြောင်း ကိုးပါးလာ၏၊ သုံးထည်လုံးမှာ အလျားစွန်းမှ တစ်ထွာ၏ အတွင်း၌ အနံစွန်း၌မူကား ကိုယ်ရုံဒုကုဋ်တို့မှာ ရှစ်သစ်အတွင်း၌ သင်းပိုင်မှာ လေးသစ် အတွင်း၌ လက်သန်းသည်းခွန်အပြင် ပမာဏမျှ ကျယ်လှစွာ ပေါက်ခဲ့သော် အဓိဋ္ဌာန်ကျ၏၊ ရှေ့ရှစ်ပါးကား ပရိက္ခာရစောဠ် အဓိဋ္ဌာန်နှင့်လည်း ဆိုင်၏၊ အပေါက်ပေါက်မှုသည် တိစီဝရိတ် အဓိဋ္ဌာန်ကြီးနှင့်သာ ဆိုင်၏။

သက်န်းအဓိဋ္ဌာန် တင်နည်းပြီး၏။

-----------------

## ၃-သက်န်းဝိကပ္ပနာပြုနည်း

**၄၇။ ပရမ္မုခါ၊ သံမုခါ၊ နှစ်ဖြာ ဝိကပ္ပ။**

ဝိကပ္ပနာ ပြုနည်းသည် သမ္မုခါဝိကပ္ပနာ, ပရမ္မုခါ ဝိကပ္ပနာဟူ၍ နှစ်ပါးရှိ၏။ သမ္မုခါဝိကပ္ပနာ မိမိနှုတ်ဖြင့် ပြုအပ်သော ဝိကပ္ပနာ၊ ပရမ္မုခါ ဝိကပ္ပနာ-သူတစ်ပါးနှုတ်ဖြင့် ပြုအပ်သော ဝိကပ္ပနာဟုဆိုကြ၏။

**၄၈။ ဝိနည်းမိုရ်ပါး၊ ချဉ်းကပ်ငြား၊ နှစ်ပါး ပြုဘို့ရ။**

ဝိနည်းခိုရ် ပုဂ္ဂိုလ်ထံ ချဉ်းကပ်၍ ဝိနည်းခိုရ် ပုဂ္ဂိုလ်အား ပြုရမည်၊ ဝိကပ္ပနာ ပြုလိုသော သင်္ကန်းကို ဝိနည်းခိုရ်ရှေ့၌ ထား၍။

"ဣမံ စီဝရံ တုယှံ ဝိကပ္ပေမိ"။ (ပါစိတ်ပါဠိတော်)။

သင်္ကန်းအများဖြစ်ခဲ့လျှင်-

"ဣမာနိ စီဝရာနိ တုယှံဝိကပ္ပေမိ" ဆို။

(ဝိနယသင်္ဂဟ အဋ္ဌကထာ)

အဝေးရှိ သင်္ကန်း၌ "ဧတံ ဧတာနိ"-ဆို။

**၄၉။ ဝိနည်းလိမ္မာ၊ မြတ်ဆရာ၊ ပြန်ပါ ဝိကပ္ပ။**

ဝိနည်းခိုရ်ဆရာက ဝိကပ္ပနာပြန်ရသည်။

"မယှံ သန္တကံ ပရိဘုဉ္ဇဝါ ဝိဿဇ္ဇေဟိဝါ ယထာပစ္စယံ ကရောဟိ" (ဝိနယသင်္ဂဟ အဋ္ဌကထာ) ဆို၍ပြန်၊ ငါ၏ဥစ္စာကို သုံးလိုသုံး စွန့်လိုစွန့် အကြောင်းအား လျော်စွာ လိုရာပြုလေ ဟူလိုသည်။

**၅၀။ သီတင်းဖော်မှန်၊ သမ္မုဒါန်၊ ငါးတန် လိုရာပြု။**

သမ္မုခါ ဝိကပ္ပနာ ပြုပုံတနည်းမှာ သီတင်းသုံးဖော် ငါးယောက်တို့တွင် သင်္ကန်းရှင် အလိုရှိရာ တစ်ယောက် ယောက်ကို သမ္ပဒါန်ထား၍ပြု၏။

"ဣမံ စီဝရံ တိဿဿ ဘိက္ခုနော ဝိကပ္ပေမိ။ တိဿာယ ဘိက္ခုနိယာ။ တိဿာယ သိက္ခမာနာယ။ တိဿဿ သာမဏေရဿ။ တိဿာယ သာမဏေရိယာ" (ဝိနယသင်္ဂဟ အဋ္ဌကထာ)

ဟု မိမိနှင့် အကျွမ်းဝင်သူ တစ်ယောက်ယောက်၏ နာမည်ကို ဖော်၍ဆို၊ ဝိနည်းခိုရ်က ပြန်ရာ၌ "တိဿဿ သန္တကံ" ဆို၍ ပြန်လေ။

**၅၁။ ကိုယ်မပြုပဲ၊ သူ့ကိုလွှဲ၊ ခေါ်မြဲ ပရမ္မုခ။**

တုယ့် ဝိကပ္ပေမိ-ဟု မိမိ မပြုမူ၍ ဝိနည်းဓိုရ် ဆရာကိုပင် ဝိကပ္ပနာပြုမူပါ လွဲအပ်လိုက်၏။

"ဣမံ စီဝရံ ဝိကပ္ပနတ္ထာယ တုယှံ ဒမ္မိ" (ဝိနယသင်္ဂဟ- အဋ္ဌကထာ) လွဲပုံ။ အလိုရှိရာ သီတင်းသုံးဖော်ကို ညွှန်းပါဟု ဝိနည်းဓိုရ်က ဆိုရာ အလိုရှိရာပုဂ္ဂိုလ်၏ နာမည်ကို ပြောကြားလျှင် ထိုနေရာ၌ပင်လျှင် ထိုနာမည်ကို သမ္ပဒါန်ပြု၍။

"အဟံ ဣမံ စီဝရံ တိဿဿ ဘိက္ခုနော ဒမ္မိ" (ဝိနယသင်္ဂဟ- အဋ္ဌကထာ) ဟုဝိနည်းဓိုရ် ဆရာကပင် ဝိကပ္ပနာပြု။

"တိဿဿ သန္တကံ ပရိဘုဉ္ဇ ဝါ ဝိဿဇ္ဇေဟိ ဝါ ယထာပစ္စယံ ကရောဟိ" (ဝိနယသင်္ဂဟ-အဋ္ဌကထာ) ဟုဝိနည်းဓိုရ်ပင် ဝိကပ္ပနာပြန်။ "တိဿယ ဘိက္ခုနိယာ" စသည်ကိုလည်း သိလေ။

## ၅၂။ ဝိကပ်ပြန်တုံ၊ ဆောင်နှင်းပုံ၊ ဝတ်ရုံစွန့်ပေးရ။

ဤ ဝိကပ္ပနာ ပြန်မှုကိုလည်း ပစ္စုဒ္ဓိုရ်ဟူ၍ပင် ခေါ်၏။ မသိမ်းပိုက် မူ၍ တဖန်ပြန်ထုတ်မှု ဆိုလိုသည်။ ဤသို့ ဝိကပ္ပနာပြန်၍ တဖန်သက်နှ်းရှင်အား ဆောင်နှင်းလွဲပုံလိုက်သောအခါမှစ၍ ဝိနည်းဓိုရ် ဆရာ၏ဥစ္စာ သီတင်းသုံးဖော် တစ်ယောက်ယောက်၏ ဥစ္စာအနေနှင့် ထား၍ မိမိပိုင် ဥစ္စာကဲ့သို့ အလိုရှိတိုင်း သုံးရ၏။

သင်္ကန်းဝိကပ္ပနာပြုနည်း ပြီး၏။

-------------

## ၄-သင်္ကန်းဟူသော မှီရာနိဿယ

## ၅၃။ သင်း, ကိုယ်, ဒု, မိုး၊ မာ-ငါးမျိုး၊ ထိုးလေ ဗိန္ဒုညွှင်း။

**၅၄။ ကြေးညို သစ်စိမ်း ရွှံ့ညွန်လိမ်း၊ ခပ်သိမ်းမည်းနက်ဆင်း။**

**၅၅။ သက်န်းထောင့်မှာ၊ တစ်ခုသာ၊ ပမာ ဒေါင်းမျက်ကွင်း။**

**၅၆။ သမန်းမြက်ဖျား၊ အငယ်ထား၊ အပ်ငြား ဗိန္ဒုညှင်း။**

ဝတ်ရုံ၍ သုံးဆောင်ရသော ထိုသက်န်းငါးမျိုးတို့၌ ကပ္ပဗိန္ဒုထိုးပြီးမှ ဝတ်ရုံရသည်၊ ကြေးညိုမျိုး, သစ်ရွက်စိမ်းမျိုး, လိမ်းကပ်သော ရွှံ့ညွန်မျိုး, ထိုမှကြွင်းသော ခပ်သိမ်းသော မည်းနက်သော အဆင်းမျိုးတို့တွင် တစ်ခုခုကို သက်န်းထောင့်၌ အကြီးဆုံးအားဖြင့် ဥဒေါင်းမျက်ကွင်းပမာဏ၊ အငယ်ဆုံးအားဖြင့် သမန်းမြက်ဖျား ခန့်မျှသော်လည်း ထိုးရမည်။ "အန္တမသော ကုသဂ္ဂေနပိ အနာဒိယိတွာ" (ပါစိတ်ပါဠိတော်)။

**၅၇။ နန္ဒင်း, ထန်းကျင့်၊ ဆူးပန်းပွင့်၊ ပေါက်ပွင့် ပိန္နဲနွယ်။**

**၅၈။ ကြပိုင်, ဒေါက်ရပ်၊ မဲ, ဒန်း, မှတ်၊ မအပ် ဆိုးရည်ဝယ်။**

### အကပ္ပိယ ဆိုးရည်

၁။ နန္ဒင်း

၂။ ထန်းကျင့် ခေါ်သော တိန်းညက်နှစ်,

၃။ ဆူးပန်းပွင့်,

၄။ ပေါက်ပွင့်,

၅။ ပိန္နဲနွယ်,

၆။ ကြပိုင်ခေါက်,

၇။ ဒေါက်ရပ်ခေါက်,
၈။ မဲရွက်,
၉။ ဒန်းရွက်၊
အကပ္ပိယ ဆိုးရည်ကိုးပါး။

**၅၉။ ခုံ, ပိုး, ဝါ, ဘန်၊ ကမ္ဗလံ၊ ပိုက်ဆံချည်ခြောက်ပါး။**
**၆၀။ ပဋ္ဋုဏ်, စိန၊ သောမာရ၊ ကုလ, နတ်လျှဘြား။**
**၆၁။ ဇဟိဘိကွဲ့၊ တန်ခိုးကြို၊ နုလုံ ခြောက်ထည်ပြား။**

## မူလသက်န်း ခြောက်မျိုး

၁။ ခေါမံ၊ ခုံချည်သက်န်း။
၂။ ကောသေယျံ၊ ပိုးချည်သက်န်း၊
၃။ ကပ္ပါသိကံ၊ ဝါချည်သက်န်း။
၄။ သာဏံ၊ ပိုက်ဆံချည် သက်န်း။
၅။ ကမ္ဗလံ၊ သိုးမွေးချည်သက်န်း၊
၆။ ဘင်္ဂံ=ဘန်ချည်သက်န်း
ဇာတ်အားဖြင့် ပြားသောသက်န်းခြောက်ထည်။

## အနုလောမသက်န်း ခြောက်မျိုး

၁။ ပဋ္ဋုဏ္ဏံ၊ ပဋ္ဋုဏ်တိုင်း၌ ဖြစ်သောသက်န်း။
၂။ သောမာရံ၊ သောမာရတိုင်း၌ဖြစ်သော သက်န်း။
၃။ စိနံ၊ စိန့်တိုင်း၌ ဖြစ်သောသက်န်း။
၄။ ဒုကူလံ၊ ဘွဲ့ဖြူပုဆိုးမျိုး။
၅။ ဒေဝဒိန္နံ၊ နတ်တို့လှူအပ်သောသက်န်း။

၆။ ကုဒ္ဒိဇံ၊ ဇဟိဘိကုန္ဒ ခေါ်တော်မူဘိ ပုညိဒ္ဓိကြောင့် ဖြစ်လာသောသက်န်း။

အဋ္ဌကထာတို့၌လာသော ကပ္ပိယာနုလောမ သင်္ကန်း ၆-မျိုး။ သင်္ကန်းဟူသောမှီရာ နိဿယပြီး၏။

----------------

## ၅-သပိတ်အပြား ခွက်အပြား

**၆၂။ မြေသံနှစ်ရပ်၊ သပိတ်အပ်၊ ကြီး, လတ်,ငယ် သုံးစား။**

## သပိတ်နှစ်မျိုး

သပိတ်သည်- မြေသပိတ်, သံသပိတ် ဟူ၍ ကပ္ပိယသပိတ် နှစ်လုံးရှိ၏။ သစ်သားသပိတ်၊ ကြေးသပိတ်၊ ဖလ်သပိတ် စသည်မအပ်။ ထိုကပ္ပိယသပိတ် နှစ်လုံးသည်လည်း အကြီး အလတ် အငယ်ဟု သုံးစားစီ ရှိကြသည်။

**၆၃။ သုံးပြည်တခွက်၊ နှစ်ကြိမ်ဝက်၊ ချင့်တွက် အမှန် ထား။**

**၆၄။ ဥက္ကဋ္ဌ်, မဇ္ဈ၊ ဩမက၊ နာမ အစဉ်အား။**

## ဥက္ကဋ္ဌသပိတ်

နှစ်ကြိမ်ဝက် ဆိုသည်ကား သုံးပြည့်တစ်ခွက် ဝင်သော သပိတ်သည် ဥက္ကဋ္ဌ သပိတ်မည်၏။

## မဇ္ဈိမသပိတ်

သုံးခွက်နှင့် တစလယ် ဝင်သောသပိတ်သည် မဇ္ဈိမသပိတ် မည်၏။

## ဩမက သပိတ်

သုံးစလယ်နှင့် တလမယ် ဝင်သောသပိတ်သည် ဩမက သပိတ် မည်၏။

ခုဒ္ဒသိက္ခာ အဂုတ်ကျောင်းနိဿယ၌ ဆွမ်းနှစ်ပြည် ပဲဟင်း အမဲ ငါးတခွက်သားစီ။ သုံးပြည့်တခွက်ဝင်သည်ကား ဥက္ကဋ္ဌ သပိတ်မည်၏ ဟုဆိုပေ၏။

### ၆၅။ သုံးလုံးအနေ၊ သုံးစီဝေ၊ ကိုးထွေ သပိတ်ပြား။

## သပိတ်ကိုးလုံး

(က) ဥက္ကဋ္ဌကို အကြီး၊ အလတ်၊ အငယ် သုံးလုံးပြု။ သုံးပြည့် တခွက်ထက်ပို၍ဝင်မှု ဥက္ကဋ္ဌကြီး၊

(ခ) သုံးပြည့်တခွက် တိတိဝင်မှု ဥက္ကဋ္ဌလတ်၊

(ဂ) သုံးပြည့်တခွက်အောက် လျော့၍ဝင်မှု ဥက္ကဋ္ဌငယ်။

ထို့အတူ မဇ္ဈိမ၊ ဩမကတို့၌လည်း သုံးလုံးစီ ဝေဖန်သော် သပိတ် အပြား ကိုးလုံးဖြစ်၏။

**မှတ်ချက်။** ။နှစ်ပြည့်တစ်ခွက်နှင့် တလမယ်ဝင်တွင် ဥက္ကဋ္ဌ၊ ထိုအောက် မဇ္ဈိမ၊ တပြည့် တစလယ်နှင့် တလမယ်ဝင်တွင် မဇ္ဈိမ၊ ထိုအောက် ဩမက၊ ဤသို့ အထက်အောက် သုံးပုံကွဲအောင် ပိုင်းခြား လေ။

**၆၆။ စဆုံးကြီးငယ်၊ နှစ်လုံးပယ်၊ အလယ် ခုနှစ်ပါး။**

**၆၇။ ခိဋ္ဌာန်ဝိကပ်၊ လောက်သည်မှတ်၊ တင်အပ် တလုံး ငြား။**

ဥက္ကဋ္ဌကြီးကို အစဆိုသည်။ ဩမက ငယ်ကို အဆုံးဆိုသည်။ ထိုနှစ်လုံး ကိုပယ်၍ အလယ် ခုနစ်လုံးသည် အဓိဋ္ဌာန် ဝိကပ္ပနာ လောက်၏။ အဓိဋ္ဌာန်မှာမူကား တစ်လုံးသာ တင်ရသည်။

**၆၈။ ဖုတ်သား ကောင်းလျက်၊ အဆင်းနက်၊ ချော ညက် ခိဋ္ဌာန်နား။**

**၆၉။ တလုံးတင်ဘိ၊ အကြွင်းရှိ၊ ဝိကပ်ပြု၍ထား။**

အဖုတ်ကောင်း၍ ကောင်းစွာကျက်သဖြင့် အဆင်းမည်းနက် လျက် ချောညက်သောသပိတ်သည်သာလျှင် အဓိဋ္ဌာန်နားသည်။ တလုံးတင်၍ အကြွင်းရှိလျှင် ဝိကပ္ပနာချည်းပြု၍ သုံးဆောင်ရသည်။ အသစ်ကိုတင် လိုလျှင် အဟောင်းကို ပစ္စုဒ္ဓိရ်ပြုပြီးမှတင်ရသည်။

**၇၀။ ခိဋ္ဌာန်ဝိကပ်၊ ပစ္စုဒ္ဓပ်၊ ကျလတ် သက်န်းလား။**

**၇၁။ ဆပ်ဆန် ထမင်း၊ ဝင်လောက်လျှင်း၊ ပေါက်ခြင်း ကျ ကြောင်းထား။**

အဓိဋ္ဌာန်တင်နည်း ဝိကပ္ပနာပြုနည်း ပစ္စုဒ္ဓိရ်ပြုနည်း၊ အဓိဋ္ဌာန် ကျရန် အကြောင်းကိုးပါး။ ဤအစီအရင် အလုံးစုံတို့သည် သက်န်း၌ ပြဆိုခဲ့ပြီးသောနည်းနှင့် အလားတူကုန်ပြီ။ အပေါက်၌မူကား ဆပ်ထမင်း လုံး ဝင်လောက်အောင် ပေါက်သည်ကိုယူ။

**၇၂။ စဆုံးနှစ်တန်၊ ဆွမ်းမခံ၊ သုံးရန် အိုးခွက်ထား။**

ထိုနှစ်လုံးတို့ကိုမူကား ဆွမ်းခံမှုကို လွတ်၍ အိုးခွက် အရာ၌ ထား၍ သုံးဆောင်ရ၏၊ ဆွမ်းစားခွက်အရာ၌ ထား၍ ဆွမ်းစားရ၏။ ။

(က) "ဤကမံ ပတ္တံ ပစ္စုဒ္ဓရာမိ"(ပါရာဇိကဏ္ဍ-အဋ္ဌကထာ) အပေါင်းအဓိဋ္ဌာန်စွန့်။

(ခ) "ဤကမံ ပတ္တံ အဓိဋ္ဌာမိ"(ပါရာဇိကဏ်-အဋ္ဌကထာ) အသစ်အဓိဋ္ဌာန်တင်။

(က) "ဤကမံ ပတ္တံ တုံယှံ ဝိကပ္ပေမိ၊ ဤမေ ပတ္တေ တုယှံ ဝိကပ္ပေမိ"။ အကြွင်းတို့ကို ဝိကပ္ပနာပြု။

(ခ) "မယှံ သန္တကံ မယှံ သန္တကာနိ ပရိဘုဉ္ဇ ဝါ" စသည် ဝိကပ္ပနာ ပြန်။ ဝိကပ္ပနာပြန်ပြီး နောက်အလိုရှိတိုင်း သုံးရ၏။

**၇၃။ ကြေးနီ, မြေ, သံ၊ ဤသုံးတန်၊ စားရန် ခွက်သုံးပါး။**

## ခွက်သုံးပါး

ဆွမ်းစားခွက် သုံးပါး။ သစ်သားခွက်၊ နှီးခွက် စသည်ကား မအပ်။ ယာဝကာလိက ဝတ္ထုမျိုးကိုယူ။ ဤသပိတ်အရာ၌ မြေသပိတ်၌ နှစ်ကြိမ် ဖုတ်မှ သံသပိတ်၌ ငါးကြိမ် ဖုတ်မှ အဓိဋ္ဌာန်လောက်သည်ဟု အဋ္ဌကထာ ကြီး၌ဆို၏။ ထိုစကားကို ဋီကာကြီးတို့က ပယ်ကြကုန်၍ တစ်ကြိမ်ပင် ဖုတ်သော်လည်း တညီတညာ ကောင်းစွာကျက်၍ အဆင်းမည်းနက် သည်သာ ပမာဏဟု ယူကြကုန်၏။ ကဉ္စိ ခုဒ္ဒသိက္ခာတို့၌လည်း ထိုစကား မပါ။ ဋီကာကြီးတို့ဆိုတိုင်း စိတ်ချရာ၏။

သပိတ်အပြား ခွက်အပြားပြီး၏။

-----------------

## ၆-အကပ်ခံနည်း

**၇၄။ နှစ်တောင့်ထွာမှတ်၊ ဟတ္ထပါသ်၊ ပညတ် ဝိနည်းလာ။**

နှစ်တောင့်ထွာပမာဏကိုအမှတ်ပြု၍ ဝိနည်း ပညတ်တော်အရာ၌ ဟတ္ထပါသ် ဟူ၍လာ၏။

**၇၅။ ပေး, ယူ-လက်-နှစ်၊ ကြဉ်ပယ်ပစ်၊ ကြွင်းလစ်၊ ကိုယ် အင်္ဂါ။**

**၇၆။ ဟတ္ထပါသ်တွင်း၊ ဝင်တုံလျှင်း၊ ကပ်ခြင်း မြောက် ထိုက်စွာ။**

ပေးသောသူ၏ ပေးသောလက်ကိုလည်းကောင်း၊ ခံယူသောသူ၏ ခံသောလက်ကိုလည်းကောင်း, ကြဉ်ပယ်လွှတ်ထား၍ ကြွင်းသော ကိုယ်အင်္ဂါ တစ်ခုခုသည် တစ်ဦးနှင့် တစ်ဦး၏ နှစ်တောင့်ထွာ ဟတ္ထပါသ် တွင်း၌ ဝင်သည် ဖြစ်အံ့ ကပ်ခြင်းမြောက်ထိုက်၏။ ပေးသောလက်ခံသောလက် နီးမှုသည် အင်္ဂါမဟုတ်။ စားပွဲခုံကြီး ပျပ်ခွက်ကြီးများနှင့် ကပ်ကြရာ၌ စားပွဲခုံကြီး ပျပ်ခွက်ကြီးခြား၍ နေသဖြင့်ကပ်သူနှင့် ခံသူကွာလှမ်း၍နေတတ်၏။ သတိရှိကြစေကုန်။

**၇၇။ ပေးခြင်းသုံးတန်၊ ခံခြင်းနှစ်ပါး၊ စိတ်နှစ်ပါး၊ စုံငြား ကပ်အင်္ဂါ။**

ပေးခြင်းသုံးတန် ဆိုသည်ကား ကိုယ်အင်္ဂါဖြင့် ကပ်ခြင်း၊ ကိုယ်အင်္ဂါနှင့် စပ်သော ပန်းကန် ခွက်လျောက် ဖြင့်ကပ်ခြင်း, ခံသူ၏လက်တွင်း သပိတ်အတွင်းသို့ကျရောက်အောင် ပစ်လွှတ်၍ ကပ်ခြင်း၊ ဤသုံးပါးတည်း။ ခံခြင်းနှစ်ပါးဆိုသည်ကား ကိုယ်အင်္ဂါဖြင့်ခံခြင်း ကိုယ်နှင့်ထိစပ်

သောသပိတ် ခွက်လျောက်ဖြင့်ခံခြင်း ဤနှစ်ပါးတည်း။ စိတ်နှစ်ပါး ဆိုသည်ကား ပေးသူကလည်း ပေးမည်ဟု စိတ်ရှိခြင်း ခံသူကလည်း ခံမည်ဟု စိတ်ရှိခြင်း၊ ဤနှစ်ပါးတည်း။ ရှေ့အဖို့၌ သပိတ်နှင့်ခံမည်ဟု အသင့်ပြင်ဆင်၍နေ၏။ ပေးဆဲအခါ၌ အိပ်ပျော်နေ၍ မသိလိုက်၊ အကပ်မြောက်၏။ ပရိဝါ၌လည်းကောင်း ခုဒ္ဒသိက္ခာ၌လည်းကောင်း စိတ်နှစ်ပါးကို အင်္ဂါပြု၍ မဆိုလိုသောကြောင့် အကပ်မြောက်ရာ အင်္ဂါ ငါးပါးဟု လာသတည်း။

### ၇၈။ ထာမ မဖွဲ၊ ချီကြွနိုင်ဖွယ်၊ မြူရထရ်-အတွယ် မရှိရာ။

ကပ်အပ်သောဝတ္ထုနှင့် ထည့်ရာခံရာဖြစ်သော စားပွဲခုံ အစရှိသော ဝတ္ထုသည် အလေးဆုံးအားဖြင့် အား အလယ်အလတ် ရှိသော ထာမ မဖွဲ့မဖြစ်သူ တစ်ယောက်အားနှင့် ချီကြွနိုင်ကောင်းသော ဝတ္ထုမှ အကပ် မြောက်သည်။ ထိုထက်လေးမူ အကပ်မမြောက်။ အငယ်ဆုံး အားဖြင့် ရထရေဏုမြူခန့်ရှိမှ ကပ်ရသည်။ ထိုအောက်ငယ်သော တဇ္ဇာရီမြူ၊ အဏုမြူ၊ ပရမာဏုမြူများမှာကပ်ဖွယ်ကိစ္စမရှိ၊ တဇ္ဇာရီမြူဆိုသည် နံရံပေါက် စသည်မှ ဝင်သောနေရောင်နှင့် ပေါင်းမိမှထင်မြင်ရသော မြူမျိုးတည်း။ လေပြင်းတိုက်၍ တံမြက်လှည်း၍ လှည်းနွားစသည် သွား၍ ထကြွထင်ရှားသော မြူမျိုးသည် ရထရေဏုမြူမည်၏။ ဆွမ်းခံစဉ်အခါ ဆွမ်းစားစဉ်အခါတို့မှာ သပိတ်စသည်တို့၌ ထိုမြူမျိုးကျခဲ့သော် အကပ်ခံပြီးမှခံရ စားရသည်။ အတွယ်မရှိရာဆိုသည်ကား အပင်၌ ပေါက်ရောက်ဆဲသော ဝတ္ထု၊ သစ်ပင် တိုင်စသည်တို့၌ ကြိုးလွန်နှင့် ဖွဲ့ချည်လျက်ရှိသော ဝတ္ထုသည် အကပ်မမြောက်။ ထိုကဲ့သို့ အဖွဲ့အတွယ်မရှိမှ မြောက်သည်။

**၇၉။ အဓိဋ္ဌာန်ပျက်၊ အင်ရှစ်ချက်၊ ကပ်ပျက်ကြောင်း အင်္ဂါ။**

သင်္ကန်း သပိတ် အဓိဋ္ဌာန် ကျခန်းၥ်-

- ပေးစွန့်ခိုးယူ, ကျွမ်းဝင်ယူ၊ လူထွက်ချ, သိက္ခာ။
- သေဆုံးလိင်ပြန်၊ ပစ္စုဒ္ဓံ၊ ရှစ်တန် ကျဓိဋ္ဌာ။

ဟူ၍ ဆိုခဲ့သော အင်္ဂါရှစ်ပါးသည် အကပ်ပျက်ကြောင်း အင်္ဂါလည်းဖြစ်၏၊ ဤၥ် ပစ္စုဒ္ဓံအရကို ပစ္စုဒ္ဓိုရ် ပြုသည်နှင့် အလားတူ ကပ်၍ ထားသောဝတ္ထုၥ် အကပ်ကို စွန့်၏ဟု စိတ်ဖြင့် အကပ်စွန့်မှုကိုယူ။

"ပဋိဂ္ဂဟဏံနာမ လိင်္ဂပရိဝတ္တနေန ကာလံကိရိယာယ သိက္ခာပစ္စက္ခာနေန ဟီနာယာဝတ္တနေန အနုပသမ္ပန္နဿ ဒါနေန အနပေက္ခဝိဿဇ္ဇနေန အစ္ဆိန္ဒိတွာ ဂဟဏေနစ ဝိဇဟတိ"

(ပါရာဇိကကဏ္ဍအဋ္ဌကထာ) (ဝိနယသင်္ဂဟအဋ္ဌကထာ)

ဤပါဠ်ၥ် ပေးမှုနှင့်စွန့်မှုခဲ့၍လာ၏။ အကျွမ်းဝင်၍ ယူမှုသည် အစ္ဆိန္ဒိတွာ ဂဟဏေနၥ် ပါဝင်လေ၏။ ခုဒ္ဒသိက္ခာၥ် လူထွက်မှု ကျန်ရှိ၏။ သိက္ခာကျရာၥ် သင်္ဂြိုဟ်လိုရိပ်ရှိ၏။ အကပ်စွန့်မှုကား သာရတ္ထဒီပနီ အလို။ ကပ်ပြီးဝတ္ထုကို လူသာမဏေတို့ ကိုင်မိထိမိသော်လည်း အကပ်မပျက်။ ကိုင်မိ ထိမိသော် အကပ်ပျက်သည်ဟု ထင်မှတ်ကြ၏။

**၈၀။ မရွေ့ ဌာန၊ ကိုင်ရုံမျှ၊ ဒုရူပစိဏ္ဏာ။**

**၈၁။ တည်ရာဌာန၊ ရွေ့စေက၊ ဥဂ္ဂဟိတကာ။**

## ဒုရူပစိဏ္ဏ

ရဟန်းတို့ စားသောက်ရန် အကပ်မခံသေးသော ဆွမ်းသပိတ် စသည်တို့ကို သိလျက်နှင့် ထိအံ့၊ ကိုင်အံ့၊ နေရာမှ မရွေ့စေမူ၍ လှုပ်ရှား

စေအံ့၊ ဒုရုပစိတ္တဒုက္ကဋ်သင့်၏။ ထိုဝတ္ထုကို ထိုရဟန်း မစားအပ်ပြီ၊ တစ်ပါးသော ရဟန်းတို့ အပ်သေး၏။

## ဥဂ္ဂဟိတက

လှူပ်ရှားစေရုံမျှ မကပဲ တည်ရာဌာနမှ ရွှေ့စေပြောအံ့ ထိုဝတ္ထုသည် ဥဂ္ဂဟိတက ဝတ္ထု မည်၏။ မကောင်းသဖြင့် ကိုင်ယူအပ်သော ဝတ္ထုမည်၏။ တစ်ပါးသော ရဟန်းတို့လည်း မစားအပ်ပြီ။ ဒုရုပစိတ္တဒုက္ကဋ်နှင့် ဥဂ္ဂဟိတကဒုက္ကဋ်ခွဲခြားပုံ။

အကပ်ခံနည်းပြီး၏။

--------

## ၇-အတိရိတ်ဝိနည်းကံ ပြုနည်း

**၈၂။ ထမင်း, မုန့်, ငါး, အမဲ, သား ငါးပါးဘောဇဉ်စစ်။**

**၈၃။ သလေးမျိုးနှင့်၊ ကောက်မျိုးအများ၊ ဂျုံစပါး၊ တပါးနတ်ကောက်မျိုး။**

**၈၄။ ပြောင်းနှင့် လူး, ဆပ်၊ ခုနှစ်ရပ်၊ ပညတ်စပါးမျိုး။**

## ဘောဇဉ်ငါးမျိုး

၁။ ထမင်းမျိုး၊

၂။ မုယောမုန့်မျိုး၊

၃။ ဂျုံမုန့်မျိုး၊

၄။ ရေသတ္တဝါသားမျိုး၊

၅။ ကုန်းသတ္တဝါသားမျိုး၊

ဘောဇဉ်ငါးပါး အစစ်တည်း။

၁။ ထိုတွင် သလေးစပါးမျိုး၊ ကောက်ရင် ကောက်ကြီး စပါးမျိုး၊ ဂျုံစပါးမျိုး၊ နတ်ကောက်စပါးမျိုး၊ ပြောင်းမျိုး၊ လူးမျိုး၊ ဆပ်မျိုး၊ ဤစပါးမျိုး ခုနစ်ပါးတို့၏ဆန်ကို ချက်အပ်သော ထမင်းသည် ထမင်းဘောဇဉ် မည်၏။

၂။ ဂျုံဆန်တို့ကို အမှုန့်ထောင်း၍ သကြား ထောပတ်တို့နှင့် နယ်၍ မုန့်ရှက်မုန့်ပြားလုပ်၍ အိုးကင်း၌ ကြော်အပ်သော မုန့်မျိုးသည် မုယောမုန့် မည်၏။

၃။ ဂျုံဆန်တို့ကို ကျက်စွာလှော်၍ ညက်စွာကြိတ်အပ်ထောင်း အပ်သော ဂျုံမုန့်မျိုး၊ ထိုဂျုံမုန့်တို့ကို သကြားနှင့် ရောနှော၍ အလုံးအပြားပြုလုပ်၍ အခြောက်လှော်သင်း၍ ထားအပ်သော မုန့်လုံးမုန့်ပြားမျိုးသည် သတ္တုခေါ်သော ဂျုံမုန့်မျိုး မည်၏။

၄-၅။ ရေသတ္တုဝါသား ကုန်းသတ္တဝါသား ထင်ရှားပြီ။ ငါတို့နိုင်ငံ၌ ပြုလုပ်ကြသော မုန့်မျိုးသည် မုယောမုန့် အလားရှိ၏။

**၈၅။ စားဆဲ ဘောဇဉ်၊ ဟတ်တွင်းဝင်၊ ဆောင်စဉ် ကိုယ် နှုတ်မြစ်။**

**၈၆။ အင်္ဂါငါးလီ၊ ပြည့်စုံညီ၊ သင့်ပြီ ပဝါရိတ်။**

## ပဝါရိတ်အင်္ဂါ

၁။ ဆွမ်း စားဆဲဖြစ်သော ရဟန်း၏ မပြီးသေးသော စားခြင်း မျိုခြင်းတင်းလင်း ရှိခိုက်လည်းဖြစ်စေ၊

၂။ ထိုရဟန်း စားဆဲဝတ္ထု၊ ထိုရဟန်းအား ပေးရန် ကပ်ရန်

ဆောင်အပ်သောဝတ္ထုနှစ်ပါးသည် ပြဆိုခဲ့ပြီးသော ဘောဇဉ် မျိုးလည်း ဖြစ်စေ၊

၃။ ပေးသူ ကပ်သူ ရှင်လူရဟန်းသည် ထိုရဟန်း၏ ဟတ္ထပါသ်တွင်း၌ တည်သည်လည်း ဖြစ်စေ၊

၄။ ပေးခြင်း ကပ်ခြင်းငှာ ထိုရဟန်းသို့ ရှေးရှုသည်ပိုးခြင်းကြိယာ ထင်ရှားရှိခိုက်လည်းဖြစ်စေ၊

၅။ မပေးနှင့် မလိုချင်ဘူး ငါတန်ပြီ ဟူသောအနက်ကို ဦးခေါင်း ခါခြင်း လက်ကာခြင်းစသော ကိုယ်အင်္ဂါထုတ်ဖော်၍ ပြောဆိုခြင်းဟူသော နှုတ်အင်္ဂါ နှစ်ပါးတို့တွင် တစ်ပါးပါးဖြင့် မြစ်ပယ်သည်လည်းဖြစ်စေ၊

ဤအင်္ဂါငါးလီ ပြည့်စုံညီညွတ်ခဲ့သော် ထိုရဟန်းသည် ပဝါရိတ်သင့်၏။ ပဝါရိတ် ရဟန်းဆိုရ၏။ အပြစ်ကား မရှိသေး။

## ၈၇။ နေရာမရွေ့၊ ထိုသည့်နေ့၊ လိုရွေ့ စားထိုက်ငြား။

ဣရိယာပုထ် မပြောင်း မရွေ့သေးသည်ရှိသော် ထိုနေ့ မွန်းမလွဲမီ အတွင်း၌ ပေးလာကပ်လာသမျှသော ဘောဇဉ် ခဲဘွယ်တို့ကို အလိုရှိသရွေ့ စားအပ်၏။ တင်ပျဉ်ခွေလျက် မြစ်မိခဲ့သော် တင်ပျဉ်ခွေကို မပျက်စေရ။ ဆောင့်ကြောင့်ထိုင်လျက် မြစ်ခဲ့မိသော် ဆောင့်ကြောင့်ထိုင်မှုကို မပျက်စေရ။ ကြွင်းသော ဣရိယာပုထ်တို့၌လည်း နည်းတူ။

## ၈၈။ နေရာရွေ့မိ၊ စားလိုဘိ၊ ဝိနည်းကံနှင့်စား။

နေရာ ရွေ့ခဲ့သည်ရှိသော် ထိုနေ့ မွန်းမလွဲမီအတွင်း တစ်စုံတစ်ခုသော ကာလိကဝတ္ထုကိုမျှ အလိုအလျောက် မစားအပ်ပြီ၊ စားလိုသည်ရှိသော် စားလိုသမျှသော ဝတ္ထုကို ဝိနည်းကံပြုပြီးမှ စားအပ်တော့သည်။

## ၈၉။ အတိရိတ္တံ၊ ဝိနည်းကံ၊ ပြုရန် အင်္ဂါသတ်။

အတိရိတ် ဝိနည်းကံပြုရန် အင်္ဂါခုနစ်ပါးရှိသည်။

**၉၀။ ကပ္ပိယမှန်၊ အကပ်ခံ၊ ချီပြန် ဟတ္ထပါသ်။**

**၉၁။ နေရာမထ၊ စားပြီးမှ၊ အလမေတံ ရွတ်။**

ထိုနေ့မွန်းမလွဲမီအတွင်း၌ စားသောက်သုံးဆောင် လိုသမျှသော ကာလိကဝတ္ထုမျိုးတို့ကို သပိတ်၌ ထည့်ပြီးလျှင် ဝိနည်းမိုရ် ပုဂ္ဂိုလ်ထံသို့ သွား၍ "အတိရိတ္တံ ကရောထ ဘန္တေ"ဟုဆိုရမည်။ အင်္ဂါခုနစ်ပါးတို့တွင်-

## အတိရိတ်ဝိနည်းကံ ခုနစ်ပါး

၁။ ကပ္ပိယမှန် ဆိုသည်ကား သပိတ်၌ထည့်သော ဝတ္ထုစုသည် ကပ္ပိယချည်းဖြစ်စေရမည်။ ဗီဇဂါမ်ဝတ္ထုမျိုး ပါရှိခဲ့လျှင် ကပ္ပိပြီးမှ ထည့်ရမည်။

၂။ အကပ်ခံ ဆိုသည်ကား အကပ်ခံပြီးလည်းဖြစ်စေရမည်။

၃။ ချီပြန်ဆိုသည်ကား သပိတ်ရှင် ရဟန်းသည် ထိုသပိတ်ကို အောက်၌ချ၍မထားရ။ လက်နှင့်ပွေ့ချီ၍ထားရမည်။

၄။ ဟတ္ထပါသ် ဆိုသည်ကား ထိုရဟန်းသည် ဝိနည်းမိုရ် ပုဂ္ဂိုလ်၏ ဟတ္ထပါသ်အတွင်း၌တည်ရှိရမည်။

၅။ နေရာမထဟူသော အင်္ဂါကိုမူကား ဝိနည်းမိုရ် ပုဂ္ဂိုလ်သည်လည်း ထိုအခါ၌ ပဝါရိတ်သင့်၍နေသော ပုဂ္ဂိုလ်ဖြစ်ခဲ့သော်သာလို၏။ ပဝါရိတ် သင့်သောပုဂ္ဂိုလ် မဟုတ်ပေလျှင် နေရာမထ အင်္ဂါမလိုပြီ။

၆။ စားပြီးမှ ဆိုသည်ကား ဝိနည်းမိုရ်ဆရာသည် ထိုနေ့၌ ဘောဇဉ်မျိုး တစ်ပါးပါးကိုစားပြီးလည်း ဖြစ်စေရမည်။

ရှေ့အဖို့၌ မစားမိသေးသော် ပြုကာနီးဆဲဆဲမှာပင် တခြား တပါးက ယူစေ၍ ထမင်းလုံး တစ်ခုကိုပင်သော် လည်း မျိုပြီးမှပြုရမည်။

၇။ အလမေတံ ရွတ်ဆိုသည်ကား ထိုသပိတ်ကို ကိုင်၍ "အလ မေတံ သဗ္ဗံ" ဟူ၍ သုံးကြိမ် ရွတ်ဆိုရမည်။ ဧတံ သဗ္ဗံ၊ ဤအလုံးစုံသည်။ အလံ၊ ငါဝိနည်းခိုရ် အလို မရှိပြီ။ (ဤကား အနက်) ဤသို့ဆိုသဖြင့် ထိုသပိတ်၌ ပါရှိသမျှသော ဝတ္ထု အစုသည် အတိရိတ္တ ဝတ္ထုစုဖြစ် လေ၏။ ဝိနည်းခိုရ် ပုဂ္ဂိုလ်၏ အပိုအမို အကြွင်းအကျန် ဖြစ်လေ၏ ဟူလို။ ဤသို့ အတိရိတ်ဝိနည်းကံ ပြုအပ်ပြီး သော ဝတ္ထုစုကို ဝိနည်းခိုရ် ဆရာမှတပါး ထိုရဟန်းနှင့် တကွ တခြားတစ်ပါးသော ပဝါရိတ်သင့်သောရဟန်း မသင့်သော ရဟန်းအလုံးစုံသည်ပင် သုံးဆောင်အပ် ၏။

အတိရိတ်ဝိနည်းကံ ပြုနည်း ပြီး၏။

----------

## ၈-ကာလိက လေးပါး အမြွက်

**၆၂။ ယာဝ, ယာမ၊ သတ္တာဟ၊ ယာဝဇီဝိကာ။**

ကာလိကမျိုးသည်-

### ကာလိက လေးမျိုး

၁။ ယာဝ ကာလိကမျိုး၊

၂။ ယာမ ကာလိကမျိုး၊

၃။ သတ္တာဟ ကာလိကမျိုး၊
၄။ ယာဝ ဇီဝိကမျိုး၊

ဟူ၍ လေးမျိုး အပြားရှိ၏။

**၉၃။ ကပ်ပြီးသည်မှ၊ ထိုလေး၀၊ ကာလ ပိုင်းခြားရာ။**

ကပ်ပြီးသောအခါမှ ဤ၀တ္ထုကား ယခုနေ့ မွန်းမလွဲမီ အတွင်း ၌သာ ရဟန်းတို့ မျိုခြင်းငှာအပ်သည်။ မွန်းလွဲသည်မှစ၍ ယနေ့နက်ဖြန် စသည် မအပ်ပြီ။ ဤသို့စသဖြင့် ပိုင်းခြားခြင်းသို့ ရောက်၏။

**၉၄။ ထိုနေ့နံနက်၊ ယံသုံးချက်၊ ရက်ခွန်, ထက် ဆုံးသာ။**

## ကာလိကအသက်

အကပ်ခံသောနေ့ကို ထိုနေ့ဆိုသည်။ ထိုနေ့ မွန်းမလွဲမီကာလ၊ ထိုနေ့ညဥ့်ဦးယံကာလ၊ ထိုနေ့မှစ၍ ရက်ပေါင်းခုနစ်လီကာလ၊ ထိုနေ့မှ စ၍ အသက်ထက်ဆုံး အစဉ်အတိုင်း ယှဉ်လေ။

**၉၅။ အရပ် တိုင်းမှာ၊ အာဟာရ ကိစ္စ၊ စားရိုးကျ၊ ယာဝကာလိကာ။**

## ယာဝကာလိကမျိုး

အကြင် ၀တ္ထုမျိုးသည် ထိုထိုအရပ်တို့၌ ပကတိ အာဟာရကိစ္စနှင့် အစဉ်အဆက် စားရိုးကျ၏။ ထို၀တ္ထုမျိုး သည် ယာဝကာလိကမျိုးမည်၏။

**၉၆။ ဘောဇဉ်, ခဲဘွယ်၊ အသွယ်သွယ်၊ အကျယ် များ လှစွာ။**

(သိသာပြီ)။

**၉၇။ သပြေ, သရက်၊ မုဒြက်၊ ဖက်သက်, သစ်မည် စည်။**

**၉၈။ ငှက်ပျောနှစ်မျိုး၊ ကြာစွယ်တိုး၊ ရှစ်မျိုး အဖျော်ရည်။**

## ယာမကာလိကမျိုး

၁။ သပြေသီးအဖျော်၊
၂။ သရက်သီးအဖျော်၊
၃။ မုဒြက်သီး အဖျော်၊
၄။ ဖက်သက်တရော်သီး အဖျော်၊
၅။ သစ်မည် စည်ပွင့် အဖျော်၊
၆။ အိမ်ငှက်ပျောသီး အဖျော်၊
၇။ တောငှက်ပျောသီး အဖျော်၊
၈။ ကြာစွယ်အဖျော်၊

ဟူ၍ ယာမကာလိက ဝတ္ထု၌ဟောတော်မူရင်း အဖျော်မျိုးရှစ်ပါး။ သစ်မည်စည်ပွင့်သည် အလွန်အရည်ပေါ၏။ ရေမရောပဲနှင့်ပင် သောက်လောက်အောင် ရနိုင်သော ဇာတိရသရှိ၏။ ဇာတိရသအတိုင်း အဖျော်ကိစ္စနှင့် မွန်းလွဲသောအခါ သောက်ခြင်းငှာ မအပ်။ ရေနှင့်ရောမှ အပ်သည်။ ယာဝ ကာလိကဝတ္ထုတို့မှဖြစ်သော ဇာတိရသတို့၌ ဤနည်း ချည်းမှတ်။ ကြံရည်, တင်လဲရည်, ပျားရည်တို့၌လည်း ရေရောမှ ထိုဖျော်ရည်ကိစ္စ၌ အပ်သည်။ ရေမရောလျှင် သတ္တာဟကာလိက အတိုင်း ပင်။

**၉၉။ ထန်း, အုန်း, နှစ်ကွဲ၊ ပိန္နဲနှစ်ပါး၊ သုံးသခွါး၊ နှစ်ပါးဗူး, ဖရုံ။**

## သစ်သီးကြီးကိုးမျိုး

၁။ ထန်းသီး၊
၂။ အုန်းသီး၊
၃။ အိမ်ပိန္နဲသီး၊
၄။ တောင်ပိန္နဲသီး၊
၅။ သခွါးငဆစ်သီး၊
၆။ သခွါးပြေတ်သီး၊
၇။ သခွါးကြောင်သီး၊
၈။ ဗူးသီး၊
၉။ ဖရုံသီး၊

ဤကား သီးကြီးကိုးပါးတည်း။

**၁၀၀။ သီးကြီးကိုးပါး၊ ပဲမျိုးများ၊ စပါးခုနစ်မည်။**

**၁၀၁။ အလျော်စပါး၊ လေးမျိုးအား၊ ရှောင်ရှား အဖျော်ရည်။**

ပြဆိုခဲ့ပြီးသော သီးကြီးကိုးပါးတစ်ရပ်၊
အလုံးစုံသော ပဲမျိုးတစ်ရပ်၊
စပါးမျိုး ခုနစ်ပါးတစ်ရပ်၊

ကြိတ်စပါး အစရှိသော အနုလောမ စပါးမျိုးတစ်ရပ်၊ ဤလေးရပ်တို့ကို နေလွဲသောအခါ သောက်မျိုရန် အဖျော်ရည်ပြု လုပ်မှု၌ ရှောင်ကြဉ်အပ်ကုန်၏။ အဖျော်ရည် လုပ်နည်းမှာ အကပ်မခံသေးသော သပြေသီး,

သရက်သီး စသည်ကို ရေအေး၌ စိမ်စေ၍ သောက်ချိန်ကျသောအခါ လူသာမဏေတို့ကို ကောင်းစွာစစ်စေပြီးမှ အကပ်ခံ၍ သောက်အပ်၏။ ကောင်းစွာစစ်ခြင်းဆိုသည်ကား ယာဝကာလိကဝတ္ထုတို့၏ အဖတ် အနယ်ဟူ၍ မပါစေရ။ အရည်ကြည်သက်သက်ရအောင် ရေစစ်ပဝါ ထူထူနှင့် စစ်ရမည်။ အဖတ်ဟူ၍ မုန့်ညင်းစေ့ခန့်မျှ ပါရှိလျှင်ပင် မသောက်အပ်ပြီ၊ ဇီးဖြူ သျှိသျှား သဖန်းခါး အစရှိသော ယာဝဇီဝိက ဝတ္ထုတို့နှင့် ပြုလုပ်သော အဖျော်ရည်၌မူကား အဖတ်ပါသော်လည်း ကိစ္စမရှိ။

**၁၀၂။ ထော, ဆီ, ဆီ, ပျား၊ တင်လဲအား၊ ငါးပါး၊ သတ္တာဟာ။**

## သတ္တာဟကာလိကမျိုး

၁။ ထောပတ်မျိုး၊
၂။ ဆီဦးမျိုး၊
၃။ ဆီမျိုး၊
၄။ ပျားရည်မျိုး၊
၅။ သကာတင်လဲ

ဟူသော တင်လဲမျိုး။

ဤဝတ္ထုငါးမျိုးသည် သတ္တာဟကာလိက မည်၏။ အကပ်ခံပြီးနောက် ခုနစ်ရက် သုံးဆောင်ရ၏။

**၁၀၃။ ကြံရည်၌မူ၊ ရေစင်ကူ၊ မာသူ အပ်သည်သာ။**

"အနုဇာနာမိ ဘိက္ခဝေ ဥစ္ဆုရသံ၊ အနုဇာနာမိ ဘိက္ခဝေ ဂိလာနဿ ဂုဠ အဂိလာနဿ ဂုဠောဒကံ" (ဝိနည်းမဟာဝါပါဠိတော်) ဟူသော ပါဠိတော်နှင့်အညီ အကပ်ခံ၍ ထိုနေ့မွန်းလွဲသောအခါမှစ၍ ကြံရည်၊

တင်လဲရည်၊ သကြားခဲ၊ သကာခဲ၊ ထန်းလျက်ရည်၊ ထန်းလျက်ခဲ၊ ထန်းလျက်တင်လဲ၊ ထန်းလျက်သကာတို့သည် ဂိလာနပုဂ္ဂိုလ်အား ရေမရောပဲပင် အပ်ကုန်၏။ မာကျန်းသူတို့အား ရေနှင့်ရော၍ အဖျော် ကိစ္စ၌ သုံးဆောင်အပ်၏။ထောပတ်, ပျား, ဆီတို့၌လည်း ထို့အတူမှတ်။

**၁၀၄။ အရပ်တိုင်းမှာ၊ အာဟာရ ကိစ္စ၊ မစားကြ၊ ယာဝဇီဝိကာ။**

**၁၀၅။ ဇီးဖြူ, သျှိသျှား၊ သဖန်းခါး၊ များ၏ အနန္တာ။**

## ယာဝဇီဝိကမျိုး

အကြင်ဝတ္ထုမျိုးကို ထိုထိုအရပ်ဒေသတို့၌ ပကတိသော အာဟာရကိစ္စနှင့် စားရိုးပင်မရှိ။ ထိုဝတ္ထုမျိုးသည် ယာဝဇီဝိက ဝတ္ထု မည်၏။ ဇီးဖြူ သျှိသျှား သဖန်းခါး စသည်ဖြင့် ထိုယာဝဇီဝိကမျိုးသည် အသချေ်အနန္တ များပြား၏။

**၁၀၆။ အကပ်နှင့်တကွ၊ သူ့ကာလ၊ လွန်က သန္နိဓာ။**

အကပ်ခံပြီး၍ အကပ်နှင့်တကွ မိမိဥစ္စာအဖြစ်ဖြင့် ထားရာ ခုနစ်ရက်ကိုလွန်ခဲ့လျှင် ထိုဝတ္ထုလည်း နိဿဂ္ဂိ ဖြစ်၏။ သန္နိဓိပါစိတ် အာပတ်လည်း သင့်၏။ ခုနစ်ရက်မလွန်မီ လူသာမဏေတို့အား စွန့်၍ ထားရာသည်။

**၁၀၇။ အတိုအရှေ၊ ရောမိချေ၊ အရှေ သူ့ဘက်ပါ။**

ယာဝကာလိကသည် အတိုဆုံးဖြစ်၏။ ထိုထက် ယာမကာလိက ရှည်၏။ ထိုထက် သတ္တာဟကာလိက ရှည်၏။ ထိုထက်ယာဝဇီဝိကသည် အရှည်ဆုံးဖြစ်၏။

## ကာလိကချင်း ရောပုံ

အတိုမျိုးနှင့် အရှည်မျိုးရောမိကြသည်ရှိသော် အရှည်က အတိုဘက်သို့ပါရသည်။ ထိုနေ့၌ အကပ်ခံအပ်သော ရှည်သော နောက်ကာလိကဝတ္ထုတို့သည် တိုသော ရှေ့ကာလိကဝတ္ထုတို့နှင့် ရောနှောမိကြကုန်သည်ရှိသော် မိမိတို့၏ ရှည်သောကာလကိုစွန့်၍ တိုသော ကာလိက အဖြစ်သို့ရောက်ကြလေကုန်၏။ တိုသော ကာလိက အတိုင်းသာအပ်ကြလေကုန်၏။ ဟူလိုသည်။ ရှေးရှေးနေ့၌ ကပ်ပြီးသော ရှည်သော နောက်ကာလိက နှစ်ပါးတို့နှင့် တိုသောရှေ့ကာလိကနှစ်ပါးတို့ ရောနှောမိကြရာ၌ အရှည်အတိုနှစ်ပါးလုံး မျိုခြင်းငှာ မအပ်သော အကပ္ပိယအဖြစ်သို့ ရောက်ကြလေကုန်၏။

**အထူးမှတ်ချက်**။ ။အထူးမူကား ရှေးရှေးရက်, ရှေးရှေးလ, ရှေးရှေးနှစ်တို့က အကပ်ခံ၍ရှိနေသော ဆားအစရှိသော ယာဝဇီဝိက ဝတ္ထုနှင့် သတ္တာဟကာလိက ဝတ္ထုရောနှောမိကြရာ၌ ရှေးရှေးကအကပ်နှင့် လွန်ခဲ့သောအတွက် အထူးမရှိ၊ သတ္တာဟ ကာလိကအတိုင်း လိုက်လေ၏၊ ယမန်နေ့၌ စားသောက်၍ ခံတွင်း၌ ငြိကပ်ရှိနေသော ဆွမ်းဆေးအစရှိသော အညစ်အကြေးများသည် နောက်နေ့၌စားသော ဆွမ်းအစရှိသော ယာဝကာလိက ဝတ္ထုများနှင့် ခံတွင်းမှာ ရောနှော မိခဲ့သည်ရှိသော် သန္နိဓိအာပတ်ကို ဖြစ်စေတတ်၏။ ထိုကြောင့် ခံတွင်း၌လည်းကောင်း၊ သပိတ် ပန်းကန် ခွက်လျောက်တို့၌လည်းကောင်း အဆီအစေး အညစ်အကြေး အကပ်အငြိ မရှိစေရအောင် စင်ကြယ်စွာ ဆေးကြောမှုကို ဂရုစိုက်ကြကုန်ရာ၏။

ကာလိကလေးပါး အမြွက်ပြီး၏။

-----------------

## ၉-အကပ္ပိယအသားမျိုး

**၁၀၈။ လူ, ခွေး, မြင်း, ဆင်၊ သစ်, ကျား, ခြင်၊ ဝံလျှင်, ခြောင်း, မြွေမျိုး။**

**၁၀၉။ ရိုး, ရေ, သား, သွေး၊ အမွေးတို့ပါ၊ မသုံးရာ၊ ဆယ်ဖြာ အသားမျိုး။**

### အသားကြီးဆယ်ပါး

| | | | |
|---|---|---|---|
| ၁။ | လူသား၊ | ၆။ | ကျားသား၊ |
| ၂။ | ခွေးသား၊ | ၇။ | ခြသေ့်သား၊ |
| ၃။ | မြင်းသား၊ | ၈။ | ဝံသား၊ |
| ၄။ | ဆင်သား၊ | ၉။ | ခြောင်းသား၊ |
| ၅။ | သစ်သား၊ | ၁၀။ | မြွေသား၊ |

မစားအပ်သော အကပ္ပိယအသားကြီး ဆယ်ပါး။

ထိုသတ္တဝါတို့၏ အရိုး, အရေ, အသား, အသွေး, အမွေးတို့ကိုလည်း ရဟန်းတို့အား သုံးဆောင်ခြင်းငှာ မအပ်ကုန်။

**၁၁၀။ လူမှာ ထုလ္လစ္စည်း၊ အကြွင်းဒုက္ကဋ်၊ ထောပတ်တမူ၊ သားဆီဟူ၊ လူကြဉ်-သုံးအပ်ကိုး။**

သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ၊ လူသားကိုစားမိလျှင် ထုလ္လစ္စည်း အာပတ်သင့်၏။ ။အကြွင်း ကိုးပါးတို့၏ အသားကို စားမိလျှင် ဒုက္ကဋ် အာပတ်သင့်၏၊ နို့ရည် ဆီဦးထောပတ် ဝသာတေလခေါ်သော သားဆီ တို့ကို မူကား လူကိုကြဉ်၍ အကြွင်းကိုးပါးတို့မှာ သုံးဆောင်ခြင်းငှာ အပ်ကုန်၏။

**၁၁၁။ ဆင်ခြင်မဲ့ပါ၊ ဆယ့်တဖြာ၊ အာပတ် အစိတ်မျိုး။**

ဆွမ်းစားသောအခါ ဆွမ်းပွဲမှာ အသားဟင်းများပါရှိခဲ့သော် ဘာသားလဲဟူ၍ အတပ်သိရန် ဆင်ခြင်မှုကို အမြဲသတိ ရှိစေရမည်။ ဆင်ခြင်မဲ့၍ အမှတ်တမဲ့ စားမိခဲ့လျှင် ကပ္ပိယအသားပင် ဖြစ်သော်လည်း ဝတ်ပျက်မှုအတွက် ဒုက္ကဋ်အာပတ်သင့်၏။

န ဘိက္ခဝေ အပဋိဝေက္ခိတွာ မံသံ ပရိဘုဥ္ဇိတဗ္ဗံ။ ယော ပရိဘုဥ္ဇေယျ၊ အာပတ္တိဒုက္ကဋဿ။ (ဝိနည်းမဟာဝါပါဠိတော်) ပါဠိတော်ရှိ၏။ ဤအသားသည် အပဋိဝေက္ခိတ အသားမည်၏။ မစားအပ်သော အသား ဆယ်တပါးဖြစ် ၏။ အာပတ်အစိတ်မျိုးဆိုသည်ကား အစိတ္တက အာပတ်မျိုးတည်း။ အကပ္ပိယအသား ဟူ၍ မသိ၍စားမိသော်လည်း သင့်တတ်သော အာပတ်မျိုးတည်း။

**၁၁၂။ သီတင်းငါးရပ်၊ ရည်၍သတ်၊ မအပ် ထိုအသား။**

**၁၁၃။ မြင်ခြင်း, ကြားခြင်း၊ ယုံမှားခြင်း၊ ကင်းစေ စွန်းသုံးပါး။**

သီတင်းသုံးဖော် ငါးယောက်တို့တွင် တစ်ယောက်ယောက်ကို ရည်၍ ကျွေးမွေးလှူဒါန်းရန် သတ်အပ်သည်မှန်က ထိုအသားကို သီတင်းသုံးဖော် ငါးဦးလုံးမအပ်ပြီ။

## အစွန်းသုံးပါး

သီတင်းသုံးဖော်တစ်ယောက်ယောက်ဖို့ သတ်သည်ဟု မြင်၍ သိခြင်း၊ ကြား၍သိခြင်း၊ ယုံမှားသက်ာ မကင်းရှိခြင်း၊ ဤကား အစွန်း သုံးပါးတည်း။ ထိုအစွန်းသုံးပါးတွင် တစ်ပါးပါးရှိခဲ့သော် ထိုအသား ကို မစားအပ်။ အစွန်းသုံးပါးကင်းရှင်းမှ စားအပ်သည်။ ဤအာပတ်ကား သစိတ္တက အာပတ်တည်း။ ရည်၍သတ်သည် မှန်ငြားသော်လည်း ရည်၍

သတ်သောအသား မဟုတ်ပါဟု ဒါယကာတို့က လိမ်လည်၍ပြောခဲ့လျှင် ပြောတိုင်း ယုံကြည်၍ စားမှုကား အာပတ်လွတ်၏။

အကပ္ပိယအသားမျိုး ပြီး၏။

----------

## ၁၀-အကပ္ပိယပစ္စည်းမျိုး

**၁၁၄။ သီး, ပွင့်, ကသော။ မြေ, ဒန်ပူ ဝါး၊ ဆေးဝါး, စေခံ၊ လာတ်ငဲ့မှန်၊ ဒူသန် ကုလရှစ်။**

လာဘ်ကိုငဲ့၍ သစ်သီးပေးခြင်း၊ ပန်း သစ်ပွင့်ပေးခြင်း၊ ရေချိုး ကသည်မှုန့်၊ မျက်နှာချည်မှုန့်ပေးခြင်း၊ အိမ်၌ သုံးရန် သစ်, ဝါးပေးခြင်း၊ ဆေးဝါး ခတ်စာပေးခြင်း၊ လူ့အစေအပါးခံ၍ တမန်ကိစ္စနှင့်သွား လာခြင်း။ ကုလဒူသနရှစ်ပါး။

**၁၁၅။ ကုလဒူသန်၊ အင်ရှစ်တန်၊ နေသန် နှစ်ဆယ့် တစ်။**

**၁၁၆။ ရွှေ, ငွေ, ခံငြား၊ ဈာန်မဂ်ကြား၊ ဆေးဝါး, ဗေဒင် ဖြစ်။**

**၁၁၇။ မိစ္ဆာ ဇီဝ၊ ဟောဖော်ပြ၊ တရားငါးဆယ့်နှစ်။**

**၁၁၈။ ထိုနှင့်ရလတ်၊ ပစ္စည်းရပ်၊ မအပ်ကြဉ်ပယ်ပစ်။**

၁။ ကုလဒူသနမှု ရှစ်ပါးနှင့် ရသောပစ္စည်းမျိုး,

၂။ အနေသနမှု နှစ်ဆယ့်တပါးနှင့်ရသော ပစ္စည်းမျိုး၊

၃။ ရွှေ, ငွေကိုခံမှု ရောင်းဝယ်လဲလှယ်မှု တို့နှင့်ရသော ပစ္စည်းမျိုး၊

၄။ ဈာန်မဂ်ဖိုလ်တရားကို ပြောကြား ဝါကြွား၍ ရသော

ပစ္စည်းမျိုး၊

၅။ ဆေးဝါးကုသ၍ ရသော ပစ္စည်းမျိုး၊

၆။ ဗေဒင်ယာယီဟောပြော၍ရသော ပစ္စည်းမျိုး၊

၇။ ပြဟ္မဇာလသုတ်ကြီး၌လာသော မိစ္ဆာဇီဝအမှုမျိုး တရာ့ငါးဆယ့်နှစ်ပါးနှင့်ရသော ပစ္စည်းမျိုးသည် သီတင်း သုံးဖော် ငါးယောက်တို့အား သုံးဆောင်ခြင်းငှာ မအပ်။

အကပ္ပိယပစ္စည်းမျိုး ပြီး၏။

-----------

## ၁၀-ကပ္ပိခြင်းငါးပါးအမြွက်

**၁၁၉။ ပင်စည်, အမြစ်၊ အဆစ်, ညွန့်ဖျား၊ အစေ့အား၊ ငါးပါးဗီဇဂါမ်။**

**၁၂၀။ ဖျက်ဆီးကုန်လတ်၊ သင့်ဒုက္ကဋ်၊ ငါးရပ် လွတ် ကြောင်းဖန်။**

**၁၂၁။ မီး, ထား, လက်သဲ၊ ကပ္ပိနဲ၊ နှဆဲ, ပယ်နုတ်ခံ။**

**၁၂၂။ လူသာမဏေ၊ ကပ္ပိစေ၊ လွတ်လေ မျိုးသန္တာန်။**

စိုက်လျှင် အပင်ပေါက်တတ်သော မျိုးခေါ်သော ဝတ္ထုသည် ငါးပါးရှိ၏။

### ဗီဇဂါမ်ငါးမျိုး

၁။ ပင်စည်မျိုး၊

၂။ အမြစ်မျိုး၊

၃။ အဆစ်မျိုး၊

၄။ အညွန့်မျိုး၊
၅။ အစေ့အဆံမျိုး၊

ဤ၅ပါးတည်း၊ ဗီဇဂါမ်၅ပါး ခေါ်၏။ ထို၅ပါးတို့ကို အနာ အကျင် ဖြစ်အောင်မျှ ပြုခြင်းငှာ မအပ်။ ပြုခဲ့သော် ဒုက္ကဋ် အာပတ်သင့်၏။ ထိုဒုက္ကဋ် အာပတ်မှ လွတ်ကြောင်း ၅ပါးရပ်ရှိ၏။

## ကပ္ပိခြင်း ၅ပါးမျိုး

၁။ မီးဖြင့် ကပ္ပိစေခြင်းတစ်ပါး၊
၂။ ဓားဖြင့် ကပ္ပိစေခြင်းတစ်ပါး၊
၃။ လက်သည်းဖြင့် ကပ္ပိစေခြင်းတစ်ပါး၊
၄။ မျိုးမရလောက်အောင် နုသေးသည်တစ်ပါး၊
၅။ အစေ့ကို မျိုးမပျက်စေရအောင် အသီးအခြား ထုတ်နုတ်ပယ်ရှား၍ ရကောင်းသည်တစ်ပါး၊

ဤ၅ပါးတည်း။ ဤ၅ပါးတွင် နောက်နှစ်ပါး၌ ဝိနည်းကံ မရှိ။ ရှေ့သုံးပါး၌ကား လူသာမဏေကို ကပ္ပိစေရမည်။

## ကပ္ပိပုံ

ကပ္ပိထိုက်သော ဗီဇဂါမ်ဝတ္ထုတို့ကို တပေါင်းတစုတည်း ထိစပ်မိအောင်ထား၍ "ကပ္ပိယံ ကရောဟိ" (ပါစိတ်ပါဠိတော်)ဟု ရဟန်းက ဆိုရာ၏။ ထိုအခါ လူသာမဏေဖြစ် သူက "ကပ္ပိယံ ဘန္တေ" (ကပ္ပိယကရောဟိတိ ဝစန မတ္တမေဝ ပါဠိဋ္ဌကထာယံ ဝုတ္တံ ကပ္ပိယံ အနုပသမ္ပန္နေန ဝုတ္တာဝစနံ ပန ဝိနယာလင်္ကာရ ဋီကာယံ အာဂတံ။-ကူဒါနီ "ဘန္တေ" တိ ပက္ခိပိတွာဝုတ္တံ တံဂရုဂါရဝမေ ပါတိ ဒဋ္ဌဗ္ဗံ) ဆို၍ ကပ္ပိခြင်းကို ပြုရာ၏။

## ၁၂၃။ မီးနှင့်တို့လင့်၊ ပူရှိန်သင့်၊ အခွင့် လျော်လောက် တန်။

### မီးဖြင့် ကပ္ပိ ပုံ

မီးဖြင့် ကပ္ပိရာ၌ ရဲရဲညီးသောမီးဖြင့် တခုခုသော ဗီဇဂါမ်ဝတ္ထု၌ "ကပ္ပိယံ ဘန္တေ" ဆို၍ တစိတ်တဒေသ၌ တို့ရာ၏။ တို့ရာဌာန၌ ပူရှိန်သင့်ခဲ့လျှင် ကပ္ပိယဝိနည်းကံ မြောက်ခွင့်လျော်လောက်ပြီ။ တပေါင်း တစုတည်း ထိစပ်၍ တည်ရှိသမျှ အလုံးစုံသည် တောင်ပမာဏ ပင်ရှိသော်လည်း ကပ္ပိယဝတ္ထုချည်း ဖြစ်လေ၏။ အကပ်မခံ မီ လူ သာမဏေ တို့၏ လက်မှာရှိစဉ် မီးလက်၌ရှိသော လူသာမဏေအား ကပ္ပိလိုက် လောဟု ရဟန်းက ဆိုရာ၏။"ကပ္ပိယံ ဘန္တေ" ဟု လူသာမဏေက ဆိုဆို တို့တို့ ထိအောင် တို့ရာ၏။ လူသာမဏေလက်တွင် အုပ်ခွက်စသည် အတွင်း၌ ထိစပ်၍ တည်ရှိသမျှ အလုံးစုံသည် ကပ္ပိခြင်း မြောက်၏ ဟူ၍လည်း ဆိုကြ၏။

### ဓါးဖြင့် ကပ္ပိ ပုံ

ဓါးဖြင့်ကပ္ပိရာ၌ အသွားထက်ခဲ့လျှင် အသွားနှင့်၊ အဦးထက်ခဲ့လျှင် အဦးနှင့်"ကပ္ပိယံဘန္တေ" ဆို၍ ခုတ်မှု ထိုးမှု ကြိတ်နှိပ် ထိုးဖောက်မှု ကိုပြုရာ၏၊

### လက်သည်းဖြင့် ကပ္ပိ ပုံ

လက်သည်းဖြင့် ကပ္ပိရာ၌ အစွန်းထက်သော လက်သည်းဖြင့် ထိုးဆိတ်ရာ၏။

**၁၂၄။ ပြတ်ရာ, ပေါက်ရာ ထင်မှသာ၊ မြောက်ရာ ဓါး, လက်, ကံ။**

ကံကား ကပ္ပိမှုကို ဆိုသတည်း၊ ဤဓါး လက်သည်းတို့ဖြင့် ကပ္ပိမှု၌ ပိမ့်ဝင်ရုံမျှနှင့် မအပ်၊ ပေါက်ပြတ် ရာထင်မှ အပ်သည်၊ ဆေဒံ ဝါ ဝေဓံ ဝါ ဒဿေန္တေန ဟု လာသည်၊ အကြွင်းဆိုဖွယ် အကျယ်မှာ မီးကပ္ပိနည်း အတိုင်း သိလေ။ လူသာမဏေ လက်မှာရှိစဉ် ကပ္ပိစေမှုအပ်ကြောင်းကို အုတ်ကျောင်းဆရာတော်လည်း ဆုံးဖြတ်၏။ သုဒ္ဓသဝိလာသနီ ဆန်းဋီကာကို ပြုစီရင်တော်မူသော ဆိတ်ဖြူဆရာတော်သည် ကျောင်း ပေါ်ကနေ၍ "ကပ္ပိယံ ကရောဟိ" ဟုဆိုလိုက်၏၊ ကျောင်းအောက် မီးတင်းကုတ်၌နေလျက် သာမဏေသည် "ကပ္ပိယံ ဘန္တေ" ဆို၍ မီးဖြင့် ထိပါးစေ၍ ကပ်လာသည်ကို တွေ့မြင် ဖူးသည်ဟု ငါတို့ ကျေးဇူးရှင် စံကျောင်းဆရာတော် ဘုရားကြီးလည်း မိန့်ဖူး၏။

**၁၂၅။ တခုမိက၊ တောင်ရှိများစေ၊ ထိစပ်ပေ၊ မြောက် လေကပ္ပိယံ။** ။(သိသာပြီ)။

ကပ္ပိခြင်း ငါးပါးအမြွက်ပြီး၏။

--------------------------

## ၁၂-ကျောင်းဟူသော မှီရာနိဿယအမြွက်

**၁၂၆။ ဂဟပတိ၊ သမ္မုတိ၊ ဂေါနိသာဒိကာ။**

**၁၂၇။ ဥဿာဝနန္တိ၊ အမည်ရှိ၊ ကုဋိလေးပါးဖြာ။**

## ကုဋိလေးမျိုး

ရဟန်းတို့နေရာကျောင်းကို ကုဋိဆိုသည်၊ ထိုကုဋိမျိုးကား-

၁။ ဂဟပတိကုဋ္ဋိ၊
၂။ သမ္မုတိကုဋ္ဋိ၊
၃။ ဂေါနိသာဒိကာကုဋ္ဋိ၊
၄။ ဥဿာဝနန္တိကာကုဋ္ဋိ၊

ဟူ၍ လေးပါးရှိသည်။

**၁၂၈။ ရဟန်းဥစ္စာ၊ နေဖို့ဌာ၊ လောက်ရာ သဟသေး။**
**၁၂၉။ ကပ္ပိယမှု၊ ညီစွာပြု၊ ကုဋိ အင်္ဂါလေး။**

## ကပ္ပိယကုဋိအင်္ဂါ

၁။ ရဟန်းသံဃာတို့၏ အပိုင်ဥစ္စာလည်းဖြစ်စေ၊
၂။ ရဟန်းသံဃာတို့အမြဲနေဖို့ရာကျောင်းလည်းဖြစ်စေ၊
၃။ သဟသေယျ အာပတ်သင့်လောက်သော အမိုးအကာနှင့် ပြည့်စုံသည်လည်းဖြစ်စေ၊
၄။ ကပ္ပိယဝေါဟာရနှင့် လှူဒါန်းခြင်း ဥတ်ကမ္မဝါစာနှင့် သမုတ်ခြင်း စသည်ဖြင့် ထိုထိုကုဋ္ဋိအားလျော်စွာ ကပ္ပိယ အစီအရင်ကို နေရာကျ ပြုလုပ်သည်လည်းဖြစ် စေ။ ဤကား ကပ္ပိယကုဋ္ဋိ၏ သာမညအင်္ဂါလေးပါး။

## ကုဋိတစ်မျိုး

၁။ ပဌမအင်္ဂါမရှိသော လူတို့၏ အိမ်ရာ တိုက်တာများ သည်လည်းကောင်း၊
၂။ ဒုတိယအင်္ဂါ မရှိသော ရဟန်းတို့နေဖို့မဟုတ် အခိုက် အတန့်မျှ သုံးဆောင်ဖို့ ဖြစ်သော ဝစ္စကုဋ္ဋိ, ပဿာဝ

ကုဋိ, ဥပုသ်အိမ်, သိမ်, တန်ဆောင်း စသည်များသည် လည်းကောင်း၊

၃။ တတိယအင်္ဂါ မရှိသော ရဟန်းတို့ နေဖို့ရာပင်ဖြစ်သော် လည်း သဟသေယျ အာပတ်သင့်လောက် အောင် အမိုးမရှိသော ကျောင်း, အကာမရှိသောကျောင်း, အမိုးအကာ ပျက်၍နေသောကျောင်းများသည်လည်း ကောင်း၊

ကပ္ပိယကုဋိလေးပါးမှ အလွတ်ဖြစ်သော ပဥ္စမကပ္ပိယကုဋိ ဟူ၍ ဆိုအပ်၏။

**၁၃၀။ လူ့သန္တက၊ ကပ္ပိယဟူ၊ ဆို၍လှူ၊ မှတ်ယူ ဂဟပတိ။**

## ဂဟပတိကုဋိ

မလှူမီ ရှေးအဖို့၌ လူတို့၏ အပိုင်ဥစ္စာလည်းဖြစ်စေ၊ ကျောင်းပြီး ၍လှူဒါန်းသောအခါ၌ ကပ္ပိယစကားကို မြွက်ဆို၍ လှူဒါန်းသည်လည်း ဖြစ်စေ၊ ဤအင်္ဂါနှစ်ပါး ရှိသောကျောင်းကုဋိသည် ဂဟပတိ ကုဋိမည်၏။

“ကပ္ပိယကုဋိံ ဝိဟာရံ ကပ္ပိယကုဋိံ ကာတုံ သံဃဿ ဒေမ”။ (သံယိကဘို့)

“အာယသ္မတော ဒေမ။ တိဿဿ ဒေမ” (ပုဂ္ဂလိကဘို့)။

ဤကား ကပ္ပိယစကား တစ်ရပ်တည်း။ ရေစက်ချ၍ ဤကပ္ပိယ စကား ပါရှိမှ ကပ္ပိယကုဋိဖြစ်သည်။

**၁၃၁။ ချီကြွမြွက်ကြား၊ ဆုံးပြိုင်ငြား၊ နက်သွား ဥဿာဝန္တာ။**

ဥဿာဝနန္တိကပုဒ်၌ ဥကား ချီကြွခြင်း အနက်ရှိ၏။ သာဝနကား မြွက်ကြားခြင်း အနက်ရှိ၏။ အန္တိကဉ် အန္တကား အဆုံးဟူသော အနက်ရှိ၏။ ချီကြွမှု၊ ကပ္ပိယစကား မြွက်ကြားမှု၊ ဤအမှုနှစ်ပါးတို့၏ တစ်ပြိုင်နက် ပြီးဆုံးခြင်းရှိသော ကုဋိဆိုလိုသည်။

**၁၃၂။ ရဟန်းအပိုင်၊ ရှေးဦးတိုင်ကို၊ ပွေ့ကိုင်ချီချ၊ မြေအကျနှင့်၊ ကပ္ပိယ စကား၊ ဆုံးပြိုင်ငြား၊ မှတ်သား ဥဿာဝနန္တိကာ။**

## ဥဿာဝနန္တိကာကုဋိ

ရဟန်းသံဃာတို့၏ ပုဂ္ဂလိက သံဃိကဖြစ်သော သစ်ဝါး အုတ်ကျောက်တို့နှင့် ဆောက်လုပ်သည်လည်း ဖြစ်စေ၊ ရှေးဦးစွာ စိုက်ထူသောတိုင်ရှေးဦးစွာတက်သောအုတ်ကျောက်တို့ကို ရဟန်းတို့ပွေ့ကိုင်ချီ၍ မြေသို့ကျသည်နှင့် ကပ္ပိယစကား အဆုံးပြိုင်မိသည်လည်းဖြစ်စေ၊ ဤအင်္ဂါနှင့် ပြည့်စုံသော ကုဋိသည် ဥဿာဝနန္တိကာကုဋိ မည်၏။

သစ်ဝါးတို့ကို ဆောက်ရာ၌ ရှေးဦးစွာ စိုက်ထူသောတိုင်ကို ရဟန်းတို့ကိုယ်တိုင် ပွေ့ချီ၍ထားပြီးလျှင် "ကပ္ပိယကုဋိံ ကရောမ" ဟု ကပ္ပိယစကားကို မြွက်ဆို၍ တိုင်ကိုတွင်း၌ချစိုက်ရမည်။ မြေသို့တိုင်အကျနှင့် မအက္ခရာပြိုင်စေရမည်။ မပြိုင်မိအံ့ထင်လျှင် တစ်ဖန် ကြွချီ၍ချရမည်၊ ပြိုင်မိပြီဟု စိတ်ချရမှ တန်၏။

တိုင်မပါပဲ အုတ်နံရံ ကျောက်နံရံတို့ကို ထစေ၍ ဆောက်လုပ်ရာ၌ အုတ်မြစ်ချသော ကျောက်အုတ်တို့ကား မြေအလားရှိ ကုန်သည်ဖြစ်၍ အင်္ဂါမလောက်ကုန်။ မြေမှအထက်သို့ပေါ်တက်သောနံရံသည်သာ ကျောင်းအင်္ဂါ၌ ပါဝင်၏။ ထို့ကြောင့် ရှေးဦးစွာ နံရံကိစ္စနှင့် မြေမှအထက်

သို့တက်သော တစ်ခုသောအုတ်ချပ် တစ်ခုသောကျောက်ချပ်ကို ရဟန်းကိုယ်တိုင် ချီမ၍ "ကပ္ပိယကုဋိံ ကရောမ"ဟု ဆို၍ချရမည်။ မြေအကျနှင့် ကပ္ပိယစကား အဆုံးပြိုင်မိ စေရမည်။ ပေါ့ပေါ့ပါးပါး ဖြစ်ခဲ့လျှင် ရဟန်းတစ်ပါးနှင့်ပင် ပြီးသင့်၏။ အများချီကြ၍ အများဆိုကြ၍ စိုက်ခြင်းသည် တစ်ယောက်တစ်ယောက်စကားအဆုံးနှင့် ဧကန်ပြိုင်မိရန် ပြုလုပ်မှုပေတည်း။ ရဟန်းတို့ မနိုင်နိုင်ခဲ့လျှင် လူတို့ကို ကြွချီစေ၍ ရဟန်းတို့က ကိုင်ကာမျှပြု၍မြွက်ဆိုရမည်။

**၁၃၃။ နွားတို့နေဘိ၊ အနက်ရှိ၊ ဂေါနိသာဒိကာ။**

ဂေါနိသာဒိက သဒ္ဒါသည် နွားတို့နေရာ ဟူသောအနက်ရှိ၏၊ တိုက်တာ ကျောင်းကန် အရံအကာ မရှိသည်ကို ဆိုလိုရင်း ဖြစ်သည်။

**၁၃၄။ တိုက်တာ အရံ၊ ကျောင်းအရံ၊ နှစ်တန် မရှိရာ။**
**၁၃၅။ အာရာမ, ဝိဟာရ၊ နှစ်ပါးပြ၊ ရာမ လိုရင်းသာ။**
**၁၃၆။ လုံးလုံးမရှိ၊ အနည်းရှိ၊ တိုက်၏အရံမှာ။**

**ဂေါနိသာဒိကာနှစ်မျိုး**

၁။ တိုက်တာ အကာအရံ မရှိလျှင် အာရာမ ဂေါနိသာဒိကာ ခေါ်၏။

၂။ တိုက်တွင်းရှိ ကျောင်းများမှာ အကာအရံ မရှိခဲ့လျှင် ဝိဟာရဂေါနိသာဒိကာ မည်၏၊

ထိုနှစ်ပါးတွင် တိုက်တာအကာအရံမရှိမှုသာ လိုရင်းဖြစ်၏။ တိုက်တွင်းရှိ ကျောင်းများ၌ ကျောင်းအောက်မှာ နွားမဝင်နိုင်ရန် အကာအရံ ရှိမှုမရှိမှုသည် လိုရင်းမဟုတ်။

အရံဆိုရာမှာလည်း နွားတို့ကို ကာဆီးနိုင်ရန် အမြင့် နှစ်တောင့် ခြောက်သစ်ခန့်ရှိ၍ တစ်ကိုယ်လုံးကို ဝန်းဝိုင်းမိအောင်ရှိခဲ့သော် လည်းကောင်း၊ ထက်ဝက်ထက် များခဲ့သော်လည်းကောင်း၊ ထက်ဝက်ခန့် ရှိခဲ့သော်လည်းကောင်း၊ အရံသည် ထက်ဝက်ထက်နည်းခဲ့သော်လည်းကောင်း၊ အရံ မရှိသည်မည်၏။ ဤအရံမရှိမှုသည် ဂေါနိသာဒိကာကုဋီ၏ အင်္ဂါပင်တည်း။

ဤကုဋီ၌ အရံအမြင့်ပမာဏကို ကျမ်းဂန်တို့မှာ မဆို၊ သဟသေ-ယျအရာ၌ တစ်တောင်ထွာ အမြင့်လာ၏၊ ဝိနိစ္ဆယဋီကာ၌ ထိုတစ်တောင်ထွာကို မဇ္ဈိမပုရိသတစ်တောင်ထွာ ဟုဆို၏၊ ပကတိပုရိသ နှစ်တောင်ခြောက်သစ် ရှိ၏၊ ထိုကိုနည်းမှီ၍ ဤ၌အမြင့်နှစ်တောင့် ခြောက်သစ်ခန့် ဟုဆိုလိုက်ပေသည်။

**၁၃၇။ သမုတ်တုံဘိ၊ သမ္မုတိ၊ ဥတ္တိဒုတိယာ။**

**၁၃၈။ ပန်ကြားမှုလည်း၊ အပ်သတည်း၊ နှစ်နည်း အဆိုလာ။**

**၁၃၉။ အကပ္ပိယ၊ ဖြစ်နေက၊ မုချ သမုတ်ရာ။**

## သမ္မုတိကုဋီ

ကပ္ပိယကုဋီအင်္ဂါ ချို့တဲ့သဖြင့် အကပ္ပိကုဋီ ဖြစ်၍နေသော ကျောင်းကို ကပ္ပိယကုဋီ ဖြစ်စေခြင်းငှာ ဥတ္တိဒုတိယ ကမ္မဝါစာဖြင့် သမုတ်ရသည်၊ ထိုကုဋီကို သမ္မုတိကုဋီ ခေါ်သည်။ အဋ္ဌကထာ၌ကား ပန်ကြားမှုဟူသော အပလောကနကံဖြင့်လည်း သမုတ်အပ်၏ ဟုလာပေ၏။

## သမ္မုတိကုဋိတစ်မျိုး

ဝိနည်းမတတ်သော ရဟန်းတို့ အလျှုခံ၍ ရှိနေသော ကျောင်းဟောင်း, ဝိနည်းမတတ်သောရဟန်းတို့ ဆောက်လုပ်သော ကျောင်းသစ်, ဝိနည်းမတတ်သော ရဟန်းတို့ အမိုးဟောင်းကိုဖျက်၍ အသစ်မိုးသော ကျောင်းမျိုး ဤကဲ့သို့သော ကျောင်းများကို နောက်ဆက်ခံ၍နေသော လဇ္ဇီပေသလ ရဟန်းသည် သမ္မုတိ ကပ္ပိယကုဋိဖြစ်အောင် ပြုလုပ်၍ နေရမည်၊ ဉတ္တိဒုတိယ ကမ္မဝါစာဖြင့်သော်လည်း သမုတ်ရမည်။ အပလောကန ကံဖြင့်သော်လည်း သမုတ်ရမည် ဟူလို။

## သမုတ်ပုံ

သမုတ်ပုံကား- လေးပါး လေးပါးထက်အလွန်ဖြစ်သော ရဟန်းတို့သည် ခဏ္ဍသိမ်၌ စည်းဝေးကြ၍ မည်သည့်ကျောင်းကို အဘယ ဝိဟာရဟူ၍ အမည်မှည့်ပါ၏ဟု မထေရ်ကြီးက ထိုကျောင်းကို အမည်ပေး၊ ဉတ်ကမ္မဝါတို့၌ ထိုအမည်နှင့်ဖတ်။

သုဏာတု မေ ဘန္တေ သံဃော၊ ယဒိ သံဃဿ ပတ္တကလ္လံ။ သံဃော အဘယံနာမ ဝိဟာရံ ကပ္ပိယဘူမိံ သမ္မန္နေယျ၊ ဧသာ ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော သံဃောအဘယံ နာမဝိဟာရံ ကပ္ပိယဘူမိံ သမ္မန္နတိ၊ ယဿာ ယသ္မတော ခမတိ အဘယဿ နာမဝိဟာရဿ ကပ္ပိယဘူမိယာ သမ္မုတိ၊ သောတုဏှဿ၊ ယဿ နက္ခမတိ၊ သောဘာသေယျ။

သမ္မတော သံဃေန အဘယောနာမ ဝိဟာရော ကပ္ပိယဘူမိ။ ခမတိ သံဃဿ၊ တသ္မာတုဏှီ၊ ဧဝမေတံ ဓာရယာမိ။ (ဝိနည်းမဟာဝါ ပါဠိတော်)။ (သမ္မုတိ ကမ္မဝါ)။

ကျောင်းအမည် ထင်ရှားစေခြင်းငှာ နာမသဒ္ဒါထည့်ပေသည်။ ဤကပ္ပိယဘူမိ သမ္မုတိကံသည် အသမ္မုခါ ကရဏီယကံ ရှစ်ပါး၌ မပါပြားသော်လည်း ကျောင်းမှခွာ၍ ခဏ္ဍသိမ်မှာ ပြုခြင်းငှာ အပ်သည် သာမှတ်။

ယတ္ထ ယတ္ထ ကမ္မဝါစာယံ အယန္တိ ဝါက္ကမေတိ ဝါ သမ္မုခါနိဒ္ဒေသ နိယမောနတ္ထိ သဗ္ဗံ တံ အသမ္မုခါ ကရဏီယံ။

ဟူသော ပရိဝါ, ဝဇိရဗုဒ္ဓိဋီကာနှင့် အညီတည်း။ ထိုတိုက်၌ ခဏ္ဍသိမ် မရှိခဲ့သော် တိုက်တပါး၌ရှိသော ခဏ္ဍသိမ်မှာလည်း ပြုရပါ၏။

"ကမ္မဝါစံ အဝတွာ အပလောကနေနပိ ဝဋ္ဋတိယေဝ"

(ဝိနယသင်္ဂဟ အဋ္ဌကထာ)

ဟူ၍ အဋ္ဌကထာ၌ ဆိုသောကြောင့် အပလောကနကံဖြင့်လည်း သမုတ်ရလေ၏။

သမုတ်ပုံမှာ-ကမ္မဝါစာဖြင့် သမုတ်နည်း အတိုင်းပင်၊ ကမ္မဝါစာ ဖတ်မည့်နေရာ၌ အပလောကန စာစီရေး၍ ဖတ်မှုမျှသာ ထူး၏။

သံဃံ ဘန္တေ အာပုစ္ဆာမိ၊ အဘယော နာမ ဝိဟာရော အကပ္ပိယဘူမိ ဇာတော တဿ ဝိဟာရဿ ကပ္ပိယဘူမိယာ သမ္မုတိ ရုစ္စတိ၊ သံဃဿ၊ ဒုတိယမ္ပိ၊ တတိယမ္ပိ။

ခဏ္ဍ သိမ်အပြင် သံဃာဟတ္ထပါသ်၌ သုံးကြိမ်ဖတ်ကြားလေ။

## ၁၄၀။ ရှေးရှိတိုင်အုတ်၊ ကုန်ပယ်နုတ်၊ ငြိမ်းချုပ်ဘာဝနာ။

ပွေ့ချီ၍ ကပ္ပိယစကားနှင့် စိုက်ထူအပ်သော တိုင်နှင့် ယက်မ ခါးပန်းတဆက်တည်း ဆက်လက်၍ ထိုအခါ၌လည်းကောင်း၊ နောက်

မှသော်လည်းကောင်း စိုက်ထူဆောက်လုပ်အပ်သော အလုံးစုံသော တိုင်စုသည် ကပ္ပိချည်း ဖြစ်လေ၏။ ထိုတိုင်စုကို တစ်ခုမကျန် အကုန်ပယ်၍ ပစ်သောအခါ၌ ဥဿာဝနန္တိကာ ကပ္ပိယကုဋိ ပျက်၏။ ထပ်မံ၍ ဆောက်လုပ်ပြန်သော် ကပ္ပိယဖြစ်အောင် အသစ်တဖန် ပြုရပြန်၏။

## ၁၄၁။ လုံးလုံးထက်ဝက်၊ ကာရံချက်၊ ပျက်၏ ဂေါနိသာ။

တိုက် အကာအရံ မရှိ၍ ကပ္ပိယ ဂေါနိသာဒိကာ အရံဖြစ်၍ နေသော တိုက်တာကို အကုန်လုံး ရံပြန်သော်လည်းကောင်း၊ ထက်ဝက်မျှ ရံပြန်သော်လည်းကောင်း ဂေါနိသာဒိကာ ကပ္ပိယကုဋိ ပျက်၏။ ထို တိုက်တွင်း၌ ရှိသမျှသော ကျောင်းတို့လည်း အကပ္ပိယကုဋိကျောင်း တွေဖြစ်၍ကုန်၏။ သမ္မုတိကပ္ပိယကုဋိ ဖြစ်အောင် ပြုလုပ်ကြရာ၏။

## ၁၄၂။ အမိုးအကုန်၊ ဖျက်ပယ်တုံ၊ ပျက်ကုန် ကြွင်းနှစ်မှာ။

ဂဟပတိကုဋိနှင့် သမ္မုတိကုဋိကို ကြွင်းနှစ်ဆိုသည်။ ထိုကုဋိတို့ သည်မူကား ဝမ်းဘဲတောင် ခေါင်ဖုံးမျှမကျန် အမိုးတို့ကို အကုန်ဖျက်ခဲ့ သော် ကပ္ပိယကုဋိ ပျက်ကုန်၏။ မိုးပြန်သောအခါ အကပ္ပိယကုဋိ ဖြစ်ကြကုန်၏။ ထို့ကြောင့် ထိုကျောင်းတို့၌ အသစ်မိုးရန် အမိုးဟောင်း တို့ကို ဖျက်ခဲ့သည်ရှိသော် အကုန်မဖျက်ရာ။ သွပ်တစ်ချပ် ပျဉ်တစ်ချပ် ကပ်တစ်ချပ် သက်ငယ်တစ်ချပ်မျှကိုသော်လည်း ချန်ထား၍ အသစ်ကို မိုးမိမှ ချန်ထားသည်ကို ပယ်ဖျက်ရာ၏။ ဝမ်းဘဲတောင် ခေါင်ဖုံးများ သည်လည်းအမိုးအရာ၌ တည်ကုန်၏။ ထို့ကြောင့် ဝမ်းဘဲတောင် ခေါင်ဖုံးကျန်ရှိလျှင်ပင် မပျက်ပြီ။ အဆောင်များစွာရှိခဲ့ရာ အဆောင်

အချင်းချင်း အမိုးဆက်လက်သဖြင့် တစ်ခုသော သဟသေယျ ဥပစာ ဖြစ်ခဲ့အံ့။ တစ်ဆောင်ကို အကုန်ဖျက်၍ မိုးသော်လည်း ကြွင်းသော အဆောင်တို့က စောင့်ရှောက်ကုန်၏ ဟု ယူကြ၏။

## ၁၄၃။ အင်္ဂါမညီ၊ ကျောင်းကုဋီ၊ အကပ္ပိယသာ။

ရှေး၌ ပြဆိုခဲ့ပြီးသော သာမညအင်္ဂါ အသီးသီးသော ဝိသေသ အင်္ဂါတို့နှင့် မညီညွတ်သောကျောင်းများသည် အကပ္ပိယကုဋီမည်၏။ အကပ္ပိယကုဋီဆိုသော်လည်း မနေအပ် မထိုင်အပ်သော ကျောင်းဟု ဆိုလိုသည် မဟုတ်၊ နောက်ရှိ ပြဆိုလတ္တံ့သော ကာလိကဝတ္ထုများနှင့် စပ်၍ အာပတ်အပြစ်ရှိသောကြောင့် ဆိုသတည်း။

## ၁၄၄။ အန္တော ဝုတ္ထ၊ အန္တော ပက္က၊ သာမံ ပက္က၊ ဤသုံး၀၊ ယာဝ,ယာမမှာ။

### ဒုက္ကဋ်သုံးမျိုး

၁။ အန္တော ဝုတ္ထဒုက္ကဋ်၊
၂။ အန္တော ပက္ကဒုက္ကဋ်၊
၃။ သာမံ ပက္ကဒုက္ကဋ်-

ဟူ၍ ဒုက္កဋ်သုံးမျိုးရှိ၏။ ထိုသုံးမျိုးသည် ယာဝကာလိက, ယာမကာလိကဟူသော ရှေ့ကာလိကနှစ်ပါး၌သာ ရှိ၏၊ နောက်ကာလိက နှစ်ပါး၌ မရှိ။

## ၁၄၅။ သိုမှီးသည်ကို၊ ဝုတ္ထဆို၊ ကျိုချက် ပက္ကမှာ။

ဝုတ္ထဆိုသည်ကား သိုမှီးသည်ကို ဆိုသည်။ ပက္က ဆိုသည်ကား ကျိုချက်သည်ကို ဆိုသည်။

## အန္တောဝုတ္ထ

အကပ္ပိယကုဋိအတွင်း၌ အရုဏ်တက်သည်တိုင်အောင် ညဉ့်သိပ်၍ ထားအပ်သော ဝတ္ထုကို အန္တောဝုတ္ထ ခေါ်သည်။

## အန္တောပက္က

အကပ္ပိယကုဋိတွင်း၌ ချက်ပြုတ် ကြော်လှော်အပ်သောဝတ္ထုကို အန္တောပက္ကခေါ်သည်။

## သာမံပက္က

ရဟန်းကိုယ်တိုင် ချက်အပ်သော ဝတ္ထုကို သာမံပက္ကဆိုသည်။

**၁၄၆။ ကုဋိပျက်တွင်း၊ သိုမှီးခြင်း၊ အလျင်း မပြုရာ။**

ကုဋိပျက် ဆိုသည်ကား အကပ္ပိယကုဋိဖြစ်သော ကျောင်းမျိုးကို ဆိုသတည်း။ ထိုအကပ္ပိယကုဋိတို့၌ သဟသေယျ လောက်ကောင်းသော အမိုးအရံတွင်း၌ ရှေ့ကာလိကနှစ်မျိုးတို့ကို အရုဏ်တက်သည့်တိုင်အောင် သိုမှီး၍ ညဉ့်သိပ်ထားခြင်းကို အလျင်းမပြုရာ။ ညဉ့်သိပ်ထားခြင်းကို ပြုခဲ့သော် ထိုဝတ္ထုသည် အန္တောဝုတ္ထဖြစ်၏။ ထိုဝတ္ထုကို စားသောက်သော ရဟန်းအား အန္တောဝုတ္ထ ဒုက္កဋ်အာပတ် သင့်၏။

**၁၄၇။ ထို၌ချက်အပ်၊ ယင်းနှစ်ရပ်၊ မအပ်လေသည်သာ။**

ထိုကပ္ပိယကျောင်းတွင်း၌ ထိုရှေ့ကာလိက နှစ်မျိုးတို့ကို လူ သာမဏေတို့ ချက် ပြုတ် ကြော် လှော်ခဲ့သည် ရှိသော်ထိုဝတ္ထုသည် အန္တောပက္ကမည်၏။ ထိုဝတ္ထုကို စားသောက်သော ရဟန်းအား အန္တောပက္က ဒုက္ကဋ် အာပတ်သင့်၏။

**၁၄၈။ ဘယ်၌မဆို၊ ယင်းနှစ်ကို၊ ကိုယ်တိုင် မချက်ရာ။**

ထိုရှေ့ကာလိက နှစ်မျိုးတို့ကို အကပ္ပိယ ကျောင်းတွင်း၌ ဖြစ်စေ၊ တစ်ပါးသော အရပ်ဌာနဖြစ်စေ ရဟန်းကိုယ်တိုင် ကြော်လှော်ချက်ပြုတ် ဖုတ် ကင် ပေါင်း နွေးခြင်းကို မပြုရာ။ ပြုခဲ့သော် ထိုဝတ္ထုသည် သာမံပက္ကဖြစ်၏။ ထိုဝတ္ထုကို စားသောက်သောရဟန်းအား သာမံပက္ကဒုက္ကဋ်အာပတ်သင့်၏။

**၁၄၉။ ကျက်ပြီးကိုလျက်၊ တဖန်ချက်၊ သက်သက်အပ်သည်သာ။**

**၁၅၀။ ရှေ့ကာလိနှစ်၊ ရောပြန်လစ်၊ အပြစ်ရှိပြန်လာ။**

လူသာမဏေတို့ ချက်၍ ကျက်ပြီးဖြစ်သော ရှေ့ကာလိကနှစ်မျိုးတို့ကို တဖန်ချက်မှုသည် ပုနပက္ကမည်၏၊ ထိုတဖန်ချက်မှုကိုမူကား ရဟန်းကိုယ်တိုင်ပင် ပြုအပ်၏၊ အပြစ်မရှိ၊ ကျက်ပြီးသော ထမင်းအေးဟင်းအေးကို ရဟန်းကိုယ်တိုင်ပင် မီး၌ နွေးအပ်၏။

ကျက်ပြီးသော ထမင်းကို ယက်မန်းဖြစ်အောင် ရဟန်းကိုယ်တိုင်ကျိုအပ်၏။ ရဟန်းကိုယ်တိုင် ကျိုချက်အပ်သော ဝတ္ထုကိုမူကား ရှေ့ကာလိကနှစ်မျိုးတို့နှင့် မရောမယှက်စေ၍ သတ်သတ် စားသောက်အပ်၏၊ ရှေ့ကာလိကဝတ္ထု နှစ်မျိုးတို့နှင့် ရောနှော၍ စားသောက်ခဲ့သော် အပြစ်ရှိပြန်၏။ ဒုက္ကဋ်အာပတ်သင့်ပြန်၏။

ရှေ့ကာလိက နှစ်မျိုးတို့၌ အန္တောဝုတ္ထ၊ အန္တောပက္က၊ သာမံပက္က၊ ပုနပက္က၊ လေးချက်ပြီး၏။

------------

**၁၅၁။ သတ္တာ, ဇီဝိ၊ ကိုယ်ချက်မိ၊ သုဒ္ဓိအပ်သည်သာ။**

နောက်ကာလိကနှစ်မျိုးတို့ကိုမူကား-အကပ္ပိယကုဋိတွင်း၌ ညဉ့်သိပ်၍တသက်လုံးထားသော်လည်း အန္တောဝုတ္ထ ဒုက္ကဋ်မရှိ။ ထိုအရပ်

တွင်း၌ ကြော်လှော် ချက်ပြုတ်သော်လည်း အန္တောပက္က ဒုက္ကဋ် မရှိ။ အစိမ်းသက်သက်ကို ရဟန်းကိုယ်တိုင် ချက်သော်လည်း သာမံပက္က ဒုက္ကဋ် မရှိ။ ဒုက္ကဋ်သုံးမျိုးကင်းလွတ်၏။

ကင်းလွတ်၏ ဆိုသော်လည်း ထိုကဲ့သို့ အကပ္ပိယ ကုဋိတွင်း၌ ညဥ့်သိပ်ခြင်း ချက်ပြုတ်ခြင်း ကိုယ်တိုင်ချက်ခြင်းတို့ကို ပြုပြီးသည်ရှိသော် ထိုဝတ္ထုကို ရှေ့ကာလိကနှစ်မျိုးတို့နှင့် ရောနှော၍မစားမသောက်အပ်၊ စားသောက်ခဲ့သော် ဒုက္ကဋ်သုံးမျိုး သင့်ပြန်၏။

## ၁၅၂။ အကပ္ပိ၊ ကျောင်းဖြစ်က၊ များလှပြစ်ဆာနာ။

ကပ္ပိယ ကုဋိအင်္ဂါလက္ခဏာ မရှိသော အကပ္ပိယကုဋိ ကျောင်း ဖြစ်ခဲ့သော် ထိုကျောင်းသည် ကာလိက လေးပါးနှင့်စပ်၍ အလွန်အပြစ် ဆာနာ များလှ၏။

## ၁၅၃။ ဝိနည်းမတတ်၊ ကျောင်းထိုင်လတ်၊ အာပတ် မဆုံးရာ။

ဝိနည်း မတတ်ပါပဲနှင့် ကျောင်းထိုင်ပုဂ္ဂိုလ် လုပ်ခဲ့သော် ကျောင်း သည် အကပ္ပိယကုဋိ ကျောင်းသာ ဖြစ်ရာ၏။ အလုံးစုံသော ကာလိက ဝတ္ထုမျိုးတို့ကိုလည်း ထိုကျောင်းတွင်း၌ ထားလေရာ၏။ ဆန်သည်လည်း အန္တောဝုတ္ထ ဆန်ဖြစ်၏။ ငါးပိ ငါးခြောက်စသည်တို့သည်လည်း အန္တော ဝုတ္ထတို့သာ ဖြစ်ကုန်၏။ ညဥ့်သိပ်၍ ထားအပ်ကုန်သော အုန်း, ငှက်ပျော စသည်တို့သည်လည်း အန္တောဝုတ္ထတို့သာဖြစ်ကုန်၏။ ။

ထောပတ်, ဆီဦး, သကာ, သကြား, ဆီ, ဆား, ဆေး, ကွမ်း စသော နောက်ကာလိကဝတ္ထုမျိုးတို့ကိုလည်း ထိုကျောင်းတွင်း၌ သိုမှီးပြီးလျှင် ထောပတ်, ဆီဦး, သကာ, သကြားတို့ကို သစ်သီး ခဲဘွယ်

မုန့်ခဲဘွယ်တို့နှင့် ရောဖက်၍ စားခြင်း ဆီ, ဆားတို့ကို ဟင်းခတ်ခြင်း အကြော် အလျော် ပြုလုပ်ခြင်းသကာ သကြား, ဆားတို့ကို ညနေအခါ၌ အဖျော်ရည်မှာ ထည့်ခြင်းအစရှိသည်တို့ဖြင့် သက်တော်ရှည်၍ နေ့ရက်တွေများသမျှ ကာလပတ်လုံး အန္တောဝုတ္ထ ဒုက္ကဋ်အာပတ်တွေ မဆုံးနိုင်ရှိလေရာ၏ ဟူလိုသည်။

ဣမံ ဝိဟာရံ ကပ္ပိယကုဋိံ ကာတုံ သံဃဿ ဒေမ။ ကာယကာယ ပဋိဗဒ္ဓေဟိ ဖုသိတွာ ယထာသုခံ ပရိဘုဥ္ဇထ။ ။သုံးခေါက်ဆို။

ဣမံ ဝိဟာရံ=ဤကျောင်းကို၊ ကပ္ပိယကုဋိံ=ရဟန်းတော်မြတ်တို့အား သင့်လျော်လျောက်ပတ် အလွန်အပ်သော ကပ္ပိယကုဋိကို၊ ကာတုံ=ပြုစိမ့်သောငှာ၊ သံဃဿ၊ အရပ်ဒိသာ ရှစ်မျက်နှာမှ ရောက်လာသမျှမမွမွေ့လျော် သံဃာတော်အား၊ ဒေမ=လှူဒါန်းပါကုန်၏၊ တုမှေ= အရှင်ဘုရားတို့သည်၊ ကာယ ကာယပဋိဗဒ္ဓေဟိ=ခြေဖဝါး, လက်ဖဝါး, တင်ပါး, ကျောက်ကုန်းအစရှိကုန်သော ကိုယ်အင်္ဂါ၊ ဖိနပ်, သင်္ကန်း အပေါ်လွှမ်း အစရှိကုန်သော ကိုယ်နှင့်စပ်သော ဝတ္ထုတို့ဖြင့်၊ ယထာသုခံ= အလိုတော်ရှိတိုင်း၊ ဖုသိတွာ=ထိပါး၍၊ ပရိဘုဥ္ဇထ=ဣရိယာပထ မျှတမှီ တင်း သီတင်းသုံးကာ သုံးဆောင်တော်မူပါကုန်လော။

ကပ္ပိယကုဋိ မြောက်အောင် ကျောင်းရေစက်ချနည်း၊ ဆိုနေကျ ရေစက်ချ၌ လောင်းစွက် ထည့်သွင်း၍ ဆိုရန်၊ မိမိပုဂ္ဂလိက ကျောင်းဖြစ်ခဲ့ သော် "သံဃဿ" နေရာမှာ "အာယသ္မတော" ဟုထည့်လေ၊ သူတစ်ပါး ဘို့ ချ၍ပေးသူဖြစ်ခဲ့သော် "သံဃဿ"နေရာမှ "အာယသ္မတော တိဿထေရဿ။ အာယသ္မတော သုမနထေရဿ" စသည်ဖြင့် ကျောင်း ရှင်ပုဂ္ဂိုလ်၏ ဘွဲ့အမည်ကို ထည့်လေ။

ကျောင်းဟူသော မှီရာနိဿယ အမြွက်ပြီး၏။

-----------------

## ၁၃-ဆေးဟူသော မှီရာနိဿယအမြွက်

### ၁၅၄။ သတ္တာ, ဇီဝ၊ ကာလိက၊ ဒွယ ဆေးပစ္စည်း။

### ဆေးပစ္စည်းနှစ်မျိုး

ဆေးပစ္စည်းသည်

၁။ ထောပတ်၊ ဆီဦး၊ ပျား၊ တင်လဲဟူသော သတ္တာဟကာလိကမျိုး,

၂။ ငရုတ်, ပိတ်ချင်း၊ ချင်း၊ ဇီးဖြူ သျှိသျှား၊ သဖန်းခါး စသော ယာဝဇီဝိကမျိုး

ဟူ၍ နှစ်မျိုးရှိ၏။

### ၁၅၅။ အနာကြီးငယ်၊ ရောဂါသယ်၊ မှီတွယ်နိဿယည်း။

ဆေးပစ္စည်းသည် နေလွဲသောအခါ၌ အနာဟူသော ဂေလည အကြောင်းရှိမှ သုံးဆောင်ရသည်၊ ဂေလည အကြောင်းမှာလည်း လျော်ရာ လျော်ရာ သူ့အနာနှင့် သူ့ဆေးကိုသာ လိုအပ်၏၊ မိမိသန္တာန်၌ ရှိသော အနာကို အမြွက်ထောင်၍ ထိုအနာနှင့် မဆိုင်ပါပဲ စားလိုရာရာ ဆေးကို မစားမသောက်အပ်။

### ၁၅၆။ အတွင်းအပြင်၊ နှစ်မျိုးထင်၊ မျိုလျှင် အတွင်း တည်း။

### ၁၅၇။ အတွင်းဂရု၊ ပြင်လဟု၊ နှစ်စု ခွဲဝေနည်း။

### တစ်နည်း ဆေးပစ္စည်း နှစ်မျိုး

ဆေးပစ္စည်းသည်-

၁။ အတွင်းအသုံးအဆောင်မျိုး,

၂။ အပအသုံးအဆောင်မျိုး

ဟူ၍ နှစ်မျိုးထင်၏၊

၁။ လည်ချောင်း တွင်းသို့ မျိုရန်ဝတ္ထုမျိုးသည် အတွင်း အသုံးအဆောင်မျိုးမည်၏။

၂။ လည်ချောင်းပေါက်မှ အပဖြစ်သော ကိုယ်အင်္ဂါတို့၌ လိမ်းကျံခြင်းစသည်ဖြင့် သုံးဆောင်အပ်သော ဝတ္ထုမျိုး သည် အပအသုံးအဆောင်မျိုး မည်၏။

မှတ်ချက်။ ။ခံတွင်းသည်လည်း ဤအရာ၌ အပအင်္ဂါပင်ဖြစ်၏၊ ဝမ်းတွင်းသို့မျိုရန်မဟုတ်ပဲ ခံတွင်းထဲ၌သာ ဝါးရန် ငုံရန် ဝတ္ထုမျိုးသည် လည်း အပအသုံးအဆောင်မျိုးပင်ဖြစ်၏။ လည်ချောင်းတွင်းသို့ မဝင်အောင် တတ်နိုင်ပေမူကား အကပ်မခံသော ဝက်သား, ကြက်သား, ငါးအမဲတို့ကိုပင် နေလွဲသောအခါ၌ ခံတွင်းမှာထည့်သွင်း၍ ငုံခြင်း, ဝါးခြင်း လျှာအရသာခံစားခြင်းငှာ အပ်၏။ ဗာဟိရ သုံးဆောင်မှုဖြစ် သောကြောင့် အကပ်မခံသည့်အတွက် နေလွဲသည့်အတွက်နှင့် အပြစ်မရှိ။

## ဂရု, လဟု ဝေဖန်ချက်

၁။ ထိုနှစ်မျိုးတို့တွင် အတွင်းအသုံးအဆောင်မျိုးသည် ဘောဇနဝဂ်၌လာသော သန္နိဓိ, အဒိန္န ဝိကာလ ဘောဇန စသော ပါစိတ်အာပတ်ကြီးတို့၏ အရာဖြစ်၍ ဂရုဖြစ်၏၊ လေး၏။

၂။ အပ အသုံးအဆောင်မျိုးသည် ထိုသိက္ခာပုဒ်ကြီးတို့၏ အရာ မဟုတ်သောကြောင့်လဟုဖြစ်၏၊ ပေါ့၏။

ထိုအာပတ်တို့တွင်လည်း ဝိကာလဘောဇန အာပတ်သည် သန္နိဓိအာပတ် အဒိန္နအာပတ်တို့ထက် ပေါ့၏၊ ရှေးရှေးနေ့က အကပ်ခံ၍ထားသောဒန်ပူကို နောက်နောက်နေ့၌စားရာ ဒန်ပူရည်နှင့် ယာဝကာလိက ဝတ္ထုရောနှော၍ လည်ချောင်းသို့ဝင်သည်ဖြစ်အံ့၊ သန္နိဓိပါစိတ်သင့်၏။

နေလွဲသောအခါ၌ အဖျော်ရည်နှင့် ရောနှော၍ လည်ချောင်းသို့ဝင်သည်ဖြစ်အံ့၊ သန္နိဓိပါစိတ် သင့်၏။ ဝိကာလဘောဇန အာပတ်မူကား မသင့်။

သွား, ခံတွင်းကို စင်ကြယ်စေခြင်းငှာ အရုဏ်မတက်မီအခါ၌ အကပ်မခံသော ဒန်ပူကို စားကြရာ ဒန်ပူရည်သည် လည်ချောင်းသို့ဝင်ခဲ့သော် အဒိန္နအာပတ်သင့်၏။ ဝိကာလဘောဇန အာပတ်မသင့်။

အဘယ်ကြောင့်နည်းဆိုသော် သွားခံတွင်းကို စင်ကြယ်စေရန် အကြောင်း အမြွက်ထင်ရှား ရှိပေသောကြောင့်တည်း။

နောက်ကာလိကနှစ်ပါးတို့၌ ထိုကဲ့သို့သော အကြောင်း အမြွက်ရှိပေလျှင်ပင် ဝိကာလဘောဇန အာပတ်သည် လွတ်ကင်းတတ်၏၊ အာဗာဓဂေလည အကြောင်းရှိမှသာ လွတ်ကင်းတတ်သည် မဟုတ်ဟု အဋ္ဌကထာနည်း အားဖြင့် သိအပ်၏၊ သက်သက်သော အခိုးမျိုးအနံ့မျိုးတို့သည်ကား ကာလိကလေးပါးမှ လွတ်ကုန်၏။

**၁၅၈။ ပစ္စုပ်, နာဂတ်၊ နာ, နှစ်ရပ်၊ ရအပ်ပါသည်ချည်း။**

## အနာနှစ်မျိုး

ယခုကိုယ်ခန္ဓာ၌ ဖြစ်၍နေဆဲဖြစ်သော ပစ္စုပ္ပန်အနာ ရှေ့သို့ဖြစ်လာမည်ကို စိုးရိမ်ရသော အနာဂတ်အနာ နှစ်မျိုးလုံးကိုပင် ရသင့်၏။

ပုတီးစိပ် ပါဠိ၌ "ဥပ္ပန္နာနံ ဝေယျာဗျာဓိကာနံ ဝေဒနာနံ ပဋိဃာတာယ" ဟူသောပါဠိဖြင့် ဥပ္ပန္နဖြစ်သော ပစ္စုပ္ပန် အနာအတွက် စားသောက်ရသော ဆေးမျိုး၌ ပစ္စဝေက္ခဏာ ဆင်ခြင်ပုံကို ပြတော်မူ၏။

"အဗျာပဇ္ဈာ ပရမတာယ" ပါဠိဖြင့် ရှေ့သို့ဖြစ်လာမည့် စိုးရိမ်ရသော အနာဂတ်အနာအတွက် စားသောက်ရသော ပါဒရက်ဆေးအာယုဝဍ္ဎနဆေးတို့၌ ပစ္စဝေက္ခဏာ ဆင်ခြင်ပုံကို ပြတော်မူ၏။

**၁၅၉။ အကြွင်းဆိုဖွယ်၊ အသွယ်သွယ်၊ ရှေးဝယ် ဆိုပြီးနည်း။**

ဤ ဆေးပစ္စည်းအရာ၌ အသွယ်သွယ် ဆိုဖွယ်အကြွင်းများကို ရှေးကာလိကလေးပါး အရာ၌ဆိုခဲ့ပြီ။

**၁၆၀။ ဆေးကု, ဆေးပေး၊ ဆေးနည်းပေး၊ ရွေးလေ-အပ်, မအပ်။**

ဆေးကုမှု မိမိ၌ရှိသော ဆေးကိုပေးမှု ဆေးနည်းများကို ပြောကြား ရေးပေးမှုတို့၌ အပ်, မအပ်ကို ရွေးချယ်ရာ၏။ ဘယ်ဟာကိုစားလော့၊ သောက်လော့၊ ရေချိုးလော့၊ ချွေးအောင်းလော့ စသည်ဖြင့် သူနာအား ဆေးဝါးဓာတ်စာကို ပြောကြားမှု ယာယီ ယတြာ ဂါထာ မန္တရားအင်းအိုင်များနှင့် ကုစားမှုတို့ကို ဆေးကုမှု အသီးဆိုသည်။

**၁၆၁။ သီတင်းဖော်-ငါး၊ နှစ်ပါး မိ, ဘ၊ ကပ္ပိယ၊ မိဘ လုပ်ကျွေးသူ။**

**၁၆၂။ ရှင်, ရဟန်းလောင်း၊ ကျောင်းမှီ, ကျောင်းကပ်၊ ဆယ့်တရပ်၊ ကုအပ်-ပေးအပ်သူ။**

**၁၆၃။ ဆွေမျိုးနွယ်စပ်၊ မကျန်းလတ်၊ ကုအပ် ပြောအပ်သူ။**

**၁၆၄။ ဆေးဝါးသူ့မှာ၊ မရှိရာ၊ ပေးပါ ခိုက်တန့်ယူ။**
**၁၆၅။ ထိုမှကြွင်းငြား၊ သူစိမ်းများ၊ သုံးပါး မအပ်ယူ။**

(က) သီတင်းသုံးဖော်ငါးဦး
(ခ) မိမိ၏အမိ, အဘနှစ်ပါး
(ဂ) မိမိ၏ ကပ္ပိယကာရက၊
(ဃ) မိမိ၏ အမိ, အဘတို့ကို လုပ်ကျွေးသမူ ပြုပေသောသူ၊ (၉-ယောက်)။
(င) ကျောင်း၌နေသော ရှင်လောင်း, ရဟန်းလောင်း၊
(စ) ရဟန်းတို့ကိုမှီ၍ ကျောင်း၌နေသော ကျောင်းမှီ ကျောင်းကပ်။

ဤ တကျိပ်တစ်ယောက်တို့ မကျန်းမမာရှိခဲ့သော် ဆေးကုမှု မိမိ၌ ရှိသော ဆေးကိုပေးမှု မရှိလျှင် ရှာကြံ၍ပေးမှု ဆေးနည်းပေးမှု ဆေးနည်းပြောမှု အလုံးစုံ အပ်ပါ၏။

မိမိ၏ ဆွေခုနစ်ဆက် မျိုးခုနစ်ဆက်တွင် ပါဝင်သောသူဖြစ်အံ့၊ မိမိ၏ ဆေးကို မပေးအပ်၊ ပါးစပ်ပြော နှင့်ကုရ၏။ ဆေးနည်းပြောရ၏။ သူ့မှာမရှိခဲ့သော် နောင်အနာပျောက်ငြိမ်းသောအခါ၌ အစားပေးရ လိမ့်မည်ဆို၍ အခိုက်အတန့်အနေအားဖြင့် မိမိဆေးကိုစိုက်ထုတ်၍ ပေးနှင့်ရ၏။ နောင်အခါ မပေးသော်လည်း တောင်းဖွယ်ကိစ္စမရှိ။

ဤသူတို့မှ ကြွင်းသော သူစိမ်းပြင်ပဖြစ်သူတို့ မကျန်းမမာ ရှိရာ၌ ကား ကုလည်းမကုအပ်။ ပေးလည်း မပေးအပ်။ ဆေးဝါးခတ်စာ နည်းလမ်းများကိုပင် မပြောအပ်။ ပြောလိုသော် တစ်စုံတစ်ယောက် သောသူကို မိမိနေရာ၌ တံမြက်လှည်းမှု အမှိုက်ကျုံးမှု ရေခပ်မှု စသည်ကို ပြုစေ၍ ဝေယျာဝစ္စကရအရာ၌ တည်သောအခါ ထိုသူအား ပေးရာ၏။

ပြောရာ၏။ ထိုသူက တဆင့်ပေးသော် ပြောသော် ရဟန်းမှာအပြစ် မရှိ။

သူနာ တင်းလင်းနှင့် မဟုတ်ပဲ မိမိမျက်မှောက်သို့ ရောက်လာသူတို့အား ကျန်းမာရန် အခွင့်အလမ်း များကို သင်ကြား ဆုံးမသောအားဖြင့် နည်းများကို ပြောကြားရာ၌ကား အပြစ်မရှိဟု ငါတို့ယူ၏။

**၁၆၆။ ခွင့်မပြုပါ၊ မလျှော်ရာ၌၊ သဒ္ဓါလှူရေး၊ ပစ္စည်းလေး၊ ပေးလျှင် ဒုက္ကဋ်ဟူ။**

သဒ္ဓါဒေယျ ပစ္စည်းဝတ္ထုတို့ကို ဘုရားခွင့်မပြုသော သူတို့အား ပေးခဲ့သော်လည်းကောင်း၊ ရဟန်းတော် တို့အား မလျှော်သောအမှုတို့၌ သုံးစွဲခဲ့သော်လည်းကောင်း သဒ္ဓါဒေယျ ဝိနိပါတ ဒုက္ကဋ်သင့်၏။ အာပတ်ပင် ငယ်သော်လည်း သံသရာပြစ် ဆိုးရွားလှ၏၊ ငါပိုင်သောဝတ္ထု ဖြစ်သည်ဟု မတော်ရာ ဖြုန်းတီး၍ မပစ်ရာ၊ သတိ ရှိကြစေကုန်။

ဆေးဟူသော မှီရာနိဿယ အမြွက်ပြီး၏။

----------

## ၁၄-အမှီလေးပါး

**၁၆၇။ နှစ်-ဝိညတ္တိ၊ ပရိကထာ၊ ဩဘာသ၊ တစ်ဖြာ-နိမိတ္တ။**

**၁၆၈။ တောင်းမှုကား-ဝိ၊ ပရိ-ရိပ်ခြည်၊ ချီတ်သည် ဩဘာ၊ နိမိတ်မှာ၊ လိုရာလုပ်၍ပြ။**

## ပယောဂလေးပါး

ပစ္စည်းလေးပါးအတွက်နှင့် ပယောဂပြုမှုသည် လေးပါးရှိ၏။

၁။ ဝိညတ်တစ်ပါး၊

၂။ ပရိကထာတစ်ပါး၊

၃။ ဩဘာသတစ်ပါး။
၄။ နိမိတ်တစ်ပါး၊

၁။ တိုက်ရိုက်တောင်းသည်ကား ဝိညတ်၊ ထိုဝိညတ်သည် ကာယဝိညတ်၊ ဝစီဝိညတ် နှစ်ပါး ရှိ၏။

၂။ စောင်းပါးရိပ်ခြည် ပြောဆိုသည်ကား ပရိကထာ။

၃။ မရှောင်သာအောင်ချိတ်ငင်စကား ပြောဆို သည်ကား ဩဘာသ၊

၄။ လိုရာကို ပြုလုပ်၍ ပြသည်ကား နိမိတ္တ၊ အလိုရှိရာကို လက်နှင့်ပြ၍ တောင်းသည်ကား ကာယဝိညတ်မှုတည်း။ ဘယ်သင်းကို လှူပါဟု နှုတ်မြွက်၍ တောင်းသည်ကား ဝစီဝိညတ်တည်း။

**၁၆၉။ ဆွမ်း, သက်န်းမှာ၊ ထိုလေးဖြာ၊ ဝေးစွာကြဉ် အပ်စွ။**

**၁၇၀။ ကျောင်းပစ္စည်းမှာ၊ မပြုရာ၊ နှစ်ဖြာ-ဝိညတ္တ။**

**၁၇၁။ ဆေးပစ္စည်းမှာ၊ ဂိလာနာ၊ လေးဖြာ ကပ္ပိယ။**

ဆွမ်းပစ္စည်း, သက်န်းပစ္စည်းတို့မှာ အဆွေမတော်သောသူ, မဖိတ်မကြားသောသူတို့၌ ထိုလေးပါးလုံး မအပ်၊ အလိုရှိမူ "ဥဒ္ဒိဿ အရိယာ တိဋ္ဌန္တိ၊ သော အရိယာ န ယာစနာ" ဟူသော ပါဠိနှင့်အညီ ထိုသူတို့ ရှိရာသွား၍ ကာယဝိညတ်ဖြင့် ရပ်ရာ၏၊ ဘာကို အလိုရှိတော်မူပါသနည်းဟုမေးမှ ဘာကို အလိုရှိသည်ဟု ဝစီဝိညတ်ကို ပြုအပ်၏။

ကျောင်းပစ္စည်းမှာ ဝိညတ်နှစ်ပါး မအပ်၊ အကြွင်းသုံးပါးအပ်၏၊ ဂိလာနပုဂ္ဂိုလ်အား ဆေးပစ္စည်းမှာ လေးပါးလုံး အပ်၏။

**၁၇၂။ မှီရာ လေးသင်း၊ မာရ်ကျော့ကွင်း၊ ဝဋ်တွင်း နက်လေစွ။**

**၁၇၃။ ရဟာန်းပြီးရေး၊ အမှီလေး၊ မှီရေး လိမ္မာမှု။**

ဤ မှီရာ ဟူသောပစ္စည်းလေးပါးကို မာရ်နတ်မင်း ကျော့ကွင်း ဟူ၍ ဟောတော်မူ၏၊ သာယာတွယ်ငြိ၍ ကျော့ကွင်းမိခဲ့လျှင် ဝဋ်ဒုက္ခတွင်း နက်လှ၏၊ အမှီလေးပါး၌ မှီရေး လိမ္မာကြမှ ရဟာန်းကောင်း ပြီကြမည် ဟူလိုသည်။

အမှီလေးပါး ပြီး၏။

-------------

## ၁၅-ပါရာဇိက

**၁၇၄။ လူ, နတ်, တိရိစ်၊ ပြိတ်, ဘီလူးတုံ၊ ဤငါးစုံ၊ မေထုန်ဝတ္ထုချည်း။**

### မေထုန်ဝတ္ထုငါးမျိုး

၁။ လူမျိုး၊

၂။ နတ်မျိုး၊

၃။ ဘီလူးမျိုး၊

၄။ ပြိတ္တာမျိုး၊

၅။ တိရစ္ဆာန်မျိုး၊

မေထုန်မှုမြောက်ထိုက်သော မေထုန်ဝတ္ထုငါးမျိုး။

**၁၇၅။ အထီး, မိန်းမ၊ ပဏ္ဍက၊ ဒွယဥဘောဗျည်း။**

၁။ ယောက်ျား၊

၂။ မိန်းမ၊

၃။ ပဏ္ဏုတ်၊
၄-၅။ ဥဘတောဗျည်းနှစ်မျိုး၊ ဣတ္ထိဥဘတောဗျည်း၊ ပုရိသဥဘတောဗျည်း။

**၁၇၆။ ကျင်ကြောင်း နှစ်ပါး၊ ခံတွင်းအား၊ သုံးပါး မဂ် ခေါ်နည်း။**

## မဂ်သုံးပါး

ကျင်ကြီးကြောင်း-၁၊ ကျင်ငယ်ကြောင်း-၁၊ ခံတွင်းပေါက်-၁၊ မဂ်သုံးပါးမည်၏။

**၁၇၇။ မဂ်သုံးခုမှာ၊ စိုစွတ်ရာ၊ ပမာနှမ်းမျှတည်း။**
**၁၇၈။ နိမိတ်ရောက်ထိ၊ သာယာမိ၊ ပါရာဇိကချည်း။**

မဂ်အပေါင်းတို့တွင် တစ်ခုခုသောမဂ်၌ မိမိ၏ ပယောဂ နှင့်သော်လည်းကောင်း, သူတစ်ပါး၏ ပယောဂ နှင့်သော်လည်းကောင်း, စိုစွတ်ရာအရပ်တွင်းသို့ နှမ်းတစေ့ခန့်မျှ မိမိ၏ အင်္ဂါနိမိတ်ရောက်သည် ထိသည်ကို သာယာသောစိတ်ဖြစ်ငြားအံ့ ပါရာဇိကကျ၏၊ သာယာ ဆဲခဏ၌ ရဟန်းဘဝမှလည်း ရွေ့လျော၏၊ နောင်လည်း ရဟန်းတဖန် မပြုထိုက်ပြီဟူလို။

**၁၇၉။ ရွှေစင်တမတ်၊ ငွေငါးကျပ်၊ ထိုက်လတ် လူ့ပစ္စည်း။**
**၁၈၀။ ခိုးခြင်း ဆယ့်ငါး၊ တပါးပါး၊ ခိုးငြားရှုံးခဲ့ပြီ။**

ရွှေစင်တစ်မတ် ထိုက်တန်သော ဝတ္ထုသည် ပါရာဇိက ကျ လောက်၏၊ ငွေနှင့် တိုင်းတာမူ ငွေစင်ငွေ ကောင်း ငါးကျပ် ထိုက်တန်လျှင် ပါရာဇိက ကျလောက်၏၊ လူမျိုး ဇာတိရှိသောသူ၏ ဥစ္စာမှသာ ပါရာဇိကျ၊ နတ်, ဘီလူး, ပြိတ္တာ, တိရစ္ဆာန်တို့၏ ဥစ္စာ၌ ပါရာဇိက မကျ၊ ထိုဥစ္စာကို

တစ်ဆယ့်ငါးပါးသော ခိုးခြင်းတို့တွင် တစ်ပါးပါးသော ခိုးခြင်းဖြင့် ခိုးယူပြားအံ့ ရှုံးခြင်းသို့ ရောက်ပြီမှတ်။

ခိုးခြင်း နှစ်ဆယ့်ငါးပါး ရှိသည်တွင် နာနာဘဏ္ဍပဉ္စက, ဧကဘဏ္ဍပဉ္စက နှစ်ပါးသည် ကြွင်းသော ပဉ္စက သုံးပါးတို့၌ အတွင်းဝင်သောကြောင့် ဤ၌တစ်ဆယ့်ငါးပါးဆိုသည်။

**၁၈၁။ ကိုယ်တိုင်စေနည်း၊ စွန့်လွှတ်နည်း၊ ကျိုးပြီး, ဝန်ချငါး။**

## ခိုးခြင်းငါးပါး

၁။ ကိုယ်တိုင်ခိုးနည်း,
၂။ စေခိုင်း၍ ခိုးနည်း,
၃။ စွန့်လွှတ်၍ ခိုးနည်း,
၄။ မခိုးမီကပင် ခိုးခြင်းအကျိုး ပြီးနှင့်ရသော ခိုးနည်း,
၅။ ဝန်ချမှုနှင့် ပြီးစီးသောခိုးနည်း,

ဟူ၍ငါးပါး၊ သာဟတ္ထိက ပဉ္စကတည်း။

**၁၈၂။ ရှေ့ကျပြိုင်ကျ၊ တိုင်ပင်ကျ၊ ချိန်းကျ, မှတ်ကျငါး။**

## ကျနည်းငါးပါး

၁။ ခိုးမှုပယောဂ မပြီးမီ ရှေး၌ ပါရာဇိကကျနည်း၊
၂။ ခိုးမှုပယောဂနှင့် အတူတကွ ပြိုင်၍ကျနည်း၊
၃။ မခိုးမီပင် တိုင်ပင်ရာ၌ကျနည်း၊
၄။ မခိုးမီပင် ချိန်းချက်မှု၌ ကျနည်း၊
၅။ မခိုးမီပင် အမှတ်သညာပေးမှု၌ ကျနည်း

ဟူ၍ ငါးပါးပုဗ္ဗပယောဂ ပဉ္စကတည်း။

**၁၈၃။ ချောင်းလိမ်, နိုင်ထက်၊ ကြံဖန်ချက်၊ ဖုံးဝှက်ပြောင်းကမ္ပည်း။**

**ယူနည်းငါးပါး**

၁။ ချောင်းမြောင်း ဖုံးကွယ် လိမ်လည် လှည့်စား၍ယူနည်း၊
၂။ အနိုင်အထက်ကျင့်၍ ယူနည်း၊
၃။ ကြံဖန်မှန်းဆ ၍ယူနည်း၊
၄။ ဝတ္ထုကို ဖုံးဝှက်၍ယူနည်း၊
၅။ လိပ်ကမ္ပည်းဒဏ်ပြောင်းလဲ၍ ယူနည်း၊

ဟူ၍ငါးပါး၊ ထေယျာဝဟာရ ပဥ္စကတည်း။

**၁၈၄။ လူ့အသက်ကို၊ သေစေလို၊ ကိုယ်နှုတ် စေ့ဆော်ဘိ။**

**၁၈၅။ စေ့ဆော်ချက်ကြောင့်၊ အသက်ဇီဝ၊ သေဆုံးက၊ ကျပြီပါရာဇိ။**

လူသတ္တဝါ၏ အသက်ကို သေစေလိုသောစိတ်ဖြင့် ကိုယ်ပယောဂနှုတ်ပယောဂကို ပြုသော် ထိုပယောဂကြောင့် ထိုလူသတ္တဝါ သေခဲ့အံ့၊ ပါရာဇိက ကျ၏။

**၁၈၆။ ကိုယ်တိုင်, ခိုင်းစေ၊ ပစ်လွှတ်ထွေ၊ ပုံသေထာဝရ။**

**၁၈၇။ ဝိဇ္ဇာမန္တန်၊ တန်ခိုးဖန်၊ ခြောက်တန် ပယောဂ။**

**ပယောဂခြောက်ပါး**

၁။ ကိုယ်တိုင်သတ်ခြင်း၊
၂။ သူတစ်ပါးကို ခိုင်းစေ၍သတ်ခြင်း၊

၃။ လက်နက်နှင့်ပစ်လွှတ်၍ သတ်ခြင်း၊
၄။ ထာဝရ ပယောဂကိုပြု၍သတ်ခြင်း၊
၅။ မန္တန်, မန္တရား, ဆေးဝါး, အင်းအိုင်ဟူသော ဝိဇ္ဇာမယ အတတ်နှင့် သတ်ခြင်း၊
၆။ ကမ္မဝိပါကဇိဒ္ဓိ တန်ခိုးနှင့် သတ်ခြင်း၊

ဟူ၍ ပယောဂခြောက်ပါးရှိ၏။

**၁၈၈။ ဝတ္ထု, ကာလ၊ ဩကာသ၊ သတ္ထ, ကြိယာ။**

**၁၈၉။ အမှုထွေပြား၊ ၅၍ခြောက်ပါး၊ သူ့အား စေခိုင်းရာ။**

၁။ သတ်အပ်သောသူ ဟူသော ဝတ္ထု၊
၂။ အချိန်ကာလ၊
၃။ အရပ်ဌာန၊
၄။ လက်နက်၊
၅။ ကြိယာပုဒ်၊
၆။ ထိုးခြင်း, ခုတ်ခြင်းစသော သတ်မှုကြိယာ အထွေအပြား၊

ဤကား သူတစ်ပါးအားစေခိုင်းရာ၌ စေခိုင်းသူ ကံမြောက်သည်, မမြောက်သည်ကို ဆုံးဖြတ်ကြောင်း ခြောက်ပါးတည်း။

## ကံမြောက်, မမြောက်

ဤသူကို သတ်ချေဟု စေရာ၌ ထိုသူကိုသတ်မှ စေခိုင်းသူ ကံမြောက်သည်၊ တစ်ပါးသောသူကို သတ်လျှင် ကံမမြောက်၊ ဤအချိန်မှာ သတ်ချေဟု စေရာ၌ ထိုအချိန်မှာ သတ်မှ စေခိုင်းသူ ကံမြောက်သည်၊ အချိန်လွဲလျှင် စေခိုင်းသူ ကံမမြောက်။

ဤအတူ နေရာအရပ်ဌာနကိုမှတ်၍ စေခိုင်းရာ၍လည်းကောင်း၊ မည့်သည့်လက်နက်နှင့်သတ်လေဟု လက်နက်ကိုမှတ်၍ စေခိုင်းရာ၌ လည်းကောင်း၊ မည်သည့်ကြိယာပုဒ်မှာ သတ်လေဟု ကြိယာပုဒ် ကိုမှတ်၍ စေခိုင်းရာ၌လည်းကောင်း၊ ထိုးခြင်း, ခုတ်ခြင်း စသည်တို့တွင် တစ်ခုခုကိုမှတ်၍ စေခိုင်းရာ၌လည်းကောင်း၊ စေခိုင်းတိုင်းကျမှ စေခိုင်းသူ ကံမြောက်သည်၊ တစ်ခုခုလွဲလျှင် စေခိုင်းသူလွတ်လေ၏။

### ၁၉၀။ တိုက်တွန်း, ချီးမွမ်း၊ သေဖို့ညွှန်း၊ စွန်းပြီ ထိုသူ့မှာ။

မသေနိုင်သော သူကို သေတဲ့နိုင်အောင် တိုက်တွန်းမှု၊ မသေချင် သောသူ၊ မသေဝံ့သောသူကို သေချင်အောင် သေဝံ့အောင် သေမှုကို ချီးမွမ်းမှု၊ သေလိုသောသူကို သေရန် နည်းလမ်းပြညွှန်း မှုများသည်လည်း ပယောဂ စွန်းငြိလျက်ရှိ၏။ ထိုပယောဂကြောင့် သေခဲ့လျှင် ပါရာဇိက ကျ၏။

### ၁၉၁။ ဈာန်, မဂ်, ဖိုလ်ကို၊ ကိုယ်၌ရှိပြု၊ ပြောကြားမှု၊ မုသား ပါရာဇိ။

မိမိကိုယ်၌ မရှိသော ဈာန်, မဂ်, ဖိုလ်တို့ကို မိမိကိုယ်၌ အရှိပြု၍ လူ့ဇာတ်၌ရှိသောသူအား မုသားစိုက် ၍ တိုက်ရိုက် ပြောကြားခဲ့သည် ရှိသော် ပါရာဇိက ကျ၏။

### ၁၉၂။ ရဟန်းတော်များ၊ မပေးငြားပဲ၊ လျောက်လျား ကိုယ်စိုး၊ ရှင်လုပ်မျိုး၊ လိင်ခိုး ပါရာဇိ။

ရဟန်းများထံ သက်န်းတောင်းမှု၊ သက်န်းပေးမှု မရှိ၊ မိမိ အလိုအလျောက် ကိုယ်စိုးရ စိတ်စိုးရ သက်န်းကိုဝတ်၍ ရှင်သာမဏေ လုပ်သော အမှုမျိုးသည် လိင်ခိုးပါရာဇိက မည်၏၊ ဤသို့ ဝတ်ပြီး၍

နောက်၌ ရဟန်းကောင်း ရှင်ကောင်းများနှင့် ပေါင်းဖက်ခြင်းကို ပြုပြန်မှုကား လိင်ခိုး ထေရ်ခိုး နှစ်မျိုးဖြစ်၏။ ဥဘယထေန ခေါ်၏။

**၁၉၃။ ကပ်, မင်း, ရန်သူ၊ ခိုးသူဓားပြ၊ ကန္တာရ၊ ရောဂ အပ်ကြောင်းရှိ။**

ကပ် ဥပဒ်ဘေး၊ မင်းဘေး၊ ရန်သူဘေး၊ ခိုးသူ-ဓားပြဘေး၊ ကန္တာရခရီးခဲဘေး၊ မိမိ၌စွဲရှိသော အနာရောဂါ ဘေး၊ ဤဘေးစုမှ လွတ်ခြင်းငှာ သင်္ကန်းကို အလိုအလျောက် ဝတ်သော်လည်း အပြစ်မရှိ။

**၁၉၄။ အကြောင်းရှိ၍၊ ဝတ်မိပြီးခါ၊ သာမဏေကောင်း၊ ရဟန်းကောင်းနှင့်၊ ပေါင်းဖော် တစ်မျိုး စိတ်မရိုး၊ ထေရ်ခိုး ပါရာဇိ။**

ကပ်ဘေးစသည်မှ လွန်မြောက်နိုင်ရန် မိမိအလိုလို သင်္ကန်းကို ဝတ်ပြီးသောအခါ၌ တပါးသော သာမဏေကောင်း ရဟန်းကောင်းတို့နှင့် တွေ့ကြုံသောအခါ မိမိကိုယ်ကို ဟုတ်မှန်တိုင်း ပြောကြားရမည်ကို မပြောကြားပဲ ရှင်ကောင်းရဟန်းကောင်းတို့နှင့် ပေါင်းဖော်ဆက်ဆံခြင်းကို ပြုခဲ့အံ့၊ မရိုးမဖြောင့်သောစိတ်ဖြင့် ပေါင်း ဖော်ခြင်းကြောင့် ထေရ်ခိုး ပါရာဇိက ရောက်၏။

**၁၉၅။ သာမဏေစင်၊ ဖြစ်လျက်ပင်ကို၊ သဃ်ာနှင့်သာ၊ တွေ့သောခါ၌၊ ငါရဟန်းဟု၊ ပြခန်းတမျိုး၊ စိတ်မရိုး၊ ထေရ်ခိုး ပါရာဇိ။**

သာမဏေကောင်းသည် ရဟန်းများနှင့် တွေ့ကြုံသောအခါ၌ မိမိကိုယ်ကို ရဟန်းဟု ပြောငြားအံ့၊ ထေရ်ခိုး၊ ပါရာဇိက ရောက်၏။

**၁၉၆။ ရဟန်းစင်ဘိ၊ တိတ္ထိအမူ၊ အသွင်ယူ၊ မှတ်ယူ ပါရာဇိ၊**

ရဟန်းဖြစ်ပါလျက် တိတ္ထိတို့၏ အယူကိုနှစ်သက်၍ တိတ္ထိတို့၏ အသွင်ကိုယူခဲ့အံ့။ ပါရာဇိက ကျ၏။

**၁၉၇။ မိ, ဘ, ရဟန္တာ၊ သတ်သုံးဖြာ၊ သံဃာ သင်းခွဲမှု။**

**၁၉၈။ သွေးစိမ်းတည်စေ၊ ဤငါးထွေ၊ ရှုံးလေ ရှင်ဖြစ်မှု။**

## အနန္တရိယ ကံငါးပါး

၁။ အမိကို သတ်သောသူ၊

၂။ အဘကို သတ်သောသူ၊

၃။ ရဟန္တာကိုသတ်သောသူ၊

၄။ သံဃာကို သင်းခွဲသောသူ၊

၅။ မြတ်စွာဘုရား၌ သွေးစိမ်းတည်အောင် ပြုသောသူ။

**၁၉၉။ ဘိက္ခုနီအား၊ မဂ်သုံးပါး၊ ပြစ်မှား ကျူးလွန်ပြု။** (သိသာပြီ)။

**၂၀၀။ ဥဘောဗျည်းပါ၊ ဤနှစ်ဖြာ၊ ပါရာဇိက စု**။ (သိသာပြီ)

## ပါရာဇိက ကျသုံးမျိုး

၁။ လူ ပါရာဇိကကျ၊

၂။ ရှင်သာမဏေ ပါရာဇိကကျ၊

၃။ ရဟန်း ပါရာဇိကကျသုံးမျိုး။

ပါရာဇိက ပြီး၏။

---------------

## ၁၆-သံဃာဒိသိသ်

**၂၀၁။ သာယာစိတ်နှင့်၊ နိမိတ်၌မှု၊ လုံ့လကူ၊ လွှတ်မူ သံဃာဒိ။**

သုက်လွှတ်ခြင်း၌ သာယာသောစိတ်နှင့်တကွ လက်စသော ကိုယ်အင်္ဂါဖြင့် လွှတ်စေခြင်းငှာ အင်္ဂါနိမိတ်၌ လုံ့လပယောဂပြုသော ရဟန်းအား သံဃာဒိသိသ် အာပတ်သင့်၏။

**၂၀၂။ သာယာစိတ်နှင့်၊ ဣတ္ထိကာယ၊ တစစ၊ ထိက သံဃာဒိ။**

သုံးသပ်မှု၌ သာယာသောစိတ်ဖြင့် ဣတ္ထိတို့၏ ကိုယ်အင်္ဂါ ဖြစ်သော ဆံပင်ခြေလက် အစရှိသည်ကို မိမိကိုယ်အင်္ဂါဖြင့် ကိုင်မိ ထိမိ သုံးသပ်မိသော ရဟန်းအား သံဃာဒိသိသ် အာပတ်သင့်၏။

**၂၀၃။ မ-ရုပ်, တန်ဆာ၊ ရတနာ၊ အစာ စပါးသတ်။**

**၂၀၄။ လက်နက်ကြိယာ၊ စည်ဘဏ္ဍာ၊ အနာမာသ မှတ်။**

လူမိန်းမရုပ်၊ နတ်မိန်းမရုပ်၊ တိရစ္ဆာန်မိန်းမရုပ် အစရှိသော အမရုပ်မျိုး၊ မိန်းမတို့ဝတ်ဆင်သော တန်ဆာ မျိုး၊ ရွှေ, ငွေ, ပုလဲ, မြ, ကျောက်မျက်ရွဲ, ခရုသင်း, ကျောက်သလင်း, သန္တာ, ပတ္တမြားနီ, ပတ္တမြားပြောက် ဟူသော ဆယ်ပါးသောရတနာမျိုး၊ အစာစပါး ခုနစ်မျိုး၊ စစ်သည်တို့၏လည်းကောင်း၊ သူခိုး ဓားပြတို့၏လည်း ကောင်း၊ မုဆိုးတံငါတို့၏လည်းကောင်း၊ သတ္တဝါတပါးကို နှိပ်စက်ကြောင်းဖြစ်သော လက်နက်ကြိယာ ဘဏ္ဍာမျိုးကို ကိုင်တွယ်သုံးသပ်လျှင် ဒုက္ကဋ်အာပတ် သင့်ရာ အနာမာသဝတ္ထုမျိုးမှတ်။

**၂၀၅။ သာယာစိတ်နှင့်၊ ဣတ္ထိကိုတုံ၊ မေထုန်စကား၊ မဂ်စကား၊ ပြောကြား သံဃာဒိ။**

သာယာသောစိတ်ဖြင့် ဣတ္ထိဖြစ်သူကို မေထုန်မှုနှင့် စပ်ယှဉ်သော စကားမျိုး၊ ဝစ္စ, ပဿာဝမဂ် နှစ်ပါးနှင့် စပ်ယှဉ်သော စကားမျိုးတို့ကို ပြောဆိုငြားအံ့၊ သံဃာဒိသိသ် အာပတ်သင့်၏။

**၂၀၆။ သာယာ စိတ်နှင့်၊ ဣတ္ထိကိုတုံ၊ မေထုန်အလှူ ချီးမွမ်းမူ၊ မှတ်ယူ သံဃာဒိ။**

မိမိကို မေထုန်မှုဖြင့် ပြုစုလုပ်ကျွေးစေခြင်းငှာ ပြုစုလုပ်ကျွေးခြင်း၏ ဂုဏ်ကျေးဇူးကို ပြောဆိုငြားအံ့၊ သံဃာဒိသိသ်သင့်၏။

**၂၀၇။ မိန်းမ ယောကျ်ား၊ နှစ်ယောက်အားကို၊ မယား လင်ဖြစ်၊ အောင်သွယ်လစ်၊ စွန်းညစ်သံဃာဒိ။**

မိန်းမ ယောကျ်ားနှစ်ယောက်တို့၏ အလယ်၌ လင်မယားဖြစ်ကြစေရန် အောင်သွယ်မှုကို ပြုသော ရဟန်းအား သံဃာဒိသိသ်သင့်၏။

**၂၀၈။ ရဟန်းအားကို၊ ကြားမြင်, သက်၁၊ မရှိပါပဲ၊ သာသနာမှ ရွေ့လျောကျအောင်၊ အန္တိမပြစ်၊ စွပ်စွဲလစ်၊ စွန်းညစ်သံဃာဒိ။**

ထိုအမှုကို မြင်ခြင်း၊ ကြားခြင်း ယုံမှားခြင်း မရှိပါပဲလျက် သက်သက်အားဖြင့် သာသနာမှ ရွေ့လျောစေခြင်းငှာ တပါးသော ရဟန်းကို အန္တိမဝတ္ထုဖြင့် စွပ်စွဲ စောဒနာသည်ရှိသော် သံဃာဒိသိသ် သင့်၏။

**၂၀၉။ အမျိုးအမည်၊ စသည်တူငြား၊ မှုတပါးကို၊ ကြားမှု, မြင်မှု၊ အရင်းပြုလျက်၊ ဝတ္ထုအန္တိ၊ စွပ်စွဲဘိ၊ စွန်းငြိသံဃာဒိ။**

လူ, တိရစ္ဆာန်စသော တပါးသောသူပြုသည်ကို မြင်ခြင်း ကြားခြင်း ယုံမှားခြင်းရှိရာ ထိုသူ၏အမှုကို ထိုသူနှင့် အမျိုးအမည် စသည် တူကြသော ရဟန်းတစ်ပါးအပေါ်၌ တင်စီး၍ ဤမည်သော ရဟန်း၏

အန္တိမဝတ္ထုကို ကျူးလွန်မှုကို ငါမြင်သည်၊ ငါကြားသည် ငါယုံမှားသက်ာ ရှိသည်ဟု စွပ်စွဲ စောဒနာသည်ရှိသော် သံဃာဒိသိသ် သင့်၏။

သံဃာဒိသိသ် ပြီး၏။

-----------

## ၁၇-နိဿဂ္ဂိယ

### ၂၁၀။ သက်န်းကာလ၊ တလမျှ၊ ငါးလ-ကထိန်ရှိ။

သက်န်းကာလ မည်သည် ကထိန်ခင်းမှု မရှိသော ရဟန်းမှာ သီတင်းကျွတ်လပြည့်ကျော် တစ်ရက်မှ တန်ဆောင်မုန်းလပြည့်တိုင် တစ်လမျှသာရှိ၏၊ ကထိန်ခင်းမှုရှိသော ရဟန်းမှာ ထိုတစ်လနှင့်တကွ ဆောင်းလေးလ အဆုံး တပေါင်းလပြည့်တိုင် ငါးလရ၏၊ အဓိဋ္ဌာန် ဝိကပ္ပနာနှင့် ကင်း၍ ထားခွင့်ရသော ကာလတည်း။

### ၂၁၁။ အကာလတွင်၊ ဆယ်ရက်စဉ်၊ လွန်လျှင် နိဿဂ္ဂီ။

ပြဆိုပြီးသော သက်န်းကာလမှ အပဖြစ်သော လစုကို အကာလ ဟုဆိုသည်၊ ထိုအကာလအခါ၌ အဓိဋ္ဌာန်ဝိကပ္ပနာလောက်သော အဝတ်သက်န်းများကို မိမိကိုယ်ပိုင် ဥစ္စာအဖြစ်ဖြင့် ရခဲ့သည်ရှိသော် ဆယ်ရက်အတွင်း၌ အဓိဋ္ဌာန်မှု ဝိကပ္ပနာမှု တစ်ခုခုကို ပြုရမည်။ မပြုမူ၍ ဆယ်ရက်ကိုလွန်ခဲ့သော် နိဿဂ္ဂိဖြစ်၏၊ နိဿဂ္ဂိဖြစ်မှု ဆိုသည်ကား ထိုသက်န်းကိုလည်း ပုဂ္ဂိုလ် ဂိုဏ်း သံဃာတို့အား စွန့်ရ၏။ ပါစိတ်အာပတ်ကိုလည်း ဒေသနာကြားရ၏ ဆိုလိုသည်။

## စွန့်ပုံကား

ထိုအဝတ်သက်န်းကိုယူ၍ ဝိနည်းမိုရ် ရဟန်းထံသို့သွား၍ အကြောင်းကို ပြန်ပြော၍။

"ကြဒံ မေ ဘန္တေ စီဝရံ ဒသာဟာတိက္ကန္တံ နိဿဂ္ဂိယံ"၊ "ဣမာဟံ အာယသ္မတော နိဿဇ္ဇာမိ"။(ပါရာဇိက- ပါဠိတော်-နှာ-၂၉၆) ဟု ဆို၍ ဝိနည်းဓိုရ်ရဟန်းအား စွန့်ပြီးလျှင် ထိုအာပတ်ကို ထိုရဟန်းထံမှာ ဒေသနာကြား။

## ကြားပုံ

"အဟံ ဘန္တေ ဧကံ နိဿဂ္ဂိယံ ပါစိတ္တိယံ အာပန္နော၊ တံ တုမှမူလေ ပဋိဒေသေမိ" (ပါရာဇိကဏ္ဍ-နှာ-၂၉၆) ဟု ကြား။

"ပဿသိ အာဝုသော တံ အာပတ္တိံ" (ပါရာဇိကဏ္ဍ-နှာ-၂၉၆)ဟု ဝိနည်းဓိုရ်က ဆို။

"အာမ ဘန္တေ ပဿာမိ" (ပါရာဇိကဏ္ဍ-နှာ-၂၉၆) ဟုဝန်ခံ။

"အာယတိံ အာဝုသော သံဝရေယျာသိ" (ပါရာဇိကဏ္ဍ-နှာ-၂၉၆) ဟု ဆုံးမ။

"သာဓု သုဋ္ဌု ဘန္တေ သံဝရိဿာမိ" (ပါရာဇိကဏ္ဍ-နှာ-၂၉၆) ဟု ဝန်ခံ။

ဒေသနာကြား အနက်လွယ်ပြီ။ ။တဖန် ဝိနည်းဓိုရ်က ထိုသင်္ကန်းကို ထိုရဟန်းအား ပြန်၍ပေး။

## ပေးပုံ

"ဣမံ စီဝရံ အာယသ္မတော ဒမ္မိ" (ပါရာဇိကဏ္ဍ-နှာ-၂၉၆) ဟုပေးပြီးလျှင် အဓိဋ္ဌာန် ဝိကပ္ပနာတစ်ခုခု ဝိနည်းဓိုရ် ရှေ့မှာ ပြု၍ထား၊ နိဿဂ္ဂိ သင်္ကန်းအများဖြစ်ခဲ့သော် ဗဟုဝုစ်နှင့်ဆို။

## ဆိုပုံ

"ဣမာနိ မေ ဘန္တေ စီဝရာနိ ဒသဟာတိက္ကန္တာနိ နိဿဂ္ဂိယာနိ၊ ဣမာ နာဟံ အာယသ္မတော နိဿဇ္ဇာမိ"။(ပါရာဇိကဏ္ဍ-နှာ-၂၉၆) ဒေသနာ

ကြားရာ၌လည်း နှစ်ထည်ဖြစ်အံ့။

"အဟံ ဘန္တေ ဒွေ နိဿဂ္ဂိယာနိ ပါစိတ္တိယာနိ အာပန္နော၊ တာနိ တုမှမူလေ ပဋိဒေသေမိ" (ပါရာဇိကဏ္ဍ-နှာ-၂၉၆)၊ "ပဿသိ အာဝုသော တာ အာပတ္တိယော" ဟုဆို၊ သုံးထည်မှစ၍ အများဖြစ်ခဲ့သော် ဒွေနေရာမှာ သမ္ဗဟုလာနိ-ဟု ဆို၊ ဂိုဏ်း, သံဃာတို့၌ စွန့်နည်းကို ကျမ်းဂန်တို့မှာ ယူလေ။

ဒေသနာကြားရာ၌ ပကတိကြားမြဲတိုင်း ကြားလိုသော် ထိုပါစိတ်ကိုပါအောင် နှလုံးသွင်း၍ ကြားလျှင်လည်း ပြီးပါ၏။ နောက်၌လည်း ဤနည်းတူ သိလေ။

## ၂၁၂။ အမည်ဖော်ရင်း၊ သုံးထည်တွင်း၊ ညဉ့်ကင်း နိဿဂ္ဂ။

## တိစီဝရိတ် အဓိဋ္ဌာန်တင်ပုံ

ဣမံ အန္တရဝါသကံ အဓိဋ္ဌာမိ၊
ဣမံ ဥတ္တရာသင်္ဂံ အဓိဋ္ဌာမိ၊
ဣမံ သံဃာဋိံ အဓိဋ္ဌာမိ

ဟု အမည်ကို ဖော်လျက် အဓိဋ္ဌာန်တင်၍ ဆောင်သည်ကို ဝိနည်းတိစီဝရိတ် ဆောင်နည်းခေါ်သည်။ ထိုသုံးထည် အတွင်းတွင် တစ်ထည်ထည်နှင့်မျှ အရုဏ်တက်သည်တိုင်အောင် ကင်းကွာ၍ မနေအပ်။ နေခဲ့လျှင် နိဿဂ္ဂိပါစိတ် အာပတ်သင့်၏။

ညဉ့်ကင်းမှု, မကင်းမှု၌ ရဟန်းနေရာဌာန အထွေအပြား၊ သင်္ကန်းထားရာဌာန အထွေအပြားသို့ လိုက်၍ ပြောဆိုဖွယ် အလွန်ကျယ်၏။ အဋ္ဌကထာမှာ ယူလေ။

"ဣဒံ မေ ဘန္တေ စီဝရံ ရတ္တိ ဝိပ္ပဝုတ္ထံ၊ အညတြ ဘိက္ခု သမ္မုတိယာ နိဿဂ္ဂိယံ၊ ဣမာ ဟံ အာယသ္မတော နိဿဇ္ဇာမိ" (ပါရာဇိကဏ္ဍ-ပါဠိတော်-နှာ-၂၉၉) စွန့်ပုံ။

နှစ်ထည် သုံးထည်ဖြစ်ခဲ့လျှင်-

"ဣမာနိ မေ ဘန္တေ စီဝရာနိ ရတ္တိ ဝိပ္ပဝုတ္ထာနိ၊ အညတြ ဘိက္ခုသမ္မုတိယာ နိဿဂ္ဂိယာနိ၊ ဣမာ နာဟံ အာယသ္မတော နိဿဇ္ဇာမိ" (ပါရာဇိကဏ္ဍ-ပါဠိတော်-နှာ-၂၉၉)ဟု ဆိုလေ။

ကထိန်ရှိခဲ့သော် ပလိဗောဓ နှစ်ပါးမပြတ်မီ ကင်းရ၏၊ ဂိလာန ဖြစ်၍ ဘိက္ခုသမ္မုတိကို ရသူဖြစ်လျှင်လည်း ကင်းရ၏၊ အကြောင်း မညီညွတ်၍ သင်္ကန်းနှင့်ကင်းကွာ၍ အရုဏ်တက်အောင် နေရခွင့်ရှိခဲ့ သော် အဝေးက နေ၍ပင် ပစ္စုဒ္ဓိုရ်ပြုရ၏၊ "ဧတာနိ စီဝရာနိ ပစ္စုဒ္ဓရာမိ"ဟု သင်္ကန်းရှိရာကို မှန်း၍ဆို၊ အဓိဋ္ဌာန်ကျလေ၏၊ ဆယ်ရက် မလွန်မီ တဖန်တင်ရမည်။

## ၂၁၃။ ဆွေမတော်သူ၊ တောင်း၍ယူ၊ ရမူ နိဿဂ္ဂီ။

မိမျိုးခုနစ်ဆက် ဘမျိုးခုနစ်ဆက်မှ အလွတ်ဖြစ်၍ ဆွေမျိုး မတော်သောသူကို အဓိဋ္ဌာန် ဝိကပ္ပနာလောက်သော အဝတ်သင်္ကန်း ကိုတောင်း၍ ရခဲ့သည်ရှိသော် နိဿဂ္ဂိသင့်၏၊ ခိုးသူလုယူ၍လည်း ကောင်း, ပျောက်ပျက်၍လည်းကောင်း, သင်္ကန်းဝတ်စရာ မရှိသောအခါ ဝတ်လောက် ရုံလောက်ရုံမျှ တောင်းရ၏။

## ၂၁၄။ မဖိတ်သူက၊ လှူမည်ကြားလျှင်၊ ကောင်းစေ ချင်၍၊ စီရင်လေပြော၊ အတိုးပွား၊ စွန့်ပြော နိဿဂ္ဂီ။

ရှေး၌ မဖိတ်မကြားသောသူက မိမိကို သင်္ကန်းကပ်လှူလိမ့်မည်ဟု ကြားသိလေရာ သင်္ကန်းကို ကောင်းစေလိုလှ၍ ဘယ်လိုသင်္ကန်းကို လှူပါဟုပြောဆိုငြားအံ့၊ လှူဒါန်းသူ ရည်မှန်းရင်းထက် အဖိုးငွေပိုမို တိုးပွား၍ ကုန်ခဲ့သည်ရှိသော် ထိုသင်္ကန်းနိဿဂ္ဂိဖြစ်၏၊ အဖိုးငွေတိုးပွားမှု မရှိခဲ့လျှင် လိုရာကို ပြောဆိုရ၏။

သင်္ကန်း၌သာ မဟုတ်ကျောင်းဆောက်လုပ်လှူဒါန်းရာ၌လည်း ကောင်း၊ တစ်ပါးသော ဝတ္ထု ဘဏ္ဍာလှူဒါန်း ရာ၌လည်းကောင်း အဖိုးတိုး ပွားအောင် ရဟန်းက ကြောင့်ကြစိုက်ခြင်းငှာ မအပ်။

**၂၁၅။ သင်္ကန်းဖိုးကို၊ ခံပါဆို၊ ကိုယ်, နှုတ်, ပယ်မြစ်ဘိ။**

**၂၁၆။ ကပ္ပိယကို၊ ညွှန်းပါဆို၊ လိုရာညွှန်းအပ်၏။**

မလိမ္မာသောသူသည် သင်္ကန်းဖိုး ငွေဒင်္ဂါးကို ယူခဲ့၍ အရှင်ဘုရားအား သင်္ကန်းဖိုးလှူပါ၏၊ သင်္ကန်းဖိုးကို အလှူခံပါဟု ဆိုခဲ့လျှင် ငါတို့ရဟန်းမှာ ရွှေငွေကို အလှူမခံ၊ သင်္ကန်းကိုသာခံသည် ဟုဆို၍ ပယ်မြစ်ရမည်။ ထိုအခါ ကပ္ပိယကာရက ရှိပါသလော၊ ရှိလျှင် ညွှန်းပါ ဟုဆိုခဲ့သော် မည်သူရှိလေ၏ ဟုအလိုရှိရာ ညွှန်းအပ်၏။

## ဝေယျာဝစ္စကရ ကပ္ပိရကာရက အပြား

**၂၁၇။ ရဟန်းညွှန်းလေး၊ လူညွှန်းလေး၊ ဒွေးမှာ မညွှန်းပေ။**

## ကပ္ပိယကာရက ဆယ်မျိုး

(က) ကပ္ပိယကာရကသည် ရဟန်းညွှန်း လေးယောက်၊
(ခ) ပစ္စည်းရှင်ဖြစ်သူ လူညွှန်းလေးယောက်၊

(ဂ) မညွန်းရပဲ အလိုလို ပြုလုပ်သူ နှစ်ယောက်

ဟူ၍ တစ်ကျိပ်ရှိ၏။

**၂၁၈။ မျက်မှောက်, မျက်ကွယ်၊ ညွှန်းနှစ်သွယ်၊ မျက်ကွယ် သုံးယောက်ထွေ။**

**၂၁၉။ ရှေ့ဝယ်ဖိတ်သွား၊ ပြန်ဖိတ်ကြား၊ တစ်ပါးသူကို စေ။**

**၂၂၀။ လျှုရစ်, ခံရစ်၊ အဆိုနှစ်၊ စင်စစ်-ပါကောင်းလေ။**

"မျက်မှောက်, မျက်ကွယ်၊ ညွှန်းနှစ်သွယ်"ဆိုသည်ကား-

၁။ ရဟန်းညွှန်း၍ ပစ္စည်းရှင်က ကပ္ပိယကာရက ညွှန်းပါ ဆိုရာ ရဟန်းမျက်မှောက်မှာ ရှိသောသူကို ဤသူပင် ကပ္ပိယ ကာရကဟု မျက်မှောက်ညွှန်း၍ တစ်ယောက်-၁။

၂။ ဝေးရာမျက်ကွယ်မှာ ရှိနေသောသူကို မည်သည့်နေရာ ဌာနမှာ မည်သူသည် ငါတို့၏ ကပ္ပိယကာရက ဖြစ်သည်ဟု မျက်ကွယ်ညွှန်း တစ်ယောက်-၁။

"မျက်ကွယ် သုံးယောက်ထွေ" ဆိုသည်ကား ထိုရဟန်းညွှန်း နှစ်ယောက်တို့တွင် မျက်ကွယ်ညွှန်းသည် သုံးယောက် အထွေအပြား ရှိပြန်၏။ ပြားပုံကို နောက်သံပေါက်ဖြင့်ပြ၏။

၁။ မျက်ကွယ်မှာ ဖြစ်၍ ထိုသူ့ထံသို့ သွားမည်ရှိရာ ရဟန်းအား အပြီးဖိတ်ကြား၍ သွားသည်တရပ်။

၂။ ထိုသူ့ထံက ပြန်၍ ရဟန်းအား ဖိတ်ကြားသည် တရပ်။

၃။ တပါးသူကို စေလွှတ်၍ ရဟန်းအား ဖိတ်ကြားစေသည် တရပ်-

ဟူ၍ မျက်ကွယ်ညွှန်း သုံးယောက် ဖြစ်ပြန်၏။ ရဟန်းအား ဖိတ်ကြားပုံကို နောက်သံပေါက်ဖြင့်ပြ၏။

ထိုသူအား သင်္ကန်းဖိုးငွေ မည်မျှကို အပ်ပေးခဲ့ပါမည်၊ အရှင် အလိုရှိသောအခါ ထိုသူ့ထံမှာ သင်္ကန်းကို တောင်းခံရစ်ပါ ဟူ၍ ဖိတ်ကြား ၏။ ထိုသူကိုလည်း ရဟန်းတော်အလိုရှိသောအခါ သင်္ကန်းဝယ်၍ လှူရစ်ပါဟု ပြောခဲ့၏။

မျက်မှောက်ညွှန်း တစ်ယောက်၊ မျက်ကွယ်ညွှန်း သုံးယောက်၊ ရဟန်းညွှန်းလေးယောက်ဖြစ်၏။ လေးယောက် လုံးမှာပင် လှူရစ်, ခံရစ်၊ အဆိုနှစ်ကို စင်စစ်ရကောင်း၏။ ထိုအဆို နှစ်ခုရှိမှ တောင်းအပ်သည်။

လူညွှန်း လေးမှာလည်း "မျက်မှောက်, မျက်ကွယ်၊ ညွှန်းနှစ်သွယ်" ဆိုသည်ကား

ကပ္ပိယကာရကကို ညွှန်းပြတော်မူပါဟု လူကဆိုရာ ရဟန်းက ငါ့မှာ ကပ္ပိယကာရက မရှိဟုဆို၏။ ထိုအခါ ပစ္စည်းရှင် ဖြစ်သူလူက ရဟန်းမျက်မှောက်၌ ရှိနေသည့် လူတစ်ယောက်ကို အမောင်သည် ကပ္ပိယကာရက လုပ်ပါဟု ပြောဆို၍ လုပ်ပါမည် ဆိုသောအခါမှ ဤလူ သည် အရှင်၏ ကပ္ပိယကာရက ဖြစ်ပါသည်ဟု ညွှန်းပြ၏။ မျက်မှောက် ညွှန်းတည်း။

အရပ်ထဲမှာ မည်သူ ကပ္ပိယကာရကပြုလုပ်ပါစေမည်။ မျက်ကွယ် ညွှန်းတည်း။ မျက်ကွယ်သုံးယောက် ထွေပြားပုံ လှူရစ်, ခံရစ် ဖိတ်ကြား ပုံမှာ ရဟန်းညွှန်းနှင့် တူပြီ။

## ၂၂၁။ သုံးကြိမ်တောင်းအပ်၊ ခြောက်ကြိမ်ရပ်၊ ပြောအပ် ရဟန်းညွှန်းလေး။

## ၂၂၂။ အကြိမ်လွန်မိ၊ ရတုံဘိ၊ နိဿဂ္ဂိသင့်ရေး။

## ၂၂၃။ အတောင်း, အရပ်။ ကြိမ်မမှတ်၊ ပြုအပ် လူညွှန်းလေး။

ရဟန်းညွှန်း လေးဦး၌ ထိုသူနှင့် တွေ့ဆုံ၍ ငါသက်န်း အလိုရှိပြီဟု နှုတ်ဖြင့်တောင်းခြင်း၊ ထိုသူ့အိမ်သို့သွား၍ ကိုယ်နှင့်ရပ်ခြင်းကို ပြုအပ်၏၊

ထိုတွင် နှုတ်ဖြင့်တောင်းရာ၌ တစ်ကြိမ်နှင့် မလှူလျှင် နှစ်ကြိမ် သုံးကြိမ်ပင် တောင်းရ၏၊ သုံးကြိမ်မှ မလှူလျှင် ခြောက်ကြိမ်တိုင်အောင် ရပ်ရ၏။ သုံးကြိမ်တောင်း ခြောက်ကြိမ်ရပ်၍မှ မလှူခဲ့လျှင် တောင်းမှု ရပ်မှုကို မပြုရပြီ၊ ပစ္စည်းရှင်ကိုသာ မည်သူထံမှာ သင်အပ်နှံ၍ထားသော သက်န်းဖိုးသည် ငါတို့၌ အကျိုးမရှိဖြစ်နေပြီ၊ သင်တို့ဥစ္စာကို အချီးနှီး မဖြစ်ကြစေနှင့် ဟုပြန်ပြောရမည်၊ မပြောလျှင် ဝတ္တဘေဒဒုက္ကဋ် သင့်၏၊ သုံးကြိမ် ခြောက်ကြိမ်ထက်လွန်၍ တောင်းမှု, ရပ်မှုနှင့်ရခဲ့သော် နိဿဂ္ဂိ သင့်၏။

လူညွှန်း လေးဦး၌မူကား အကြိမ်မည်မျှသာ တောင်းရသည်, ရပ်ရသည်ဟု အရေအတွက် အမှတ်မရှိ၊ အကြိမ်တစ်ရာ, တစ်ထောင်ပင် တောင်းရ၏၊ ရပ်ရ၏၊ တောင်း၍, ရပ်၍မှ မလှူမဒါန်းနေခဲ့လျှင် ပစ္စည်းရှင်ကို ပြောဆို၍ ကပ္ပိယကာရကလွှဲပြောင်းပေးရ၏။

ရဟန်းညွှန်းသည် ကြပ်၏၊ လူညွှန်းသည်ချောင်၏၊ လူဖြစ်သူတို့ လိမ္မာကြဖို့ကောင်းလှ၏။

## ၂၂၄။ မျက်မှောက်, မျက်ကွယ်၊ ကျန်နှစ်သွယ်၊ ရှောင်ပယ် တောင်းရပ်လေး။

အညွှန်းမရှိသော ကပ္ပိယကာရကသည်လည်း မျက်မှောက်တစ်ယောက် မျက်ကွယ်တစ်ယောက်ဟူ၍ နှစ်ယောက်ရှိ၏၊ ရဟန်းက ကပ္ပိယမညွှန်းပဲ ရှိနေသောအခါ ရဟန်းမျက်မှောက်ရှိသူ လူတစ်ယောက်က ငါ့ကိုပေးပါ ငါကပ္ပိယကာရက လုပ်ပါမည်ဟု ဆိုလေရာ ထိုသူလက်၌ သက်န်းဖိုးကို ပေး၍သွား၏၊ ရွှေငွေရှင် ထိုသူနှစ်ဦးတို့သည်ပင်လျှင် ရဟန်းအား ဖိတ်ကြားမှုကို မပြုကြကုန်၊ ဤကား မျက်မှောက်တည်း။

ရွှေ ငွေရှင်သည် လွှတ်ရာ၌ တစ်ယောက်သောသူကို ရဟန်းတော်အား သင်္ကန်းဝယ်၍ လှူလိုက်ပါဟု အပ်နှံ၍ ထား၏၊ ဖိတ်မှု ကြားမှု မရှိ။ မျက်ကွယ်တည်း၊ ဤနှစ်ယောက်၌မူကား တောင်းမှု,ရပ်မှု မအပ်ပြီ၊ ကြောင့်ကြစိုက်ဖွယ် မရှိပြီ။

### ၂၂၅။ ကိုယ်တိုင်ခံခြင်း၊ ခံစေခြင်း၊ ဝမ်းတွင်း သာယာမိ။

### ၂၂၆။ ကြေး, ခဲ, ပိုက်ဆံ၊ ရွှေ, ငွေ, ဘဏ်၊ အမှန် နိဿဂ္ဂီ။

ကြေးနီပိုက်ဆံ, ခဲပိုက်ဆံတို့နှင့်တကွ ရွှေ, ငွေတို့ကိုလည်းကောင်း၊ ရွှေ,ငွေဖြင့်ပြုသော ထုံးဘူး, ဖလား အစရှိသော ဝတ္ထုဘဏ္ဍာမျိုးတို့ကိုလည်းကောင်း၊ ကိုယ်တိုင်ခံမှု ယူမှု သူတစ်ပါးကို အခံအယူစေခိုင်းမှုကိုယ် နှုတ်ဖြင့် ခံလည်းမခံ ပယ်လည်း မပယ်မူ၍ ဝမ်းထဲကသာစိတ်ဖြင့် သာယာခံယူမှုတို့ကို ပြုသည်ရှိသော် ထိုဝတ္ထုသည် နိဿဂ္ဂီဖြစ်၏။ ဝတ္ထုကိုလည်း စွန့်အပ်၏။ ပါစိတ်အာပတ်ကိုလည်း ဒေသနာကြားအပ်၏ ဟူလိုသည်။ ပိုက်ဆံဖြစ်၍နေသော ကြေးနီပြား, ခဲပြားများသည် ရွှေ,ငွေနှင့် အတူတူပင်။

ထိုဝတ္ထုတို့ကို ရဟန်းထံသို့ ယူခဲ့၍ ကိုယ်ဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း လျှုရာ၌ ကိုယ်ဖြင့်ခံယူမှု, ကောင်းပြီ ငါယူ၏ စသည်ကို ဆို၍ နှုတ်ဖြင့်ခံယူမှု, အရှင်မရှိသော ထိုဝတ္ထုတို့ကို တွေ့မြင်ရာ ကိုယ်တိုင် ကိုင်ယူမှုမျိုးသည် ကိုယ်တိုင်ခံယူမှု မည်၏၊ သူတစ်ပါးတို့ကို ခံလိုက်ယူလိုက်ဟု စေခိုင်းမှုသည် ခံစေယူစေမှုမည်၏၊

မျက်မှောက်, မျက်ကွယ် အနီးဝေး၌ရှိနေသော ထိုဝတ္ထုမျိုးကို အရှင်ဘုရားအား လျှုပါ၏၊ စွန့်ပါ၏၊ သုံးစွဲပါဟု ပေးအပ်လျှုဒါန်းရာ၌ ကိုယ်နှုတ်ဖြင့် ခံလည်းမခံ ပယ်လည်းမပယ် ဝမ်းထဲကသာ ကောင်း၏ ဟူ၍ သာယာမှုသည် စိတ်ဖြင့် သာယာခြင်း မည်၏။ ရွှေငွေအရာထား၍ သုံးကြသော နွတ်ခေါ်သော စက္ကူများသည်လည်း ရွှေငွေနှင့် အတူတူပင်။

## ၂၂၇။ ဒွါရသုံးသွယ်၊ ခုခုပယ်၊ မတွယ် မငြိဘိ။

ထိုသို့ကိုယ်နှုတ်တို့ဖြင့် ပေးမှုအပ်မှု လျှုဒါန်းမှုတို့ကို ပြုနေဆဲ အခါ၌ ကာယဒွါရ, ဝစီဒွါရ, မနောဒွါရသုံးပါးတို့တွင် တစ်ပါးပါးဖြင့် မအပ်ဖူး မခံဖူးဟူသော အခြင်းအရာတို့ကို ပြုလိုက်သည်ရှိသော် အာပတ်ကြီးငယ် အတွယ်အငြိမရှိ၊ လွတ်ကင်းလေ၏။ စိတ်ကပင် သာယာ၍ နေသော်လည်း ကိုယ်နှုတ်နှစ်ပါးတွင် တစ်ပါးပါးဖြင့် ပယ်သော အခြင်းအရာကို ပြုလိုက်လျှင် အပြစ်ကင်းလွတ်တော့သည်။

ထိုကဲ့သို့ ကိုယ်ဖြင့် နှုတ်ဖြင့် ပေးမှု, အပ်မှု လျှုဒါန်းမှုတင်းလင်း မရှိမူ၍ အလိုအလျောက်တည်နေသော ရွှေ,ငွေတို့ကို စိတ်ဖြင့် ဘယ်လိုပင် သာယာမိသော်လည်း အာပတ်မရှိ။

စွန့်ပုံကား-သံဃာ့အလယ်၌ စွန့်ရသည်။

"အဟံ ဘန္တေ ရူပိယံ ပဋိဂ္ဂဟေသိံ၊ ဣဒံ မေ ဘန္တေ နိဿဂ္ဂိယံ၊ ဣမာဟံ သံဃဿ နိဿဇ္ဇာမိ" (ပါရာဇိကဏ်-ပါဠိတော်-နှာ-၃၄၆)။ ဟုစွန့်၊

အာပတ်ကို ဒေသနာကြား။ ပြန်ပေးမရှိ။

စွန့်ရာဌာနသို့ ဂဟဋ္ဌဖြစ်သူ လူများလာခဲ့သည်ရှိသော် ဤဝတ္ထုကို သိလော့ဟုဆိုရ၏၊ ထိုဝတ္ထုကို ယူ၍ ထောပတ် ဆီဦး စသည်ကို ဝယ်ခြမ်း၍ လှူလာခဲ့လျှင် ရွှေ,ငွေရှင်ဖြစ်သော ရဟန်းကို ချန်လှပ်၍ တစ်ပါးသော ရဟန်းတို့ သုံးဆောင်အပ်၏။

ထိုသို့ မပြုခဲ့လျှင် လွတ်ရာ၌ စွန့်ပစ်လိုက်လော့ဟု ဆိုရမည်။ စွန့်ပစ်သည်ဖြစ်စေ, ယူ၍သွားသည်ဖြစ် စေ အနပေက္ခသာ နေရသည်၊ ထိုသို့ပြုလုပ်သူ လူမရှိခဲ့လျှင် လဇ္ဇီသဘောရှိသော ရဟန်းတစ်ပါးပါးကို ဉတ်ကမ္မဝါစာဖြင့် ရူပိယဆဍ္ဍက သမ္မုတိကို ပေး၍စွန့်ပစ်စေရသည်။

## ၂၂၈။ အရံကျောင်းတွင်း၊ မေ့ရစ်လျှင်းဘိ၊ လူမရှိ၊ မိမိကိုယ်တိုင်ထား။

ရဟန်းတို့ အမြဲနေရာ ကျောင်းတိုက်တွင်း၌သော်လည်းကောင်း ရဟန်းတို့ တည်းခိုနေထိုင်ရာ ဇရပ် တန်ဆောင်းတွင်း၌သော်လည်း ကောင်း၊ ရွှေ,ငွေရတနာတို့ကို လူတို့မေ့ရစ်၍ သွားကြကုန်သည်ရှိသော် လူရှိခဲ့လျှင် လူကို သိမ်းယူစေ၍ လုံးရေ, ချပ်ပြား အမှတ်အသား ထား စေရမည်၊ လူမရှိခဲ့လျှင် ရဟန်းကိုယ်တိုင်ကိုင်ယူ၍ သိမ်းထားရမည်၊ လူတို့ဥစ္စာ ဘဏ္ဍာ မိန်းမတို့တန်ဆာ ဘဏ္ဍာတို့၌လည်း ထိုနည်းတူ။

## ၂၂၉။ ရွှေ ငွေဝတ္ထု၊ ရောင်းဝယ်မှု၊ ပြုလျှင် နိဿဂ္ဂိ။

ပြဆိုခဲ့သော ဒင်္ဂါးပိုက်ဆံတို့ကို လဲလှယ် ရောင်းဝယ်မှုကို ပြုသည်ရှိသော် နိဿဂ္ဂိဖြစ်၏။ ရွှေငွေနှင့် ရွှေငွေချင်းသော်လည်းကောင်း, ရဟန်းက ကပ္ပိယဝတ္ထုဖြစ်၍ သူတစ်ပါးက ရွှေငွေဖြစ်ခဲ့သော်လည်း ကောင်း, ရဟန်းကိုယ်တိုင် လဲလှယ်ခြင်းကို ပြုခဲ့သည်ရှိသော် ရဟန်းမှာ

ရသောဝတ္ထုသည် ရွှေငွေပင်ဖြစ်စေ ကပ္ပိယ ဝတ္ထုပင်ဖြစ်စေ နိဿဂ္ဂိဖြစ်၏၊ သံဃာ့အလယ်၌စွန့်၊

## စွန့်ပုံ

"အဟံ ဘန္တေ ရူပိယ သံဝေါဟာရံ သမာပဇ္ဇိံ၊ ဣဒံ မေ ဘန္တေ နိဿဂ္ဂိယံ၊ ဣမာဟံ သံဃဿ နိဿဇ္ဇာမိ" (ပါရာဇိကဏ်ပါဠိတော်-နှာ-၃၄၈) ပြန်ပေးမရှိ။ ရှေးနည်းအတိုင်း ပြုလေ။

**၂၃၀။ ခံသူရောင်းဝယ်၊ စီရင်ချယ်၊ ကိုင်တွယ် သုံးသပ်ဘိ။**

**၂၃၁။ အာပတ် ကြီး, ငယ်၊ မလွဲဖွယ်၊ လေးသွယ် မှုပြစ်ရှိ။**

၁။ ရွှေငွေရတနာတို့နှင့် စပ်ဆိုင်ရာ ခံယူမှုတစ်ပါး,

၂။ လဲလှယ်မှုတစ်ပါး,

၃။ စီရင်မှုတစ်ပါး,

၄။ ကိုင်တွယ်သုံးသပ်မှုတစ်ပါး၊

အာပတ်ကြီးငယ်ကို ပြုတတ်သော အပြစ်ရှိသော အမှုကြီး, ငယ်လေးပါး။

ထိုလေးပါးတို့တွင်-

ခံယူမှုဆိုသည်ကား-"ကိုယ်တိုင်ခံခြင်း၊ ခံစေခြင်း၊ ဝမ်းတွင်း သာယာမှု"ဟူသော သံပေါက် အရကို ဆိုသည်။

ရောင်းဝယ်မှု ဆိုသည်ကား -"ရွှေငွေဝတ္ထု၊ ရောင်းဝယ်မှု၊ ပြုလျှင် နိဿဂ္ဂိ"ဟူသော သံပေါက်အရကို ဆိုသည်။

စီရင်ခြယ်ဆိုသည်ကား-"ရွှေငွေဝတ္ထု၊ ရောင်းဝယ်မှု၊ ပြုလျှင် နိဿဂ္ဂိ"ဟူသော သံပေါက်အရကို ဆိုသည်။

စီရင်ခြယ်ဆိုသည်ကား ရွှေငွေဘဏ္ဍာမျိုးကို သည်မှာထားလော့၊ ဟိုမှာ ထားလော့ ထုတ်လော့၊ သွင်းလော့၊ ပေးလိုက် ယူလိုက်၊ ဤဝတ္ထုနှင့် ဘာကိုဝယ်လိုက်၊ ကူလီခပေးလိုက်၊ စာရေးခပေးလိုက် စသည်ဖြင့် ရွှေငွေပိုက်ဆံ ဒင်္ဂါးကို တိုက်ရိုက် စီရင်ခြယ်လှယ်မှုကို ဆိုသည်။

ကိုင်တွယ်သုံးသပ်မှု ဆိုသည်ကား-ပကတိသော ရွှေ ငွေကိုလည်းကောင်း၊ ဖလား, ထုံးဘူးစသော ရွှေ ငွေဖြင့် ပြုလုပ်သော ဝတ္ထုများကို လည်းကောင်း ကိုင်တွယ်ထိပါး သုံးသပ်မှုတည်း၊ ရွှေချ၍ထားသော ဘုရား စေတီကိုပင် ရွှေ,ငွေကို သာယာသောစိတ်နှင့် ကိုင်ခြင်း, တွယ်ခြင်း, သုံးသပ် ထိပါးခြင်းငှာ မအပ်။

**၂၇၂။ ကြေး, ခဲ-ပိုက်ဆံ၊ ရွှေ ငွေ ဘဏ်၊ ခံလျှင် အာပတ် ကြီး။** (သိသာပြီ)။

**၂၇၃။ ရတနာဆယ်ပါး၊ စပါးခုနစ်၊ ခေတ္တ, ဝတ္ထု၊ နှစ်ခု ရေကန်၊ အရံဥယျာဉ်၊ မြင်း, ဆင်, ကျွဲ, နွား၊ သား, ငါး, ခွေး, ဝက်၊ ကြက်, ငှက်, တိရစ္ဆာန်၊ အလျှုခံ၊ အမှန် ဒုက္ကဋ်ချည်း။**

## ခေတ္တ

ရတနာဆယ်ပါး, စပါးမျိုးခုနစ်ပါးတို့ကို ရှေး၌ဆိုခဲ့ပြီ။ ကောက်ရင်၊ ကောက်ကြီး၊ ပြောင်းရင်၊ ပြောင်းကြီး၊ လူး၊ ဆပ်၊ ဂုံ-အစရှိသောစပါး မျိုးတို့ကို စိုက်ပျိုးရာ မြေအရပ်သည် ခေတ္တမည်၏၊ [လယ်ဟုခေါ်၏၊]

## ဝတ္ထု

ပဲမျိုး, နှမ်းမျိုး, ကြံမျိုး, ဗူး, ဖရုံ, ဖရဲ, သခွါးအစရှိသည်တို့ကို စိုက်ပျိုးရာ ရေအရပ်သည် ဝတ္ထုမည်၏၊ [ယာ-ဟုခေါ်၏။]

## နှစ်ခုရေကန်

အခွန်ရသော တစ်ဘက်ဆည်ကန်၊ လေးထောင့်ကန်တို့ကို နှစ်ခုရေကန်ဆိုသည်။

## အရံဥယျာဉ်

အရံဥယျာဉ် ဆိုသည်ကား-ငှက်ပျောခြံ၊ နာနတ်ခြံ၊ သရက်၊ ပိန္နဲ၊ ဒညင်း၊ ဒူးရင်း-စသည်ထွက်သော သစ်သီး,ပန်းမာလ်၊ အရံဥယျာဉ်မျိုး တို့ကိုဆိုသည်။ အာရာမ-ဟူသော ဝေါဟာရနှင့် လှူလှျှင်ခံအပ်၏။

ဤဒုက္ကဋ်နှဝတ္ထုမျိုးတို့၌ ခံအပ်သော ကပ္ပိယနည်းလမ်းလည်း များစွာရှိသေး၏။ အဋ္ဌကထာမှာယူလေ။

### ၂၃၄။ ပုဂ္ဂိုလ်, သံဃာ၊ ဂိုဏ်းအားသာ၊ ခံငှာ မအပ်သိ။

ဤရွှေငွေ ရတနာ စသည်တို့ကို အရှင်ဘုရားအား လှူပါ၏။ မည်သည့်ရဟန်းအားလှူပါ၏။ မည့်သည့် ဂိုဏ်းအား လှူပါ၏၊ သံဃာအား လှူပါ၏ဟု ပုဂ္ဂိုလ်,ဂိုဏ်း,သံဃာကို သုံးသပ်၍ လှူလှျှင် ခံခြင်းငှာ မအပ်။ ငါတို့ မခံအပ်ဘူးဟု မြစ်ပယ်ရမည်။

### ၂၃၅။ ဘုရား, တရား၊ စေတီအားနှင့်၊ ကျောင်းအား တတန်၊ နဝကံ၊ ပယ်ရန် ခွင့်မရှိ။

အဋ္ဌကထာ၌ စေတီအကျိုးငှာ မခံအပ်ဆိုသည်မှာ စေတီအကျိုး ငှာ အရှင်ဘုရားအား လှူပါ၏ဟုဆို၍ လှူသည်ကိုယူ။ စေတီ စသည်ကို သမ္မဒါန်ထား၍-

"ဗုဒ္ဓဿ ဒေမ၊ ဓမ္မဿ ဒေမ၊
စေတိယဿ ဒေမ၊ နဝကမ္မ ဿ ဒေမ"

ဟု ဘုရား, တရား, စေတီ, ကျောင်း, ပြာသာဒ်, နဝကမ္မအမှုတို့ကို သုံးသပ်၍ လှူခဲ့လျှင် ပယ်ခွင့်မရှိ၊ ပယ်ခြင်းငှာ မအပ်။ ရေစက်ခံသော ပုဂ္ဂိုလ်အား အပြစ်မရှိ။

ရေစက်ခံမှု၌ အပြစ်မရှိသော်လည်း ထိုကဲ့သို့ လှူပြီးသော ရွှေငွေစသော နိဿဂ္ဂိဝတ္ထုမျိုး ရတနာဆယ်ပါး စပါးမျိုးတို့ကိုမူကား စီရင်ခြင်း ကိုင်တွယ်သုံးသပ်ခြင်းတို့ကို လွတ်စေ၍ ကပ္ပိယကာရကတို့အား ကပ္ပိယ စကားဖြင့် ပြောကြားရ၏။

နဝကမ္မဆိုသည်ကား-ဘုရားတည်မှု, ဘုရားပြင်ဆင်မှု, ဇရပ်တန်ဆောင်း,ကျောင်း,ကန် ဆောက်လုပ်မှု ပြင်ဆင်မှု ရေတွင်း,ရေကန် တူးဖော်မှု ပြင်ဆင်မှု ဘုန်းကြီးပျံ, ပြာသာဒ် တလား, ရထား, လောင်တိုက် လုပ်ဆောင်မှုစသည်တို့တည်း။

ထိုအမှုတို့ကို လုပ်ဆောင်ရန် ရည်စူး၍ ငွေဒင်္ဂါးတို့ကို ရေ့၌ ထားပြီးလျှင် ရေစက်ချတော်မူပါဘုရား ဟုဆိုလျှင်-

"ဣမာနိ ကဟာပဏာနိ နဝကမ္မဿ ဒေမ"

ဟု ရေစက်ချ၍ ပေးခြင်းငှာ အပ်၏ဟု ယူကြကုန်၏၊ ပြုလုပ်ကြကုန်၏။

## ၂၃၆။ ရွှေ,ငွေ ခြယ်လတ်၊ ကျောင်းနှင့်စပ်၊ မအပ်သည် မရှိ။

ရွှေ ငွေရတနာ ခြယ်လှယ်သော ကျောင်းကြီယာမျိုး ဟူသမျှ သည် မအပ်ဟူ၍ မရှိ၊ အလှူခံကောင်းသည်။ ရွှေ ငွေရတနာကို ကိုင်မည်ဟု နှလုံး မပြုမူ၍ တိုင်ကိုကိုင်မည် နံရံကဲလားကိုကိုင်မည်ဟု

နှလုံးပြု၍ တိုင်တွယ် သုံးသပ်ခြင်းငှာ အပ်၏၊ ညောင်စောင်း အင်းပျဉ်, အိုးအင် အုတ်ခွက်,မျက်နှာကြက်, ကန့်လန့်ကာ စာတိုက် ဘီရိုစသော ကျောင်းအသုံးအဆောင်မျိုးတို့၌လည်း ထို့အတူမှတ်။

## ၂၃၇။ အရောင်းအဝယ်၊ လဲလှယ်, ငှားရန်၊ စကားကြမ်း၊ စွန်း၏ နိဿဂ္ဂိ။

သပိတ်သင်္ကန်းအစရှိသော ကပ္ပိယဝတ္ထုတို့၌ သီတင်းသုံးဖော်ငါးဦးတို့မှတစ်ပါး လူဖြစ်သောသူတို့နှင့် ရုန်းရင်းသော စကားကို မြွက်ဆို၍ ရောင်းမှုဝယ်မှု လဲလှယ်မှု အဖိုးအခနှင့် လှည်းလှေ ကုလီငှားရမ်းမှုတို့ကို ပြုသည်ရှိသော် နိဿဂ္ဂိပါစိတ် အာပတ်သင့်၏။

ကြမ်းသောစကားမျိုးဆိုသည်ကား-ရောင်းဝယ်လဲလှယ် ငှားရမ်းမှုတို့၌ လူဖြစ်သူတို့ ပြောဆိုကြသော စကားမျိုးတို့ကို ဆိုသတည်း။

ဤကပ္ပိယဝတ္ထုမျိုးတို့၌ ဤဝတ္ထုနှင့် ဘယ်ဟာကို ဝယ်ချေလော့၊ ဘယ်ဟာနှင့် လဲချေလော့၊ ဘယ်ဟာကို ငှားရမ်းချေလော့ဟု လူဖြစ်သောသူတို့ကို စေခိုင်းရ၏။

ရှေး၌ ပြဆိုခဲ့သော နိဿဂ္ဂိဝတ္ထု၊ ဒုက္ကဋ်ဝတ္ထုမျိုးတို့၌ ဤကဲ့သို့ဆို၍စေခိုင်းခြင်းငှာ မအပ်၊ စေခိုင်းရန် လူမရှိခဲ့သော် မိမိကိုယ်တိုင်ပင် ကပ္ပိယ စကားမျိုးနှင့် ပြုလုပ်ရ၏။

ကပ္ပိယစကားမျိုးဆိုသည်ကား-ငါ့မှာဆန်ရှိ၏၊ ပိတ်ရှိ၏၊ သင့်လက်မှ ဘယ်ဟာကို အလိုရှိ၏ဟု ပြောရ၏။ လှည်းအလိုရှိသည် လှေအလိုရှိသည် ဘယ်ဟာကို လုပ်ပေးလော့၊ ဆန်ရလတ္တံ့, ပိတ်ရလတ္တံ့ဟု ပြောရ၏။ အကပ္ပိယစကားဖြင့် ရောင်းဝယ်လဲလှယ် ခိုင်းစေခဲ့မှုဖြင့် ရရှိသောဝတ္ထုသည် နိဿဂ္ဂိဖြစ်၏။ စွန့်၍ အာပတ်ကို ဒေသနာကြားအပ်၏။ လှည်းငှား လှေငှားမှုစသည်တို့၌ ပါစိတ်အာပတ်ကိုသာ

ဒေသနာကြားအပ်၏။

ဤကပ္ပိယဝတ္ထုမျိုး၌ကား ဝိနည်းဓိုရ် ပြန်၍ပေးသော အခါ ထိုရဟန်းသုံးဆောင်ရ၏။

**စွန့်ပုံ**

"အဟံ ဘန္တေ ကာယဝိကာယံ သမာပဇ္ဇိံ ဣဒံ မေ ဘန္တေ နိဿဂ္ဂိယံ၊ ဣမာဟံ အာယသ္မတော နိဿဇ္ဇာမိ" (ပါရာဇိကဏ္ဍ ပါဠိတော် နှာ-၃၅၁) စွန့်ပုံ။ စွန့်ပြီးလျှင် ဒေသနာကြား။

ဣမံ ဝတ္ထုံ အာယသ္မတော ဒမ္မိ" (ပါရာဇိကဏ္ဍပါဠိတော်)။ ပြန်ပေး။

**၂၃၈။ အဆင်းသဏ္ဍာန်၊ လောက်သည်မှန်လျက်၊ ဓိဋ္ဌာန်,ဝိကပ်၊ မပြုလတ်ဘဲ၊ ဆယ်ရက်ကဲ၊ စွန့်မြဲ ထိုပတ္တ။**

အဓိဋ္ဌာန်လောက်သော အဆင်း, အဓိဋ္ဌာန်လောက်သော အကြီး, အငယ်သဏ္ဍာန်လုံလောက်လျက် အဓိဋ္ဌာန်သော်လည်း မတင် ဝိကပ္ပနာသော်လည်းမပြုဘဲ ဆယ်ရက်လွန်သောသပိတ်သည် နိဿဂ္ဂိ ဖြစ်၏။

အဓိဋ္ဌာန်လောက်သော အဆင်းဆိုသည်ကား-ကောင်းစွာ ကျက်သည်ဖြစ်၍မည်းနက်သောအဆင်း ပေတည်း။ အဓိဋ္ဌာန်လောက်သော အကြီးအငယ် သဏ္ဍာန်မှာ ရှေး၌ပြဆိုခဲ့ပြီ။

**စွန့်ပုံ**

"အယံ မေ ဘန္တေ (အာဝုသော) ပတ္တော ဒသာဟာတိက္ကန္တော နိဿဂ္ဂိယော၊ ဣမာဟံ အာယသ္မတော နိဿဇ္ဇာမိ" (ပါရာဇိကဏ္ဍပါဠိတော်)၊ စွန့်ပုံ၊ ဒေသနာကြား၊ ပြန်၍ပေး။

အဌကထာကြီး၌ မြေသပိတ်မှာ နှစ်ကြိမ်၊ သံသပိတ်မှာ ငါးကြိမ် ဖုတ်မှ အဓိဋ္ဌာန်လောက်သည်ဟူ၏။သာရတ္ထဒီပနီ၌ အကြိမ်သည် ပမာဏ မဟုတ်၊ မည်းနက်သောအဆင်းရှိ၍ သမဏသာရုပ္ပဖြစ်သည်သာ ပမာဏ ဟူ၏၊ ကင်္ခါ၌လည်း သမဏသာရုပ္ပဖြစ်သည်ကိုသာဆို၏။ အကြိမ်ကို မဆို။

**၂၃၉။ ငါးဘွဲ့မပြည့်၊ သပိတ်ရှိငြား၊ သူတစ်ပါး၊ တောင်း ငြား နိဿဂ္ဂီ။**

အဓိဋ္ဌာန်တင်သော သပိတ်သည် အထက်နှုတ်ခမ်းမှစ၍ ကွဲအက် သောအရေးအကြောင်း ရှိလာခဲ့သော် အရေး၏နှစ်ဖက်၌ စူးနှင့်ဖောက်၍ ကြိုးနှင့်ဘွဲ့သည်ကို အဘွဲ့ဟုဆိုသည်။ ကွဲကြောင်း ရှည်လျှင် လက်နှစ် သစ်ခြား၍ အဘွဲ့များစွာ ဘွဲ့ရသည်၊ ငါးဘွဲ့ရှိလျှင် ထိုသပိတ်ကို စွန့်၍ ဆွေမတော်သောသူကိုပင် သပိတ်လှူပါဟု တောင်းရ၏။ ငါးဘွဲ့မပြည့်မီ တောင်းခဲ့သော် ရသောသပိတ်သည် နိဿဂ္ဂီဖြစ်၏။

**၂၄၀။ သတ္တာဝါးတန်၊ သူ့ရက်လွန်၊ အမှန်နိဿဂ္ဂီ။**

"ထော, ဆီ, ဆီပျား၊ တင်လဲအား၊ ငါးပါး သတ္တာဟာ"ဟူ၍ ၁၀၂- တွင် ဆိုခဲ့ပြီးသော သတ္တာဟကာလိက ဆေးငါးပါးသည် အကပ်ခံ၍ ခုနစ်ရက်ကို လွန်သည်ရှိသော် နိဿဂ္ဂီဖြစ်၏၊ စွန့်ပြီးကို ဝိနည်းမိုရ်က ပြန်ပေး၍ ရသော်လည်း ကိုယ်အင်္ဂါနှင့်စပ်ရာ၌ အသုံးမပြုရ။

**၂၄၁။ ဖော်ရဟန်းအား၊ သင်္ကန်းပေး၍၊ အရေးမလှ၊ ယူပြန်က၊ ရလျှင်နိဿဂ္ဂီ။**

**၂၄၂။ ကြွင်းပစ္စည်းကို၊ ထိုနည်းအတူ၊ ပေးပြီးမူ၊ ယူ လျှင်ဒုက္ကဋ်သိ။**

အပေါင်းအဖော်ဖြစ်သောရဟန်းအား ဝိကပ္ပနာလောက်သော အဝတ်သက်န်းကို ပေးကမ်းချီးမြှောက်ပြီးမှ စိတ်တိုင်းမကျ၍ တဖန် အတင်းတောင်းခံ လုယက်၍ ယူပြန်အံ့၊ ရသောသင်္ကန်းသည် နိဿဂ္ဂိ ဖြစ်၏၊ မိမိဥစ္စာ အမှတ်နှင့် လုယူသည်ကို ဆိုသည်။ နောက် သံပေါက် လွယ်ပြီ။

**၂၄၃။ သံဃာအားမူ၊ လှူမည်မြွက်ကြား၊ ညွတ်ပြီး သားကို၊ မိမိကိုယ်ဖို့၊ ညွတ်စေမြို့၊ စွန့်ဖို့နိဿဂ္ဂိ။**

**၂၄၄။ သံဃာတော်၌၊ ထုတ်ဖော်မြွက်ကြား၊ ညွတ်ပြီး သားကို၊ တစ်ပါးပုဂ္ဂလ၊ ညွတ်စေက၊ သုဒ္ဓပါစိတ္တိ။**

သံဃိကအလှူ လှူမည်, သံဃိကကျောင်း ဆောက်မည်ဟု နှုတ်မြွက်၍ သံဃာအား ညွတ်ပြီးသော လာဘ်ကို သိလျက်နှင့် ငါ့အား လှူပါ၊ ငါ့ဖို့ဆောက်ပါဟု မိမိသို့ ညွတ်စေသောရဟန်းအား ထိုလာဘ်သည် နိဿဂ္ဂိဖြစ်၏။ စွန့်။ ဒေသနာကြား၊ ပြန်ပေး။

မိမိမှတစ်ပါး အခြားတစ်ဦးတစ်ယောက်သော ပုဂ္ဂိုလ်အား လှူပါ, ဆောက်ပါဟု ပုဂ္ဂိုလ်သို့ ညွတ်စေမှုကား သုဒ္ဓပါစိတ် အာပတ်သင့်၏။

မည်သည့်တိုက် သံဃာအား လှူမည်ဟု နှုတ်မြွက်၍ ညွတ်ပြီး သော ဝတ္ထုကို အခြားသော တိုက်သံဃာသို့သော်လည်းကောင်း၊ စေတီ တော်သို့သော်လည်းကောင်း ညွတ်စေအံ့၊ ဒုက္ကဋ်။

မည်သည့်စေတီတော်အား လှူမည်ဟု နှုတ်မြွက်၍ ညွတ်ပြီး သောဝတ္ထုကို အခြားစေတီတော်သို့လည်းကောင်း၊ သံဃာတော်သို့ လည်းကောင်း၊ ပုဂ္ဂိုလ်သို့လည်းကောင်း ညွတ်စေအံ့၊ ဒုက္ကဋ်။

မည်သည့်ပုဂ္ဂိုလ်အား လှူမည်ဟု နှုတ်မြွက်၍ ညွတ်ပြီးသော ဝတ္ထုကို အခြားပုဂ္ဂိုလ်သို့လည်းကောင်း၊ သံဃာတော်သို့သော်လည်း

ကောင်း၊ စေတီတော်သို့သော်လည်းကောင်း ညွှတ်စေအံ့၊ ဒုက္ကဋ်အာပတ်သင့်၏။

ပစ္စည်းရှင်တို့က အရှင်ဘုရား အလိုရှိရာ ညွှန်ပြရာ လှူပါမည် ညွှန်ပြတော်မူပါဆိုလျှင် ထိုပစ္စည်း အသုံးကျမည့်နေရာ အကျိုးများမည့်နေရာကို မြော်မြင်၍ ညွှန်ပြအပ်၏။

နိဿဂ္ဂိအမြွက် ပြီး၏။

-------------------

## ၁၈-သုဒ္ဓပါစိတ်

**၂၄၅။ ချွတ်ယွင်းစေလို၊ မုသားဆို၊ ထိုသူ ပါစိတ္တိ။**
**၂၄၆။ ပြက်ရယ်ပြုလို၊ ပြက်ချော်ဆို၊ ထိုသူ ဒုဗ္ဘာသိ။**
**၂၄၇။ ဝန်ခံစကား၊ ပျက်စေငြား၊ သူ့အား ပဋိဿဝိ။**

သူတစ်ပါးစိတ်၌ ဟုတ်သည်ကို မဟုတ်ဟူ၍ မဟုတ်သည်ကို အဟုတ်ဟူ၍ အထင်အမှတ် လွဲချော် ချွတ်ယွင်းစေလိုသောစိတ်နှင့် မဟုတ်စကား မုသားပြောဆိုသောရဟန်းအား ပါစိတ်အာပတ်သင့်၏။

ချွတ်ယွင်းစေလိုသော စိတ်မျိုးမရှိပဲ အပျက်အချော် ကရော်ကမည် ရယ်စရာ ပြုံးစရာအလိုနှင့် မဟုတ်စကား ပြောဆိုသောသူအား ဒုဗ္ဘာသိအာပတ်သင့်၏။

ရှေးအဖို့၌ ဖြောင့်စင်းသောစိတ်နှင့် လာမည် ပြုမည်စသည်ဖြင့် သူတပါးတို့အား ဝန်ခံပြီးသောစကားကို အချိန်ကျခါ မလာ မပြုနေလျက် ပျက်ကွက်စေသော ရဟန်းအား ပဋိဿဝဒုက္ကဋ်သင့်၏၊ အချိန်မကျမီတင် ကူး၍ ဝန်ခံမှုကို ပြောဆိုနုတ်သိမ်းလျှင် လွတ်ခွင့်ရှိ၏။

**၂၄၈။ ဆဲခြင်းဆယ်ပါး၊ ရဟန်းအား၊ ဆဲငြား ပါစိတ္တိ။**
**၂၄၉။ ဆဲခြင်းဆယ်ပါး၊ ပြက်ရယ်အား၊ ဆိုငြား ဒုဗ္ဘာသိ။**
**၂၅၀။ မျိုး, မည်, နွယ်, ကံ၊ တတ်, နာ, သဏ္ဍာန်၊ ကိလံ, အာ, အက်ထိ။**

ဒေါသစိတ်ဖြင့် ရဟန်းဖြစ်သော သူတစ်ပါးကို ဆယ်ပါးသော ဆဲရေးခြင်းတို့တွင် တစ်ပါးပါးသော ဆဲရေးခြင်းဖြင့် ဆဲဆို ထိပါးသော ရဟန်းအား ထိုရဟန်းသည် ကြားသိခဲ့သော် ပါစိတ်သင့်၏။

## ဆဲရေးခြင်းဆယ်ပါး

ဆယ်ပါးသော ဆဲရေးခြင်းဆိုသည်ကား-

၁။ အမျိုးကို ထိခြင်း,
၂။ အမည်ကို ထိခြင်း,
၃။ အနွယ်ကို ထိခြင်း,
၄။ ထိုသူ ပြုလုပ်သောအမှုကို ထိခြင်း,
၅။ အတတ်ပညာကို ထိခြင်း,
၆။ ထိုသူ၌ ရှိသော အနာရောဂါကို ထိခြင်း,
၇။ အနိမ့်,အမြင့် အတိုအရှည် အဖြူအမည်းစသော ထိုသူတို့၏ အဆင်းသဏ္ဍာန်ကို ထိခြင်း,
၈။ လောဘကြီးမှု, ဒေါသကြီးမှု, မိုက်မဲမှု, မာန, ဒိဋ္ဌိ, ဣဿာ, မစ္ဆရိယစသော ကိလေသာကို ထိခြင်း,
၉။ ပါရာဇိက စသော ထိုသူမှာရှိနေသော အာပတ်ကို ထိခြင်း,
၁၀။ အမျိုးမျိုးသော ဆဲရေးတိုင်းထွာမှု

ဤကား ဆဲရေးခြင်း ဆယ်ပါးတည်း။

လက်ာ၌ ကမ္မကို ကံ-ဆိုသည်၊ လိင်ခေါ်သော အဆင်းသဏ္ဌာန်ကို သဏ်-ဆိုသည်၊ ကိလေသာကို ကိလံ-ဆိုသည်၊ အာပတ်ကို အာ-ဆိုသည်၊ အက္ကောသခေါ်သော လောကဆဲရေးမှုကို အက်-ဆိုသည်၊ ထိကား ထုတ်ဖော်ထိပါး၍ ပြောဆိုမှုတွေကို ဆဲရေးမှုခေါ်သည်ဟု ပြသည်၊ ဒေါသစိတ်ဖြင့် သူတစ်ပါး မခံနိုင်မည့် အရာကိုရှာ၍ ဆိုသည်ကို ထိပါးမှုဆိုသည်။

လူ,သာမဏေတို့ကို ဆဲဆိုထိပါးခဲ့သော် ဒုက္ကဋ်အာပတ်သင့်၏၊ ဒေါသစိတ်မရှိပဲ ပြက်ရယ်ပြုမှုဖြင့် လူ, ရှင်, ရဟန်းအား ထိပါးပြောဆိုခဲ့သော် ဒုဗ္ဘာသီ အာပတ်သင့်၏။

**၂၅၁။ ဆဲခြင်းဆယ်ပါး၊ ယူဆောင်ကြား၍၊ စကားကုန်းသွင်း၊ ရဟန်းချင်း၊ ဖျက်လျှင်း ပါစိတ္တိ။**

ရဟန်းတစ်ပါးက ရဟန်းတစ်ပါးအား ဆယ်ပါးသော ဆဲရေးမှုတို့တွင် တစ်ခုခုဖြင့် ထိထိပါးပါး ပြောဆိုသည်ကို တစ်ယောက်သော ရဟန်းက ကြားသိလေ၍ ပြောဆိုသော ရဟန်း၏ အကျိုးမဲ့ကို အလိုရှိသော်လည်းကောင်း၊ တစ်ဦးသောရဟန်းကို မျက်နှာလုပ်လို၍သော်လည်းကောင်း သင့်ကို မည်သူက သည်လိုဆိုသည် ပြောသည်ဟု ရဟန်းအချင်းချင်းကို ကုန်းတိုက်စကားဖြင့်ပြော၍ ဖျက်ဆီးသောရဟန်းအား ပါစိတ်အာပတ်သင့်၏။ လူ, သာမဏေတို့ကို ထိုသို့ဖျက်ဆီးလျှင် ဒုက္ကဋ်။

**၂၅၂။ သာမဏေလူ၊ နှစ်ဦးသူအား၊ ပြိုင်တူဆိုကာ၊ ပါဠိစာ၊ ချရာ ပါစိတ္တိ။**

**၂၅၃။ ပဒါ-နုပဒ၊ နွက္ခရဟု၊ အနုဗျဉ္ဇနံ၊ ဤလေးတန်၊ ခွဲရန် အာပတ္တိ။**

လူသာမဏေတို့အား သင်္ဂါယနာ သုံးတန်တင်သော ပါဠိတော် ပါဠ်, အဋ္ဌကထာပါဠ်များကို ပို့ချသင်ကြားသောအခါ ပါဠိကို ပြိုင်တူ ရွတ်ဆို၍ ပို့ချသင်ကြားသောရဟန်းအား ပါစိတ်အာပတ်သင့်၏။

ပါဠိတော်လာ ဂါထာပါဒ, စုဏ္ဏိယဝါကျတို့၌-

| | | | |
|---|---|---|---|
| ၁။ | ပဒ, | ၃။ | အနွက္ခရ, |
| ၂။ | အနုပဒ, | ၄။ | အနုဗျဉ္ဇန |

ဟူ၍ အစိတ်လေးပါး ရှိ၏။

## ပဒပြိုင်ပုံ

ဂါထာတို့၌ ပဌမပါဒကို စုဏ္ဏိယတို့၌ ပဌမဝါကျကို ချပို့ရာ အချို့, အချ ပြိုင်မိကြရာ၌ ပဒပြိုင်မှု၌ အာပတ် တစ်ချက်သင့်၏၊

## အနုပဒပြိုင်ပုံ

ပဌမပါဒ, ပဌမဝါကျတို့၌ မပြိုင်ကြမူ၍ နောက်နောက်သော ပါဒ,ဝါကျတို့၌ ပြိုင်မိကြမူ အနုပဒပြိုင်မှုနှင့် တစ်ပါဒ, တစ်ဝါကျလျှင် အာပတ်တစ်ချက်စီသင့်၏။

## အနွက္ခရပြိုင်ပုံ

ရဟန်းကသာ အတွင်ရွတ်ဆို၍သွားရာ လူသာမဏေက မလိုက်ပဲ တစ်ခုသော အက္ခရာကို အပြိုင်ရွတ်၍ ရပ်နေအံ့။ အနွက္ခရ ပြိုင်မှုနှင့် အာပတ်သင့်၏။

## အနုဗျဉ္ဇနပြိုင်ပုံ

“ရူပံ အနတ္တာ, ဝေဒနာ အနတ္တာ” ကို နှုတ်တိုက်ချရာ၌ ရူပံ အနတ္တာ-ပုဒ်ကို ချပြီး၍ ဝေဒနာ အနတ္တာ-ကို ချရာ၌ လူ,သာမဏေက

ရူပံ အနတ္တာ-ဟူသော ရှေ့ပဒပါချီ၍ လာသဖြင့် ဝေဒနာ အနတ္တာ-၌ ရဟန်းဆိုသော အနတ္တာနှင့် ရှေ့ပဒ အနတ္တာ ပြိုင်မိကြအံ့။ အနုဗျဥ္ဇန ပြိုင်မှုနှင့် အာပတ်သင့်၏။

**၂၅၄။ လူ,သာမဏေ၊ မေထုန်လောက်တန်၊ တိရစ္ဆာန်နှင့်၊ သုံးည၌လွန်တူ၊ အိပ်မိမူ၊ မှတ်ယူ ပါစိတ္တိ။**

**၂၅၅။ ထက်ဝက်လွန်တုံ၊ မိုးကာစုံ၊ လောက်လုံ ပါစိတ္တိ။**

**၂၅၆။ အမြင့်တောင့်ထွာ၊ ရှိခဲ့လာ၊ အကာ ဆိုလောက်၏။**

**၂၅၇။ တပြင် အောက်ထက်၊ အမိုးယှက်၍၊ ထွက်ဝင်တံခါး၊ တူကြငြား၊ ဆောင်ခြား မဟုတ်သိ။**

လူ, သာမဏေနှင့်လည်းကောင်း၊ ခွေး, ဝက်, ကြောင်, ကြက် အစရှိသော မေထုန်အမှုဖြင့် လောက်သော တိရစ္ဆာန်များနှင့်လည်းကောင်း၊ သုံးည၌ထက်လွန်၍ တစ်မိုးတစ်ရံအတွင်း၌ အရုဏ်တက်အောင် အိပ်နေသော ရဟန်းအား ပါစိတ်အာပတ်သင့်၏။ တစ်မိုးတစ်ရံဆိုရာ၌လည်း ထက်ဝက်ထက်များသောအမိုး, ထက်ဝက် ထက်များသော အကာရှိလျှင် ပါစိတ်အာပတ်သင့်လောက်ပြီ။

အမိုးထက်ဝက်, အကာထက်ဝက်သာရှိလျှင် ဒုက္ကဋ်၊ အကာ၌လည်း ရေတံစက်ကျရာအတွင်း၌ အယုတ်ဆုံး အမြင့်အားဖြင့် မဇ္ဈိမပုရိသ တစ်တောင့်ထွာရှိမှ အကာလောက်သည်။ ပကတိပုရိသ နှစ်တောင့်ခြောက်သစ်တည်း၊ ဝိနိစ္ဆယဋီကာ။

အဆောင်တွေများစွာ တစ်ပြင်တည်းဆက်၍ တည်ရာ၌ အမိုးချင်းယှက်လျက် တစ်ဆောင်နှင့် တစ်ဆောင် အမိုးတွင်း, အကာတွင်းမှ လျှောက်သွားနိုင်လောက်သော ထွက်ပေါက်, ဝင်ပေါက်တူ

ခဲ့ကြသော်လည်းကောင်း၊ သုံးဆင့်တိုက်, လေးဆင့်တိုက်တို့၌ အမိုးတွင်းမှ တစ်ဆင့်နှင့်တစ်ဆင့်တက်ကာ, ဆင်းကာ သွား,လာနိုင်ခဲ့သော်လည်း ကောင်း၊ အဆောင်ခြားသည် အဆင့်ခြားသည်ဟု မမှတ်လင့်။ အလုံးစုံသော အဆောင်စု, အဆင့်စုသည် တစ်ခုသော ဥပစာရှိကြသည်ဖြစ်၍ တစ်ဆောင်တည်းပင် မည်၏။

တစ်ဆောင်၌လည်းကောင်း တစ်ဆင့်၌လည်းကောင်း အိပ်သော လူ,သာမဏေ စသည်သည်တစ်ပါးသော အဆောင်, တစ်ပါးသော အဆင့်၌ အိပ်သော ရဟန်းအား ပါစိတ်, ဒုက္ကဋ်အာပတ်ကို ဖြစ်စေနိုင်၏။

ကုဋ္ဋိလေးလုံးတို့၌ ကပ္ပိယကုဋ္ဋိအင်္ဂါတွင် ဤသဟသေယျ လောက်သော အမိုး,အကာအင်္ဂါသည်ပါရှိ၏။အကပ္ပိယကုဋ္ဋိတို့၌ ယာဝကာလိက, ယာမကာလိက ဝတ္ထုတို့၏ အန္တောဝုတ္ထ အန္တောပက္က ဖြစ်ထိုက်ရာဌာန ဟူသည်လည်း ဤသဟသေယျ အာပတ်သင့်လောက် ရာဌာနကို ဆိုသတည်း။ ကပ္ပိယကုဋ္ဋိတို့၌ကား အန္တောဝုတ္ထ, အန္တောပက္က ဟူ၍ မရှိပြီ။

## ၂၅၈။ အမနှင့်မူ၊ တစ်ညဥ့်တာမျှ၊ ခွင့်မရ၊ အိပ်က ပါစိတ္တိ။

လူ မိန်းမ၊ မေထုန်လောက်သော ပါရာဇိက လောက်ကောင်းသော တိရစ္ဆာန်မတို့နှင့်မူကား သဟသေယျ လောက်သောနေရာ၌ တစ်မိုးတစ်ရံတွင်းမှာ တစ်ညဥ့်မျှ ပြိုင်၍ အိပ်ခွင့်မရ။ နေဝင်သည့်နောက် ထိုဌာနအတွင်း၌ မာတုဂါမသည်အိပ်၍နေအံ့။ ရဟန်းသည် မာတုဂါမ ရှိမှန်းသိသည်ဖြစ်စေ, မသိသည်ဖြစ်စေ ကိုယ်ကိုလှဲ၍ အိပ်သည်နှင့် တစ်ပြိုင်နက်အာပတ်သင့်၏။ မှီရာဌာန၌ မှီ၍ထိုင်လျက်အိပ်မူ အာပတ် လွတ်၏။

## ၂၅၉။ ဆယ့်နှစ်တောင်တွင်း၊ ယောက်ျားကင်းလျက်၊ ခြောက်ခွန်းထက်များ၊ ဣတ္ထိအား၊ ဟောငြား ပါစိတ္တိ။

မျက်စိမြင်ကောင်းသောနေရာတွင် ဆယ့်နှစ်တောင်အတွင်း၌ သိ,ကြားလိမ္မာသော ယောက်ျားဖြစ်သောသူ မရှိဘဲ ဣတ္ထိတို့အား ခြောက်ခွန်းထက်လွန်၍ ပါဠိတော်ပါဠ်, အဋ္ဌကထာပါဠ်များကို ဟောသောရဟန်းအား ပါစိတ်အာပတ်သင့်၏၊ ခြောက်ခွန်းမျှကား ဟောရ၏။

တစ်ခွန်းဆိုသည်ကား ဂါထာတို့၌တစ်ပါဒသည် တစ်ခွန်းမည်၏၊ စုဏ္ဏိယတို့၌ ဝါကျတစ်ခုသည် တစ်ခွန်းမည်၏၊ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ"သည် တစ်ခွန်းမည်၏၊ "ပါဏာတိပါတာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ" သည် တစ်ခွန်းမည်၏။

သရဏဂုံပေးမှု သီလဥပုသ်ပေးမှုများသည် တရားဟောမှု မဟုတ်သောကြောင့် အပ်၏ဟူ၍လည်း ယူကြကုန်၏၊ ဆင်ခြင်။

သရဏဂုံ,သီလ ဥပုသ်ပေးရာ၌ တစ်ဆယ့်နှစ်တောင်တွင်း၌ သိ,ကြားလိမ္မာသော ယောက်ျားကို နေစေ၍ ပေးရမည်၊ ထိုယောက်ျားသည် သရဏဂုံသီလ ဥပုသ်မခံသော်လည်း အနီး၌ရှိနေလျှင် အပ်တော့သည်။

## ၂၆၀။ ဇာတိမြေကို၊ ကိုယ်တိုင်တူးငြား၊ တူးစေငြား၊ နှစ်ပါး ပါစိတ်သင့်။

ဤမဟာပထဝီမြေကြီး၌ ဖြစ်မြဲပကတိတည်လျက်ရှိသော မြေမှုန့်မျိုးမြေစိုင်ခဲမျိုး ထက်ဝက်အောက်နည်းသောကျောက်, နည်းသောသဲတို့နှင့်ရောသော မီးမသင့်ဘူးသေးသောမြေကို ဇာတိမြေဆိုသည်။ ထိုမြေကို သိလျက်နှင့် ကိုယ်တိုင် တူးမှု ဆွမှု ပွန်းအောင်

ပွဲအောင်ပြုမှု ထိုမြေပေါ်၌ ကိုယ်တိုင် မီးကိုထားမှုစသည်ကို ပြုခဲ့သော် လည်းကောင်း, သူတစ်ပါးကိုတူးလော့ ဆွလော့ အစရှိသောအကပ္ပိယ စကားဖြင့် စေခိုင်းခဲ့သော်လည်းကောင်း အမှုနှစ်ပါးအတွက် ပါစိတ် နှစ်ချက်သင့်၏။

**၂၆၁။ ကပ္ပိယံ ကရောဟိ၊ ဒေဟိ, ဇာန၊ အာဟာရ, အတ္ထော၊ ဤအပြော၊ အပ်သော ပြုလုပ်ခွင့်။**

ဤမြေကို ကပ္ပိလော၊ ဤနေရာ၌ တွင်းကိုကပ္ပိလော့၊ ဤမြေကို ယူ၍ပေးလော့၊ ဤမြေကို သိလော့၊ ဤမြေကို ဆောင်ခဲ့လော့၊ ဤမြေဖြင့် အလိုရှိသည်၊ ဤအလုံးစုံသည် ကပ္ပိယစကားချည်းသာတည်း။

**၂၆၂။ နွယ်, မြက်, သစ်ပင်၊ စိမ်းစိုစဉ်၊ ဖျက်လျှင် ပါစိတ်သင့်။**

ဗီဇဂါမ်ငါးမျိုးတို့မှ ပေါ်ထွက်ပေါက်ရောက်၍ ထိုအပင်၌ စိမ်းစိုသော သဘောနှင့်တကွ ပွားမှု ကြီးမှု အရွက်အညွန့် ပေါက်ရောက်မှု ရှိနေသော နွယ်မြက်သစ်ပင်ဟူသော ဘူတဂါမ်ဝတ္ထုကို ကိုယ်တိုင်ဖြတ် ခုတ် ချိုးဖွဲ့ခြင်းစသည်ဖြင့် ဖျက်ဆီးခဲ့သော်လည်းကောင်း၊ သူတစ်ပါးအား ဤအပင်ကိုဖြတ်လော့၊ ဤအကိုင်းကို ချိုးလော့၊ ဤအရွက် အပွင့်ကို ဆွတ်လော့၊ ဤအမြစ်ကိုတူးလော့၊ ဤသစ်ပင်ကို မီးရှို့လော့ အစရှိသော အကပ္ပိစကားတို့ဖြင့် စေခိုင်းခဲ့သော်လည်းကောင်း ပါစိတ်သင့်၏၊ ဤ၌လည်း "ကပ္ပိယံ ကရောဟိ"အစရှိသော စကားတို့သည် ကပ္ပိယ စကားတို့တည်း၊ ဗီဇဂါမ်ငါးပါးကို ရှေ့၌ဆိုခဲ့ပြီ။

**၂၆၃။ ပိုးရှိရေကို၊ မြေပေါ်, မြက်ပေါ်၊ လောင်းမိသော်၊ ချွတ်ချော် ပါစိတ္တိ။**

**၂၆၄။ ပိုးရှိရေကို၊ သောက်လေ, ချိုးလေ၊ ဆေးကြော လေ၊ စွန်းချေ ပါစိတ္တိ။**

ဤကဲ့သို့ လောင်းခြင်း, သောက်ခြင်း စသည်ကိုပြုလျှင် ဤပိုးတို့သည် သေကြေကုန်လိမ့်မည်ဟု သိမြင်လျက် ပြုသည်ကို ဆိုသည်။

**၂၆၅။ တိရစ္ဆာန်ကို၊ သေစေလိုမှု၊ သေကြောင်းပြု၊ သတ်မှု ပါစိတ္တိ။**

ရှေ့နှစ်ပါးတို့၌ သေစေလိုမှု မဟုတ်သောကြောင့် သတ်မှု ပါစိတ်မဟုတ်၊ ဤ၌သာ သေစေလိုမှုနှင့်ပြုသော ပယောဂမျိုးဖြစ်၍ သတ်မှု ပါစိတ်ဆိုသည်။

**၂၆၆။ လင်နှင့်, မယား၊ နှစ်ပါးပျော်ခင်း၊ တိုက်ခန်းတွင်း၊ ချဉ်းနေ ပါစိတ္တိ။**

**၂၆၇။ မိန်းမနှင့်သာ၊ ပုန်းကွယ်ရာတွင်း၊ နှစ်ယောက်ချင်း၊ နေလျှင်း ပါစိတ္တိ။**

**၂၆၈။ မကွယ်မကာ၊ လွင်ပြင်မှာလည်း၊ ဥပစာတွင်း၊ အဖော်ကင်း၊ နေလျှင်း ပါစိတ္တိ။**

(၁၂-တောင်ကို ဥပစာဆိုသည်။ ။အကြွင်းသိသာပြီ)။

**၂၆၉။ မိန်းမနှင့်လျှင်၊ တိုင်ပင်နှောနီး၊ ချိန်းချက်ပြီး၊ ခရီး ပါစိတ္တိ။**

အမိရင်း အမရင်း နှမရင်းနှင့်ပင် ဖြစ်သော်လည်း ရွာတပါးသို့ အတူသွားလာရန် တိုင်ပင်မှုကို မပြုရာ။ ထွက်မိသည်နောက် တွေ့ဆုံကြ၍ အတူတကွ သွားကြသော် အာပတ်လွတ်၏။

**၂၇၀။ သေရက် ငါးထွေ၊ သေရည် ငါးပါး၊ ယစ်မျိုးများ၊ မျိုငြား ပါစိတ္တိ။**

## ၂၇၁။ ပိဋ္ဌ, ပူဝ၊ သြဒန၊ ကိဏ္ဏ, သမ္ဘာရာ။

### သေရည်ငါးမျိုး

၁။ ပိဋ္ဌသုရာ,
၂။ ပူဝသုရာ,
၃။ သြဒနသုရာ,
၄။ ကိဏ္ဏပက္ခိတ္တသုရာ,
၅။ သမ္ဘာရသံယုတ္တသုရာ။

### အဓိပ္ပါယ်

၁။ ပိဋ္ဌသုရာ၊ ဆန်မှုန့်ကို ပြုလုပ်သော သေရည်။
၂။ ပူဝသုရာ၊ မုယောမုန့်ကို ပြုလုပ်သော သေရည်။
၃။ သြဒနသုရာ၊ ထမင်းကို ပြုလုပ်သောသေရည်။
၄။ ကိဏ္ဏပက္ခိတ္တသုရာ၊ တဆေးမှုန့်ကိုခပ်၍ ပြုလုပ်သော သေရည်။
၅။ သမ္ဘာရ သံယုတ္တသုရာ၊ အဆောက်အဦ အမျိုးမျိုးတို့ကို ပေါင်းစု၍ ပြုလုပ်သောသေရည်။

## ၁၇၂။ ပုပ္ဖ, ဖလ၊ မဓုက၊ ဂုဠ, သမ္ဘာရာ။

### တစ်နည်း သေရည်ငါးမျိုး

၁။ ပုပ္ဖါသဝ,
၂။ ဖလာသဝ,
၃။ မဓွာသဝ,
၄။ ဂုဠာသဝ,

၅။ သမ္ဘာရသံယုတ္တ။

## အဓိပ္ပါယ်

၁။ ပုပ္ဖါသဝ၊ သစ်ပွင့်ရည်မှဖြစ်သော အရက်။
၂။ ဖလာသဝ၊ သစ်သီးရည်မှ ဖြစ်သောအရက်။
၃။ မဓွာသဝ၊ မုဒြိက်ရည်မှဖြစ်သော အရက်။
၄။ ဂုဠာသဝ၊ ကြံရည်မှ ဖြစ်သောအရက်။
၅။ သမ္ဘာရသံယုတ္တ၊ အဆောက်အဦတို့ကို ပေါင်းစု၍ ဖြစ်သောအရက်။

ဤယစ်မျိုးများကို သောက်စားခဲ့လျှင် မျိုတိုင်းမျိုတိုင်း ပါစိတ်သင့်၏။

**၂၇၃။ မြှောက်ကြဲ လှုပ်ယမ်း၊ ကူးသန်း ငုပ်ပေါ်၊ လှေ လှော်ဘောင်ခတ်၊ ရေနှင့်စပ်ငြား၊ ပျော် ကစား၊ သင့်ငြား ပါစိတ္တိ။** ။သိသာပြီ။

အပျော်အပါး ကစားမြူးထူးလိုသော စိတ်ဖြင့် ပန်းကန်, ဇွန်း, ခွက်၌ရှိသော ရေကိုမျှ, ခံတွင်း၌ ရှိသောရေ ကိုမျှ လှုပ်ရှားကစားခြင်းငှာ မအပ်။

**၂၇၄။ ကိုယ်တွင် ထိလျှင်း၊ ရဟန်းချင်းအား၊ ပျော် ကစား၊ သင့်ငြား ပါစိတ္တိ။**

**၂၇၅။ လူ, ရှင်, တိရစ္ဆာန်၊ ရယ်မြူးရန်၊ ထိပြန် ဒုက္ကဋ် သိ။**

ရယ်မြူးလိုသော စိတ်ဖြင့် ရဟန်းဖြစ်သူကို ကိုယ်အင်္ဂါဖြင့် ထိပါးခဲ့သော် ပါစိတ်။ လူ, သာမဏေ, တိရစ္ဆာန် သတ္တဝါများကို

ထိပါးခဲ့သော် ဒုက္ကဋ်သင့်၏။

**၂၇၆။ ရဟန်းချင်းလျှင်၊ ပညတ်တော်ပြ၊ ဆုံးမသည်ကို၊ မကျင့်လို၍၊ မရိုမသေ၊ ပြန်လှန် ချေ၊ သင့်လေ ပါစိတ္တမှု။**

ဝိနည်းပညတ်တော်ကို ဖော်ပြ၍ ဆုံးမသည်ဟုလို။

**၂၇၇။ သုတ်, အဘိဓမ္မာ၊ ကျမ်းလာ ဖော်ပြ၊ ဆုံးမ သည်ကို၊ မနာလို၍၊ မရိုမသေ၊ လှန်ပြန်ချေ၊ သင့်လေ ဒုက္ကဋ်မှု။**

ကျမ်းဂန် ပါဠိကို ပြ၍ဆုံးမသော်လည်း ထိုပါဠိကိုပင် အမှန် အကန်ဟူ၍ မယုံကြည်ခဲ့သော်လည်းကောင်း၊ ပါဠိကိုပင် ယုံကြည်ခဲ့ သော်လည်း ထိုသူယူသော အနက်အဓိပ္ပါယ်ကို မယုံကြည်ခဲ့သော်လည်း ကောင်း ပြန်လှန်သော်လည်း အာပတ်မသင့်။

**၂၇၈။ ထိတ်လန့် ခြောက်ရန်၊ ကြံဖန်ထွေပြား၊ ရဟန်း အား၊ ခြောက်ငြား ပါစိတ္တိ။**

ကြောက်တတ်သော ရဟန်းကို တစ္ဆေလုပ်၍ ခြောက်ခြင်း စသည်တည်း၊ လူ,သာမဏေတို့ကို ခြောက်လျှင် ဒုက္ကဋ်။

**၂၇၉။ ဆောင်းအခါ၌၊ အနာကင်းလျက်၊ မီးထင်း ထည့်မှု၊ လှုံဖို့ပြု၊ သင့်မှု ပါစိတ်တည်း။**

မီးတောက်အောင်ထည့်မှုကိုယူ၊ မီးလှုံဖို့ သက်သက်ဖြစ်ခဲ့မူ ကိုယ်တိုင်လည်း မပြုရ၊ လူ,သာမဏေတို့ကိုလည်း မခိုင်းရ။ သူတို့ အလိုအလျောက် တောက်အောင်ပြု၍ ပေးလျှင် လှုံရုံမျှ လှုံရ၏၊ လှုံစဉ်အခါ၌လည်း မီးထင်းကို တောက်အောင် မပြင်ဆင်ရ၊ မီးလှုံရန် မီးသိလော့ဟု ကပ္ပိယစကားနှင့် စေခိုင်းမူ အပ်၏ဟု ယူကြ၏၊ ဆင်ခြင်

လေ။ မီးကျီးသက်သက်၌ကား အပ်၏။

**၂၈၀။ ရယ်လိုစိတ်နှင့်၊ သပိတ်,သက်န်း၊ ခါးပန်းကစ၊ မဝှက်ရ၊ ဝှက်က အာပတ်တည်း။**

တစ်ပါးသော ရဟန်း၏ သပိတ်သင်္ကန်း ခါးပန်း အပ်ကျည်တောက် နိသီဒိုင်တို့ကို ဝှက်လျှင် ပါစိတ်။ထိုမှကြွင်းသော ပရိက္ခရာတို့၌လည်းကောင်း၊ လူသာမဏေတို့၏ ဥစ္စာ၌လည်းကောင်း ဒုက္ကဋ်။

**၂၈၁။ ဝိနည်းကြောင်းဖြင့်၊ ကောင်းစွာအမှန်၊ ငြိမ်းပြီးကံကို၊ တဖန်လှုပ်ရှား၊ လှန်ပြန်ငြား၊ သူ့အား ပါစိတ်တည်း။** (သိသာပြီ)။

**၂၈၂။ အာပတ်မှုကို၊ ပြုမှန်းသိလျက်၊ ငဲ့ကွက်သောအား၊ ဖော်မကြား၊ ဖုံးထား အာပတ်တည်း။**

တစ်ပါးသောရဟန်း အာပတ်သင့်သည်ကို သိလျက် သူတစ်ပါးသိမည်ကို ညှာတာငဲ့ကွက်၍ တခြားသော ရဟန်းအား မပြောမကြားမူ၍ ထိုရဟန်းနှင့် စိတ်တူသဘောတူ ဖုံး၍ ထားသောရဟန်းအား အာပတ်သင့်၏။ သံဃာဒိသိသ်မှုကို ဖုံးလျှင်ပါစိတ်၊ ကြွင်းသော အာပတ်စုကို ဖုံးလျှင် ဒုက္ကဋ်၊ သာမဏေတို့၏ အပြစ်ကြီးငယ်ကို ဖုံးလျှင်လည်း ဒုက္ကဋ်၊ ဖုံးလိုသောစိတ်မရှိမူ၍ သူ့အမှုနှင့်သူ ထင်ရှားမည်ဟု နေလျှင် မပြောကြားသော်လည်း လွတ်၏။

**၂၈၃။ ရဟန်းခံနေ့၊ မစေ့အသက်၊ သိလျက်သိမ်ဝင်၊ ကံဆောင်လျှင်၊ ထိုရှင် အာပတ်တည်း။**

ပဋိသန္ဓေနှင့်ယှဉ်၍မျှ အသက်နှစ်ဆယ် မစေ့သောသူကို သိလျက်နှင့်သိမ်ဝင်၍ ရဟန်းခံ ကံဆောင်သော ရဟန်းအား အာပတ်သင့်၏၊ ဥပဇ္ဈာယ်ဆရာမှာ ပါစိတ်၊ ကမ္မဝါဆရာ ကာရကသံဃာတို့မှာ ဒုက္ကဋ်၊

ထိုသူလည်း ရဟန်းမဖြစ်၊ ရဟန်းဖြစ်သည် ထင်မှတ်၍ ရဟန်းကောင်းတို့နှင့် ပေါင်းဖော်၍နေသော်လည်း အပြစ်မရှိ။ သိသောအခါ ထပ်မံ၍ ခံရသည်။

**၂၈၄။ ခိုးပြ,ခိုးသူ၊ မင်းဘဏ်ယူ၊ ခွန်မူရှောင်သမား။**
**၂၈၅။ သိလျက်တိုင်ပင်၊ ခရီးနှင်၊ ရွာစဉ် အာပတ်များ။**

သိလျက်နှင့် သဘောတူတိုင်ပင်၍ ခိုးသူခိုးပြတို့နှင့်သော်လည်းကောင်း, မင်း၏ ဘဏ္ဍာတော်အရာတော် များကို ခိုးယူထွက်သွားသောသူများနှင့်လည်းကောင်း, လမ်းစခန်း၌ ကင်းထား၍ ကောက်ခံသောအခွန်တော်များကို မပေးဆောင်ရအောင် ကြံဖန်စဉ်းလဲရှောင်လွှဲ၍ သွားသောသူများနှင့်လည်းကောင်း အတူတကွတိုင်ပင်၍ ကုန်းကြောင်း, ရေကြောင်းခရီးသွားသော ရဟန်းအား ရွာစဉ်ရှိသောလမ်း၌သွားမူ တစ်ရွာလျှင် အာပတ်တစ်ချက်စီ သင့်၏၊ မသိ၍ တိုင်ပင်၍ အတူသွားရာ၌လည်းကောင်း, သိသော်လည်း မိမိက တိုင်ပင်မှုမပြုပဲ အတူသွားရာ၌လည်းကောင်း အာပတ်လွတ်၏။

**၂၈၆။ ပညတ်တော်ပြ၊ ဆုံးမသည်ကို၊ မနာလို၍ ပုဂ္ဂိုလ်သူမြတ်၊ ဝိနည်းတတ်ဝယ်၊ မေးဦးမယ်ဟု၊ လွှဲဖယ်မှု၊ သူ့အား အာပတ်တည်း။**

ရဟန်းချင်းချင်း ဝိနည်းပညတ်တော်ကို ဖော်ပြ၍ ဆုံးမမြစ်တားရာ၌ လွှဲဖယ်လျှင် ပါစိတ်၊ သုတ္တန် အဘိဓမ္မာကို ဖော်ပြ၍ ဆုံးမမြစ်တားရာ၌ လွှဲဖယ်လျှင် ဒုက္ကဋ်၊ ဝိနည်း, သုတ္တန်, အဘိဓမ္မာနှင့် လူ,သာမဏေတို့က ဆုံးမမြစ်တားရာ၌ လွှဲဖယ်လျှင် ဒုက္ကဋ်။

**၂၈၇။ ဝိနည်းတရား၊ သင်သူအားကို၊ မသင်လိုအောင်၊ ပြစ်ပိုကျိုးမဲ့၊ ပြောဆိုခဲ့၊ ဘွဲ့ပြီ ပါစိတ်တည်း။**

ဝိနည်းတော်ကို သင်အံလေ့ကျက်၍နေသော ရဟန်းများထံ ဝိနည်းတတ်သည့်အတွက် ကုက္ကုစ္စတရား ပွားများရန် အပြစ်ပိုရုံသာ ရှိသည်၊ တစ်စုံတစ်ခု အကျိုးမရှိဟု ပြစ်ပိုကျိုးမဲ့ ကဲ့ရဲ့ရှုတ်ချ ပြောဆိုခဲ့သော် အာပတ် ဘွဲ့မိ၏၊ အာပတ်သင့်၏ ဆိုလိုသည်၊ သုတ္တန်တရား အဘိဓမ္မာ တရားများကို ကဲ့ရဲ့ရာ၌ ဒုက္ကဋ်။

ကျမ်းဂန်ကို ကဲ့ရဲ့လိုသော စိတ်မရှိမူ၍ ဤစာနှင့် ဤသူ အခါ မတန်သေးထင်၍ သဒ္ဒါကို သင်ဦး၊ ဝိနည်းကို နောက်မှသင်ရမည် စသည် ဖြင့်ဆိုရာ အာပတ်လွတ်၏။

**၂၈၈။ လွန်ကျူးမှုတိ၊ ဧကန် သိလျက်၊ မသိလေယောင်၊ ဟန်ဆောင်လေက၊ မောဟ တင်ထား၊ နောက် ဆောင်ငြား၊ သူအား ပါစိတ်တည်း။**

သိလျက်နှင့် လွန်ကျူးပြီးနောက် သံဃာများက မသိ၍ လွန်ကျူး မိရှာသည်ဟု မှတ်ထင်ကြလေအောင် ဥပုသ်နေ့တွင် သိမ်အပြင်မှာ ပါတိမောက်နာသောအခါ၌ ဤအမှုများသည် ပါတိမောက်မှာ လာသည် ဟု ယခုမှ သိပေသည်ဟု ဟန်ဆောင်မှုကို ပြုရသော ရဟန်းအား မောဟာရောပနက တင်ထားရသည်။ တင်ထားပြီးနောက် ထို့အတူ မသိလေယောင် ဟန်ဆောင်မှုကို ပြုပြန်သော ရဟန်းအား ပါစိတ်သင့်၏။

**၂၈၉။ ဒေါသထွက်၍၊ ရိုက်နှက်ထောင်းထု၊ ပစ်ခတ်မှု၊ ပြုတိုင်း အာပတ်တည်း။**

ရဟန်းကို ပြုလျှင် ပါစိတ်၊ ရဟန်းမှတစ်ပါး လူ,သာမဏေ, ခွေး, ဝက်, ကြက်, ငှက် အစရှိသော ခပ်သိမ်းသော သတ္တဝါတို့အား ပြုခဲ့လျှင် ဒုက္ကဋ်။

မိမိကိုယ်ကို ထိပါးမည်စိုး၍ ကာဆီးမှုနှင့် ခုခံရိုက်နှက် ထောင်းထုပစ်ခတ်မှု ပြုရာ၌ကား သေစေလိုသော စိတ်မရှိခဲ့သော် ရန်သူတပါးသေ၍ပင် သွားသော်လည်း အနာပတ္တိ။

**၂၉၀။ ဒေါသထွက်၍၊ ရိုက်နှက်မည်လား၊ လက်ဝါးလက်အုပ်၊ ကြိမ်တုတ် တံဖျာ၊ မိုးခဲ့ရာ၊ သင့်ရာ အာပတ်တည်း။**

မိမိကိုယ်ကို ကာကွယ်ရန် မိုးရာ၌ အနာပတ္တိ။ (သိသာပြီ)။

**၂၉၁။ သူတပါးကို၊ မြင်, ကြား, သင်္ကာ၊ မရှိပါဘဲ၊ အာပတ်ခြောက်ထွေ၊ စွပ်စွဲချေ၊ သင့်လေ အာပတ်တည်း။**

မြင်ခြင်း, ကြားခြင်း, မသင်္ကာခြင်း အရင်းမရှိပဲလျက် သူတစ်ပါးကို ပါရာဇိကမှ တစ်ပါးသော အာပတ် အပြစ်နှင့် စွပ်စွဲ စောဒနာငြားအံ့ ရဟန်းကို သံဃာဒိသိသ်နှင့်စွပ်စွဲလျှင် ပါစိတ်၊ ကြွင်းသော အာပတ်ငါးမျိုးနှင့် စွပ်စွဲလျှင် ဒုက္ကဋ်၊ သာမဏေကို လိင်အမှု, ဒဏ်အမှုနှင့် စွပ်စွဲလျှင် ဒုက္ကဋ်။

**၂၉၂။ အမျက်ကြုတ်၍၊ ကုက္ကုစ္စဖြစ်၊ ပြောဆိုလစ်၊ စွန်းညစ် အာပတ်တည်း။**

အမျက်ဒေါသရှိ၍ တစ်ပါးသောသူအား ကုက္ကုစ္စ နှိပ်စက်၍ စိတ်လက်မချမ်းသာ ရှိလေအောင် သင်သည် ရဟန်းဖြစ်မည်မထင် အစရှိသည်ဖြင့် ပြောဆိုရာ၌ ရဟန်းအား ပြောဆိုလျှင် ပါစိတ်၊ သာမဏေအား ပြောဆိုလျှင် ဒုက္ကဋ်။

**၂၉၃။ အမျက်ရှိ၍၊ မိမိစကား၊ ပြောဆိုငြားလျှင်၊ ကြားဖို့ တစောင်း၊ ကပ်ခိုအောင်း၊ ချောင်းမြောင်း အာပတ်တည်း။**

ရဟန်းကိုချောင်းလျှင် ပါစိတ်၊ လူ, သာမဏေကို ချောင်းလျှင် ဒုက္ကဋ်။

**၂၉၄။ ဓမ္မိကမှန်၊ သံဃာ့ကံ၌၊ ညီရန်ဆန္ဒ၊ ပေးပြီးမှ၊ ရှုတ်ချ ပါစိတ်တည်း။**

တစ်ခုခုသော သံဃာကံ၌ စိတ္တသာမဂ္ဂီ အညီအညွတ် ဖြစ်စေရန် ဆန္ဒပေးပြီးမှ ထိုကံကို မကြိုက်သံ ပြော၍ ရှုတ်ချသော ရဟန်းအား ပါစိတ်သင့်၏။

**၂၉၅။ ဆုံးဖြတ်မှုရေး၊ ကံပြုရေးနှင့်၊ စည်းဝေးဝင်ပြီး၊ မှုမပြီးမီ၊ ဖျက်ဆီးလိုရေး၊ မပေးဆန္ဒ၊ ထွက်သွားက၊ သင့်က ပါစိတ်တည်း။**

ထိုအမှု ထိုကံကို ပျက်စီးစေလို၍ ဆန္ဒမပေးဘဲ သံဃာ့ဘောင်မှ ထွက်သွားသည် ဟူလို။

**၂၉၆။ ရဟန်း အားကို၊ အများ သံဃာ၊ ညီညာ ကြေအေး၊ သင်္ကန်းပေး၍၊ အရေးတစ်ဖန်၊ ရှုတ်ချပြန်၊ စွန်းရန် ပါစိတ်တည်း။**

သံဃာများသည် ဆန္ဒာဂတိသို့ လိုက်၍ သံဃိကသင်္ကန်းကို သူတို့မေတ္တာရှိရာ ပေးကြသည်ဟု ရှုတ်ချမှုတည်း။

**၂၉၇။ ထိန်းပါအပ်နှံ၊ လူတို့ဘဏ်၊ လက်ခံပါစိတ်တည်း။**

**၂၉၈။ ကျပျောက်, မေ့ကျန်၊ တွေ့ရှိဘဏ်၊ ယူပြန် ပါစိတ်တည်း။**

**၂၉၉။ ရဟန်း ဥပစာ၊ မေ့ကျန်ရာ၊ ကောင်းစွာ ယူသိမ်းဆည်း။**

လူတို့၏ ဥစ္စာဘဏ္ဍာကို ရဟန်းတို့အား ထိန်းသိမ်းစောင့်ရှောက်ရန် အပ်နှံသည်ရှိသော် အမိ၏ ဥစ္စာကိုသော်လည်း လက်မခံရ။ လက်ခံလျှင် ပါစိတ်သင့်၏။

လူတို့လက်မှကျ၍ နေရစ်သော ဝတ္ထု၊ ပျောက်ကွယ်၍ နေသော ဝတ္ထု၊ မေ့ကျန်၍ နေရစ်သောဝတ္ထုများကို ရဟန်းတို့၏ ဥပစာမဟုတ်သော အရပ်ဌာနများ၌ တွေ့ရှိခဲ့သော် ပံ့သုကူသညာမရှိဘဲ ထိန်းသိမ်း၍ ထားခြင်းငှာ အယူမခိုင်းရ။

ရဟန်းတို့နေရာ တိုက်တာတွင်း၌သော်လည်းကောင်း, တိုက်တာ၏ အနီးအစပ်ဖြစ်သော တိုက်တာ ဥပစာအတွင်း၌လည်းကောင်း, တိုက်တာမှ အလွတ်ဖြစ်သော ခဏခေတ္တ တည်းခိုနေထိုင်ရာ ဇရပ်တန်ဆောင်း စသည်တို့၌လည်းကောင်း မေ့ကျန်ရစ်သော လူတို့၏ ဥစ္စာဘဏ္ဍာဝတ္ထုများကို တွေ့ရှိခဲ့သော် ကပ္ပိယရှိလျှင် ကပ္ပိယကို ကောက်ယူသိမ်းထားစေရာ၏။ ကပ္ပိယမရှိသော် ရွှေထုပ် ငွေထုပ်ပင်ဖြစ်သော်လည်း ဥစ္စာရှင် ပေါ်လာလျှင်ပေးအပ်ရန် ရဟန်းကိုယ်တိုင်ပင် ကိုင်ယူသိမ်းထားအပ်၏။

ဤအရပ်မှာ အခြားသူမရှိ ရဟန်းများပင် ရလိမ့်မည်ဟု ရဟန်းများကို ယုံမှားသင်္ကာ ဖြစ်လောက်သော အရပ်ဌာန၌ တွေ့ရှိခဲ့သော် လမ်းခရီးသွားရာ နားနေရာမှာပင်ဖြစ်သော်လည်း ကောက်ယူသိမ်း ဆည်းထားရာ၏။ သတင်းပေးရာ၏။ ပစ္စည်းရှင်ပါဆို၍ ပေါ်လာလျှင်သေချာအောင် မေးဆေး၍ အပ်ပေးရာ၏။

ရွာတွင်း၌ ကြောင့်ကြမကင်းရှိ၍ လူတို့အလိုအလျောက် ကျောင်းမှာထား၍ သွားခဲ့သော် မပျောက် မပျက်အောင် ကြောင့်ကြစိုက်ရာ၏။

မငြင်းသာသော သူတို့က အပ်နှံလာသော် လက်မခံအပ်ဟု ပယ်ပြီးလျှင် ကျောင်းတွင်းမှာ ဤနေရာဌာနသည် လုံခြုံပါ၏ဟု လုံခြုံရာဌာနကိုမူကား ပြအပ်၏။ ဤနေရာမှာ ထားလော့ဟူ၍ မဆိုအပ်။ ထား၍ သွားလျှင် ကောင်းစွာစောင့်ရှောက်ရသည်။

**၃၀၀။ ဆယ့်နှစ်တောင်ထိ၊ ရဟန်းရှိငြား၊ မပန်ကြားဘဲ၊ နေလွဲရွှာဝင်၊ ပြုခဲ့လျှင်၊ ရွှာဝင် ပါစိတ်တည်း။**

ဆယ့်နှစ်တောင်မှ အပဥ္စသာ ရှိခဲ့မူ ပန်ဖွယ်မရှိ၊ ဆယ့်နှစ်တောင် အတွင်း၌ ရဟန်းရှိငြားသော်လည်း ပန်ကြား၍နေခဲ့လျှင် လွှန်နှင့်ရန် အခွင့်ရှိသော အရေးတကြီးဖြစ်ခဲ့သော် မပန်ကြားဘဲ ဝင်သော်လည်း အာပတ် မသင့်။

**၃၀၁။ ရိုး, စွယ်, ဦးချို၊ အပ်ကျည်ကိုလျှင်၊ ကိုယ်တိုင် ပြုလျှင်း၊ ပြုစေခြင်း၊ ခွဲခြင်း ပါစိတ္တိ။**

အရိုး, အစွယ်, ဦးချိုတို့ကို အပ်ကျည်တောက်ပြုမိ ပြုစေမိလျှင် ခွဲဖျက်ပြီးမှ အာပတ်ကို ဒေသနာကြားရသည်။အပြီးရသော်လည်း အပ်ထည့်၍ မဆောင်ရ။

**၃၀၂။ အပေါင်အောက်မှာ၊ တစ်ထောင့်ထွာ၊ ရှည်ရာ ညောင်စောင်းခြေ။**

**၃၀၃။ ထိုထက်ရှည်မူ၊ လွန်၍ပြု၊ ဖြတ်မှူ ပါစိတ်ပေ။**

ညောင်စောင်းခြေ, အင်းပျဉ်ခြေကို အပေါင်မှအောက်၌ ဘုရား လက်ရှစ်သစ်၊ မဇ္ဈိမတစ်ထောင်, ပကတိ တစ်ထောင့်ထွာသာရှည်ရ၏၊ ထိုထက်ရှည်စွာ ပြုသော်လည်းကောင်း, ပြုစေသော်လည်းကောင်း ဖြတ်ခြင်း ရှေးရှိသော ပါစိတ်သင့်၏။

**၃၀၄။ ညောင်စောင်းလဲမွေး၊ ပြုမိရေး၊ ဆုတ်ရေး ပါစိတ္တိ။**

မွေးသောလဲကို ဆုတ်ခွာဖျက်ဆီးပြီးမှ အာပတ်ကို ဒေသနာ ကြားရမည်၊ ဤညောင်စောင်း, အင်းပျဉ်တို့၌ ရှည်သောအခြေကို တိုအောင်ဖြတ်မှု၊ မွေးသောလဲကို ဆုတ်ခွာမှုကိုပြု၍ အာပတ်ကို ဒေသနာကြားပြီးသော် ထိုရဟန်းကား မသုံးဆောင်ရ။

**၃၀၅။ မိုး, မာ, နိသိ၊ လွန်တုံဘိ၊ ဖြတ်ရှိ ပါစိတ်တည်း။**

နိသီဒိုင်သင်္ကန်း, အမာလွှမ်းသင်္ကန်း, မိုးရေခံသင်္ကန်းတို့၌ ပမာဏကို လွန်ခဲ့သည်ရှိသော် ဖြတ်ခြင်း ရှေးရှိသော ပါစိတ်တည်း၊ ဖြတ်ပြီးမှ ဒေသနာကြားရသော ပါစိတ်အာပတ်မျိုး-ဟူလို။

**၃၀၆။ ဘုရားသုံးထည်၊ မှီရာဝယ်၊ ဖြတ်ပယ် ပါစိတ် တည်း။**

သင်းပိုင်, ကိုယ်ရုံ, ဒုကုဋ်သင်္ကန်းတို့မှာ မြတ်စွာဘုရား၏ သင်းပိုင်တော်, ကိုယ်ရုံတော်, ဒုကုဋ်တော်ကို မှီအောင်ပြုခဲ့သော် ဖြတ်ခြင်း ရှေးရှိသော ပါစိတ်သင့်၏၊ ဤသင်္ကန်းခြောက်ထည်တို့၌ ဖြတ်၍ ဒေသနာကြားပြီးသော် ဗိတာန် မျက်နှာကြက် စသည်ပြု၍ သုံးဆောင် ရ၏။

သုဒ္ဓပါစိတ် ပြီး၏။

------------

## ၁၉-သေခိယ

### ၃၀၇။ ဝတ်ရုံ နှစ်ဖြာ၊ ဝန်းညီစွာနှင့်၊ ရွာမှာကြုံတောင်း၊ ကောင်းစွာ ဖုံးလွှမ်း၊ မယမ်း ခြေလက်၊ မျက်လွှာ လည်းချ၊ ခါးမှထက်ရောက်၊ မမြှောက် ကိုယ်ရုံ၊ ဆယ်ပါးတုံ၊ လုံစေအသီးသီး။

ဝတ်ရုံနှစ်ဖြာ၊ ဝန်းညီစွာ-ဆိုသည်ကား သင်းပိုင်ကို အဝန်းညီစွာ ဝတ်ရမည်၊ ကိုယ်ရုံကို အဝန်းညီစွာ ရုံရမည်ဆိုလိုသည်။

ဤ၌ သင်းပိုင်ဝတ်သောအခါ အထက်၌ ချက်အဝန်း, အောက်၌ ပုဆစ်ဒူးဝန်းကို ဖုံးမိအောင် ဝတ်ရမည်။ ပုဆစ်ဒူးဝန်းမှအောက်၌ လက်ရှစ်သစ်ခန့်ချ၍ ဝတ်ရမည်-ဟုလာ၏။

လက်ကန်တော့ တင်သော ကိုယ်ရုံကို ရုံသောအခါ အစွန်းနှစ်ခု တို့ကို ညီမျှအောင်ပြု၍ ရုံရမည်ဟုလာ၏။

အချို့ဆရာတို့ကား အောက်အစွန်းနှစ်ခုကို ယူကြ၏၊ အချို့ဆရာ တို့ကား အထက်အစွန်းနှစ်ခုကို ညီစွာပြု၍ လိပ်၍ လက်ဝဲလက်သို့တင်၍ ရုံသည်ကိုယူကြ၏။

ဝိနိစ္ဆယဋီကာ၌ကား- ရင်အပြင် ကျောက်ကုန်းအပြင်နှစ်ဖက်၌ ကျသော အစွန်းနှစ်ဖက်ကို ဖွင့်ဆို၏။"ဉဘော ကဏ္ဏေ သမံ ကတွာ" (ပါစိတ်ပါဠိတော် နှာ-၂၄၀) ဟူသော ပါဠိ၏ ပြန်ဘက်ဖြစ်သော "ပုရတော၀ ပစ္ဆတော၀ ဩလမ္ဗေန္တော ပါရုပတိ" (ပါစိတ်ပါဠိတော် နှာ-၂၄၀) ဟူသော ပါဠိနှင့် ဝိနိစ္ဆယဋီကာ ညီသကဲ့သို့ ရှိ၏။

သင်းပိုင်ဝတ်မှု၌ "နာဘိမဏ္ဍလံ ဇာဏုမဏ္ဍလံ ပဋိစ္ဆာဒေန္တေန" (ပါစိတ်ပါဠိတော် နှာ-၂၃၉) ဟူသော ပါဠိဖြင့် သင်းပိုင်ဝတ်မှုဖြင့် လုံခြုံစေထိုက် သော ကိုယ်အစိတ်ကို လုံခြုံစေမှုကို ပြ၏။

"ပုရတော ဝါ ပစ္ဆတော ဝါ ဩလမ္ဗန္တော နိဝါသေတိ" ဟူသော ပါဠိဖြင့် အာပတ်ဝတ္ထုကို ပြ၏။

ဤပါဠိဖြင့် သလုံးမြင်းခေါင်း၌ ဝဲယာ နောက် ရှေ့ဝန်းဝိုင်း၍ ကျသော သက်န်း၊ အနားစွန်းချင်း မညီမညာ ရှိလျှင်သာ အာပတ်သင့်၏၊ ညီညာလို့ရှိလျှင် အပြစ်မရှိဟု သိအပ်၏။

ကိုယ်ရုံ ရုံမှု၌လည်း "ဥဘော ကဏ္ဏေ သမံ ကတွာ" ဖြင့် ဝတ်ရုံရသော အစီအရင်ကို ပြ၏။

"ပုရတော ဝါ ပစ္ဆတော ဝါ ဩလမ္ဗန္တော နိဝါသေတိ" ဖြင့် အာပတ် ဝတ္ထုကို ပြ၏။

ဤပါဠိဖြင့် သင်းပိုင် ဝတ်မှု၌ ပြဆိုခဲ့ပြီးသည့်အတိုင်း အောက်၌ ကျသော သက်န်းအနားစွန်းချင်း မညီမညာ ရှိလျှင်သာ အာပတ်သင့်၏၊ ညီညာလို့ရှိလျှင် မသင့်ဟု သိအပ်၏။

ဤဝတ်မှုရုံမှု နှစ်ပါးတို့၌ ဝတ်ခြင်း ရုံခြင်းကို ပြုသောအခါ၌ သိက္ခာပုဒ်ကို ရိုသေသောစိတ်ဖြင့် ပရိမဏ္ဍလ ဖြစ်အောင် ကြည့်ရှု၍ မဝတ်မရုံလျှင်သာ အာပတ်၊ ကြည့်ရှု၍ ဝတ်ရုံပြီးနောက် မညီမညွတ် ဖြစ်၍ သွားသော်လည်း အာပတ်မရှိ။

ဘုရားစေတီရှေ့ ဆရာသမား ထေရ်ကြီးဝါကြီးများရှေ့ သံဃာ တော်အစည်းအဝေးရှိရာ ရွာတွင်းသို့ ဝင်သောအခါတို့၌ကား မညီ မညွတ်ရှိခဲ့လျှင် ပြင်ဆင်၍ ဝတ်ရုံခြင်းသည် အထူးသင့်မြတ်၏။

ထို့ကြောင့် ဥပုသ်ကံ ပဝါရဏာကံ ထိုထိုသံဃာ့ကံ အစည်းအဝေး တို့၌ "ဧကံသံ စီဝရံ ကတွာ ဥက္ကုဋိကံ နိသီဒိတွာ"ဟူ၍သော် လည်းကောင်း။

ရွာတွင်း ဝင်မှုတို့၌ "အန္တရဃရေ နိဝါသေတွာ" ဟူ၍သော် လည်းကောင်း ပြင်ဆင်၍ ဝတ်ရုံမှုများသည် ထင်ရှားစွာ လာရှိပေ သတည်း။ "ဗဒ္ဓပဥ္စာနာဒိ ကာလံသန္ဓာယ ဝုတ္တံ" (ဝိနိစ္ဆယဋီကာ ဒု-နှာ-၁၀) ဟူသော ဋီကာများ၌လည်း ဤအဓိပ္ပါယ်ကိုယူ။ ဗဒ္ဓပဥ္စာန ထေရုပဥ္စာန သံဃသန္နိပါတမှ တစ်ပါးအလွတ်နေရာတို့မှာ ဝတ်ရုံမှုကို ပြုသောအခါ၌ မညီမညွတ် ဝတ်ချင်တတ်တိုင်း ဝတ်ရုံအပ်၏ဟု မယူလင့်။

ရွာမှာကြံုတောင်း၊ ကောင်းစွာဖုံးလွှမ်း ဆိုသည်ကား ရွာတွင်းသို့ သွားမည် ရွာတွင်း၌ နေထိုင်မည်ရှိရာ၌ သုပ္ပဋိစ္ဆန္နကိစ္စဖြင့် ရုံမှုကို ဆိုသတည်း။ လည်းပင်းကို ဖုံးခြင်း, လက်လိပ်ကိုဖြေ၍ လက်ကောက်ဝတ် တိုင်အောင်ဖုံးခြင်း ခါးပတ်သီးတပ်ခြင်းတို့ကိုပြု၍ ရွာတွင်းသို့သွားရာ၏။

ထိုင်သောအခါ၌ ဦးခေါင်းအင်္ဂါကို လည်းကောင်း၊ လက်ကောက် ဝတ်မှစ၍ လက်ဝါးအင်္ဂါကိုလည်းကောင်း, သလုံးသားမှ အောက်ဖြစ်သော ခြေအင်္ဂါ တို့ကိုလည်းကောင်း ထုတ်ဖော်၍ ကြွင်းသော ကိုယ်အင်္ဂါ အလုံးကို ဖုံး၍နေရမည်ဟုလာ၏။

ဤသုပ္ပဋိစ္ဆန္နကိစ္စ၌ "ကာယံ ဝိဝရိတွာ အန္တရဃရေ ဂစ္ဆတိ နိသီဒတိ"(ပါစိတ်ပါဠိတော်-နှာ-၂၄၀) ဟူ၍ ပါဠိတော်၌ လာသောကြောင့် ကိုယ်အင်္ဂါကို ဖွင့်ခြင်းသည်သာ အာပတ်ဝတ္ထုဖြစ်၏။ လက်ခြေအင်္ဂါကို ဖွင့်သော်လည်း အာပတ်ဝတ္ထု မဟုတ်ဟုမှတ်။

မယမ်းခြေလက် ဆိုသည်ကား-ရွာတွင်း၌ သွားလာ နေထိုင် သောအခါ၌ လက်ခြေတို့ကို ထိန်းသိမ်းသော သတိမရှိဘဲ ပေါက်လွှတ် ထားသဖြင့် လက်ခြေကစား လှုပ်ရှားခြင်း ထိုင်နေသောအခါ၌ လက်ခြေ မငြိမ်သက်ခြင်းတို့ကို မပြုရာ။ မျက်လွှာမှာ ရှေ့သို့ လေးတောင်ခန့် အတွင်းသာ စိုက်၍ကြည့်ရှုရာသည်။ ကိုယ်ရုံသက်န်းကို ခါးမှအထက်သို့

ပင့်မြှောက်ခြင်းကို မပြုရ။

ပရိမဏ္ဍလဝဂ်ပြီး၏။

---------

**၃၀၈။ ပြောသံမကျယ်၊ ရယ်သံမထွက်၊ ကိုယ်လက် ဦးခေါင်း၊ မလှုပ်ရှောင်း၊ ကောင်းစွာချီ စောင့် စည်း။**

စကားသံကို ကျယ်စွာလွှတ်၍မပြောရ၊ တဆယ့် နှစ်တောင်ခန့်သာ အသံထွက်စေရမည်။ တရားဟောမှု၌ကား တရားနာသူရှိသမျှ ကြားနိုင်ကြရန် အသံလွှတ်ရ၏။ ရယ်ခွင့်ရှိသော်လည်း ပြုံးရုံမျှပြုံးရသည်။ အသံထွက်အောင် မရယ်ရ။ ကိုယ်အင်္ဂါ လက်မောင်းအင်္ဂါ ဦးခေါင်း အင်္ဂါတို့ကို တောင့်တင်းစွာပြု၍ ထားရမည်။ ငိုက်မြည်းသော သူကဲ့သို့ ရော့ရဲစွာ လွှတ်ပုံ၍ တိမ်းတီးတိမ်းပါး မထားရ၊ ရွာတွင်း၌ သွားခြင်းထိုင်နေခြင်း နှစ်ပါးစီ ယူလေ။

ဥဇ္ဇဂ္ဃိကဝဂ်ပြီး၏။

-----------

**၃၀၉။ ခါးထောက်, ခေါင်းခြုံ၊ နင်းတုံ ခြေစွန်၊ နှစ်တန် ဒူးဝန်း၊ ဆွမ်းခံ ရှိသေ၊ မလေ ငြိမ်စိတ်၊ သပိတ် မှာထား၊ ဟင်း အားမျှရုံ၊ ညီတုံနားရေး၊ သတိ ရှေး၊ ကျင့်ရေး ဆယ်မျိုးတည်း။**

ခါး၌ လက်ထောက်ခြင်း ဦးခေါင်းခြုံခြင်း မြေ၌ ခြေဖဝါးကို အညီအမျှမနင်းမူ၍ ဖနောင့်နှင့်သော်လည်းကောင်း၊ ခြေဖျားနှင့်သော်လည်းကောင်း၊ ဖဝါးစောင်းနှင့်သော်လည်းကောင်း နင်းခြင်းများကိုမပြုရ။

နှစ်တန် ဒူးဝန်းဆိုသည်ကား- လက်နှစ်ဖက်ကိုယှက်၍ ဒူးနှစ်ဘက်ကို ပွေ့ပိုက်၍ထိုင်ခြင်း သင်္ကန်းဖြင့် ဒူးနှစ်ဘက်ကို ပွေ့ပိုက်၍ ထိုင်ခြင်းကိုဆိုသည်။ လက်အာယောဂပတ်ဘွဲ့ခြင်း၊ ပုဆိုးအာယောဂပတ် ဘွဲ့ခြင်း ခေါ်သည်။

ဆွမ်းခံရို သေဆိုသည်ကား-လောင်းသောဆွမ်းကို မခံလိုဘိ သကဲ့သို့ လောင်းဆဲအခါ၌ ပေါ့စီပေါ့စား မပြုမူ၍ ဆင်းရဲစွာသော ယောကျ်ားအား ရွှေငွေရတနာကို ပေးလာသော် မဖိတ်မယိုစေဘဲ ရိုသေစွာခံဘိသကဲ့သို့ခံယူရမည် ဟူလိုသည်။

မလေ ငြိမ်စိတ်၊ သပိတ်မှာထား- ဆိုသည်ကား ဆွမ်းလောင်း သောအခါ၌ တစ်ခြားတစ်ပါးသို့ မကြည့်မရှု၊ တစ်ခြားတစ်ပါးသို့ စိတ်မသွား၍ တည်ငြိမ်သော စိတ်ကိုသပိတ်၌စိုက်ထား၍ လောင်းမှုပြီး မှုကို အာရုံပြု၍ ဂရုစိုက်ရမည်ဆိုလိုသည်။

ဟင်းအားမျှရုံ ဆိုသည်ကား- ပဲဟင်းတို့ကို ဆွမ်း၏ လေးဖို့တစ်ဖို့ ထက် ပိုမို၍ မခံရ၊ ဆွမ်းနှင့် မျှလောက်ရုံ လေးဖို့တစ်ဖို့ခန့်မျှ ခံရမည် ဆိုလိုသည်။ ညီတုံနားရေး ဆိုသည်ကား- သပိတ်နှုတ်ခမ်းနှင့် ညီမျှရုံသာ ခံရမည်။ မို့မောက်အောင် မခံရ။

ခမ္ဘကတဝဂ်ပြီး၏။

--------

**၃၁၀။ ရိုသေ ဆွမ်းစား၊ စိတ်ထားခွက်တွင်၊ အစဉ်ယူ လျှင်း၊ ဟင်းအားမျှချိန်၊ မနှိမ် ဆွမ်းဦး၊ အထူး များလို၊ ဟင်းကိုမဝှက်၊ ကျွန်းမာလျက်နှင့်၊ သက် သက်ကိုယ်ဖို့၊ တောင်းလို့မစား၊ သပိတ်များကို၊ စိတ်ထား မကောင်း၊ ကဲ့ရဲ့ကြောင်းနှင့်၊ စောင်း၍**

**မရှု၊ ဒေါင်းဥနှယ်မှီး၊ မကြီးမရှည်၊ ဝန်းညီ ဆွမ်းလုတ်၊ သရုပ်ဆယ်ပါး၊ သိက္ခာများ၊ မှတ်သား ကျင့်ဖို့တည်း။**

၁။ ရိုသေဆွမ်းစား ဆိုသည်ကား- မစားလိုဘိသကဲ့သို့ မပြုမူ၍နတ်သုဓာဘုတ်ကိုစားဘိသကဲ့သို့ရိုသေစွာ စားရမည်။

၂။ စိတ်ထားခွက်တွင် ဆိုသည်ကား တစ်ပါးတခြားကို မော့၍ မစားရ၊ ဆွမ်းစားခွက်၊ ဆွမ်းစား ပန်းကန်၊ ဆွမ်းစား သပိတ်၌ စိတ်ကို ငြိမ်သက်စွာ ကြည့်ရှုစိုက်ထား၍ စားရမည်ဆိုလိုသည်။

၃။ အစဉ်ယူလျှင်း ဆိုသည်ကား ဆွမ်းကိုတစ်လုတ်တစ် နေရာ မယူမူ၍ယူမိရာက အစဉ်အတိုင်းယူ၍ စားရ မည်ဆိုလိုသည်။

၄။ ဟင်းအားမျှချိန် ဆိုသည်ကား ပဲဟင်းကို ဆွမ်းလေးဖို့ တစ်ဖို့ထက် ပိုမို၍ မစားရ၊ လေးဖို့တစ်ဖို့မျှ နှိုင်းချိန်၍ စားရမည် ဟူလိုသည်။

၅။ မနှိမ်ဆွမ်းဦးဆိုသည်ကား သပိတ်၌တည်ရှိသော ဆွမ်းကို အလယ်တည့်တည့်က ဖြိုနှိပ်၍မစားရ။ အစွန်းအနားက စ၍ စားရမည်ဆိုလိုသည်။

၆။ ပဲဟင်း, စမဲဟင်းလျာတို့ကို များများလိုက်စေလို လောင်း စေလိုသဖြင့် ဆွမ်းနှင့်ဖုံးဝှက်၍ မထားရ၊

၇။ ကျန်းမာလျက်နှင့် ဆွမ်း ပဲဟင်း စမဲဟင်းလျာတို့ကို ကိုယ့်ဖို့တောင်း၍ မစားရ။

၈။ အတူ ဆွမ်းစားရှ်နေကြစဉ် ကဲ့ရဲ့လိုသော စိတ်ဖြင့် သူတစ်ပါးတို့၏ သပိတ်ကို မကြည့်ရ။

၉။ ဥဒေါင်းဥမျှကြီးသော ဆွမ်းလုတ်ကိုလည်း မပြုရ။

၁၀။ ရှည်လည်း မရှည်စေမူ၍ အဝန်းညီစွာပြု၍ စားရမည်။

သက္ကစ္စဝဂ်ပြီး၏။

---------------

**၃၁၁။ ဆွမ်းလုတ်မလာ၊ တင်ကာဖွင့်ခြင်း၊ ခံတွင်းလက်ထည့်၊ ဆွမ်းပြည့်လျက်သား၊ စကားပြောဆို၊ ဆွမ်းကိုမြှောက်လတ်၊ ဆွမ်းလုတ်ဖြတ်ငြား၊ ပါးစောင်ထားနှင့်၊ လက်ဖျားတွက်ကာ၊ ဆွမ်းကြဲကာတည့်၊ လျှာကိုထုတ်လတ်၊ တစပ်စပ်၊ မအပ်ကြဉ်ရှောင်ရေး။**

ခံတွင်းဝသို့ ဆွမ်းလုတ်မရောက်မီ တင်ရင်၍ခံတွင်းကို ဖွင့်မှု, ဆွမ်းလုတ်ကို ခံ့သောအခါ လက်ပါခံတွင်းသို့ သွင်းမှု, ခံတွင်း၌ စကားမပီသလောက်အောင် ဆွမ်းပြည့်၍နေစဉ် စကားပြောမှု, ဆွမ်းခဲကို မြှောက်ကြဲမှု, လက်၌တည်ရှိသော ဆွမ်းလုတ်တစ်ခုကို သွားဖြင့် ကိုက်ဖြတ်၍ စားမှု, ဆွမ်းလုတ်ကို ပါးစောင်၌ထား၍စားမှု, ဆွမ်းကပ်သောလက်ချောင်းတို့ကို ခါတွက်၍စားမှု, ဆွမ်းလုံးတို့ကို ဆွမ်းစားရာ ဌာန၌ ပစ်ကြဲ၍စားမှု, လျှာကိုထုတ်၍ ဆွမ်းလုတ်ကိုခံမှု, စပ်စပ် စပ်စပ်အသံပြု၍စားမှု၊ ဤဆယ်ခုကို မပြုအပ်။

ကဗဠဝဂ် ပြီး၏။

---------------

**၃၁၂။ မြည်သံရှပ်ရှပ်၊ နှုတ်သပိတ်လက်၊ လျက်၍ တစ်ခန်း၊ ဆွမ်းရှိလက်နှင့်၊ ရေခွက် ကိုင်ထွေ၊ ဆွမ်းရှိရေကို၊ သွန်လေ အိမ်ကြား၊ ထီး,ခါး တောင်ဝှေး၊ လေးလက်ရှိအား၊ တရားဟောမှု၊ ဤဆယ်ခု၊ မပြု ကြဉ်ရှောင်ရေး။**

ရှပ်ရှပ်ဟူသောအသံ ရှုးရှုးဟူသောအသံကို ပြု၍မစားအပ်။ နှုတ်ခမ်းကို လျှာနှင့်လျက်မှု, သပိတ်ကို လက်နှင့်လျက်မှု, လက်ဝါး၌ ကပ်သော အာမိသကို လျှာနှင့်လျက်မှု, ဆွမ်းအာမိသရှိသောလက်နှင့် ရေခွက် ရေဖလားကို ကိုင်မှု, ဆွမ်းလုံးရှိသော သပိတ်ဆေးရေကို အိမ်ကြို အိမ်ကြား ဆွမ်းစားရာဌာန၌ သွန်မှု, လက်၌ ထီးကိုင်လျက်ရှိသောသူ, ဓါး, သံလျက်, သေနတ်လက်နက် ကိုင်လျက်ရှိသောသူ, မဖြိုမပုရိသ လေးတောင် ပမာဏရှိသော လှံတံတောင်ဝှေး ကိုင်လျက်ရှိသောသူ, လေးလက်နက် ကိုင်လျက်ရှိသောသူတို့အား တရားဟောမှု၊ ဤဆယ်ပါး တို့ကိုလည်း မပြုအပ်။

သုရုသုရုဝဂ် ပြီး၏။

---------

**၃၁၃။ ခြေနင်း, ဖိနပ်၊ ယာဉ်စီးလတ်ထွေ၊ အိပ်လျက် နေနှင့်၊ ဘွဲ့နေဒူးနှစ်၊ ဦးရစ်, ခေါင်းမြီး၊ မြေကြီး နေရာ၊ နိမ့်မြင့်ရာဆိုင်၊ ရပ်ထိုင်နှစ်ပါး၊ နောက် ရှေ့သွားပြီး၊ ခရီးမဲ့ရှိ၊ မနာဘိလျက်၊ ပါဠိဟော လတ်၊ မတ်တတ် နှစ်ကြဉ်၊ သစ်ပင်, မြက်, ရေ၊ နှစ်ထွေ ကြဉ်ရေး၊ နှပ်တံတွေးမှု၊ ဆယ့်ငါးခု၊ မပြုရှောင်ကြဉ်ရေး။**

၁။ အသီးမတပ်သော ခြေနင်းစီးလျက်ရှိသောသူ
၂။ အသီးတပ်သော ဖိနပ်စီးလျက် ရှိသောသူ,
၃။ ယာဉ်စီးလျက် ရှိသောသူ,
၄။ အိပ်ရာ၌အိပ်လျက် နေသောသူ,
၅။ လက်နှင့်လည်းကောင်း, ပုဆိုးနှင့်လည်းကောင်း, ဒူးပိုက်၍ နေသောသူ,
၆။ ဆံစွန်းမျှမပေါ်ရအောင် ခေါင်းလုံးအုပ်၍ ဦးထုပ် ဦးရစ်ပေါင်းသောသူ,
၇။ ခေါင်းမြီးခြုံသောသူ,

ဤသူများကိုလည်း အနာရောဂါရှိခိုက် မဟုတ်ကြသော အခါ၌ တရားမဟောအပ်။

၈။ မြေကြီး၌နေလျက် ဖျာ, ရိုင်, သင်ဖြူးစသော နေရာ၌ နေသောသူအားတရားမဟောအပ်။
၉။ နိမ့်ရာ၌နေလျက် မြင့်ရာ၌နေသော သူအား တရား မဟောအပ်။
၁၀။ မတ်တတ်ရပ်လျက် ထိုင်၍နေသောသူအား တရားမဟောအပ်။
၁၁။ ရှေ့နောက်သွား၍ နေကြရာ၌ နောက်နေသော ရဟန်းသည် ရှေ့သွားသောသူအား တရား မဟော အပ်။
၁၂။ ခရီးမဲ့ရှိ ဆိုသည်ကား ခရီးမဲ့သောသူ, ခရီးရှိသောသူ ဆိုလိုသည်။ လမ်းခရီးမှ အပ၌နေသော ရဟန်း သည် လမ်းခရီး၌ နေသောသူအား မဟောအပ်။

မနာဘိလျက် ဆိုသည်ကား ပြဆိုခဲ့ပြီးသော သူတို့အား အနာရောဂါရှိခိုက် ဖြစ်ကြလျှင် ဟောအပ်၏ ဟူလို။

ပါဠိတရားဆိုသည်ကား မဟာဝါအဋ္ဌကထာနှင့် တစ်ကွသော ပိဋကတ်သုံးပုံ ပါဠိဘာသာတရားကို သာ ဟောခဲ့လျှင် အာပတ်သင့်သည်။ မြန်မာစကား ဘာသာတစ်ပါးနှင့်ဟောလျှင် အာပတ်မသင့်။ အာပတ်မသင့်သော်လည်း ဟောခြင်းငှါ မလျော်။

၁၃။ မတ်တတ် နှစ်ကြဉ် ဆိုသည်ကား ပကတိ ကျန်းမာလျက် ကျင်ကြီး ကျင်ငယ် နှစ်ပါးကို မတ်တတ်ရပ် လျက် မစွန့်အပ်။

၁၄။ သစ်ပင်, မြက်, ရေ၊ နှစ်ထွေကြဉ်ရေး၊ နှပ်တံတွေး ဆိုသည်ကား စိမ်းရှင်သော သစ်ပင် သစ်ခက် ပေါ်တို့၌ လည်းကောင်း၊ စိမ်းရှင်သော ကောက်ပဲ မြက်ပင် စသည်တို့၌လည်းကောင်း၊

၁၅။ သောက်မှု ချိုးမှု ဆေးကြောမှုတို့ ဖြင့်လူတို့ အသုံးပြုကြသော ကန်ရေ တွင်းရေ အင်းရေ အိုင်ရေ ချောင်းရေ မြောင်းရေတို့၌လည်းကောင်း၊ ကျင်ကြီး ကျင်ငယ် စွန့်ရေး၊ နှပ်တံတွေး စွန့်ရေးများကို မပြုအပ်။

(ပါဒုကဝဂ် ပြီး၏)။ သေခိယ ပြီး၏။

-----------------

## ၂၀-သမုဋ္ဌာနာဒိ

### ၃၁၄။ ကိုယ်, နှုတ် ကိုယ်နှုတ်၊ စိတ်ယှဉ်ထုတ်၊ သမုဋ္ဌာန် ခြောက်ပါး။

ကာယ, ဝါစာ, ကာယဝါစာ, ကာယစိတ္တ, ဝါစာစိတ္တ, ကာယဝါစာ စိတ္တ ဟူ၍ အာပတ်ကို ဖြစ်စေတတ်သော သမုဋ္ဌာန်ခြောက်ပါး လာ၏။ ကိုယ်အမူအရာသက်သက်နှင့် သင့်သောအာပတ်၊ နှုတ်အမူအရာသက် သက်နှင့် သင့်သောအာပတ်၊ ကိုယ်နှုတ်နှစ်ပါးနှင့် သင့်သောအာပတ်၊ ဤသုံးပါးကား အစိတ္တက အာပတ်မျိုးတည်း။ စိတ်ယှဉ်ထုတ် ဆိုသည် ကား ထိုသုံးပါးကို စိတ်နှင့်ယှဉ်၍ ထုတ်ဖော်ပြန်သော် သုံးပါးပွားပြန်၏။ ခြောက်ပါးဖြစ်၏။

### ၃၁၅။ ပြု, မပြုနှင့်၊ နှစ်ခုအစုံ၊ မပြုတုံနှင့်၊ ပြုတုံရံခါ၊ ပြုခါသင့်မှု၊ ပြုမပြု၊ ငါးခုကြိုပြား။

၁။ ကိုယ်နှုတ် အမူအရာကိုပြု၍ သင့်သောအာပတ်,

၂။ မပြု၍သင့်သောအာပတ်,

၃။ ပြု မပြုနှစ်ပါးစုံ၍သင့်သော အာပတ်,

၄။ ရံခါပြု၍ သင့်သည် ရံခါ မပြု၍သင့်သည်ဟု နှစ်မျိုး ရှိသော အာပတ်,

၅။ ရံခါပြု၍ သင့်သည် ရံခါပြုမပြု နှစ်ပါးစုံ၍ သင့်သည်ဟု နှစ်မျိုးရှိသော အာပတ်ဟူ၍ ကြိယာ အပြားအားဖြင့် ငါးပါးရှိ၏။

### ၃၁၆။ သညာမောက္ခ၊ နောမောက္ခ၊ ဒွယ သညာပြား။

၁။ ထိုအမှုကို ပြုလိုသောစိတ်မရှိလျှင် ပြုမိသော်လည်း အာပတ်လွတ်၏။ သညာဝိမောက္ခတည်း။

၂။ ထိုအမှုကို ပြုလိုသောစိတ်မရှိသော်လည်း ပြုမိလျှင် အာပတ်မလွတ်။ နော သညာဝိမောက္ခတည်း။ ဤသို့ သညာအပြားအားဖြင့် နှစ်ပါးရှိ၏။

**၃၁၇။ လောကဝဇ္ဇ၊ ပဏ္ဏတ္တိဝဇ္ဇ၊ သစိတ္တက၊ အစိတ္တက၊ ဤနှစ်ဝ၊ ဝဇ္ဇစိတ္တပြား။**

၁။ လောကဝဇ္ဇ အာပတ်,

၂။ ပဏ္ဏတ္တိဝဇ္ဇ အာပတ်,

၁။ သစိတ္တက အာပတ်,

၂။ အစိတ္တက အာပတ်,

ဟူ၍ ဝဇ္ဇအပြား အားဖြင့် နှစ်ပါး၊ စိတ္တ အပြားအားဖြင့် နှစ်ပါးရှိ၏။

၁။ ပါရာဇိကအာပတ် စသည်ကဲ့သို့ အကုသိုလ် စိတ်နှင့် ပြုမှ သင့်သောအာပတ်မျိုးသည် လောကဝဇ္ဇ အာပတ်မျိုး မည်၏။

၂။ သဟသေယျအာပတ် စသည်ကဲ့သို့ ဘုရားပညတ်၍သာ အပြစ်အာပတ်ဖြစ်ရသော အာပတ်မျိုး သည် ပဏ္ဏတ္တိဝဇ္ဇ အာပတ်မျိုးမည်၏။

၁။ သညာဝိမောက္ခမျိုးသည် သစိတ္တက အာပတ်မျိုး မည်၏။

၂။ နော သညာဝိမောက္ခမျိုးသည် အစိတ္တက အာပတ်မျိုး မည်၏။ ။ အကျယ်ကို အဋ္ဌကထာမှာယူလေ။

သမုဋ္ဌာန် ကြိယာ ဝဇ္ဇ စိတ္တ အပြား ပြီး၏။

----------------

## ၂၁-အဓိကရုဏ်း လေးပါးအမြွက်

၁။ ဝိဝါဒါဓိကရုဏ်း, ၂။ အနုဝါဒါဓိကရုဏ်း, ၃။ အာပတ္တာဓိကရုဏ်း, ၄။ ကိစ္စာဓိကရုဏ်း။ အဓိကရုဏ်း လေးပါး ဆောင်ပုဒ်။

**၃၁၈။ ဝိဝါ, နုဝါ၊ အာပတ္တာ၊ ကိစ္စာဓိကရ။** သိသာပြီ။

**၃၁၉။ ဓမ္မာဓမ္မ၊ စသည်အစုံ၊ ငြင်းခုံဖြစ်ပွား၊ ဆယ့်ရှစ်ပါး၊ မှတ်သား ဝိဝါဒ။**

**၃၂၀။ ဓမ္မဝိနယ၊ ဘာသိတ၊ စိဏ္ဏပညတ္တံ။**

**၃၂၁။ အာပတ်, ဂရုက၊ ဒုဋ္ဌုလ္လ၊ သာဝသေသမှန်။**

**၃၂၂။ ပဋိပက္ခ၊ ပွားတုံက၊ ဝါဒ ဆယ့်ရှစ်တန်။**

ဓမ္မ, ဝိနယ, ဘာသိတ, အာစိဏ္ဏ, ပညတ္တ, အာပတ္တိ, ဂရုက, သာဝသေသ, ဒုဋ္ဌုလ္လ။ ဤကိုးပါးကို မူတည်ပြီးလျှင် ပဋိပက္ခ အစုံပြု၍ ပွားသည်ရှိသော် ဝိဝါဒဝတ္ထု တစ်ဆယ့်ရှစ်ပါးဖြစ်၏။ ဓမ္မ, အဓမ္မ, ဝိနယ, အဝိနယ, ဘာသိတ, အဘာသိတ, အာစိဏ္ဏ, အနာစိဏ္ဏ, ပညတ္တ, အပညတ္တ, အာပတ္တိ, အနာပတ္တိ, ဂရုက, လဟုက, သာဝသေသ, အနဝသေသ, ဒုဋ္ဌုလ္လ, အဒုဋ္ဌုလ္လ။ တစ်ခုသောအမှုကို တစ်ဦးက ဓမ္မဟူ၍ ဆို၏။တရားလမ်းမှန် ဖြစ်၏ဟုဆိုလိုသည်။ တစ်ဦးက အဓမ္မ ဟူ၍ဆို၏။ တရားလမ်းမှန်မဟုတ်ဟု ဆိုလိုသည်။ ဝိဝါဒဖြစ်ကြ၏၊ အကြွင်းရှစ်စုံတို့၌လည်း ဤနည်းတူ။

**၃၂၃။ စောဒနာမှု၊ စွပ်စွဲမှု၊ အနုဝါဒတည်း။**

**၃၂၄။ ပါ, သံ, ထု, ပါ၊ ဒုက်, ဒုဗ်, ပါ၊ သတ္တာနု ဝါဒ။**

ရဟန်းအချင်းချင်း အာပတ်ဖြင့် စောဒနာမှု စွပ်စွဲမှုကို အနုဝါဒါဓိကရုဏ်းခေါ်သည်။ ပါရာဇိက, သံဃာဒိသိသ်, ထုလ္လစ္စဥ်း, ပါစိတ်, ဒုက္ကဋ်,

ဒုဗ္ဘာသိ, ပါဠိမုဒေသနီ၊ ဤအာပတ်ခုနစ်ပုံကို အနုဝါဒဝတ္ထုခုနစ်ပါး ခေါ်သည်။

**၃၂၅။ အာပတ်ခုနစ်ဖြာ၊ သင့်တုံလာ၊ အာပတ္တာဓိ တည်း။**

ရဟန်းတို့၌ အာပတ်ခုနစ်ပုံတို့တွင် တစ်ခုခုသော အာပတ် သင့်မှုကို အာပတ္တာဓိကရုဏ်း ခေါ်သည်။

**၃၂၆။ ဥတ္တိသုံးတန်၊ ပလောကံ၊ လေးတန် ကိစ္စာဓိ။**

အပလောကနကံ, ဥတ္တိကံ, ဥတ္တိဒုတိယကံ, ဥတ္တိစတုတ္ထကံ၊ ဤကံလေးမျိုးကို ကိစ္စာဓိကရုဏ်း ခေါ်သည်။

အဓိကရုဏ်းလေးပါး အမြွက်ပြီး၏။

----------------

## ၂၂-သမထခုနစ်ပါး

**၃၂၇။ သမ္မု, သတိ၊ အမုဠ္ဟ၊ ပဋိ, ယေဘုယျ။**

**၃၂၈။ ပါပိသိက၊ တိဏဝတ္ထာ၊ ခုနစ်ဖြာ၊ ငြိမ်းငှာ သမထ။**

သမ္မုခါဝိနယ, သတိဝိနယ, အမုဠ္ဟဝိနယ, ပဋိညာတကရဏ, ယေဘုယျသိက, တဿပါပိယသိက, တိဏဝတ္ထာရက။ ဤကား အဓိကရုဏ်း လေးပါးတို့ကို ပြေငြိမ်းစေနိုင်သော သမထကြီးခုနစ်ပါး တည်း။

**၃၂၉။ ခန္ဓကမှာ၊ အကျယ်သာ၊ ဤမှာ အကျဉ်းမျှ၊**

(သိသာပြီ)

သမထခုနစ်ပါး ပြီး၏။

-------------

## ၂၃-ပါရာဇိက အာပတ်ကုစားနည်း

**၃၃၀။ ပါရာဇိကာ၊ သင့်တုံက၊ ကုသလမ်းမရှိ။**(သိသာပြီ)။

**၃၃၁။ လူ, သာမဏေ၊ လုပ်၍နေ၊ စင်လေ အာပတ္တိ။**
(သိသာပြီ)။

**၃၃၂။ ဈာန်, မဂ် အန္တရာယ်၊ မဖြိတွယ်၊ စင်ကြယ် ဝိသုဒ္ဓိ။** (သိသာပြီ)။

**၃၃၃။ မပျော်မွေ့ဘဲ၊ လူးလဲ ခံကာ၊ မနေရာ၊ သိက္ခာ ချလေဘိ။**

သာသနာတော်၌ ဂန္ထဓုရ ဝိပဿနာဓုရ ဟူ၍ ဓုရ နှစ်ပါးရှိ၏။ စာပေကျမ်းဂန်သင်ကြားမှုသည် ဂန္ထဓုရမည်၏။ ဘာဝနာ ကမ္မဋ္ဌာန်း စီးဖြန်းမှုသည် ဝိပဿနာဓုရမည်၏။ သာသနာတော်၌ ရဟန်းဖြစ်သော သူသည် ဓုရနှစ်ပါးတွင် တစ်ပါးပါးသောဓုရ၌ ပျော်မွေ့ရာ၏။ တစ်ပါးပါး သောဓုရ၌ မပျော်မွေ့ဘဲ သက်မွေးဝမ်းကျောင်းမှုနှင့် ကိစ္စကုန်၍ သိက္ခာ သီလနည်းပါး စတုပစ္စယတဏှာလွန်ကဲလျက် အလူးအလဲ ခံကာမနေရာ၊ သိက္ခာချ၍ လူထွက်ရာ၏။

**၃၃၄။ သိက္ခာတင်က၊ ပဉ္စင်္ဂ၊ ချမှု ဆဋင်္ဂ။**

ရဟန်းဖြစ်ရန် သိက္ခာတင်သောအခါ၌ ဝတ္ထုသမ္ပတ္တိ, ဉတ္တိ သမ္ပတ္တိ, ကမ္မဝါစာသမ္ပတ္တိ, သီမာသမ္ပတ္တိ, ပရိသာသမ္ပတ္တိ ဟူသော သမ္ပတ္တိအင်္ဂါငါးပါးနှင့်ပြည့်စုံလျှင် ရဟန်းဖြစ်၏။ လူဖြစ်လို၍ တင်ပြီးသော သိက္ခာကို ချသောအခါ၌မူကား အင်္ဂါခြောက်ပါးစုံလင်မှ ကျ၏။

**၃၃၅။ စိတ်, ခေတ်, ကာလ၊ ပယောဂ၊ ဇာန, ပုဂ္ဂလာ။**
(အင်္ဂါခြောက်ပါးတည်း။)

**၃၃၆။ ချလိုစိတ်သန်၊ ခေတ်ပုဒ်မှန်၊ ပစ္စုပ္ပန်နှင့် သာ။**

(အင်္ဂါခြောက်ပါးအကျယ်။)

**၃၃၇။ ဝစီ မြွက်ဆို၊ လူပုဂ္ဂိုလ်၊ ဆိုခြင်း သိမှသာ။**

(အင်္ဂါခြောက်ပါးအကျယ်။)

၁- သိက္ခာချလိုသောစိတ်ရှိသည်လည်းဖြစ်စေ။

၂- ဗုဒ္ဓံ ပစ္စက္ခာမိ အစရှိသော သိက္ခာကို ကျစေနိုင်သော ခေတ်ပုဒ်လည်း မှန်စေ။

၃- ပစ္စုပ္ပန်ကာလနှင့် ယှဉ်သော ဝတ္တမာန် ဝိဘတ်၊ ပဥ္စမီ ဝိဘတ်များလည်း ဖြစ်စေ။

၄- မြွက်ဆိုခြင်း ဝစီပယောဂကို ပြုသည်လည်း ဖြစ်စေ။

၅- နားထောင်သူကလည်း လူပုဂ္ဂိုလ်မှန်စေ၊

၆- ထိုခေတ်ပုဒ်ကို ရွတ်ဆို၍ ဆုံးလျှင် ဆုံးခြင်း ဤသူသည် ရဟန်းသိက္ခာကို စွန့်ပါသည်တကားဟု သိသည်လည်း ဖြစ်စေ။

ဤအင်္ဂါခြောက်ပါး စုံလင်ခဲ့လျှင် ထိုခဏ၌ သိက္ခာကျလေ၏။ ပစ္စုပ္ပန် ကာလဆိုရာ၌ "အလံ မေ ဗုဒ္ဓေန" စသည်တို့ကိုလည်း သင်္ဂြိုဟ်လေ။

ဗုဒ္ဓံ ပစ္စက္ခာမိ၊ ဓမ္မံ ပစ္စက္ခာမိ၊ သံဃံ ပစ္စက္ခာမိ၊ သိက္ခံ ပစ္စက္ခာမိ" (ပါရာဇိကဏ္ဍ-ပါဠိတော်-နှာ-၃၂) စသည်။

ဂိဟီတိ မံ ဓာရေဟိ၊ ဂဟဋ္ဌောတိ မံ ဓာရေဟိ" "ဥပါသကောတိ မံ ဓာရေဟိ" "သာမဏေရောတိ မံ ဓာရေဟိ" (ပါရာဇိကဏ္ဍ-ပါဠိတော်-နှာ-၃၂) စသည်။

ခေတ်ပုဒ်အများ ရှိသည်တွင် တစ်ခုသော ခေတ်ပုဒ်နှင့်ပင် သိက္ခာကျ၏။

ဗုဒ္ဓံ ပစ္စက္ခာမိ=ဘုရားကိုစွန့်ပါ၏ ဆိုသော်လည်း ဘုရားကို မကိုးကွယ်လို၍ ဆိုသည်မဟုတ်။ သိက္ခာကျ ရုံမျှ ဆိုသည်ဖြစ်၍ အကုသိုလ်မဖြစ်။

သိက္ခံ ပစ္စက္ခာမိ နှင့် ဂိဟီတိ မံ ဓာရေဟိ-ကို ဆိုကြ၏။

မဆိုမီရှေးအဖို့၌ အနက်အဓိပ္ပါယ်ကိုလည်းကောင်း၊ လူဖြစ်ရန် ပြုလုပ်မှုကိုလည်းကောင်း သိနိုင်သော ပုဂ္ဂိုလ်ကိုရွေးချယ်၍ ထိုပုဂ္ဂိုလ်ထံ၌ ချရာ၏။ ချသောအခါ၌လည်း အကြိမ်များစွာ ရွတ်ဆို၍ချရာ၏။

ဤပုဂ္ဂိုလ်ထံမှာ သုံးကြိမ် လေးကြိမ်၊ ထိုပုဂ္ဂိုလ်ထံမှာ သုံးကြိမ် လေးကြိမ်သော်လည်းချရာ၏။

အင်္ဂါခြောက်ပါး ညီညွတ်ပြီဟု စိတ်ချရမှတန်လေ။ သိက္ခာချပါလျက် အင်္ဂါမညီညွတ်၍ သိက္ခာမကျ ရှိနေခဲ့သော်လူ့ဘောင်သို့ ရောက်ကာလ ပါရာဇိကမှုကို ကျူးလွန်မိလျှင် ထိုအခါမှပါရာဇိကကျမှု ရောက်လေရာ၏။ သံဃာဒိသိသ်မှုကို ကျူးလွန်ခဲ့သော် သံဃာဒိသိသ် သင့်လေရာ၏။ သတိမူကြလေကုန်။

ပါရာဇိက အာပတ်ကုစားနည်းပြီး၏။

-----------

## ၂၄-သံဃာဒိသိသ်အာပတ် ကုစားနည်း

**၃၃၈။ သင့်တုံ့အာပတ်၊ ပကတတ်၊ ကင်းလတ် အန္တရာယ်။**

**၃၃၉။ ကြားငှာ စွမ်းပြား၊ သညီပွား၊ ရှစ်ပါး သရုပ်ခြယ်။**

**၃၄၀။ ဖုံးလွှမ်း လိုငြား၊ ဖုံးလွှမ်းငြား၊ ဆယ်ပါး ဖုံးလွှမ်းဖွယ်။**

၁။ သညီပွား ဆိုသည်ကား အာပတ်သင့်သည်လည်း ဖြစ်စေ၊

၂။ အာပတ်သင့်ပြီဟူသော အမှတ်ရှိသည် လည်းဖြစ်စေ၊

၃။ ဥက္ခိတ္တက ရဟန်းမဟုတ် ပကတတ်ရဟန်း မှန်သည် လည်းဖြစ်စေ၊

၄။ ငါကား ပကတတ်ရဟန်းဘဲ ဟုအမှတ်ရှိသည် လည်းဖြစ်စေ၊

၅။ ထိုအခါ၌ အန္တရာယ်ဆယ်ပါး မရှိသည်လည်းဖြစ်စေ၊

၆။ မရှိဟု သိသည်လည်းဖြစ်စေ၊

၇။ ဒေသနာကြားရန် တစ်ပါးသော ရဟန်းထံသို့ သွားနိုင် ဒေသနာကြားနိုင်သည်လည်း ဖြစ်စေ၊

၈။ သွားနိုင် ကြားနိုင်၏ဟု သိသည်လည်းဖြစ်စေ၊ ဤသို့ ရှေ့လေးပါးကို အမှတ်အသိနှင့် အသီးသီးပွား၍ ရှစ်ပါး ဖြစ်အောင် ဝေဖန်ရမည်။

ဧင်းရှစ်ပါးကို ဖုံးလွှမ်းလိုသောစိတ်ရှိသည်လည်း ဖြစ်စေ၊ ဒေသနာမကြားမူ၍ အရုဏ်တက်စေသဖြင့် ဖုံးလွှမ်းသည်လည်းဖြစ်စေ၊ ဤနှစ်ပါးကိုထည့်သော် အာပတ်ဖုံးလွှမ်းကြောင်း အင်္ဂါဆယ်ပါးဖြစ်၏။

ပါရာဇိကမှတစ်ပါး ခပ်သိမ်းသော အာပတ်တို့နှင့် ဆက်ဆံသော အင်္ဂါစုပေတည်း။ ဤအင်္ဂါဆယ်ပါးနှင့် ညီညွတ်စွာဖုံးလွှမ်းခဲ့လျှင် ခပ်သိမ်းသော အာပတ်တို့၌ပင် အရုဏ်တက်သည်နှင့်တစ်ပြိုင်နက် ပဋိစ္ဆာဒန ဒုက္ကဋ်ထပ်မံ၍ သင့်၏။

သံဃာဒိသိသ် အာပတ်ကို ဖုံးလွှမ်းခဲ့သော် ထိုသံဃာဒိသိသ် အာပတ်သည် ပဋိစ္ဆန္နအာပတ်မည်၏၊

သံဃာဒိသိသ် အာပတ်ဟူ၍ မသိသော်လည်း ယခုငါပြုသော အမှုသည် အာပတ်သင့်သော အမှုဖြစ်သည်ဟု ဝတ္ထုကိုသိလျက်နှင့် ဖုံးလွှမ်းလျှင်ပင် ပဋိစ္ဆန္နဖြစ်ပြီ၊ တစ်ပါးသော အာပတ်ဟု ထင်မှတ်ခဲ့သော်လည်းကောင်း၊ သံဃာဒိသိသ်ဟုတ်မည်လောဟု ယုံမှားရှိခဲ့သော်လည်းကောင်း ဖုံးလွှမ်းသော်လည်း ပဋိစ္ဆန္န မဖြစ်။

**၃၄၁။ မဖုံးလွှမ်းမူ၊ မာနတ်ယူ၊ ဖုံးမူ ပရိဝါသ်။**(သိသာပြီ)။

**၃၄၂။ အပဋိစ္ဆာန်၊ ပဋိစ္ဆာန်၊ နှစ်တန် မာနတ်မှတ်။**

၁။ အပဋိစ္ဆန္နမာနတ်,

၂။ ပဋိစ္ဆန္နမာနတ်-

ဟူ၍မာနတ်ကျင့်မှုနှစ်မျိုးရှိ၏။

အာပတ်သင့်၍ ထိုနေ့ အရုဏ်မတက် မီအတွင်း၌ တစ်ပါးသော ရဟန်းထံ၌

"အဟံ ဘန္တေ သံဃာဒိသေသံ အာပန္နော။ တံ တုမှမူလေ အာဝိကရောမိ" ဟူ၍လည်းကောင်း၊"အာရောစယာမိ" ဟူ၍လည်းကောင်း ကြားခဲ့လျှင် ဖုံးလွှမ်းခြင်း မရှိပြီ။ ဒေသနာဂါမ် အာပတ်မဟုတ်သောကြောင့် "ပဋိဒေသေမိ" ဟူ၍ မဆိုရ။

ထိုအပဋိစ္ဆန္န အာပတ်အတွက် ကျင့်ရသော မာနတ်သည် အပဋိစ္ဆန္နမာနတ်မည်၏။

ဖုံးလွှမ်းသော ပဋိစ္ဆန္နအာပတ်အတွက် ဖုံးလွှမ်းသောရက် အရေအတွက်စေ့အောင် ပရိဝါသ်နေပြီးမှ ထိုပရိဝါသ်၏အဆုံး၌ ကျင့်ရသော မာနတ်သည် ပဋိစ္ဆန္န မာနတ်မည်၏။

**၃၄၃။ ပဋိစ္ဆန္နံ၊ သမောဓာန်၊ သုဒ္ဓန် ပရိဝါသ်။**

ပရိဝါသ်သည်

၁။ ပဋိစ္ဆန္နပရိဝါသ်,

၂။ သမောဓာနပရိဝါသ်,

၃။ သုဒ္ဓန္တ ပရိဝါသ် ဟူ၍သုံးမျိုး ရှိ၏။

**၃၄၄။ ဩဓာန်, အဂ္ဃံ၊ မိဿကာ၊ သုံးတန် သမောမှတ်။**

ပဋိစ္ဆန္နပရိဝါသ်သည် အပြားမရှိ၊ သမောဓာန ပရိဝါသ်သည် ၁။ ဩဓာနသမောဓာန်, ၂။ အဂ္ဃသမောဓာန်, ၃။ မိဿကသမောဓာန်-ဟူ၍ သုံးပါးပြား၏။

**၃၄၅။ ဝတ်တင်းလင်းရှိ၊ သံဃာဒိ၊ သင့်ဘိ အန္တရာ။**

**၃၄၆။ ကျင့်ပြီးရက်တွင်း၊ ပျက်တုံလျှင်း၊ အရင်း ဝင်ဘို့ရာ။**

**၃၄၇။ အန္တရာပတ်၊ မဖုံးလတ်၊ မာနတ်မှာ ထည့်ပါ။**

**၃၄၈။ ဖုံးလွှမ်းခဲ့လျှင်း၊ မူလတွင်း၊ ပေါင်းသွင်း ဩဓာနာ။**

ဝတ်ကိုမချမီအတွင်း ဝတ်တင်းလင်းရှိနေစဉ် သင့်လာသော သံဃာဒိသိသ် အာပတ်သည် အန္တရာပတ် မည်၏။ အန္တရာပတ် သင့်သည်ရှိသော် ကျင့်ပြီးသော ရက်စုသည် ပျက်၍ကုန်၏။ ထိုပုဂ္ဂိုလ်ကို ဥတ်ကမ္မဝါစာ ဖြင့် အရင်းသို့ငင်ရ၏။ ထိုအန္တရာပတ်ကို မဖုံးလွှမ်းခဲ့လျှင် ဩဓာနသမောဓာန်ခေါ်သည်။ ဝတ်ကိုချ၍ ထားဆဲအခါ၌ သင့်သော သံဃာဒိသိသ်ကိုမူကား အန္တရာပတ်ဟူ၍ မဆိုအပ်။ မဖုံးလွှမ်းခဲ့လျှင် နောက်မှ အသီးအခြား ပရိဝါသ်နေရမည်။ အန္တရာပတ်သင့်မှုသည် ပရိဝါသ် ကျင့်ဆဲ၌ သင့်သည်လည်းရှိ၏။ မာနတ် ရက်စေ့ပြီးသော

အဗ္ဘာနာရဟ အခိုက်၌ သင့်သည်လည်းရှိ၏။ အဗ္ဘာနာရဟ အခိုက်၌ပင် သင့်သော်လည်း ပရိဝါသ် ကျင့်ပြီးသော ရက်တို့ပါ အကုန်ပျက်ကုန်၏။ အစ, အလယ်တို့၌ သင့်မှု ဆိုဖွယ်မရှိ။

**၃၄၉။ ရှည်, တို ထွေလာ၊ အာပတ်အများ၊ ရှိငြားတထုံး၊ အရှည်ဆုံး၌၊ ပေါင်းရုံး၍သာ၊ ကျင့်ဆောင်ရာ၊ မှတ်ပါ အဂ္ဃတည်း။**

ရက်ရှည်ဖုံးလွှမ်းသောအာပတ် ရက်တိုဖုံးလွှမ်းသော အာပတ်ဟူ၍အထွေအလာ သံဃာဒိသိသ် အာပတ်များ ရှိနေခဲ့သော် အရှည်ဆုံးသော အာပတ်၌ အလုံးစုံကို ပေါင်းရုံး၍ ပေးအပ်ကျင့်အပ်သော ပရိဝါသ်သည် အဂ္ဃသမောဓာန် မည်၏။

**၃၅၀။ မတူအမူ၊ ဝတ္ထုထွေပြား၊ အာပတ်များ၊ ပေါင်းငြားမိဿက။**

အချို့သော အာပတ်ကား သုက္ကဝိဿဋ္ဌိမှုနှင့် သင့်သည်။ အချို့ကား ကာယသံသဂ္ဂမှုနှင့် သင့်သည်။ ဤသို့ စသည်ဖြင့် အမှုဝတ္ထု မတူကြသောအာပတ်များတို့ကို ပေါင်းရုံး၍ ပေးအပ်, ကျင့်အပ်သော ပရိဝါသ်သည် မိဿက သမောဓာန်မည်၏။

**၃၅၁။ ဖုံးလွှမ်းရက်ကို၊ သက်သက်မသိ၊ မမှတ်မိငြား၊ ယုံမှားရှိရာ၊ ကျင့်အပ်စွာ၊ သညာ သုဒ္ဓန္တ။**

**၃၅၂။ စူဠ, မဟာ၊ သုဒ္ဓန်မှာ၊ နှစ်ဖြာ အပြားရ။**

သံဃာဒိသိသ်အာပတ် အနည်းအများ သင့်ပြီး၍ ရက်ပေါင်းမည်မျှဖုံးလွှမ်းမိသည်ဟူ၍ သက်သက်မ သိသောသူ, မမှတ်မိသောသူ, ယုံမှားဒွိဟရှိ၍နေသောသူအား ပေးအပ်ကျင့်အပ်သော ပရိဝါသ်သည် သုဒ္ဓန်ပရိဝါသ် မည်၏။ ထိုသုဒ္ဓန်သည်, စူဠသုဒ္ဓန် မဟာသုဒ္ဓန် ဟူ၍

နှစ်ပါးရှိ၏။ ရဟန်းခံသောနေ့မှစ၍ မည်သည့်ရက် မည်သည့်လတိုင်အောင် ငါသည်စင်ကြယ်ခဲ့၏။ သည်ကနောက်ကို သံဃာဒိသိသ်မှ စင်ကြယ်သည်ဟူ၍ မထင်ရှိနေရာ၌ စင်ကြယ်သည် မထင်သော နေ့ရက်စုကို ရေတွက်၍ထိုနေ့ရက်စု အရေအတွက်စေ့အောင် ကျင့်ရသော သုဒ္ဓန်သည် စူဠသုဒ္ဓန်မည်၏။ ရဟန်းခံသောနေ့မှစ၍ ယနေ့တိုင်အောင်ပင် သံဃာဒိသိသ် အာပတ်မှတစ်နေ့ တစ်ရက်မျှ စင်ကြယ်သည် မထင်ရှိ နေရာ၌ ရဟန်းခံသောနေ့မှစ၍ ပရိဝါသ်ယူနေသော နေ့တိုင်အောင် နေ့ရက်တို့ကို ရေတွက်၍ စေ့အောင် ကျင့်ရသော သုဒ္ဓန်သည် မဟာသုဒ္ဓန်မည်၏။

## ၃၅၃။ အနိက္ခိတ္တ၊ နိက္ခိတ္တ၊ ပြားက ဝတ်နှစ်မျိုး။

ရဟန်းသံဃာ နည်းပါး၍ စောင့်ရှောက်ခြင်းငှာ လွယ်သော အရပ်ဒေသ၌ အနိက္ခိတ္တဝတ်လျော်၏။ သိမ်အပြင်၌ ဆောက်တည်၍ တစ်ကြိမ်ကြားပြီးနောက် အဗ္ဘာန်သွင်းသည်တိုင်အောင် မချဘဲ ကျင့်ရသော ဝတ်ကို အနိက္ခိတ္တဝတ်ခေါ်သည်။

## ၃၅၄။ အနာရောစ၊ သဟာဝါသာ၊ ဝိပ္ပဝါ၊ သုံးဖြာ ဝတ်ပျက်ကြောင်း။

အနာရောစန တစ်ပါး၊ သဟာဝါသ တစ်ပါး၊ ဝိပ္ပဝါသ တစ်ပါး၊ ကျင့်ဆောက်တည်၍နေသော ဝတ်ပျက်ကြောင်း သုံးပါးတည်း။ ရတ္တိစ္ဆေဒသုံးပါးခေါ်သည်။

## ၃၅၅။ တိုက်တွင်းနေခါ၊ တိုက်လုံးသာ၊ ပြင်မှာ တောင်ဆယ့်နှစ်။

## ၃၅၆။ ဒိဋ္ဌ, သုတ ရှိချေက၊ ဌာန မရွေ့ခေတ်။

တိုက်တွင်း၌သာ နေ၍ ကျင့်သူမှာ တိုက်တာဥပစာရသိမ် တစ်ခုလုံးသည် အာရောစနခေတ်ပေတည်း။ ။တိုက်ပြင်၌ ထွက်၍ ကျင့်သူမှာ မိမိနေရာမှ တစ်ဆယ့်နှစ်တောင်တွင်း အရပ်သည် အာရော စန ခေတ်ပေတည်း။

နိက္ခိတ္တဝတ်သားတို့မှာ တိုက်တွင်း၌လည်း တစ်ဆယ့်နှစ်တောင် သာ အာရောစနခေတ်ရှိ၏ ဟုလာသော ဋီကာဝါဒကို မယူအပ်။ ထိုခေတ်အတွင်းသို့ ရောက်လာသမျှသော ရဟန်းတို့ကို မကြား ပဲမနေရ။ ရဟန်းသစ် ရောက်လာမှန်းသိ၍ မကြားမိသော်လည်း ထိုဝတ်ပျက်၏။ သိလျက်နှင့်မကြားလျှင် ညဥ့်လည်းပြတ်၏။ ဝတ္တဘေဒ ဒုက္ကဋ်လည်း သင့်၏။ မသိ၍ မကြားမိလျှင် ညဥ့်သာပြတ်၏။ ဝတ္တဘေဒ ဒုက္ကဋ် လွတ်၏။ ရဟန်းတို့၏ အဆင်းကိုမြင်ရမှု, ရဟန်းတို့၏ အသံကိုကြားရမှု, ရဟန်းတို့၏ တီးနှက်သော ကလတက်သံ ကြေးစည်သံ ခေါင်းလောင်းသံ စသော အသံကြားမှု ရှိရာတို့၌ကား အနီးအဝေး ဌာနမရွေးပြီ။ တစ် ယူဇနာ ကွာဝေးရာ၌ပင် ဖြစ်ငြားသော်လည်း ရဟန်းမှန်းသိခဲ့သော် ရဟန်းပြုလုပ်သော အသံမှန်း သိခဲ့သော် သွား၍ကြားရမည်။ မကြားခဲ့ လျှင် ညဥ့်လည်းပြတ်၏။ ဒုက္ကဋ်လည်း သင့်၏။ မသိ၍ မကြားမိခဲ့လျှင် ညဥ့်သာပြတ်၏၊ ဒုက္ကဋ် အာပတ်လွတ်၏၊ အကယ်မသိ၍ မကြားမိလျှင် နှစ်ပါးစုံမှလွတ်၏ဟု ဆိုကြ၏။ ဆင်ခြင်ကြလေ။

## ၃၅၇။ ရဟန်းနှင့်မူ၊ အမိုးတူ၊ အိပ်မူ သဟဖြစ်။

အမိုးတစ်ခုလုံး၌ ဝတ်သားချင်းဖြစ်စေ၊ တစ်ပါးသော ရဟန်းနှင့် ဖြစ်စေညဥ့်အခါ၌ အတူအိပ်မိသည်ကို သဟဝါသ ဆိုသည်။ ထိုညဥ့်ပြတ် ၍ ရတ္တိစ္ဆေဒဖြစ်၏။

**၃၅၈။ ပကတတ် ကင်းလျက်၊ အရုဏ်တက်၊ ဝတ်ပျက် ဝိပ္ပဝါသဖြစ်။**

အရုဏ်တက်ဆဲအခါ၌ တစ်ဆယ့်နှစ်တောင်အတွင်း ပကတတ် ရဟန်းနှင့်ကင်း၍ အရုဏ်တက်စေခဲ့သော် ဝိပ္ပဝါသ ဖြစ်၏။ ထိုညဥ့် ပြတ်၏။ တိုက်တွင်း၌ပင် အရုဏ်တက်ဆဲအခါ၌ ပကတတ် ရဟန်းနှင့် တစ်ဆယ့်နှစ်တောင် မကင်းရ ယူကြကုန်၏။

**၃၅၉။ ဦနေဂဏော၊ ဒေဝသိက၊ သဟဝါသာ၊ ဝိပ္ပဝါ၊ လေးဖြာမာနတ်၌။**

မာနတ်ကျင့်သောအခါ၌ကား ဦနေဂဏော, ဒေဝသိက, အနာရောစန, သဟဝါသ ဝိပ္ပဝါသ-ဟူ၍ ရတ္တိစ္ဆေဒ အကြောင်း လေးပါးရှိ၏။ ဆောက်တည်၍ ရှေးဦးစွာ ကြားစဉ်အခါ၌ပကတတ်ရဟန်း လေးပါးအောက် မလျော့စေရ၊ လျော့ခဲ့လျှင် ဦနေဂဏေ စရတိ-ဟူသော ရတ္တိစ္ဆေဒ ဖြစ်၏။ ကြားမှုမှာလည်း ပရိဝါသ်သားမှာ ဝတ်ကိုမချဘဲ ကျင့်ခဲ့သော်တစ်ကြိမ်ကြားအပ်ပြီးသော ရဟန်းကို တဖန်ကြားဖွယ် ကိစ္စမရှိ။ မာနတ်၌မူကား ကြားအပ်ပြီးသော ရဟန်းကိုပင်သော်လည်း ထပ်မံ၍နေ့စဉ်ကြားရသည်။ မကြားခဲ့လျှင် ထိုနေ့ပျက်၏။ ရတ္တိစ္ဆေဒ ဖြစ်၏။ နောက်နှစ်ပါးကား ရှေးအတိုင်းပင်။

သံဃာဒိသိသ်အာပတ် ကုစားနည်း ပြီး၏။

------------

## ၂၅-ဒေသနာ ဂါမ်အာပတ်ကုစားနည်း အမြွက်

**၃၆၀။ ဒေသနာဂါမ်၊ ကြွင်းငါးတန်၊ ကြားရန် အနည်းနည်း။**

**၃၆၁။ စွန့်ခြင်းရှေးရှိ၊ နိဿဂ္ဂိ၊ ကြားဘိ နောက်မှတည်း။**
**၃၆၂။ အခွဲ အဖြတ်၊ ရှေးရှိလတ်၊ အပ်ကျည် ပါစိတ် စသည်တည်း။**
**၃၆၃။ ပါဋိဒေသနီယာ၊ လေးမျိုးဖြာ၊ ကြားရာ တစ်မျိုး တည်း။**
**၃၆၄။ အာယတိံသံဝရ၊ ရှိမှထ၊ ဆိုကြ ဆရာနည်း။**

ဒေသနာဂါမ်အာပတ်ကို ဒေသနာကြားပါသော်လည်း "အာယတိံ အာဝုသော သံဝရေယျာသိ"ဟု ဆိုပေရာ "သာဓု သုဋ္ဌု ဘန္တေ သံဝရိ ဿာမိ" ဟုပဋိညာဉ် ပြုသည့်အတိုင်း ဤအမှုကို နောင်ငါမပြုပါပြီဟု နောင်ရှောင်ကြဉ် မည်ဟူသော စိတ်နှင့်ကြားမှ ထိုအာပတ်ထသည်။ ဒေသနာလည်း ကြား၏။ နောင် ထိုအမှုကို ပြုလိုလျက်လည်း ရှိနေ၏ ဆိုလျှင် ထိုအာပတ်မှ မထဟု အချို့ဆရာတို့ ယူဆကြ၏။ ဘိက္ခုနီတို့၏ အဋ္ဌဝတ္ထုက ပါရာဇိကဥ္စသာ အာယတိံ သံဝရ မရှိလျှင် မထသည်။ ကြွင်းသော အာပတ်တို့၌ ထပါ၏ ဟူ၍ လည်းဆိုကြ၏။ နိဿဂ္ဂိအာပတ် ခွဲခြင်းဖြတ်ခြင်း ရှေးရှိသော အာပတ်တို့၌ ရှိသောဝတ္ထုကို မစွန့်မခွဲ မဖျက်မူ၍ ဒေသနာကြားသော်လည်း မထ။ ဒေသနာ ကြားရိုး ကြားစဉ်၌- "အဟံ ဘန္တေ သဗ္ဗာ အာပတ္တိယော အာဝိကရောမိ၊ အာရောစေမိ၊ အာရောစယာမိ"-တို့ကား ဒေသနာ ကြားမှုမဟုတ်။ ပုထုဇ္ဇန်ဂတိဖြစ်၍ ယခုနေ့၌ သင့်သော် သင့်ခဲ့ရာသော သံဃာဒိသိသ် အာပတ်စုကို ရည်၍ အာဝိကရဏ ပြုမှုသာတည်း။ "အဟံ ဘန္တေ သမ္ဗဟုလာ နာနာဝတ္ထုကာ သဗ္ဗာ အာပတ္တိယော အာပဇ္ဇိံ တာ တုမှမူလေ ပဋိဒေသေမိ"-သည်သာ ဒေသနာဂါမ် အာပတ်တို့ကို ဒေသနာကြားမှုတည်း။ "ပဿသိ အာဝုသော တာ အာပတ္တိယော။ အာမ ဘန္တေ ပဿာမိ"-တို့ကား ပဋိညာဉ်တို့ပေ

တည်း။ အာယတိံ အာဝုသော သံဝရေယျာသိ၊ သာဓု သုဋ္ဌု ဘန္တေ သံဝရိဿာမိ"-တို့ကား ပဋိညာယ ကာရေတဗ္ဗော (ပါစိတ်ပါဠိတော် နှာ-၂၇၂) ဟူသော သမထအရ ပဋိညာတကရဏမှုတို့ပေတည်း။ ဤဒေသနာ ကြားမှုသည် အာပတ္တာဓိကရုဏ်းကို ငြိမ်းစေမှုပေတည်း။ ။ သမ္မုခါဝိနယ သမထ၊ ပဋိညာတကရဏ သမထ-ဟူ၍နှစ်ပါးရ၏။ ။ အနက်ကိုသိကြ၍ ကြားမှုလျော်မည်။

**၃၆၅။ စေ့ဆော်သမှု၊ ဖုံးလွှမ်းမှု၊ လေးခု အဂတိ။**
**၃၆၆။ လက္ခဏာညီ၊ အလဇ္ဇီ၊ ဖြစ်ပြီ ဟောချက်ရှိ။**
**၃၆၇။ ဆန္ဒာဘယာ၊ မျက်ဒေါသာ၊ မောဟာ လေးဂတိ။**

"သဉ္စိစ္စ အာပတ္တိံ အာပဇ္ဇတိ။ အာပတ္တိံ ပရိဂူဟတိ။ အဂတိ ဂမနဉ္စ ဂစ္ဆတိ။ ဧဒိသော ဝုစ္စတိ အလဇ္ဇီ ပုဂ္ဂလော"(ပရိဝါပါဠိတော် နှာ-) ဤပါဠိတော်နှင့် အညီပညတ်တော်ကို သိလျက်နှင့် စေ့ဆော်၍ အာပတ်မှုကို ပြုကျင့်သောရဟန်း, ပြုဆိုခဲ့ပြီးသော ဆယ်ပါးသော ဖုံးလွှမ်းကြောင်းနှင့်အညီ အရုဏ်တက်သည်တိုင်အောင် ဒေသနာမကြားဘဲ အာပတ်ကိုဖုံးလွှမ်း၍ ထားသောရဟန်း, ရဟန်းဖြစ်လျက် ဆန္ဒာဂတိ ဘယာဂတိ ဒေါသာဂတိ မောဟာဂတိသို့ လိုက်သော ရဟန်းများသည် အလဇ္ဇီလက္ခဏာသို့ ရောက်၏။ ထိုပုဂ္ဂိုလ်နှင့် အာမိသသမ္ဘောဂ ဓမ္မသမ္ဘောဂ မပြုအပ်။ ဥပုသ်ပဝါရဏာ ကံကြီးကံငယ်အတူပြုမှု-ဟူသော သံဝါသမှုကိုကား မပြုအပ်ဟု ပညတ်တော်မရှိ။ (မဟာဝါ၊ ဝဇီရဗုဒ္ဓိ။)

ဒေသနာဂါမ်အာပတ် ကုစားနည်း အမြွက်ပြီး၏။

-------------

## ၂၆-ရှင်ပြုခန်းအမြွက်

**၃၆၈။ သူ့မိသူ့ဘ၊ ခွင့်ပြုမှ၊ ပြုရ ပဗ္ဗဇ္ဇာ။** (သိသာပြီ)။
**၃၆၉။ ဆံရိတ်တစ်ခန်း၊ သင်္ကန်းပေးတုံ၊ သရဏဂုံပေး**
**ငြား၊ ဤသုံးပါး၊ ခေါ်ငြား ပဗ္ဗဇ္ဇာ။**

ရှင်ပြုမှုသည် ဆံရိတ်ခြင်းတစ်ပါး, သင်္ကန်းပေးခြင်းတစ်ပါး, သရဏဂုံပေးခြင်းတစ်ပါး-ဟူ၍ သုံးပါးရှိ၏။

**၃၇၀။ တိုက်တွင်းဝယ်ဘိ၊ သံဃာရှိ၊ ပန်ဘိ ဆံရိတ်မှာ။**

မိမိနေရာ ကျောင်းတိုက်၌ ရဟန်းသံဃာ အများရှိခဲ့လျှင် သံဃာကို အပလောကနကံဖြင့် ပန်ကြားပြီးမှ ရှင်လောင်းကို ရဟန်းများကိုယ်တိုင်ဆံရိတ်အပ်သည်။ သို့မဟုတ်လျှင် ဆံပင်ရှည်နှင့် ရှင်ပြု၍ပေးပါဟုလာခဲ့သော် ဦးခေါင်းရိတ်ပြီးကိုမှ ငါတို့ရှင်ပြု၍ပေးသည်ဟု ပြောရမည်။ လူတို့ အလိုအလျောက် ဆံရိတ်၍လာလျှင်ကောင်းလှ၏။

ဆံရိတ်မှုဟူသော ရှင်ပြုခန်းအမြွက် ပြီး၏။

--------------

**၃၇၁။ ဥပဇ္ဈာယ် ဆရာ၊ အင်္ဂါညီလှ၊ ဆယ်ဝါရ၊ ပေးကြ**
**သင်္ကန်းမှာ။**

ဥဘတောဝိဘင်းကိုရခြင်း အစရှိသော ဗဟုသုတအင်္ဂါနှင့် ပြည့်စုံ၍ ဆယ်ဝါရပြီးသော ဥပဇ္ဈာယ်ဆရာသည် သာလျှင် သာမဏေလောင်းအား သင်္ကန်းပေးခြင်းဟူသော ပဗ္ဗဇ္ဇအမှုကို အစိုးတရပြုထိုက်သည်။ ဆယ်ဝါမရသေးသော ရဟန်းငယ်၊ အဝါ ခြောက်ဆယ်ပင်ရသော်လည်း ဗဟုသုတအင်္ဂါနှင့် မပြည့်စုံသော ရဟန်းသည် သာမဏေလောင်းအား သင်္ကန်းပေးခြင်းအမှုကို အစိုးတရမပြုအပ်။

## ၃၇၂။ ခိုင်းစေတုံလတ်၊ ကိုယ်စားမှတ်၊ ပြုအပ် ထေရ်ငယ်မှာ။

ဥပဇ္ဈာယ်အင်္ဂါနှင့် ပြည့်စုံသောဆရာက ဤရှင်လောင်းကို သင်္ကန်းပေးလိုက်လောဟု စေခိုင်းလျှင် ရဟန်းငယ်ပင်ပေးရ၏။ မခိုင်းသော်လည်း ဥပဇ္ဈာယ်ဆရာ၏ ကိုယ်စားရည်မှတ်၍ ပေးလျှင်လည်း ပေးအပ်၏။ ယခုအခါ၌လည်း ဥပဇ္ဈာယ်အင်္ဂါနှင့် မပြည့်စုံကြကုန်သော ရဟန်းတို့သည် မိမိတို့ကျောင်း၌ မိမိ၏တပည့်ဖြစ်သူ ရှင်လောင်းများကို မိမိတို့ကိုယ်တိုင် သင်္ကန်းပေး၍ ရှင်ပြုကြသောအခါ ဤလောက၌ သံဃာတော် ဆရာတော် မြတ်တို့သည် ရှိကြပေကုန်၏။ ထိုဆရာမြတ်တို့၏ ကိုယ်စားလည် ကိုယ်စားပြု၍ ငါသည် ဤရှင်လောင်းအား သင်္ကန်းပေးမည်၊ ငါ၏အလိုအလျောက် အစိုးတရ ပေးမည်မဟုတ်ဟု စိတ်ကိုဖြစ်စေ၍ ပေးကြကုန်ရာ၏။ “သကလဝဋ္ဋ”ကို ဆိုစေ၍ တောင်းနည်း ပေးနည်း အရိုးအစဉ်ရှိလေ၏။ “သကလဝဋ္ဋ” ကို မဆိုသော်လည်း မိမိလက်ဖြင့် သင်္ကန်းတို့ကို ကိုင်ယူ၍ ဤသင်္ကန်းတို့ကို သင့်အား ရှင်ပြုခြင်းငှါ ငါပေး၏။ ဝတ်ချေ ရုံချေလောဟူ၍ ဆိုလျှင်ပင် ယူ၍ ဝတ်ရရုံရ၏။ ရဟန်းကိုယ်တိုင် ဝတ်ရုံ၍ပေးလျှင် ဆိုဖွယ်မရှိ ကိုယ်တိုင်မပေးမူ၍ ဤသင်္ကန်းတို့ကိုယူ၍ ဤရှင်လောင်းအား သင်္ကန်းဝတ်ရုံ၍ ပေးလိုက်လော့ဟု ရဟန်းရှင်လူတို့ကို စေခိုင်း၍ ဝတ်ရုံစေခြင်းငှါ အပ်၏။

သင်္ကန်းပေးမှုဟူသော ရှင်ပြုခန်း အမြွက်ပြီး၏။

----------

## ၃၇၃။ ဥပဇ္ဈာယ်ဆရာ၊ အင်္ဂါညီမှ၊ ဆယ်ဝါရ၊ ပေးကြသရဏာ။

သရဏဂုံပေးမှု၌ကား ဥပဇ္ဈာယ်ဆရာ ကိုယ်တိုင်ပေးမှုသည်သာ ကျမ်းဂန်တို့၌လာ၏။ သင်္ကန်းပေးမှုကဲ့သို့ ဥပဇ္ဈာယ်ဆရာက စေခိုင်းသော်လည်းကောင်း၊ ဥပဇ္ဈာယ်ဆရာ၏ ကိုယ်စားပြု၍သော်လည်းကောင်း ပေးခြင်းငှာ အပ်ရာပါ၏။

## ၃၇၄။ နိဂ္ဂဟိတန်၊ မကာရန်၊ နှစ်တန်ပေးနည်းလာ။

"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" အစရှိသည်ဖြင့် သရဏဂုံကို ပေးရာ၌ နိဂ္ဂဟိတန္တနှင့်လည်း ပေးအပ်၏၊ မကာရန္တနှင့်လည်း ပေးအပ်၏။ နိဂ္ဂဟိတန္တ ဆိုသည်ကား သေးသေးတင်နှင့်ရှိနေသော အက္ခရာတို့၌ ခံတွင်းနှုတ်ခမ်းတို့ကိုပိတ်ခြင်း အဆုံးရှိသည်ကိုပြု၍ ရွတ်ဆိုခြင်းတည်း။ မကာရန္တဆိုသည်လည်း ထို့အတူ ခံတွင်း, နှုတ်ခမ်းတို့ကို ပိတ်ခြင်း အဆုံးရှိသည်ကို ပြု၍ ရွတ်ဆိုခြင်းပင်ဖြစ်သည်။ အထူးမူကား နိဂ္ဂဟိတ်မည်သည် ရှေ့သရကို မှီသော ဗျည်းအထူးဖြစ်ပေ၍ ဗုဒ္ဓံ၌ ဓဗျည်းနှင့်မှီရာ တူကြ၏။ ထို့ကြောင့် နိဂ္ဂဟိတန္တနှင့် ရွတ်ဆိုသောအခါ၌ ဓဗျည်းနှင့် နိဂ္ဂဟိတ်၏အကြားမှ အသံတစ်မျိုးအခြားမရှိစေမူ၍ တစ်ဆက်တည်းပြု၍ ရွတ်ဆိုရာ၏။ ဓ ဗျည်းပြီးသည်နှင့် တစ်ပြိုင်နက် ခံတွင်းပိတ်မှုကို ပြုရာ၏။ ခံတွင်းပိတ်မှု နောက်ကျ၍မနေစေရာ ဟူလိုသည်။ မအက္ခရာသည်မူကား ဤ၌ သရမရှိသော်လည်း နောက်သရကိုမှီသော ဗျည်းမျိုးဖြစ်ပေ၍ ဗုဒ္ဓံ၌ ဓဗျည်းနှင့် မှီရာ ကွဲပြားကြ၏။ ထို့ကြောင့် မကာရန္တနှင့် ရွတ်ဆိုသောအခါ၌ ဓ ဗျည်းနှင့် မ အက္ခရာ၏ အကြားမှာ အတန်ငယ် ခြားပြီးမှ ပိတ်မှုကို ပြုရာ၏။

ဣမာနိ စ ပန ဒဒမာနေန ဗုဒ္ဓံ သရဏံ ဂစ္ဆာမိတိ ဧဝံ ဧကသမ္ဗန္ဓာနိ အနုနာသိကန္တာနိ ဝါ ကတွာ ဒါတဗ္ဗာနိ ဗုဒ္ဓမ် သရဏမ် ဂစ္ဆာမိတိ ဧဝံ ဝိစ္ဆိန္ဒိတွာ, မကာရန္တာနိ ဝါ ကတွာ ဒါ တဗ္ဗာနိ။ ။(အဋ္ဌကထာ)။

(မဟာဝါအဋ္ဌကထာ)

## ၃၇၅။ ဌာန်, ကရဏ၊ ပယတ်ကျ၊ ပြီသလိုလှစွာ။
## ၃၇၆။ ဆရာလည်းပြီ၊ တပည့်ပြီ၊ စုံညီကြမှသာ။

တစ်လုံးတစ်လုံးသော အက္ခရာ၌ ဌာန်, ကရိုဏ်း, ပယတ်, သုံးပါးအပြီအသ အကျအန အလွန်လိုလှစွာ၏။ ပေးသူဆရာကလည်း ကျကျနန ပြီသပါမှ လိုက်သူတပည့်ကလည်း ကျကျနန ပြီသပါမှ သရဏဂုံမြောက်သည်။ တစ်ဦးဦးက ပြီရုံမျှနှင့် မမြောက်ဟုလာ၏။

သရဏံပုဒ်၌ ရကြီး, ဏကြီး နှစ်လုံးသည် မုဒ္ဓဇချည်း ဖြစ်ကြ၏။ အာခေါင်အရပ်မှ ဖြစ်ကြ၏။ လျှာဖျား၏အနီးဖြစ်သော လျှာအရပ်သည် ထိုနှစ်လုံး၏ကရိုဏ်းဖြစ်၏။ လျှာကို အထက်သို့ ခေါက်လိပ်၍ ရွတ်မှ အထက်အာ ခေါင်ကို ထိခိုက်၏။ သွားသံပါခဲ့လျှင် ဏကြီး မဟုတ်ပြီ။ ဒန္တဇနငယ် ဖြစ်လေ၏။

ဌာန် ကရိုဏ်း ပယတ်တို့နှင့် ပြည့်စုံစွာ ရွတ်ဖတ်မှုမည်သည် ဆရာနည်းကောင်းလှမှ နေရာကျနိုင်သည်။ သရဏဂုံ ဌာန်ကရိုဏ်း မကျ၍ သာမဏေအစစ်မဖြစ်သော်လည်း ဖြစ်သည်မှတ်၍နေလျှင် အပြစ်မရှိ။ မဖြစ်မှန်း သိလျက် သာမဏေကောင်းတို့နှင့် ပေါင်းဖော်၍ နေသော်လည်းကောင်း သက်န်းခံယူမှုက စောင့်ရှောက်လျက် ရှိသော ကြောင့် ထေနကမဖြစ်။ သရဏဂုံ အောင်မြင်ခဲ့လျှင်"တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ"၌ မိအက္ခရာ အဆုံးတွင် ရှင်သာမဏေအစစ်ဖြစ်လေ၏။ သာမဏေတို့ ကျင့်အပ်သော ဆယ်ပါးသီလ လိင်ဆယ်ပါး ဒဏ်ဆယ် ပါးတို့မှစ၍ အလုံးစုံသော ကျင့်ဝတ်တရားတို့ကို ဆောက်တည်မှုကိစ္စ တစ်ချက်တည်းပြီးလေ၏။ သီလခံဖွယ်ကိစ္စမရှိ၊ ခံသော်လည်း အပြစ်မရှိ၊ ကျေပွန်ရခြင်းအကျိုးရှိ၏၊ သာမဏေဖြစ်ပြီးလျှင် ဥပဇ္ဈာယ်အင်္ဂါနှင့် ပြည့်စုံသော ဆရာရှိခဲ့လျှင် ထိုဆရာထံ၌ ဥပဇ္ဈာယ် ယူစေရမည်။

"ဥပဇ္ဈာယော မေ ဘန္တေ ဟောဟိ" ဟုသုံးခေါက်ဆို၍ ယူ။

ဆယ်ပါးသီလကိုလည်းကောင်း၊ လိင်ဆယ်ပါး ဒဏ်ဆယ်ပါး တို့ကိုလည်းကောင်းအမြဲဆောင်စေရမည်။

လိင်ဆယ်ပါးတို့တွင် တစ်ပါးပါးကို ပြုမိသော် သရဏဂုံ ပျက်၏။ သက်န်းပေးမှုကား မပျက်။ လူဖြစ်သည် မဟုတ်။ နောင်ကြဉ်ရှောင်ပါ မည်ဆိုလျှင် ရေဒဏ် သဲဒဏ်ပေး၍ သရဏဂုံကိုသာ ထပ်မံ၍ ပေးအပ် ၏။ နောက်လွန် ကျူးပြန်၍ နောင်ကြဉ်ရှောင်ပါတော့မည် ဆိုပြန်လျှင် သုံးကြိမ်တိုင်အောင် သရဏဂုံကိုသာ ထပ်မံ၍ပေးအပ်၏။ နောက် လွန် ကျူးပြန်၍ ရှေ့သို့လည်း ကြဉ်ရှောင်မည့်သူ မဟုတ်ဟု သိခဲ့လျှင် လူဝတ် လဲ၍ တစ်ခါတည်း သွားစေ ရသည်။ ဤကား လိင်ပေးမှု အစီအရင် တည်း။

လိင်အမှုကို ပြုမိတိုင်း လူဝတ်လဲ၍ လိင်ပြန်ရသည်ချည်း မှတ် ထင်ကြကုန်၏။ အချို့ဆရာတို့ကား ကျူးလွန်မှု ထင်ရှားမရှိပဲနှင့်ပင် စင်ကြယ်စေခြင်းငှာဆို၍ ဝါဝင် ဝါကျွတ်တို့၌ လိင်ဆေးသည်ဟု တစ်နှစ် လျှင်နှစ်ကြိမ် လူဝတ်လဲစေကြကုန်၏။ ကျမ်းဂန် မရှိ။

ရှင်ပြုခန်းအမြွက်ပြီး၏။

----------

## ၂၇-ရဟန်းခံခန်းအမြွက်

**၃၇၇။ ဝတ်, ဥ တ်, ကမ္မဝါ၊ သိမ်, ပရိသာ၊ ငါးဖြာ သမ္ပတ္တိ ။**

**၃၇၈။ ပဥ္စင်းမြောက်ရန်၊ အင်္ဂါငါးတန်၊ ပြန်လေ ဝိပတ္တိ။**

ဝတ္ထုသမ္ပတ္တိ, ဥ တ္တိသမ္ပတ္တိ, ကမ္မဝါစာသမ္ပတ္တိ, သီမာသမ္ပတ္တိ, ပရိသာသမ္ပတ္တိ-ဟူ၍ ရဟန်းပဥ္စင်းအဖြစ် ထမြောက်ရန် အင်္ဂါငါးပါး၊

ထိုမှပြန်သော် ရဟန်းပဥ္စင်းအဖြစ် မပြောက်ရန် ဝိပတ္တိငါးပါးဖြစ်၏။ ဝတ္ထုဝိပတ္တိ, ဉတ္တိဝိပတ္တိ, ကမ္မဝါစာဝိပတ္တိ, သီမာဝိပတ္တိ, ပရိသာဝိပတ္တိ။

**၃၇၉။ ပဥ္စင်းလောင်းကို၊ ဝတ္ထုဆို၊ ထိုမှာ သံ, ဝိပ်ရှိ။**

ပဥ္စင်းလောင်းကို ဝတ္ထုဆို၏။ ထိုပဥ္စင်းလောင်းမှာ သမ္ပတ္တိ, ဝိပတ္တိနှစ်ပါးရှိ၏။

**၃၈၀။ ဦနဝီသ၊ အန္တိမ၊ ဘဗ္ဗ တစ်ဆယ့်တစ်။**

**၃၈၁။ ဆယ့်သုံးဝိပတ်၊ ကင်းစင်လတ်၊ အမြတ် သမ္ပတ္တိ။**

အသက်နှစ်ဆယ် မပြည့်သောသူ၊ ပါရာဇိက ကျပြီးသောသူ၊ ပဏ်, ထေ, ပက်, ဆန်၊ ပဥ္စာနန်၊ ဒူသံ, ဥဘောဗျည်း-ဟူ၍ ဆိုလတ္တံ့သော ပဏ္ဍုက်အစရှိသော အဘဗ္ဗပုဂ္ဂိုလ် တစ်ကျိပ်တစ်ယောက်၊ ဤ တစ်ဆယ့်သုံးယောက်တို့သည် ရဟန်းမဖြစ်ထိုက်ကုန်။ ထိုသူတို့ကို ပဥ္စင်းခံခဲ့သော် ဝတ္ထုအတွက်နှင့် ထိုက်ပျက်၏။ ထိုသူတို့ကိုကြဉ်၍ သမ္ပတ္တိကို သိအပ်၏။

**၃၈၂။ သန္ဓေတည်နေ့၊ စတုံ့ရွေ့၊ ပြေ့စေ ဝီသတိ။**

"အနုဇာနာမိ ဘိက္ခဝေ ဂဗ္ဘဝီသံ ဥပသမ္ပာဒေတုံ"(ဝိနည်းမဟာဝါ ပါဠိတော်-န္ဒာ-)။ ဘိက္ခဝေ=တို့၊ ဂဗ္ဘဝီသံ=အမိဝမ်း၌ ကိန်းနေသော ပဋိသန္ဓေ လရက်တို့ကို ထည့်စွက်၍ အသက်နှစ်ဆယ် ပြည့်သောသူကို၊ ဥပသမ္ပာဒေတုံ=ရဟန်းပဥ္စင်း ခံစေခြင်းငှာ၊ အနုဇာနာမိ=ငါဘုရားခွင့်ပြု၏-ဟူ၍ လာသောကြောင့် ပဋိသန္ဓေ တည်နေသော နေ့မှစ၍ အနှစ်နှစ်ဆယ်ပြည့် စေရာ၏။

**၃၈၃။ ခုနစ်လဖွား၊ ဆယ်လဖွား၊ ထင်ရှားလူဝယ်ရှိ။**

လောက၌ ခုနစ်လဖွား၊ ဆယ်လဖွား၊ နှစ်မျိုးသာ ထင်ရှားရှိ၏။

**၃၈၄။ ဖွားသက္ကရာဇ်၊ ဆယ့်ကိုးနှစ်မှ၊ ငါးလ, နှစ်လ၊ စွန်းတုံက၊ ဂဗ္ဘဝီသပြည့်။**

ဖွားသက္ကရာဇ်ကို တွက်စစ်၍ ဆယ့်ကိုးနှစ် လုံးလုံးပြည့်သည်မှ ခုနစ်လဖွားသူမှာ ငါးလစွန်းလျှင် ဂဗ္ဘဝီသ ပြည့်၏။ ဆယ်လဖွားသူမှာ နှစ်လစွန်းလျှင် ဂဗ္ဘဝီသပြည့်၏။ ။အဋ္ဌကထာနည်းတည်း။

**၃၈၅။ ရက်သုံးဆယ်လ၊ ဆယ့်နှစ်လ၊ ဝဿ အမှန်သိ။**

အဋ္ဌကထာ၌ လာသော အာစရိယဝါဒ အလိုကား "တိံသရတ္တိ ဒိဝေါမာသော"ဟူ၍ ဟောတော်မူသော ကြောင့် ရက်ပေါင်းသုံးဆယ် ပြည့်မှ တစ်လအမှန်ဖြစ်သည်။ "ဒွါဒသမာသာ ဧကံ သံဝစ္ဆရံ" ဟူ၍ ဟောတော်မူသောကြောင့် တစ်ဆယ့်နှစ်လသည်သာ တစ်နှစ်အမှန် ဖြစ်သည်။ တစ်နှစ်တစ်နှစ်အဖို့တွင် အရက်သုံးဆယ် မပြည့်သော ရက်မစုံ လပေါင်း ခြောက်လ ပါရှိ၏။ ဝါထပ်သည့်အတွက် တစ်နှစ်တွင် တစ်ဆယ့် သုံးလရှိသော နှစ်မျိုးသည် သုံးနှစ်လျှင် တစ်ကြိမ် တစ်ကြိမ်လာ၏။

**၃၈၆။ ဆယ့်ကိုးနှစ်ကို၊ ခြောက်လပို၊ ဝါဆိုထပ်သည့် တွက်။**

**၃၈၇။ လေးလမျှတုံ၊ ယုတ်လျော့ကုန်၊ မစုံလ အတွက်။**

ဖွားသည့်နေ့မှစ၍ တစ်ဆယ့်ကိုးနှစ်ပြည့်ပြီးဟု ဆိုရသောအခါ ဝါဆိုထပ်သည့်အတွက် ခြောက်လအပို ထွက်လာ၏။ ရက်မစုံလအတွက် ရက်ပေါင်း ၁၁၄-ရက်ယုတ်လျော့လျက်ရှိ၏။ ထိုရက်ပေါင်းကို လေးလမျှ ဆိုသည်။ သုံးလနှင့် ၂၄-ရက်တည်း။

**၃၈၈။ ယုတ်ပိုညှိက၊ ကျန်သေသ၊ နှစ်လခြောက် ရက် ထွက်။**

ဝါထပ်အတွက် ခြောက်လပိုသည်တွင် ရက်မစုံအတွက် ယုတ်ခဲ့ သော ရက်တို့နှင့် ပယ်နှုတ်နှိုင်းညှိသည်ရှိသော် အကျန် နှစ်လ ခြောက်ရက် အပိုထွက်သည်။

### ၃၈၉။ သုံးလစွန်းက၊ ခုနစ်လ၊ ဂဗ္ဘဝီသပြည့်။

ခုနစ်လ ဖွားသူမှာ တစ်ဆယ့်ကိုးမှ သုံးလစွန်းခဲ့လျှင် ဂဗ္ဘဝီသပြည့်၏။ ရဟန်းခံရပြီ။ ဆယ်လဖွားမှာမူကား ပဋိသန္ဓေ ဆယ်လနှင့် ထိုအပိုနှစ်လ ခြောက်ရက်ကိုပေါင်းသော် တစ်နှစ်ပြည့်လျက်ရှိသောကြောင့် ဖွားသက္ကရာဇ်နှစ် တစ်ဆယ့်ကိုးနှစ်ပြည့်ခဲ့လျှင် ဂဗ္ဘဝီသပြည့်၏။ တစ်ဆယ့်ကိုးနှစ်လုံးလုံးရှိလျှင် ရဟန်းခံရပြီ။ ရဟန်းလောင်း၏ အမိဖြစ်သူက သူ၏သားသည် ဆယ်လဖွားဖြစ်ပါသည်ဟု အတပ်ပြောသော်လည်း အမှန်မုချ အယုံရခက်လှသော အရာမျိုးဖြစ်ခဲ့၍ အယုတ်ဆုံးအားဖြင့် ခုနစ်လဖွားကို အတည်ပြု၍ တစ်ဆယ့်ကိုးနှစ်နှင့် သုံးလအောက် မယုတ်စေရ။ ပိုလျှင်သာ ပိုစေရမည်ဟု ငါတို့ကျေးဇူးရှင် စံကျောင်းဆရာတော်ဘုရားကြီး မိန့်တော်မူ၏။

ဝတ္ထုသမ္ပတ္တိ ပြီး၏။

-----------------

### ၃၉၀။ ဝတ်, သံ, ပုဂ်, ဉတ်၊ မသုံးသပ်၊ ဉတ်ကိုနောက်မှာထား။

### ၃၉၁။ ဉတ္တိဝိပတ်၊ အင်္ဂါငါးရပ်၊ သမ္ပတ် အပြန်ငါး။

ဉတ်တွင်း၌ ဝတ္ထုကို မသုံးသပ်ခြင်း, သံဃာကို မသုံးသပ်ခြင်း၊ ပုဂ္ဂိုလ်ကို မသုံးသပ်ခြင်း၊ ဉတ်ကိုမသုံးသပ် ခြင်း၊ ဉတ်ကို ကမ္မဝါစာ၏နောက်မှာထားခြင်း-ဟူ၍ ဉတ္တိဝိပတ္တိင်္ဂါးပါးရှိ၏။ ဝတ္ထုကိုသုံးသပ်ခြင်းစသည်ဖြင့် ထိုမှပြန်၍ ဉတ္တိသမ္ပတ္တိင်္ဂါးပါးကို သိအပ်၏။

### ၃၉၂။ ကမ္မဝါလဲ၊ ဉတ္တိနဲ၊ ခွဲလေ, ဝိပ်, သံ, ငါး။

### ၃၉၃။ အက္ခရပဒ်၊ ယုတ်လျော့ကျန်၊ ဆယ်တန် သဒ္ဒါမှား။

## ၃၉၄။ ကမ္မဝါမှာ၊ ကံပျက်ရာ၊ ဉတ်မှာ ထိုနည်းလား။

အနုဿာဝနာ-ခေါ်သော ကမ္မဝါ၌လည်း ဉတ်မှာကဲ့သို့ ဝတ္ထု, သံဃာ, ပုဂ္ဂိုလ်, ကမ္မဝါတို့ကို မသုံးသပ်ခြင်း သုံးသပ်ခြင်း ကမ္မဝါကိုဉတ်၏ ရှေ့၌ ဖတ်ခြင်း၊ ဉတ်၏နောက်၌ ဖတ်ခြင်းဟူ၍ ဝိပတ္တိငါးပါးသမ္ပတ္တိ ငါးပါးရှိ၏။

ကမ္မဝါတွင်း၌ အက္ခရာပုဒ် ယုတ်လျော့ ကြွင်းကျန်ခြင်း၊ ဗျဥ္ဇနဗုဒ္ဓိခေါ်သော သဒ္ဒါဆယ်ပါး တိမ်းပါးချွတ် ယွင်းခြင်းတို့သည် ကမ္မဝါဝိပတ္တိအတွက်ကံပျက်ရန် အမှုတို့ဖြစ်ကုန်၏။ ဉတ်၌လည်း ဤအက္ခရာပုဒ် ယုတ်လျော့ ခြင်း၊ သဒ္ဒါဆယ်ပါး တိမ်းပါးခြင်းတို့သည် ကမ္မဝါနည်းတူ ကံပျက်ရန်အမှုတို့ပင်တည်း။

အက္ခရပဒံ-ဟူသော နောက်သံပေါက် နှစ်ခုသည် ပါဠိတော်၌ "သာဝနံဟာပေတိ" ဟူသော စတုတ္ထဝိပတ္တိ အရကို ဖော်ပြသော သံပေါက်စုသာတည်း။ အသီးအခြားမဟုတ်။ "ဉတ္တိဝိပတ္တိ၌ ဉတ္တိ နပရာမသတိ" နှင့် အနု ဿာဝနာဝိပတ္တိ၌ "သာဝနံ ဟာပေတိ"သည် အတူတူပင်။ ပစ္ဆာ ဉတ္တိံ ထပေတိ" နှင့် "အကာလေဝါ သာဝေတိ" သည်အတူတူပင်။

ထို့ကြောင့် ဉတ္တိဝိပတ္တိ ကမ္မဝါစာဝိပတ္တိနှစ်ပါးကို တစ်ပေါင်း တည်း ပြု၍ ပြဆိုပေအံ့။

ဝတ္ထုကို မသုံးသပ်ခြင်းဆိုသည်ကား ဉတ်၌လည်းကောင်း၊ ကမ္မဝါသုံးချက်တို့၌လည်းကောင်း ရဟန်းလောင်း၏ အမည်ကို မသုံး သပ်ခြင်းတည်း။ မဖတ်ခြင်းတည်း။

သံဃပုဒ်တို့ကို မဖတ်ခြင်းသည် သံဃာကို မသုံးသပ်ခြင်းမည်၏။

ဥပဇ္ဈာယ်ဆရာ၏ အမည်နာမ မပါခြင်းသည် ပုဂ္ဂိုလ်ကို မသုံးသပ်ခြင်းမည်၏။

ဉတ်နေရာ၌ ဉတ်ကိုလုံးလုံး မဖတ်ဘဲ ကမ္မဝါ သက်သက်သာဖတ်ခြင်း၊ ကမ္မဝါနေရာ၌ ကမ္မဝါကိုလုံးလုံး မဖတ်ဘဲဉတ်ကိုသာလေးကြိမ်ဖတ်ခြင်းသည် ဉတ်ကိုမသုံးသပ်ခြင်း၊ ကမ္မဝါစာကို ယုတ်လျော့စေခြင်းမည်၏။ဉတ်၌အကျုံးဝင်သော အချို့အချို့သော အက္ခရာတို့ကို စွန့်ခြင်း, မကောင်းသဖြင့် ရွတ်ဆိုခြင်း, ကမ္မဝါတို့၌ အကျုံး ဝင်သော အချို့အချို့သော အက္ခရာပုဒ်တို့ကို စွန့်ခြင်း, မကောင်းသဖြင့်ရွတ်ဆိုခြင်းများသည်လည်း ဉတ်ကိုမသုံး သပ်ခြင်း၊ ကမ္မဝါကို ယုတ်စေခြင်း မည်၏။ ဉတ်ကို ကမ္မဝါတို့၏ နောက်၌ ထားခြင်း၊ ကမ္မဝါတို့ကို ဉတ်၏ရှေ့၌ ဖတ်ခြင်းထင်ရှားပြီ။

ဝတ္ထုပုဂ္ဂလတို့ကို သုံးသပ်မှု၌ သိမ်အပြင်၌ သံဃာစုံလင်၍ ကမ္မဝါဖတ်တော့မည်ရှိရာ မဖတ်မီတင်ကူး၍ ဥပဇ္ဈာယ်ဆရာက သံဃာအများကြားသိကြစေရန် ရဟန်းလောင်းကိုလည်း နာဂ-ဟူ၍ အမည်ပေးရမည်။ မိမိကိုယ်ကိုလည်း တိဿ-ဟူ၍ အမည်ပေးရမည်။ ဉတ်၌လည်းကောင်း၊ ကမ္မဝါစာတို့၌လည်းကောင်း-နာဂ-ဟူ၍ ရွတ်ဆိုသည်ရှိသော် ရဟန်းလောင်း မောင်မည်သူကိုဆိုသည်ဟူ၍ သံဃာတော်တို့က သိတော်မူကြပါကုန်။ ဥပဇ္ဈာယ်ဆရာဖြစ်သူ အကျွန်ုပ်ကိုလည်း တိဿဟူ၍ အမည်ပေးပါ၏၊ ဉတ်၌လည်းကောင်း၊ ကမ္မဝါစာ တို့၌လည်းကောင်း တိဿဟူ၍ရွတ်ဆိုသည်ရှိသော် ဥပဇ္ဈာယ်ဆရာဖြစ်သူ အကျွန်ုပ်ကို ဆိုသည်ဟူ၍ သံဃာတော်တို့က သိတော်မူကြပါကုန်။ (အမည်ပေးပုံ)။

ရဟန်းခံ ကမ္မဝါသို့ မရောက်မီ ဆုံးမခန်း စစ်မေးခန်းတို့၌လည်း သမ္မုတိဉတ်ပါရှိသည်၊ ထိုဉတ်၌လည်း ဝတ္ထုပုဂ္ဂလတို့ ပါရှိကြသည်

ဖြစ်၍ အမည်ကို တင်ကူး၍ မှည့်မှ သင့်လျော်သည်။ ရှေးဦးစွာ အမည်ပေးမှုကို မပြုမူ မပြုမူ၍ ဥတ်ကမ္မဝါစာတို့၌သာ နာဂအမည် တိဿအမည်တို့ကိုရွတ်ဆို၍ သွားသည်ရှိသော် ယခုရှိနေကြသော ရဟန်းလောင်း၏အမည်မဟုတ်၊ ဥပဇ္ဈယ်ဆရာ ပြုလုပ်သူ၏အမည် မဟုတ်သဖြင့် ရဟန်းလောင်းဖြစ်သူ ဥပဇ္ဈာယ်ဆရာဖြစ်သူတို့ကို မထိမငြိသည်ဖြစ်၍ ဝတ္ထုပုဂ္ဂလတို့ကို မသုံးသပ်ရာပင်ကျ၏။ ။(ဝိမတိဋီကာအဆို)။

သာဝနံ ဟာပေတိ-၌။ ။ဥရ၊ ရင်း ကဏ္ဍ၊ လည်ချောင်း။တာလု၊ အာစောက်။ မုဒ္ဓ၊ အာခေါင်။ ဒန္တ၊ သွား။ ဩဋ္ဌ၊ နှုတ်ခမ်း။ နာသိကာ၊ နှာခေါင်း။ ။(ဌာန်ခုနစ်ပါး ဆောင်ပုဒ်)။

ဇိဝှါမဇ္ဈ၊ လျှာလယ်။ ဇိဝှေါပဂ္ဂ၊ လျှာဖျား၏ အနီး။ ဇိဝှဂ္ဂ၊ လျှာဖျား။ သကဋ္ဌာန၊ မိမိတို့၏ဌာန်။ ။(က ရိုဏ်းလေးပါး ဆောင်ပုဒ်)။

သံဝုဋ္ဌ၊ ပိတ်မှု။ ဝိဝဋ္ဌ၊ ဖွင့်မှု။ ဖုဋ္ဌ၊ ထိမှု။ဤသံဖုဋ္ဌ၊ စဉ်းငယ်ထိမှု။ (ပယတ်လေးပါး ဆောင်ပုဒ်)။

အထက်သွား၏ အတွင်းဖြစ်သော အာခေါင်အရပ်မှစ၍ လည်ချောင်းပေါက်မှဝသို့ ဆိုက်အောင် ခံတွင်း၏ အထက်အပြင်ကို နှစ်ဖို့ပြု၍အတွင်းအဖို့ကို အာစောက်ခေါ်သည်။ ပြင်အဖို့ကို အာခေါင်ခေါ်သည်။ လျှာထိပ်ဟူ၍လည်း ဆိုကြ၏။ ခံတွင်းမှ နှာခေါင်းသို့ ထွက်သွားသော အပေါက်တစ်လျှောက်လုံးကို နာသိကဋ္ဌာန်ဆိုသည်။

သံဝုဋ္ဌ၊ ပိတ်ခြင်းဆိုသည်ကား ဖွင့်၍ မလွှတ်ဘဲ ချုပ်အုပ်၍ ရွတ်ဆိုခြင်းကို ဆိုသည်။

ပတ်ဝိုင်းကို လက်ဖြင့်တီးကြရာ၌ စီတန်း၍နေသော ဗုံတောင်ကြီးငယ်စုံနှင့် ဌာန်ခုနစ်ပါးတူသည်။

အလိုရှိရာကို လှည့်လည်၍ တီးခေါက်သောလက်နှင့် ကရိုဏ်းလေးပါးတူသည်။

တစ်ခုသောဗုံကို တီးခေါက်ရာ၌ တစ်ခုသော ဗုံမျက်နှာအပြင်မှ အသံတို, အသံရှည်, အသံမာ, အသံပျော့ အမျိုးမျိုးဖြစ်လေအောင် ပြုပြင်သောအမူအရာ အထွေအပြားတို့နှင့် ပယတ်လေးပါးတူသည်။

**၃၉၅။ ရင်, လည်, အာ, အာ၊ သွား, နှုတ်, နှာ ဖြစ်ရာ ဌာန်ခုနစ်။** ။(ကဏ္ဍဇ ရှစ်လုံး)။

**၃၉၆။ လျှာလယ်, လျှာဖျား၊ နီးအပါး၊ ဌာန်အား ကရိုဏ်းလေး။** ။(သိသာပြီ)။

**၃၉၇။ ပိတ်, ဖွင့်, ခိုက်ထိ၊ စဉ်းငယ်ထိ၊ ပြုဘိ ပယတ်လေး။** ။(သိသာပြီ)။

**၃၉၈။ က, ခ, ဂ, ဃ, င၊ အ, အာ, ဟ၊ အဋ္ဌ လည်ချောင်းဖြစ်။** ။(ကဏ္ဍဇ ရှစ်လုံး)။

**၃၉၉။ စ, ဆ, ဇ, ဈ, ည၊ ဣ, ဤ, ယ၊ အဋ္ဌ အာစောက်ဖြစ်။** ။(တာလုဇ ရှစ်လုံး)။

**၄၀၀။ ဋ, ဌ, ဍ, ဎ, ဏ၊ ရနှင့်ဠ၊ သတ္တ အာခေါင်ဖြစ်။** (မုဒ္ဓဇ ခုနစ်လုံး)။

**၄၀၁။ တ, ထ, ဒ, ဓ, န၊ လနှင့်သ၊ သတ္တ အာခေါင်ဖြစ်။** (ဒန္တဇ ခုနစ်လုံး)။

**၄၀၂။ ပ, ဖ, ဗ, ဘ, မ၊ ဥ, ဦ, မျှ၊ သတ္တ နှုတ်ခမ်းဖြစ်။** (သြဋ္ဌဇ ခုနစ်လုံး)။

**၄၀၃။ ဝဂ္ဂန်ပဉ္စ၊ နိဂ္ဂဟိတ၊ ဆမှာ နှာခေါင်းဖြစ်။**

င, ည ,ဏ, န, မ၊ ဤဝဂ္ဂန္တငါးလုံးကို ဝဂ္ဂန်ပဉ္စ ဆိုသည်။

သေးသေးတင်ခေါ်သော ဗိန္ဒုငယ်တစ်ခုကို နိဂ္ဂဟိတ ခေါ်သည်။

**၄၀၄။ လည်, နှုတ်, ဩဘာ၊ ဧ, လည်, အာ၊ ဝ-မှာ သွား, နှုတ်ဖြစ်။**

ဩ-သည် လည်ချောင်း နှုတ်ခမ်း၌ ဖြစ်၏။ ဧ-သည် လည် ချောင်းအာစောက်၌ဖြစ်၏။ ဝ-သည် သွားနှုတ် ခမ်း၌ ဖြစ်၏။

**၄၀၅။ ဝဂ္ဂန်, ယ, ဝ၊ ယှဉ်သည်ဟ၊ ဥရဌာန်၌ဖြစ်။**

ဝဂ္ဂန္တငါးလုံး ယ,ရ,လ, ဝလေးလုံး၊ ဤကိုးလုံးနှင့် ယှဉ်သော ဟ-အက္ခရာသည် ရင်၌ဖြစ်သည်ဟု လာ၏။ ဋ္ဌကြီးနှင့် ယှဉ်လျှင်လည်း ထို့အတူတူယူလေ။ ။ငှ, ဉှ, နှ, မှ, ယှ, ရှ, လှ, ဝှ, ဠှ။

**၄၀၆။ အာစောက် မဇ္ဈ၊ ခေါင်-ပဂ္ဂ၊ ဒန္တ-လျှာဖျားစမ်း။**

အာစောက်ဌာန်နှင့် ဇိဝှါမဇ္ဈကရိုဏ်း တွဲဖက်၊ အာခေါင် ဌာန် နှင့်ဇိဝှေါပဂ္ဂကရိုဏ်း တွဲဖက်။ သွားအရပ်နှင့် ဇိဝှဂ္ဂကရိုဏ်း တွဲဖက်။ တာလုဇ အက္ခရာတို့ကို ဖြစ်စေလိုသော် လျှာလယ်အရပ်၌ လှုံ့ဆော်၍ ပေးမှဖြစ်နိုင် ကြကုန်၏။ စဝဂ်ပဉ္စ၊ ဣ, ဤ, ယတို့ကို ရွတ်ဆို၍ ကြည့်လေ။

မဇ္ဈိမသား သီဟိုဠ်သားတို့သည် စဝဂ် ငါးလုံးတို့ကို အစဉ် အတိုင်း ကျ, ချ, ဂျ, ဃျ, ဈ-ဟုရွတ်ကြကုန်၏။

မုဒ္ဓဇအက္ခရာတို့ကို ဖြစ်စေလိုသော် လျှာဖျား၏ အနီး၌ဖြစ် သောလျှာအရပ်၌ လှုံ့ဆော်၍ပေးမှ ဖြစ်နိုင်ကြကုန်၏။ ဋဝဂ်ပဉ္စ၊ ရနှင့် ဠတို့ကို ရွတ်ဆို၍ ကြည့်လေ။

ရကြီးကို ပြီသအောင် ရွတ်လိုသော် လျှာကိုအထက်သို့ ခေါက် လိပ်၍ အထက် အာခေါင်အရပ်ကို ထိခိုက် ပေးမှ လျှာလိပ်သံပေါ်၍ ရကြီးအက္ခရာ ပြီသစွာဖြစ်နိုင်သည်။ ဋ, ဌ, ဍ, ဎ, ဠကြီးတို့ကို ရွတ်လိုသော အခါ၌လည်း လျှာကို အထက်သို့ခေါက်လိပ်၍ ပေးရမည်။ ရကြီးနှင့်

ဌာန်တူ ကရိုဏ်းတူဖြစ်ကြသည်။ လျှာကိုအထက်သို့ ခေါက်လိပ်၍ မပေးခဲ့လျှင် တ, ထ, ဒ, ဓ, န, လ-ဟူသော ဒန္တဇတွေဖြစ်၍ကုန်၏။ မုဒ္ဓဇတွေမဖြစ်လာကုန်။

သုဏာတု မေ-၌ ဏာကို ရွတ်မည်ဟု ရွတ်ပါသော်လည်း လျှာကို တန်းတန်းထား၍ ရွတ်ခဲ့သော် ဒန္တဇ နာအက္ခရာသာ ဖြစ်လေ၏။

ပဋ္ဌိစ္ဆန္နာနစ္စ-၌ ဋ္ဌိကို, အနုသိဋ္ဌော၌ ဋ္ဌောကို ရွတ်မည်ဟု ရွတ်ပါသော်လည်း လျှာကိုတန်းလန်းထား၍ ရွတ်ခဲ့သော် ဒန္တဇတိ, ဒန္တဇထော တို့သာ ဖြစ်၍သွားကုန်၏။ ဤမုဒ္ဓဇခုနစ်လုံးတို့နှင့် ဒန္တဇခုနစ်လုံးတို့သည် ဌာန်လည်း တစ်ခြားစီ ဖြစ်ကြကုန်၏။ ကရိုဏ်းလည်း တခြားစီဖြစ်ကြကုန်၏။ ဋသံနှင့် တသံကွဲအောင်ရွတ်ရလိမ့် မည်။ ဌသံနှင့် ထသံကွဲစေရမည်။ ဍသံနှင့် ဒသံကွဲစေရမည်။ ဎသံနှင့် ယသံကွဲစေရမည်။ ဠသံနှင့် လသံ ကွဲစေရ မည်။ ကွဲအောင် မရွတ်တတ်လျှင် ကမ္မဝါဘတ်ခြင်းငှာ မထိုက်။ သုဏာတု-၌ပင်လျှင် အလွဲလွဲအချော်ချော် ဖြစ်လိမ့်မည် သတိကြီးကြီးထားသင့်လှ၏။

ဒန္တ-လျှာဖျားစပ် ဆိုသည်ကား ဒန္တဌာန်နှင့် လျှာဖျား ကရိုဏ်း တွဲဖက်။ ဒန္တဇ အက္ခရာတို့ကို ဖြစ်စေလိုသော် လျှင်ပြင်နှင့် အထက်သွားကို လုံ့ဆော်၍ပေးမှ ဖြစ်နိုင်သည်။ တဝဂ်ပဉ္စ၊ လနှင့် သတို့ကိုရွတ်ဆို၍ ကြည့်လေ။ လျှာက အထက်သို့ ခေါက်လိပ်၍ ရွတ်ဆိုခဲ့လျှင်မုဒ္ဓဇ တွေဖြစ်၍ လာလိမ့်မည်။ သုဏာတု-၌တုကို လျှာလိပ်သံနှင့် ရွတ်ခဲ့လျှင် ဋုဖြစ်၍သွား၏။ နာဂေါ၌ နာကိုလျှာလိပ်သံနှင့် ရွတ်ခဲ့လျှင် ဏာဖြစ်၍ သွား၏။ အကြွင်းသိသာပြီ။

ဆိုပြီးသည်မှ ကြွင်းကုန်သော ကဏ္ဌဇရှစ်လုံး ဩဋ္ဌဇခုနစ်လုံးတို့၌ ဌာန်နှင့်ကရိုဏ်း အခြားမရှိ။ ဌာန်သည်ပင်လျှင် ကရိုဏ်းဖြစ်၏။ ကဝဂ်ပဉ္စ၊

အာ, အာ, ဟတို့၌ လည်ချောင်းသားချင်း လုံ့ဆော်သည်။ ပဝဂ်ပဥ္စ၊ ဥဝဏ္ဏတို့မှာ နှုတ်ခမ်းသား နှစ်ခုချင်း လုံ့ဆော်သည်။ ကရိဏ်း အသီးသီး အခြားမရှိပြီ။ နှာခေါင်းဖြစ်အက္ခရာ ခြောက်လုံးတို့၌ နှုတ်ခမ်းကို ကရိဏ်းဆိုသင့်၏။ နှုတ်ခမ်းကို ပိတ်၍ပေးမှ နှာခေါင်းသို့လေနှင့်တကွ အသံလုံး၍သွားသဖြင့် နှာခေါင်း သံ ပြီးစွာပေါ်လေသည်။

**၄၀၇။ အ-သံဝုဋ္ဌ၊ ကြွင်းသရ၊ သ, ဟ-ဝိဝဋ္ဌာ။**

**၄၀၈။ ဝဂ်မှာဖုဋ္ဌ၊ ယ, ဝ, မှန်။ ဤသံဖုဋ္ဌသာ။**

အသရသည် သံဝုဋ္ဌပယတ်ရှိ၏။ လည်ချောင်းကို ပိတ်သော အခြင်းအရာထင်၏။ ပိတ်လေ ပြီသလေဖြစ်၏။ ကြွင်းသော သရ ခုနစ်လုံး၊ သ, ဟတို့သည် ဝိပဋ္ဌပယတ် ရှိကြကုန်၏။ အာကို ရွတ်ဆို သောအခါ လည်ချောင်းပေါက်ကို ပွင့်ပွင့်ပြု၍ရွတ်။ ဣ, ဤကို ရွတ်သောအခါ အာစောက်ဌာန်နှင့် လျှာလယ်ကရိဏ်းကို ပွင့်ပွင့်ပြု၍ ရွတ်။ ဧ, ဩ, သ, ဟ-တို့မှာလည်း သူတို့နှင့်ဆိုင်ရာ ဌာန်ကရိဏ်း တို့နှင့်ခွဲလေ။ ကဝဂ်ငါးလုံး၊ စဝဂ်ငါးလုံး၊ ဋဝဂ်ငါးလုံး၊ တဝဂ်ငါးလုံး၊ ပဝဂ်ငါးလုံးတို့ကိုရွတ်သောအခါ သူ့ဌာန်တို့နှင့် သူ့ကရိဏ်းတို့ကို နာနာထိခိုက်စေ၍ရွတ်။ ယ, ရ, လ, ဝ-တို့ကို ရွတ်သောအခါ သူတို့ဌာန်နှင့် ကရိဏ်းတို့ကို စဉ်းငယ်သော ထိခိုက်စေ၍ ရွတ်။ ။ပဝဂ် ငါးလုံးတို့သည် နှုတ်ခမ်း၌ ဖြစ်ကုန်၏။ ဥ, ဦ နှစ်လုံးတို့လည်း နှုတ်ခမ်း၌ဖြစ်ကုန်၏။ ပယတ်မူကားကွဲကြ၏။ ပဝဂ်မှာ ဖုဋ္ဌပယတ်ရှိ၏။ နှုတ်ခမ်းချင်း နာနာ ထိလေ-ပြီသလေဖြစ်ကြကုန်၏။ ဥ-ဦ နှစ်လုံးတို့မှာ ဝိဝဋ္ဌပယတ် ရှိကြ ကုန်၏။ နှုတ်ခမ်းချင်း ဖွင့်၍ရွတ်မှ ပြီသကုန်၏။ ထိ၍ရွတ်လျှင် မပြီသ ကုန်ပြီ။ ဤနည်းကို အမှီပြု၍ ကြွင်းသော ဌာန်တူ ကရိဏ်းတူ ပယတ်ကွဲ

အက္ခရာတို့၌ ရွတ်ပုံအထူးအပြားတွေကို အကုန်ဝေဖန်၍ ရှင်းလင်းစွာ သိလေမြင်လေ။

ဌာန်-ကရိုဏ်း-ပယတ်-ပြီး၏။

-------------------------

သိထိလံ ဓနိတဉ္စေဝ၊ ဒီဃံ ရဿံ ဂရုံ လဟုံ။
နိဂ္ဂဟီတံ ဝမုတ္တဉ္စ သမ္ဗန္ဓဉ္စ ဝ ဝတ္ထိတံ။

သိထိလံ=လျော့လျော့ ရွတ်အပ်သော အက္ခရာသော်လည်းကောင်း၊ ဓနိတဉ္စ=တင်းတင်းရွတ်အပ်သော အက္ခရာသော်လည်းကောင်း၊ ဒီဃံ=ရှည်ရှည်ရွတ်အပ်သော အက္ခရာသော်လည်းကောင်း၊ ရဿံ=တိုတိုရွတ်အပ်သောအက္ခရာသော်လည်းကောင်း၊ ဂရုံ=လေးလေး ရွတ်အပ်သော အက္ခရာသော်လည်းကောင်း၊ လဟုံ=ပေါ့ပေါ့ ရွတ်အပ်သော အက္ခရာသော်လည်းကောင်း၊ နိဂ္ဂဟီတံ=ခံတွင်းကိုပိတ်၍ ရွတ်အပ်သော အက္ခရာ ဗိန္ဒုအက္ခရာသော်လည်းကောင်း၊ ဝိမုတ္တဉ္စ=ခံတွင်းကို မပိတ်မူ၍ ရွတ်အပ်သောအက္ခရာသော်လည်းကောင်း၊ သမ္ဗန္ဓဉ္စ=သန္ဓိမစပ်ပုဒ်ဖြတ်၍ ရွတ်အပ်သော အက္ခရာသော်လည်းကောင်း။ သဒ္ဒါဆယ်ပါး ဆောင်ပုဒ်။ ဗျဥ္ဇနဗုဒ္ဓိ ဆယ်ပါးလည်းခေါ်၏။

**၄၀၉။ လျော့, တင်း, ရှည်, တို၊ လေး, ပေါ့ကို၊ ပိတ်သို, လွှတ်, စပ်, ဖြတ်။**

**၄၁၀။ ပ, ထ, သိသိ၊ ဝဂ်တွင်ရှိ၊ ဓနိ, ဒု, စ, မှတ်။**

ဝဂ်နှစ်ဆယ့်ငါးလုံးတွင်ရှိသော ပထမအက္ခရာငါးလုံး, တတိယ အက္ခရာ ငါးလုံးသည် သိထိလမည်၏။ က၊ ဂ၊ စ၊ ဇ၊ ဋ၊ ဍ၊ တ၊ ဒ၊ ပ၊ ဗ၊ ဤဆယ်လုံးကို ဆိုသတည်း။ ဒုတိယအက္ခရာ၊ စတုတ္ထအက္ခရာ ငါးလုံးသည် ဓနိတမည်၏။ ခ၊ ဃ၊ ဆ၊ ဈ၊ ဌ၊ ဎ၊ ထ၊ ဓ၊ ဖ၊ ဘ၊

ဤဆယ်လုံးကို ဆိုသတည်း။

**၄၁၁။ ငါးလုံးဒီဃ၊ သုံးရဿ၊ ဂ, လ, နှစ်မည်ထပ်။**

အာ၊ ဤ၊ ဦ၊ ဧ၊ ဩ၊ ဤငါးလုံးသည် ဒီဃလည်းမည်၏။ ဂရုလည်းမည်၏။ အ၊ ဣ၊ ဥ-ဤသုံးလုံးကား ရဿလည်းမည်၏။ လဟုလည်းမည်၏။ ဂ၊ လ-ဆိုသည်ကား ဂရုလဟု-ဆိုလိုသည်။ ။ ဤအရာ၌ ဒီဃသရနှင့် ယှဉ်သောဗျည်းတို့သည်လည်း ဒီဃပင်မည်ကုန်၏။ ရဿသရနှင့်ယှဉ်သောဗျည်းတို့သည်လည်း ရဿပင်မည်ကုန်၏။

**၄၂၂။ သံယုဂ်, နိဂ္ဂဟိတ၊ နှောင်းပြန်က၊ ရဿ-ဂရုမှတ်။**

ရဿပင် ဖြစ်သော်လည်း နောက်၌ သံယုတ်ရှိခဲ့သော်လည်း ကောင်း၊ နိဂ္ဂဟိတ်ရှိခဲ့သော်လည်းကောင်း ဂရုမည်ပြန်၏။ ။ အတ္တ၊ ဓမ္မ၊ ဣဋ္ဌ၊ ယိဋ္ဌ၊ ဥဒ္ဒ၊ မုဒ္ဓ၊ သံဃ-စသည်တည်း။

**၄၂၃။ ဗိန္ဒု, နိဂ္ဂဟိတ်၊ ခံတွင်းပိတ်၊ မပိတ် ဝိမုတ်မှတ်။**

ခံတွင်းကို ပိတ်၍ ရွတ်အပ်သော ဗိန္ဒုတစ်ခုသည် နိဂ္ဂဟိတ်မည်၏။ ခံတွင်းကို မပိတ်မူ၍ ရွတ်အပ်သော အက္ခရာစုသည် ဝိမုတ္တမည်၏။

နိဂ္ဂဟိတန္တိ ယံ ကရဏာနိ နိဂ္ဂဟေတွာ အဝိဿဇ္ဇေတွာ အဝိဝဋေန မုခေန သာနုနာသိကံ ကတွာ ဝတ္တဗ္ဗံ။ ဝိမုတ္တန္တိ ယံ ကရဏာနိ အနိဂ္ဂဟေတွာ ဝိဿဇ္ဇေတွာ ဝိဝဋေန မုခေန သာနုနာသိကံ အကတွာဝုစ္စတိ။ ။ အဋ္ဌကထာပါဠိ။

**၄၁၄။ သမ္ဗန်သန္ဓိ၊ ပုဒ်ဖြတ်ဘိ၊ ဝ ဝတ္ထိတမှတ်။**

ယဿာ ယသ္မတော ခမတိ။ ယဿ အာယသ္မတော ခမတိ။ ။ နှစ်ချက်သင့်၏။

## ၄၁၅။ သိ, ခ, နိဂ်-ဝိ၊ ပြန်လှန်ဘိ၊ ပျက်၏ ဥတ်ကမ္မဝါ။

သိထိလ-ခနိတ တစ်စုံ၊ နိဂ္ဂဟိတ-ဝိမုတ္တ တစ်စုံ၊ ဤသဒ္ဒါအစုံနှစ်ခုသည် ပြန်၍ရွတ်ဆိုခဲ့သော် ဥတ္တိဝိပတ္တိ ကမ္မဝါမာဝိပတ္တိဖြစ်၏။ ကံပျက်၏။

## ၄၁၆။ ဒီ-ရဿ, ဝ ဝတ်, သံ၊ ကံကိုမဖျက်ရာ။

ဒီဃ-ရဿ တစ်စုံ၊ ဂရုလဟု တစ်စုံ၊ သမ္ဗန္ဓ-ဝဝတ္ထိတ တစ်စုံ၊ ဤသုံးစုံတို့သည် ပြန်လှန်၍ ရွတ်ဆိုမိသော် လည်း ကံကိုမဖျက်တတ်ကုန်၊ ဝိမတိဋီကာ၌မူကား သိထိလချင်းဖြစ်သော်လည်း ဝဂ်တစ်ပါး၌ သိထိလ အက္ခရာကို ဝဂ်တစ်ပါး၌ သိထိလပြု၍ ရွတ်ဆိုခဲ့သော် ကံပျက်၏ဟုဆို၏။

သုဏာတု၌ ဏာသည် မုဒ္ဓဇ ဏကြီး၏ အရာသာဖြစ်၏။ ဒန္တဇ နငယ်၏အရာမဟုတ်။ ဏကြီးဖြစ်အောင် လျှာကို ပြုပြင်မှု၌ မလိမ်မာသောသူအား ဏကြီးကို ရွတ်ဆိုမည်ဟု ကမ္မဝါစာကို ကြောင်ကြောင်ကြည့်၍ ရွတ်ဆိုသော်လည်း နှုတ်လျှာမှာ နငယ်သာ ဖြစ်နေတတ်၏။ ဤသို့ ဌာန်းကရိုဏ်းအစီအရင်တို့၌ မလိမ်မာသည့်အတွက် ပျက်ကွက်မှားယွင်းမှုတို့ကို ရည်၍ဋီကာရှင်ဆိုပေသည်။

ဥတ်ကမ္မဝါ ရွတ်ဖတ်သူသည် ဌာန်, ကရိုဏ်း, ပယတ်တို့၌သော်လည်းကောင်း၊ သဒ္ဒါဆယ်ပါးတို့၌လည်းကောင်း ကောင်းစွာလိမ္မာရာ၏။ လိမ်မာသောသူမှသာလျှင် ဖတ်ရွတ်ခြင်းငှာ ထိုက်၏။ ထို့ကြောင့် မဟုတ်လော ဥတ်ကမ္မဝါစာတို့နှင့် စပ်လျဉ်းရာတို့၌ ဗျတ္တေနဘိက္ခုနာ ပဋိဗလေန သံဃော ဉာပေတဗ္ဗော-ဟူ၍ ဗျတ္တပဋိဗလကိုအထူးထုတ်ဖော်၍ ဟောတော်မူပေသတည်း။ ထိုအစီအရင်တို့ကိုသိတတ်ရုံမျှနှင့်လည်း မဖြစ်သေး။ သိမ်အပြင်၌ ကမ္မဝါဖတ်ခွင်သို့မဝင်မီ ရှေးအဖို့ကပင် ထိထိအက္ခရာတို့၌ ဌာန်ကရိုဏ်းကျ နှုတ်လျှာကျိုးပြီးသော

သူမှသာ ကမ္မဝါဖတ်ခွင်သို့ ဝင်သင့်သည်။ စိတ်ကပင် သိသော်လည်း နှုတ်လျှာ မကျိုးသူးချေက သံဃာအလယ်၌ ဖတ်သောအခါ နှုတ်လျှာ အချော်အချွတ် များ၍နေတတ်လှ၏။ ထို့ကြောင့် ရဟန်းပြုပြီးသော အခါမှစ၍ ကမ္မဝါဖတ်သင်ကြားမှုများကို အထူးကြောင့်ကြစိုက်ကြ ကုန်ရာ၏။ ငါတို့ မုံရွာမြို့လယ်တီတိုက်တွင်း၌ရှိ ရဟန်းငယ်တို့သည် သီတင်းနေ့တို့၌ ကမ္မဝါဖတ်တတ်မြောက် လိမ်မာပြီးသော မထေရ်ကြီးတို့ ကျောင်း၌ စည်းဝေး၍ ကမ္မဝါဖတ်သင်ကြားမှုကို အမြဲပြုကြရကုန်၏။ သတိရှိကြစေကုန်။

သာဝန် ဟာပေတိ အရကို ပြဆိုချက်ပြီး၏။

----------------

တစ်ဆယ့်တစ်ပါးသော ဝိပတ္တိသိမ်တို့မှ ကင်းလွတ်၍ နိမိတ္တ သမ္ပတ္တိ, ပရိသာသမ္ပတ္တိ, ကမ္မဝါစာ သမ္ပတ္တိ-ဟူသော သုံးပါးသော သမ္ပတ္တိအင်္ဂါနှင့် ပြည့်စုံသောသိမ်၌ ဆောင်ရွက်သော ထိုကံသည် သီမာသမ္ပတ္တိနှင့် ပြည့်စုံသော ကံမည်၏။ သိမ်အကြောင်းအရာကိုမူကား နောက်မှအသီးအခြား ဆိုလတ္တံ့။

**၄၁၇။ ကမ္မပတ္တ၊ မလာကြ၊ ဆန္ဒ မဆောင်ဘိ။**

**၄၁၈။ မျက်မှောက်မြစ်တား၊ ဤသုံးပါး၊ ပျက်ငြား ဝိပတ္တိ။**

ကမ္မပတ္တသံဃာ-သိမ်အပြင်သို့ မလာ မရောက်ခြင်း, ဆန္ဒထိုက် သောရဟန်းတို့၏ ဆန္ဒကို မဆောင်ခြင်း, သိမ်သို့ရောက်၍ မျက်မှောက်၌ ရှိကုန်သော သူတို့၏ တားမြစ်ခြင်း။ ပရိသတ်မှ ဖြစ်သော ဝိပတ္တိသုံးပါး။

**၄၁၉။ နာနာသံဝါသက၊ နှစ်မျိုးပြ၊ ကမ္မ, လဒ္ဓိ, ဒွိ။**

ကမ္မနာနာသံဝါသက ပုဂ္ဂိုလ် တစ်မျိုး၊ လဒ္ဓိနာနာသံဝါသက ပုဂ္ဂိုလ်တစ်မျိုး။

**၄၂၀။ ဥက္ခိတ်-ကမ္မ၊ နုဝတ္တ၊ လဒ္ဓနာနာသိ။**

ဥက္ခိတ္တက ပုဂ္ဂိုလ်သုံးယောက်သည် ကမ္မနာနာ သံဝါသက ပုဂ္ဂိုလ်မည်၏။ ဥက္ခိတ္တာနုဝတ္တက ပုဂ္ဂိုလ်သုံးယောက်သည် လဒ္ဓိနာနာ သံဝါသကပုဂ္ဂိုလ်မည်၏။

**၄၂၁။ မရှု, မကု၊ မစွန့်မှု၊ သုံးခု ဥက္ခိတ်ရှိ။**

**၄၂၂။ အယူကြိုက်ကာ၊ အစဉ်ပါ၊ သုံးဖြာ နုဝတ္တိ။**

ပဿသိ အာဝုသော တံ အာပတ္တိံ-ဟု ဆိုသည်ရှိသော် အာမ ဘန္တေ ပဿာမိ-ဟု ဝန်မခံလိုသော ရဟန်းသည် အာပတ်ကို မရှုသော ရဟန်းမည်၏။ သင့်ပြီးသောအာပတ်ကို ထင်စွာမပြု ဒေသနာမကြား နေ့လွန်ငြားအောင် ဖုံးဝှက်၍ထားသော ရဟန်းသည် အာပတ်ကို မကုစားသော ရဟန်းမည်၏။ အရိဋ္ဌ ရဟန်းတို့ကဲ့သို့ ပါပဒိဋ္ဌိ ကိုယူ၍ သုံးကြိမ်တိုင်တိုင် ဉတ်ကမ္မဝါစာတို့ဖြင့် ဆုံးမပါလျက် မစွန့်သော ရဟန်းသည် ဒိဋ္ဌိကိုမစွန့်သော ရဟန်းမည်၏။ ထိုအကြောင်းတို့ကြောင့် ဥက္ခေပနိယကံ အပြုခံရသော ရဟန်းသုံးပါးတို့သည် ဥက္ခိတ္တက ရဟန်း မည်ကုန်၏။ ထိုရဟန်းတို့ကို ကမ္မနာနာသံဝါသက ရဟန်းဟူ၍ ခေါ်၏။ ထိုရဟန်းတို့၏ အလိုအယူကိုကြိုက်၍ အသင်းအပင်း ပြုလုပ်ကြကုန်သော ရဟန်းတို့သည် ဥက္ခိတ္တာနုဝတ္တက မည်ကုန်၏။ လဒ္ဓိနာနာ သံဝါသကဟူ၍ လည်းခေါ်၏။

**၄၂၃။ နာနာသံဝါသက၊ အန္တိမ၊ အပကတတ္တသိ။**

**၄၂၄။ ထိုမှကြွင်းလတ်၊ ပကတတ်၊ အမြတ် သီလရှိ။**

ပြဆိုခဲ့ပြီးသော နာနာသံဝါသက ရဟန်းမျိုး အန္တိမဝတ္ထုသို့ ရောက်ပြီးသော ရဟန်းတို့သည် အပကတတ် ရဟန်းတို့ မည်ကုန်၏။ ထိုမှကြွင်းသော ရဟန်းတို့သည် ဤဥပသမ္ပဒကံ၌ ပကတတ်ရဟန်းတို့ မည်ကုန်၏။ ပကတိ သီလရှိသောရဟန်းဆိုလိုသည်။

**၄၂၅။ ငါးပါး ပကတတ်၊ ဂိုဏ်းပြည့်လတ်၊ ကမ္မပတ္တသိ။** (သိသာပြီ)။

**၄၂၆။ ဂိုဏ်းမပြည့်လာ၊ ဝိပတ်သာ၊ ပြည့်လာသမ္ပတ္တိ။**

တစ်ခုသောသိမ်တွင် နှစ်တောင့်ထွာ ဟတ္ထပါသ်တွင်း၌ ပဉ္စဝဂ္ဂ ဂိုဏ်းပြည့်မလာလျှင် ဝိပတ္တိဖြစ်၏။ဂိုဏ်း ပြည့်လာလျှင် ဝိမ္ပတ္တိဖြစ်၏။

**၄၂၇။ ထိုမှကြွင်းထွေ၊ သိမ်တွင်းနေ၊ ထိုက်လေ ဆန္ဒသာ။**

**၄၂၈။ ဆန္ဒမလာ၊ ဝိပတ်သာ၊ လာလျှင် သမ္ပတ်ငြား။**

ပကတတ်ငါးပါးတို့မှတစ်ပါး ထိုသိမ်တွင်း၌ ကြွင်းကျန်သမျှ သောရဟန်းတို့သည် ထိုကံ၌ ဆန္ဒပေးထိုက်သော ပုဂ္ဂိုလ်တို့မည်ကုန်၏။ ထိုပုဂ္ဂိုလ်တို့၏ဆန္ဒသည် ကံပြုသံဃာတို့၏အထံသို့ မရောက်လာ သည်ဖြစ်အံ့၊ ထိုကံသည် ဝဂ္ဂကံဖြစ်၍ ဝပတ္တိဖြစ်၏။ ရောက်လာသည် ဖြစ်အံ့၊ သမ္ပတ္တိဖြစ်၏။ ဆန္ဒပေးနည်း ဆန္ဒဆောင်နည်း ဆန္ဒကြားနည်း တို့ကို ဥပုသ်အခန်း၌ ဆိုလတ္တံ့။

**၄၂၉။ မျက်မှောက်တားမြစ်၊ ဝိပတ်ဖြစ်၊ မမြစ် သမ္ပတ် ငြား။**

သုဏော တု မေ-အစရှိသည်ဖြင့် ဖတ်မှု ရွတ်မှု ကံပြုဆဲအခါ၌ ထိုပရိသတ်၌ အကျုံးဝင်သော သံဃာတစ်ပါးပါးက ထိုထိုကံကို တား မြစ်ခဲ့ပြန်သော် ဝိပတ္တိဖြစ်၏။ တားမြစ်သူမရှိဘဲ ချောမောစွာ ပြီးစီး၍

သွားလျှင် သမ္ပတ္တိဖြစ်၏။

တားမြစ်ဆိုသည်ကား-ဤကံကို မပြုကြပါနှင့်ဟူ၍လည်း ကောင်း, မပြုမတော်ဟူ၍လည်းကောင်း, ပြုသည်ကို ငါတို့မကြိုက် ငါတို့သဘောမတူ ငါတို့သဘောမကျ ဟူ၍လည်းကောင်း, ကမ္မဝါဖတ်ပုံကို ငါတို့သဘော မကျဟူ၍လည်းကောင်း, ဤသို့ အစရှိသည်ဖြင့် တားမြစ်ခဲ့ ငြားအံ့၊ ကဲ့ရဲ့ပြစ်တင်စကား ပြောဆိုငြားအံ့၊ အများကြားအောင်ပင် မပြောသော်လည်း မိမိအနီး၌ရှိသောသူ အချင်းချင်းအား တိုးတိုး စကား ပြောဆိုငြားအံ့၊ ကောင်းသောစိတ်နှင့် ပြောသည်ဖြစ်စေ၊ မကောင်းသော စိတ်နှင့် ပြောသည်ဖြစ်စေ ထိုကံ ပျက်၏။

ကံပျက်၏ ဆိုသည်ကား-တားမြစ်မှုနှင့် တိုက်ဆိုက်မိသော ဉတ်ကမ္မဝါစာ အကြိမ်ပျက်၏။ ဆုံးအောင် ဖတ်၍ သွားသော်လည်း ကံမမြောက်ပြီ။ ထိုတွင် ရပ်တန့်၍ တားမြစ်သူနှင့် ပြောဆိုပြီးငြိမ်းမှ သုဏ္ဍာတုမေက ပြန်၍ ဖတ်ရပြန်၏။ နှစ်ပါး,သုံးပါးပြိုင်၍ ဖတ်ကြရာ၌ တစ်ပါးပါးက နောက်ကျ၍ နေခဲ့သော်လည်းကောင်း, စာပျောက်၍ နေခဲ့သော်လည်းကောင်း, ရပ်ပါဦး ဆိုင်းပါဦးဟု ဆိုကြသည်များကို တားမြစ်ရာရောက်သည်ဟု ငါတို့ကျေးဇူးရှင် စံကျောင်းဆရာတော် ဘုရားကြီး အယူရှိတော်မူ၏။ သတိပြုကြပါကုန်။

ပရိသတ်အတွက်နှင့် ကံပျက်မှုပြီး၏။

ဤသို့လျှင် ပြဆိုခဲ့ပြီးသော အလုံးစုံသော ဝိပတ္တိတို့ကို ကင်းလွတ် စေ၍ အလုံးစုံသော သမ္ပတ္တိတို့ကို ပြည့်စုံစေ၍ပြုလုပ်အပ်သော ဥပသမ္ပဒ ကံသည် ဝတ္ထုသမ္ပတ္တိအင်္ဂါ, ဉတ္တိသမ္ပတ္တိအင်္ဂါ, အနုဿဝနသမ္ပတ္တိအင်္ဂါ, သီမာသမ္ပတ္တိအင်္ဂါ, ပရိသာသမ္ပတ္တိအင်္ဂါ၊ ဤအင်္ဂါငါးပါးတို့နှင့် ပြည့်စုံသည်ဖြစ်၍ ကံမြောက်၏။ ရဟန်းကောင်း စစ်စစ်ဖြစ်၏။ ပဥ္စအင်္ဂါ

နှင့် ပြည့်စုံစွာဖြစ်ပေသောကြောင့် ပဋ္ဌင်းဟူသောစကားအနက်ပြည့်စုံ၏။ စတုတ္ထကမ္မဝါတွင် သောဘာယျ-၌ ယျအက္ခရာကို ရွတ်ဆို၍ ပြီးဆုံးသည်နှင့် တစ်ပြိုင်နက် မြတ်စွာဘုရား၏ အမွေခံသားတော်အဖြစ်သို့ ရောက်လေ၏။ ဒုဋ္ဌိကမ္မဖြစ်စေခြင်းငှာ ဆယ်ဝါမရမီအတွင်း၌ ဆရာအမျိုးမျိုးတို့နှင့်အခါခါ ရဟန်းထပ်ခြင်းသည် အလွန်ကောင်းမြတ်သောအမှုဖြစ်ပေ၏။ ငါတို့ တပည့်တပန်းများမှာ သုံးကြိမ်အောက်မနည်းစေရ။ ရဟန်းထပ်ရိုး ပြု၍ထား၏။

ရဟန်းခံခန်း အမြွက်ပြီး၏။

------------------------

## ၂၈-နိဿယမုတ္တကအင်္ဂါ

### ၄၃၀။ ငါးဝါတွင်းဝယ်၊ ဥပဇ္ဈာယ်၊ မှီတွယ်မကင်းရာ။

ရဟန်းဖြစ်ပြီးသည်မှ ငါးနှစ်အတွင်း၌ ဥပဇ္ဈာယ်ဆရာ, နိဿယည်း ဆရာနှစ်ပါးတို့တွင် တစ်ပါးပါးကို မှီတွယ်၍သာ နေရသည်။ မိမိဥပဇ္ဈာယ်ဆရာနေသော တိုက်တာမှ တစ်ပါးသောတိုက်တာ၌ နေသောအခါ နိဿယည်းဆရာ အင်္ဂါမြောက်သော ဝိနည်းဓိုရ် ပုဂ္ဂိုလ်ထံမှာနိဿယည်းယူ၍ နေရသည်။ "အာစရိယော မေ ဘန္တေ ဟောတိ။ အာယသ္မတော နိဿာယ ဝစ္ဆာမိ"။ နိဿယည်းယူပုံ။ "ပတိရူပံ" ဟူ၍လည်းကောင်း၊ "ပါသာဒိကေန သမ္ပာဒေဟိ" ဟူ၍လည်းကောင်း ဝိနည်းဓိုရ်ဆရာဆိုလိမ့်မည်။ "အာမ ဘန္တေ"ဆိုလေ။

### ၄၃၁။ ဖဲ, ပြောင်း, ထွက်, သေ၊ နှင့်ထုတ်ချေ၊ ငြိမ်းလေနိဿယည်း။

ဥပဇ္ဈာယ်ဆရာ အရပ်တစ်ပါးသို့ အပြီးဖဲမသွားခဲ့သော်လည်းကောင်း, တိတ္ထိဘောင်သို့ ပြောင်းသွားခဲ့သော် လည်းကောင်း, လူထွက်ခဲ့သော်လည်းကောင်း, သေဆုံးခဲ့သော်လည်းကောင်း, တပည့်ဖြစ်သူရဟန်းငယ်ကို ဥပဇ္ဈာယ်ဆရာက နှင်ထုတ်ခဲ့သော်လည်းကောင်း, ဥပဇ္ဈာယ်နှင့်စပ်သောအမှီပျက်၏။ နိဿယည်းဟူ၍ နေရာမှလည်း နိဿယည်းဆရာ ဖဲသွားခြင်းစသည် ငါးပါးတွင် မိမိဥပဇ္ဈာယ်ဆရာရင်းနှင့် တွေ့ဆုံမှုကို ထည့်၍ အမှီပျက်အင်္ဂါ ခြောက်ပါးရှိ၏။

### ၄၃၂။ ငါးဝါပြည့်မြောက်၊ ပါတိမောက်နှုတ်၊ ဥပုသ်, ပဝါရဏာ၊ ကမ္မာ ကမ္မ၊ ကြေလည်က၊ လွတ်ထ နိဿယည်း။

ရဟန်းဖြစ်သည်မှ ငါးဝါရသည်လည်းဖြစ်စေ, ပါတိမောက်နှစ်စောင်ကို နှုတ်တက်ရွရွ ရဘူးသည်လည်း ဖြစ်စေ, ဥပုသ်ပဝါရဏာမှု ပရိဝါသ်မာန်နတ်စသော အချို့သောကံကြီး ကံငယ်မှုတို့၌ ကြေလည်ပွန်းတီးရှိသည်လည်းဖြစ်စေ ဤအင်္ဂါစုနှင့် ပြည့်စုံလျှင် နိဿယည်းလွတ်၏။ နိဿယမုတ္တကပုဂ္ဂိုလ်ဖြစ်၏။ ဥပဇ္ဈာယ်ဆရာကို လွှတ်၍နေလိုရာ၌ ပေါက်လွှတ်နေရပြီ။

အဌကထာတို့၌ သုတ္တန်မှ လေးဘာဏဝါရမျှ အရဆောင်ရမည်။ အနန္တကဝိန္ဒသုတ်, အမ္ဗဋ္ဌသုတ်, မဟာ ရာဟုလောဝါဒသုတ် အစရှိသည်တို့နှင့်တူမျှသော တစ်ခုခုသော ဓမ္မကထာအစဉ်ကို ပြောဟော တတ်စေရမည်။

မင်္ဂလာတရား ၁၊ ဆွမ်း, သက်န်းအလှူ အနုမောဒနာတရား ၁၊ အသုဘတရား ၁-ဟူ၍ တရားသုံးပုဒ်ကို ရစေရမည်။ အရဟတ္တဖိုလ်သို့ ရောက်အောင် လမ်းပေါက်သော တစ်ခုသော သမထကမ္မဋ္ဌာန်း

ဝိပဿနာကမ္မဋ္ဌာန်းအစီအရင်ကို တတ်စေရမည်ဟူ၍ ဆိုသေး၏။ အလျော်အားဖြင့် ဆိုသည်ဟုမှတ်။ ရှေးအင်္ဂါစာသာ လိုရင်းတည်း။

ဒွေမာတိကာကို နှုတ်တက်ရွရွ ရစေရမည် ဟူသော စကားမှာလည်း ယခုအခါ၌ ဘိက္ခုနီမတို့ မရှိကြကုန် ပြီဖြစ်၍ ဘိက္ခုနီပါတိမောက်ကို အရမလိုပြီ။ ဘိက္ခုပါတိမောက် တစ်စောင်လျှင်ပင် သင့်လျော်ပြီဆိုကြ၏။

ပရိသုပဋ္ဌာပကအင်္ဂါ၌ ဥဘတောဝိဘင်းကို ရစေရမည်ဟု ပါရှိသည်ကို ဋီကာကြီးတို့၌ အတ္ထဝသေနပိ ယောဇေသုံ-ဟုပါဠိကိုပင် မရသော်လည်း ရှေးဆရာများ အယူကို ပြဆိုသည်နှင့် မညီ ဤနိဿယမုတ္တက အင်္ဂါမှာလည်း ဒွေမာတိကာပါဠိကိုပင် မရသော်လည်း စာကို လက်ကိုင်လက်စွဲပြု၍ ကြည့်ရှုဆင်ခြင်သောအခါ အနက်အဓိပ္ပါယ်ကို အစုံအလင်သိမြင်မှတ်မိခဲ့လျှင်ပင် သင့်လျော်ပြီဟူ၍လည်း ဆိုကြ၏။

ပါဠိတော်- ဥပယာနိ ခေါ ပနဿ ပါတိမောက္ခာနိ ဝိတ္ထာရေန သွာဂတာနိ ဟောန္တိ သုဝိဘတ္တာနိ သုပ္ပဝတ္တီနိ-ဟူ၍ ဥဘတော ဝိဘင်းကိုအလွန်ကြေပွန်စွာ ရစေရမည်ဟု လာရှိပါလျက် အသက္ကောန္တေ-ဟိတိ ဇနေဟိ သဒ္ဓိံ ပရိဝတ္တနက္ခမာ ကာတဗ္ဗာ-ဟူ၍ ဥဘတောဝိဘင်းကို တစ်ပါးချင်းနှင့် ချောမောစွာ မရနိုင်ခဲ့ပါလျှင် သုံးပါးတွဲ၍ ပြန်သော် ချောမောနိုင်လောက်အောင် ရစေရမည်ဟု ကာလတို့လိုက်၍ အဋ္ဌကထာ ဆရာတို့ လျှော့ပေါ့၍ ပြဋ္ဌာန်းကြသော အချက်များနှင့် အနက်အဓိပ္ပါယ် ထင်မြင်နိုင်လျက်ပင် သင့်လျော်ပြီဟု ယခုကာလနှင့် တိုင်းတာ၍ ယူကြသော အရာသည်သင့်လျော်သကဲ့သို့ရှိ၏။

နိဿယမုတ္တက အင်္ဂါပြီး၏။

---

## ၂၉-ဥပဇ္ဈာယ်-နိဿယည်း အမြွက်

**၄၃၃။ ဆယ်ဝါရလျှင်း၊ ဝိဘင်းနှစ်ဖြာ၊ နှုတ်တက်စွာ၊ ကမ္မာ ကမ္မသိ။**

**၄၃၄။ ဝတ်ခန္ဓက၊ ကြေပွန်လှ၊ မြောက်ထ ဥပဇ္ဈီ။**

**၄၃၅။ နိဿယည်းဆရာ၊ ဥပဇ္ဈာ၊ အင်္ဂါထူးမရှိ။**

ရဟန်းဖြစ်သည်မှစ၍ ဆယ်ဝါရပြီးသည်လည်းဖြစ်စေ, ဘိက္ခု ဝိဘင်း ဘိက္ခုနီဝိဘင်း ဟူသော ဥဘတောဝိဘင်းကို နှုတ်တက်ရွရွ ရဘူးသည်လည်းဖြစ်စေ, စူဠဝါကမ္မခန္ဓက ပရိဝါကမ္မဝဂ်တို့၌လာသော ကံကြီးကံငယ်တို့၌ ကြေလည်တတ်သိ ရှိသည်လည်းဖြစ်စေ, ဥပဇ္ဈာယ် ဝတ် သဒ္ဓိဝိဟာရိကဝတ်အစရှိသော ခန္ဓကဝတ်တို့၌ တတ်သိလိမ္မာ ရှိသည်လည်းဖြစ်စေ၊ ဤအင်္ဂါစုနှင့် ပြည့်စံလျှင် ဥပဇ္ဈာယ်ဆရာမြောက်၏။ ဥပဇ္ဈာယ်ပေးထိုက်၏။ နိဿယည်း ပေးထိုက်၏။ နိဿယည်းဆရာ ဥပဇ္ဈာယ်ဆရာအင်္ဂါအထူး မရှိကြ။

**၄၃၆။ ဝိနယဓရ၊ ပါမောက္ခ၊ ဂဏ ဓိပတိ။**

ထိုအင်္ဂါစုနှင့် ပြည့်စုံပေလျှင် ဝိနည်းဓိုရ် ပုဂ္ဂိုလ်မြောက်၏။ ဝိနည်းအရာ၌ ဒိသာပါမောက္ခကြီးဖြစ်၏။ ဂိုဏ်းထောက် ဂိုဏ်းချုပ် လုပ်ထိုက်၏။ ။ဂဏာဓိပတိ ဂဏာစရိယ ဂဏပါမောက္ခ လုပ်ထိုက်၏။

**၄၃၇။ ရှင်ပြုတတန်၊ ရဟန်းခံနှင့်၊ ကံငယ်ကံကြီး၊ ဝိနည်းအရာ၊ အဖြာဖြာ၊ သူသာ စိုးရဘိ။**

ရှင်ပြုခန်း၌ ပြဆိုခဲ့ပြီးသော ဆံရိတ်ခြင်း သင်္ကန်းပေးခြင်း သရဏဂုံပေးခြင်းဟူသော ရှင်ပြုမှု, ရဟန်းခံရာ သိမ်အပြင်၌ ဥပဇ္ဈာယ် ဆရာပြုလုပ်မှု, ဥပုသ်ပဝါရဏာ အစရှိသော ကံကြီးကံငယ် ဆောင်ရွက်မှု, ဝိနည်းနှင့် စပ်သော အဓိကရုဏ်း ဆုံးဖြတ် စီရင်မှုတို့၌ ဤသူသည်သာ

အစိုးရ၏။

## ၄၃၈။ ရှင်ရဟန်းမွေး၊ ပြုစုရေး၊ လုပ်ကျွေးခံထိုက်၏။

ဥပဇ္ဈာယ်ပေး၍ နိဿယည်းပေး၍ ရှင်သာမဏေမွေးထိုက်၏။ ရဟန်းပဥ္စင်းမွေးထိုက်၏။ ရဟန်း သာမဏေတို့၏ အခြံရံမှု ဝတ်ကြီး ဝတ်ငယ်ပြုစုမှုကို ခံထိုက်၏။ ဤ၌လည်း ဥဘတောဝိဘင်းကို ရစေရမည် ဟူသော ဒုတိယအင်္ဂါ၌ ဘိက္ခုနီဝိဘင်းကို အရမလိုလှပြီ။ ကြည့်ရှုချပို့မှုပင် ပြီးသင့်ပြီ။ ဘိက္ခုဝိဘင်းသည်သာ ယခုအခါ လိုရင်း ဖြစ်တော့သည်။ ဘိက္ခုဝိဘင်းကို တစ်ယောက်အားနှင့် ချောမောစွာရအောင် မတတ် နိုင်ခဲ့လျှင် သုံးယောက်စပ် ချောမောလျှင် သင့်လျော်ပြီဟု ဆိုကြ၏။ ဝိဘင်းနှစ်စောင်ကို ပါဠိအာဂုံမရသော်လည်း အနက်ထင်၍ အဓိပ္ပါယ် သိလျှင် ပြီး၏ဟု ဋီကာကြီးများနည်းအတိုင်း ယူကြ၏။ ဥပဇ္ဈာယ်အင်္ဂါ နိဿယည်း အင်္ဂါတို့နှင့်ပင် မပြည့်စုံငြားသော်လည်း နိဿယနံစောင်နှင့် ကြည့်ရှု၍ စာပေကျမ်းဂန် ပို့ချနိုင်လျှင်ပင် ဓမ္မာစရိယအနေနှင့် ရဟန်း သာမဏေ မွေးရ၏။ ဝတ်ကြီး ဝတ်ငယ် အပြုအစုခံရ၏။ သာမဏေတို့ကို ရဟန်းခံမည်ရှိသော အခါ၌မူကား ဥပဇ္ဈာယ်အင်္ဂါ နိဿယည်းအင်္ဂါနှင့် ပြည့်စုံသော ဆရာထံ အပ်နှံ၍ ပြုရာ၏။ ကမ္မဝါစာကို ဌာန်ကရိုဏ်း မှန်စွာနှင့် နေရာကျ ဖတ်တတ်သော ဆရာကို ရှာကြံပင့်ဆောင်ရာ၏။ ကုသိုလ်ပါရမီ အစအန ကောင်းသော ရဟန်းလောင်းများဖြစ်ခဲ့လျှင် တော်ကာလျော်ကာ ဥပဇ္ဈာယ် တော်ကာလျော်ကာ ကမ္မဝါဆရာနှင့် မပြီး သင့်။ မလွှဲသာ၍ ပြီးခဲ့ရလျှင် ဆရာကောင်းများထံမှာ အမြန်ထပ်ရမည်။

ဥပဇ္ဈာယ်-နိဿယည်း အမြွက်ပြီး၏။

--------------

## ၃၀-သိမ်ခန်းအမြွက်

အတိခုဒ္ဒကာ အတိမဟတီ။ ခဏ္ဍနိမိတ္တာ။ ခဏ္ဍနိမိတ္တာ၊ ဆာယာနမိတ္တာ။ အနိမိတ္တာ။ ဗဟိသီမေဋ္ဌိတသမ္မ တာ။ နဒိယံသမ္မတာ။ သမုဒ္ဒေသမ္မတာ။ ဇာတဿရေသမ္မတာ။ သီမာယ သီမံ သမ္ဘိန္ဒန္တေန သမ္မတာ။ သီမာယ သီမံ အဇ္ဈောတ္ထရန္တေနသမ္မတာ။ ။ ဝိပတ္တိသိမ်ပျက် တစ်ဆယ့်တစ်ပါး ဆောင်ပုဒ်။

အတိခုဒ္ဒကာ=နှစ်ကျိပ်တစ်ယောက် မထိုင်လောက်ဖွယ် အလွန် ငယ်သော သိမ်မပျက်၊ အထိမဟတီ=သုံးယူဇနာထက်ကျယ်ပြီး အလွန်ကြီးသောသိမ်ပျက်၊ ခဏ္ဍနိမိတ္တာ=နိမိတ်ကျိုးပြတ်သော သိမ်ပျက်၊ ဆာယာနိမိတ္တာ=တောရိပ် တောင်ရိပ် သစ်ပင်ရိပ်ကို နိမိတ်ပြုလုပ်သော သိမ်ပျက်၊ အနိမိတ္တာ=နိမိလုံးလုံးမရှိဘဲ သမုတ်သော သိမ်ပျက်၊ ဗလိသီမေ ဋ္ဌိတသမ္မတာ=သိမ်ပ၌ တည်၍ သမုတ်သောသိမ်ပျက်၊ နဒိယံသမ္မတာ= မြစ်ပြင်၌သမုတ်သောသိမ်ပျက်။ သမုဒ္ဒေသမ္မတာ=သမုဒ္ဒရာအပြင်၌ သမုတ်သောသိမ်ပျက်၊ ဇာတဿရေသမ္မတာ=ဇာတဿရအိုင်အပြင်၌ သမုတ်သော သိမ်ပျက်၊ သီမာယ သီမံ သမ္ဘိန္ဒန္တေန သမ္မတာ=သိမ်ဟောင်း နှင့်စပ် နဘေထပ်၍ သမုတ်သောသိမ် ပျက်၊ သီမာယ သီမံ အဇ္ဈောတ္ထ-ရန္တေ သမ္မတာ=သိမ်ဟောင်းကို ခြုံငုံ၍ သမုတ်အပ်သော သိမ်ပျက်။ (အနက်။)

**၄၃၉။ ကြီး, ငယ်, ကျိုး, ရိပ်၊ အနိမိတ်၊ ဗဟိဒ်တည် သမုတ်။**

**၄၄၀။ အိုင်, သမုဒ်, မြစ်၊ စပ်, လွှမ်းလစ်၊ ဆယ့်တစ် သိမ်ပျက်ထုတ်။** (လင်္ကာဖြစ်၍ အချို့နောက် ပြန်သည်။)

## ၄၄၁။ ဗဒ္ဓါ, ဗဒ္ဓ၊ သိမ်နှစ်ဝ၊ ဗဒ္ဓ, ခဏ်, မဟာ။

သမုတ်၍ ဖြစ်သော ဗဒ္ဓသိမ်၊ သမုတ်မှုမရှိသော အဗဒ္ဓသိမ်-ဟူ၍ နှစ်မျိုးရှိ၏။ ထိုတွင် ဗဒ္ဓသိမ်သည် ခဏ္ဍသိမ် မဟာသိမ်ဟူ၍ နှစ်မျိုးရှိပြန်၏။

## ၄၄၂။ တိုက်ထောင့်ခဏ္ဍ၊ တိုက်လုံးကျ၊ ဗဒ္ဓ သိမ်မဟာ။

တိုက်ထောင့်တစ်ခုလုံးကို မခြုံမငုံမူ၍ ကျောင်းတိုက်၏ တစ်ပိုင်းတစ်စိတ်, တစ်ထောင့် တစ်ကွက်၌ သမုတ်သော ဗဒ္ဓသိမ်သည် မဟာသိမ်မည်၏။ ဘုရားလက်ထက်တော်၌ ရာဇဂြိုဟ်ပြည်မှာ တစ်ဆယ့်ရှစ်ရပ်သော ကျောင်းတိုက်ကြီးတို့ကို တသိမ်တည်းပြု၍ သမုတ်၏။ သီဟိုဠ်ကျွန်း၌ အရှင်မဟိန္ဒထေရ်သည် အနုရာဓမြို့ပါ ခြုံ၍ သမုတ်၏။ အနုရာဓမြို့သည် သိမ်တွင်းကျ၏။ ယခုကာလ၌ကား သိမ်ဆိုလျှင် လူများ မဝင်ရဟု ထင်မှတ်ကြ၏။ မာတုဂါမများ မဝင်ဝံ့ရှိကြ၏။ အနုရာဓမြို့သူတို့ကား သိမ်တွင်း၌ နေကြရကုန်၏။

## ၄၄၃။ နိမိတ်ကမ္မဝါ၊ ပရိသာ၊ သုံးဖြာ, သံ, ဝိပ်, လာ။

ထိုဗဒ္ဓသိမ်နှစ်ပါး၌ နိမိတ္တသမ္ပတ္တိ-ဝိပတ္တိ၊ ကမ္မဝါစာ သမ္ပတ္တိ-ဝိပတ္တိ၊ ပရိသာသမ္ပတ္တိ-ဝိပတ္တိဟူ၍ သမ္ပတ္တိ သုံးပါးစီလာရှိ၏။ ထိုတွင် ကမ္မဝါ သမ္ပတ္တိ-ဝိပတ္တိ၊ ပရိသာသမ္ပတ္တ-ဝိပတ္တိတို့မှာ ရဟန်းခံရာ၌ ပြဆိုခဲ့ပြီးသော နည်းကိုမှီ၍ သိအပ်၏။ ဤ၌ ဝတ်, ဥ တ်, ကမ္မဝါ, သိမ်, ပရိသာ၊ ငါးဖြာ သမ္ပတ္တိ-ဟူ၍ ဆိုခဲ့သော ငါပါးတို့၌ ဥ တ်, ကမ္မဝါ, ပရိသတ်သုံးပါးတို့ကိုယူလေ။ သမုတ်ဆဲဖြစ်သော အိမ်ကိုပင် ဝတ္ထုပြု၍ ဆိုလိုမူကား အတိခုဒ္ဒက, အတိမဟန္တ, နဒိယံသမ္မတ, သမုဒ္ဒေသမ္မတ, ဇာတဿရေသမ္မတတို့ကို ဝတ္ထုဝိပတ္တိ သိမ်ဆိုလေ။ ဆာယာနိမိတ္တ, ခဏ္ဍနိမိတ္တ, နိမိတ္တတို့ကား နိမိတ္တဝိပတ္တိ သိမ်ဆိုလေ။ ဗဟိသိမေ

ဠီတသမ္မတကား ကမ္မဝါစာဝိပတ္တိ၌ လျော်၏။

**၄၄၄။ တောင်, ကျောက်, တော, သစ်၊ မဂ်, ရေ, မြစ်၊ တောင်, ရှစ်-နိမိတ်လာ။**

တောင်နိမိတ်, ကျောက်နိမိတ်၊ တောနိမိတ်၊ သစ်ပင်နိမိတ်, ခရီးနိမိတ်, ရေနိမိတ်, မြစ်နိမိတ်, တောင်ပို့နိ မိတ်-ဟူ၍ နိမိတ်ရှစ်ပါး လာ၏။

**၄၄၅။ ဗတ္တိံပလ၊ တင်လဲလျှ၊ လောက်ထ ကျောက်နိမှာ။**

ချိန်ဝန်ဖြစ်လာ ပိုလ်ကို ပလဆိုသည်။ သုံးဆယ့်နှစ်ပိုလ်ရှိသော တင်လဲခဲလျှင် သဏ္ဌာန် ပမာဏရှိသော ကျောက်တုံးသည် ကျောက် နိမိတ်၌ အယုတ်ဆုံးအားဖြင့် နိမိတ်လောက်၏။ ထိုထက် ကြီးမူကား ခုနစ်တောင့်ထွာရှိသော ဆင်ကောင်ပမာဏအောက် ယုတ်သည်တိုင် အောင် ကြီးစေရ၏။ ထိုထက်ကြီးမူ ကျောက်နိမိတ် မကြားရ။ တောင် နိမိတ်ပြု၍ ကြားရ၏။

**၄၄၆။ ထွက်ရေ, လောင်းရေ၊ ဤနှစ်ထွေ၊ လောက်လေ ရေနိမှာ။**

**၄၄၇။ ကံပြီးရုံမျှ၊ တည်နေက၊ လောက်ထရေနိသာ။**

ရေနိမိတ်သိမ်၏ ပတ်လည်အရပ် ရှစ်မျက်နှာ ရှစ်ဌာနတို့မှာ တူး၍ထားသောတွင်းတို့၌ ထိုတွင်းမှထွက်သော ရေဖြစ်စေ၊ အခြား တစ်ပါးမှ ခပ်ဆောင်၍ လောင်းသောရေဖြစ်စေ၊ ရေနိမိတ်လောက် သည်ချည်းဖြစ်၏။ အနည်းအများမှာလည်း နိမိတ်ကြားကာနီးမှသည် သိမ်သမုတ်ကမ္မဝါ ပြီးဆုံးသည်တိုင်အောင် မကုန်မခန်းဘဲ တည်နေ လောက်အောင် ရှိသည်ပင်နိမိတ်လောက်၏။ ကြွင်းသောနိမိတ်ကိုမူကား ယခုကာလ၌ လုပ်ရိုးမပြုကြ၍ မဆိုလိုက်ပြီ၊ အဋ္ဌကထာမှာ ယူလေ။

ဗဒ္ဓအချင်းချင်း၊ အဗ္ဗောတ္တရဏ၊ သမ္ဗန္ဓသက်ရာ။

**၄၄၈။ ဗဒ္ဓသိမ်ချင်း၊ လွှမ်း, စပ်ခြင်း၊ အလျှင်း မပြုရာ။**

အဗ္ဗောတ္တရဏကို လွှမ်းဆိုသည်။ သမ္ဗန္ဓကို စပ်ဆိုသည်။ သိမ်ဟောင်း၌ သိမ်သစ်က, လွှမ်းမိုးမှု, ထိစပ်မှုတို့ကို ဆိုသည်။

**၄၄၉။ သိမ်မှီထိက၊ ကံပျက်ရ၊ သီမ သက်ရာ။**

သိမ်မှီဆိုသည်ကား သိမ်တွင်းမှ ဆောက်သော ဇရပ်တန်ဆောင်း စသည် သိမ်တွင်းမှ ပေါက်သော သစ်ပင် ချုံနွယ်စသည် သိမ်တွင်းမှာရှိသော တုံး, တိုင်, သစ်ဝါး စသည်တို့ကို သိမ်မှီဆိုသည်။ ဗဒ္ဓသိမ်တစ်ခုမှ ပေါက်သော သစ်ပင်ချုံနွယ်သည် တစ်ပါးသော ဗဒ္ဓသိမ်၌ ထိ၍တည်အံ့၊ တစ်ပါးသော ဗဒ္ဓသိမ်၌ ပေါက်သော သစ်ပင် ချုံနွယ်တို့ကို ထိစပ်ရာယှက်၍တည်အံ့၊ သီမာ သက်ရဖြစ်၏။ ဤသိမ်၌ ကံပြုလိုလျှင် ထိုသိမ်တွင်းရှိ သံဃာကိုလည်း ဟတ္ထပါသ်တွင် ပါဝင်စေရ၏။ ထိုသိမ်၌ ကံပြုလျှင် ဤသိမ်တွင်းရှိ သံဃာကိုလည်းပါဝင်စေရ၏။ မပါဝင်ခဲ့လျှင် ထိုကံပျက်၏။ ထိစပ်ရောယှက်သော အကိုင်းအခက်တို့ကို သော်လည်းကောင်း ဖြတ်တောက်ရှင်းလင်း ပြီးမှ ပြုရ၏။ မြေ၌နွယ်၍ သွားသောမြက်နွယ်ကူးယှက်သည်ကိုပင် သုတ်သင်ကြကုန်ရာ၏။ သိမ်နုတ်ဆဲအခါ သိမ်သမုတ်ဆဲအခါတို့၌လည်း သိမ်တွင်းနှင့် သိမ်ပြင်မှီဝတ္ထု ကူးယှက်ခြင်းများကို သုတ်သင်ကြကုန်ရာ၏။ သိမ်ပြင် အရပ်သည် ဗဒ္ဓသိမ်ဟောင်းရှိနေသောဌာနဖြစ်ခဲ့သော် ထိုသိမ်ဟောင်းအတွင်း၌ ရှိနေသော သံဃာကို မသိမ်းမိလျှင် သိမ်နုတ်ကံ ပျက်ရာ၏။

**၄၅၀။ သိမ်ဟောင်းတစိ၊ ရှိ, မရှိ၊ အသိခက်လှစွာ။**

**၄၅၁။ သိမ်မှီရောထ၊ သက်ရ၊ ကြောင့်ကြ စိုက်ဖို့ရာ။**

တော၌ဖြစ်စေ ရွာ၌ဖြစ်စေ သာသနာတော် အဓွန့်ရှည်ကြာလှပြီ ဖြစ်၍ ဤနေရာ၌ကား သိမ်ဟောင်းရှိ၏၊ မရှိဟု ပိုင်နိုင်စွာ သိခြင်းငှါ ခက်ခဲလှ၏။ ထို့ကြောင့် ရဟန်းခံမှု, ဥပုသ်ပဝါရဏာပြုမှု, ပရိဝါသ်, မာရ်နတ် အဗ္ဘာန် ကံဆောင်မှုတို့၌ မိမိတို့၌ ကံဆောင်ရာသိမ်နှင့် သိမ်၏အပြင်ပအရပ်တို့၌ တုံး, တိုင်, ကလကာ, ဖျာ, သင်ဖြူး, မဏ္ဍပ် ကန္နား, သစ်ကိုင်း, သစ်ခက်, နွယ်မြက်စသည် ကူးယှက်မည်ကို သုတ်သင်ခြင်းငှာ အထူးကြောင့်ကြစိုက်ကြကုန်ရာ၏။ အချို့သူတို့ကား သိမ်ပြင်အရပ်သည် ဗဒ္ဓသိမ်မဟုတ် ဂါမသိမ်ဖြစ်၍ ကူးယှက်သော်လည်း အပြစ်မရှိ ဆိုကြ၏။ ဗဒ္ဓသိမ်မဟုတ်ဟု အတတ် မသိနိုင်ရှိ၏။ ထိုနေရာမှာ သိမ်သမုတ်လိုလျှင် သိမ်နုတ်မှုကို ပြုရမည်ပင် ဖြစ်၏။ ထို့ကြောင့် သုတ်သင်ခြင်းသည်သာ သင့်၏။

ဗဒ္ဓသိမ်အမြွက် ပြီး၏။

-------------

## ဂါမသိမ်၊ သတ္တဗ္ဘန္တရသိမ်၊ ဥဒကုက္ခေပသိမ်။

### ၄၅၂။ ရွာနယ်, မြို့နယ်၊ နိဂုံးနယ်၊ သိမ်နယ် သီးသီးသာ။

ထိုထိုတိုင်းပြည်အတွင်း၌ သူကြီးတစ်ယောက် ကြီးစိုးရာ ဖြစ်ကြသော ရွာနယ်အသီးသီး မြို့နယ်အသီးသီး နိဂုံးနယ်အသီးသီးသည် တစ်ခုတစ်ခုစီသော ဂါမသိမ်အသီးသီးဖြစ်ကြသည်။ အသီးသီးသော ဗဒ္ဓသိမ်စုနှင့် တူ၏။ တစ်ခုသောရွာနယ်၌ရှိသော သံဃာကို အကုန် သိမ်းရုံးနိုင်ခဲ့သည်ရှိသော် ထိုနေရွာအတွင်း၌ ဘယ်နေရာ၌မဆို ဥပသမ္ပဒစသော ကံကြီးကံငယ်တို့ကို ပြုရ၏။ အနီးအစပ်ဖြစ်ကုန်သော တစ်ပါးသော ရွာနယ်တို့နှင့် သစ်ပင်ချုံနွယ် စသည်ကူးယှက်သော်လည်း အဋ္ဌကထာတို့၌ သင်္ကရပြုမှုကို ပြဆိုချက်မရှိ။

## ၄၅၃။ ဂါမကြီး၌၊ နယ်သီးကွက်မှု၊ မင်းစိုးပြု၊ ဝိသုဂါမ သာ။

တစ်ခုသောရွာနယ်ကြီးအတွင်း၌ မြေကွက်ကြီးတစ်ကွက်ကို အရပ်လေးမျက်နှာတို့၌ သတ်မှတ်ပိုင်းခြား၍ ဤမြေအရပ်သည် နယ်သီးဖြစ်စေဟု မြေရေကိုပိုင်သော မင်းစိုးရာဇာတို့က နယ်သီးပြုလုပ်ခဲ့သည်ရှိသော် ထိုအရပ်အကွက်သည် အသီးသော ဂါမသိမ်တစ်ခုဖြစ်ပြန်၏။ ဝိသုံဂါမသိမ်ဟူ၍ ခေါ်သည်။

ယံပိ ဧကသ္မိံ ယေဝ ဂါမခေတ္တေ ဧကံ ပဒေသံ အယံပိ ဝိသုံဂါမော ဟောတူတိ ပရိစ္ဆိန္ဒိတွာ ရာဇာ ကဿစိ ဒေတိ။ သောပိဝိသုံ ဂါမသီမာ ဟောတိယေဝ။

ဟူသော အဋ္ဌကထာ၌ ယခုကာလကဲ့သို့ သိမ်သမုတ်ရန် အမိန့်ခံသော ဝိသုံဂါမကို ပြဆိုရင်းမဟုတ်။ တစ်ဦးတစ်ယောက်သော သူအား အထူးချီးမြှေသောအားဖြင့် နယ်စား ပယ်စားကွက်ခြား၍ ပေးမှုကိုဆိုသတည်း။ ကဿစိ ဟောတိ၊ ဟူ၍ ဆိုပေသည်။ ဤကဲ့သို့ ပေးအပ်သောအရပ်သည်လည်း ဝိသုံဂါမတစ်မျိုး။ ယခုကာလ၌ ဗဒ္ဓသိမ်သမုတ်လောက်ရုံ အနည်းအကျဉ်းမျှဖြစ်သော မြေကွက်ကို သိမ်သမုတ်ရန် အမိန့်ခံရာမျိုး၌မူကား နယ်စားပယ်စားအဖြစ်ဖြင့် တစ်စုံတစ်ယောက်သောသူအား မပေးဘဲနှင့်ပင်လျှင် ဤအရပ်သည် နယ်သီး ပယ်သီးဖြစ်စေဟူ၍ ရေမြေကိုပိုင်သော မင်းစိုးရာဇာတို့က ပြုလုပ်၍ ပေးခဲ့သည်ရှိသော် ဝိသုံးဂါမဖြစ်တော့သည် သာတည်း။ ထိုအရပ် အကွက်သည် ရွာကြီးနယ် မဟုတ်ပြီ၊ ရွာကြီး သူကြီးပိုင်မဟုတ်ပြီ၊ ဘယ်သူပိုင်သနည်းဟူမူ နယ်သီးပြုလုပ်သော မင်းစိုးရာဇာပိုင်၏။ ထိုအရပ်အကွက်သည် ဥယျာဉ်လယ်ယာ လုပ်ကိုင်စားသောက်သူ မြေရှင်

၏မြေပင်ဖြစ်၏။ လုပ်ကိုင်စားသောက်ရ၏။ ဝိသုံဂါမအဖြစ်ဖြင့် ကံကြီး ကံငယ်လည်းဆောင်ရ၏။ ဗဒ္ဓသိမ်သမုတ်လိုလျှင် ဂါမကြီးကို မသိမ်းဘဲပင် သမုတ်ရ၏။

ဤဝိသုံဂါမ၏ အကြောင်းအရာတို့ကို ပြည့်စုံစွာ သိလိုသည်ရှိသော် ငါတို့စီရင်သော ဝိသုံဂါမဝိနိစ္ဆယ၊ မဟာဝိသုဒ္ဓါရာမ ဆရာတော်စီရင်သော ဝိသုံဂါမဝိနိစ္ဆယ၊ ရွှေရေးဆောင်ဆရာတော် စီရင်သော ဝိသုံဂါမဝိနိစ္ဆယ-တို့မှာ ကြည့်လေ။

ဂါမသိမ်အမြွက် ပြီး၏။

---------------

### ၄၅၄။ ရွာနယ်လွတ်လေ၊ တောတောင်မြေ၊ ယူလေ သတ္တဗ္ဘန္တရာ။

လူတို့နေရာ ရွာနယ်မြို့နယ် နိဂုံးနယ်တို့မှ အလွတ်ဖြစ်၍ ဤအရပ်ကား မည်သည့်ရွာနယ်ဖြစ်သည်ဟု ပြောဆိုခွင့် မရှိသော တောအရပ်တောင်အရပ်များ၌ သတ္တဗ္ဘန္တရသိမ်ကို ရအပ်၏။

အဂါမကောစေတိ ဂါမ နိဂမ နဂရ သီမာဟိ အပရိစ္ဆိန္နေ အဋဝိပဒေသေ ဟူသော မဟာဝါအဋ္ဌကထာနှင့် အညီတည်း။

### ၄၅၅။ တောင်နှစ်ဆယ့်ရှစ်၊ အဗ္ဘာန်တစ်၊ ခုနစ်ဆနော၁ဧး။

### ၄၅၆။ ထုတ်ချင်းခတ်မူ၊ နှစ်ပြန်ယူ၊ တော်မူ ဒွိ, နော, တေး။

### ၄၅၇။ သံဃာစွန်းမှ၊ ခုနစ်အန္တရာ၊ ယူမြဲသာ၊ သံဃာ ပွားတိုင်းပွား။

နှစ်ဆယ့်ရှစ်တောင်သည် အဗ္ဘန္တရတစ်ခုမည်၏။ အဗ္ဘန္တရ ခုနစ်ခုသည် အတောင်(၁၉၆) ရှိ၏။ တဘက်အဘို့တည်း။ အရှေ့ အနောက်ဖြစ်စေ၊ တောင်မြောက်ဖြစ်စေ ထုတ်ချင်းခတ်တိုင်းတာသည် ရှိသော် အတောင်(၃၉၂)ဖြစ်၏။ ဤကား သတ္တဗ္ဘန္တရသိမ်တစ်ခု၏ အကျယ်ပမာဏတည်း။ ဥပုသ်ပဝါရဏာပြု သောအခါ၌လည်းကောင်း၊ ဥပသမ္ပဒ အစရှိသော ကံကြီးကံငယ်ပြုသောအခါ၌လည်းကောင်း ထိုမျှလောက်သော အရပ်အဘို့သည် တစ်ခုသော မဟာသိမ်နှင့် အလားတူ၏။ သံဃာအများ စည်းဝေးရာ၌ သံဃာပရိသတ်၏ အစွန်းမှ ပြင်ဘက်၌ သတ္တဗ္ဘန္တရသွား၏။ ထို့ကြောင့် သတ္တဗ္ဘန္တသိမ်မည်သည် သံဃာပွားတိုင်းသိမ်နယ် ကျယ်ပွား၏။ နောက် ဥဒကုက္ခေပ သိမ်မှာလည်း ဤနည်းတူ။

### ၄၅၈။ မြစ်သမုဒြာ၊ ဇာတဿရ၊ ရေနယ်ကျ၊ ဥဒကုက္ခေပါ။

မြစ်ကြီး မြစ်ငယ် ပင်လယ် သမုဒြာ ဇာတဿရခေါ်သော အင်းကြီးအင်းငယ် အိုင်ကြီး အိုင်ငယ် ရေနယ် ရေခေတ် ဟူသမျှတို့၌ ဥဒကုက္ခေပ သိမ်ကိုရအပ်၏။

### ၄၅၉။ မိုးမှန်ရွာက၊ မိုးလေးလတွင်း၊ သင်းပိုင်စွတ်လောက်၊ စီးတုံမြောက်၊ လောက်ပြီး မြစ်အင်္ဂါ။

### ၄၆၀။ မိုးခေါင်သော်လည်းကောင်း၊ ဆောင်းနွေ ရောက်ဘိ၊ ရေမရှိ၊ သဲတိမြစ်ပင်သာ။

မိုးမှန် ဆိုသည်ကား မင်း စိုးရာဇာတို့ တရား စောင့်သောအခါ၌ မိုးဥတုမှာ ငါးရက်တစ်ကြိမ် ဆယ်ရက်တစ်ကြိမ် မလွန်မူ၍ရွာသော မိုးကိုမိုးမှန်ဆိုသည်။ ထိုကဲ့သို့ရွာသောအခါ၌ မိုးလေးလပတ်လုံး အဝန်း

ညီစွာဝတ်ရုံ၍ကူးသောရဟန်း၏ သင်းပိုင်စွန်းကို စွတ်လောက်အောင် မပြတ်စီးသော ရေရှိသော ချောင်းမြောင်းသည် အယုတ် ဆုံးအားဖြင့် မြစ်အင်္ဂါလောက်၏။ မိုးမှန် မရွာမူ၍ မိုးပါးရှားသောအခါ၌ မိုးလအတွင်း မှာပင် ရေပြတ်ခဲ့သော် လည်းကောင်း၊ ဆောင်း နွေလတို့၌ ရေမရှိခဲ့သော် လည်းကောင်း၊ သဲသောင်ပြင်အတိ ဖြစ်နေသော်လည်း မြစ်ပင် သာ တည်း။ မြစ်အင်္ဂါမပြက် သဲပြင်သောင်ပြင်ပေါ်၌ပင် ကံကြီးကံငယ်ပြုရ၏။

**၄၆၁။ လူမပြုဘဲ၊ သူ့အလိုဇဇ်၊ အင်း, အိုင်ဖြစ်၍၊ မိုးခေတ်လေးလ၊ ရေတည်က၊ လောကထ ဇာတဿာ။**

**၄၆၂။ ဆောင်းနွေရောက်ဘိ၊ ရေမရှိ၊ ပကတိပင်သာ။**

မိုးမှန်ရွာသောအခါ၌ လူတို့၏ တူးမှုဆွမှုဆယ်မှုဖို့မှုတို့ဖြင့် ပြုလုပ်ခြင်း မရှိဘဲ ရေ၏အစွမ်းသက်သက်အားဖြင့် အင်း အိုင် ကြီး ငယ်ဖြစ်၍ မိုးလေးလပတ်လုံး လက်ခြေ ဆေးလောက်အောင် ရေမပြတ်တည်နေသော ဌာန ဇာတဿရအင်္ဂါလောက်၏။ မိုးပါးရှား သောအခါ မိုးလေးလအတွင်း၌သော်လည်းကောင်း၊ ဆောင်းနွေတို့၌ သော်လည်းကောင်း ရေမရှိသော်လည်း ထိုနေရာတို့၌ လူတို့သည် ဘူး, ဖရုံ, ဂုံ မယင်းစိုက်ပျိုးမှုကို မပြုကြသည် ဖြစ်ကုန်မူကား ဇာတဿရ ပကတိအတိုင်းပင် ရေမရှိသော အိုင်အပြင်၌ ကံကြီးကံငယ်ဆောင်ရ၏။

**၄၆၃။ အားကုန်လွှဲ၍၊ ရေ, သဲ, ကြဲပစ်၊ ကျရာခေတ်၊ သိမ်ဖြစ်ရေ, သောင်မှာ။**

ရေရှိရာ၌ ရေကိုလည်းကောင်း၊ သဲသောင်ပြင်၌ သဲတို့ကိုလည်း ကောင်း အားကုန်လွှဲ၍ ပစ်ကြဲသည်ရှိသော် ထိုရေ ထိုသဲကျရာအရပ် အတွင်းဖြစ်သော ရေပြင် သောင်ပြင်အရပ်သည်ဥဒကုက္ခေပသိမ်ဖြစ်၏။

ရေကြဲမှု သဲပစ်မှုတို့မှာ သိမ်ရောက်ရာဌာနကို မှန်းထားလိုသော်သာ ကြဲပစ်ခွင့်ရှိသည်။ ရေသဲပစ်ကြဲမှု ဥဒကုက္ခေပသိမ် ဖြစ်သည်ဟု ဆိုလိုရင်း မဟုတ်။ ထိုနေရာ၌ ကံပြုဆဲအခါမှာ သံဃာ၏ထက်ဝန်းကျင် အရပ် ရှစ်မျက်နှာတို့၌ ရေတစ်လှမ်း သဲတစ်လှမ်းအတွင်းသည် အလိုလိုသိမ် ဖြစ်၏။ ဝဂ္ဂကမ္မကို စောင့်ရှောက်ရသော ကံဆောင်မှုနှင့်စပ်၍ ဖြစ်လေ သောကြောင့် ကံပြုဆဲအခါ၌သာ ထိုသိမ်သည် တည်ရှိသည်။ ကံမပြုမီ ရှေးအဖို့၌လည်းကောင်း၊ ကံပြုပြီးမှ နောက်အဖို့၌လည်းကောင်း ထိုနေရာမှာ သိမ်ရှိသည်မဆိုရ၊ သတ္တဗ္ဘန္တရသိမ်၌လည်း ဤနည်းတူ၊ ငါတို့အလို။ ဤနေရာ၌ဝါဒ အလွန်များ၏။ စဉ်းစား၍ ယူလေ။

## ၄၆၄။ ရေပြင်, ရွံ့ပြင်၊ ဖြစ်ခဲလျှင်၊ ထိုတွင် သိမ်ငြမ်းထား။

မြစ်အင်္ဂါ ဇာတရဿ အင်းအိုင် အင်္ဂါညီညွတ်ရာ အရပ်တိုင်း၌ သိမ်ငြမ်းဆောက်၍ ပြုအပ်၏ ဟူလို။

## ၄၆၅။ လှေ, ဘောင်နှင့်သာ၊ ပြုကြရာ၊ ကမ်းမှာ မချည်ရ။

လှေ, ဘောင်တို့နှင့် ကံပြုကြရာ၌ လှေကြိုး ဖောင်ကြိုးများကို မြစ်ကမ်း၌ လှမ်း၍မချည်ရ။ ထိုနေရာ၌သာ ဝါးစိုက်၍ ကျောက်ချ၍ ပြုရမည်။

အဗဒ္ဓချင်း အဇ္ဈောတ္ထရဏ၊ သမ္ဘန္ဓ၊ သင်္ကရ။

ပြဆိုခဲ့ပြီးသော တောအရပ်၌ သံဃာနှစ်သင်းတို့သည် တစ်ဌာန နှင့်တစ်ဌာန သတ္တဗ္ဘန္တ နှစ်ပြန်စာအတွင်း ၌ ကံပြုကြကုန်၏။ နှစ်ကျိပ် တစ်ယောက် စည်းဝေးလောက်သည်မှစ၍ ထိုထက်အလွန်သိမ်နယ်ချင်း ထပ်မိကြအံ့ အဇ္ဈောတ္ထရဏဖြစ်၏။ နှစ်ကျိပ်တစ်ယောက် စည်းဝေး

လောက်သည်မှ ယုတ်လျော့၍ထပ်မိကြအံ့ သမ္ဘန္ဓ ဖြစ်၏။ သိမ်နယ်တွင်း၌ ပေါက်ရောက်သော သစ်ပင်ချုံနွယ် ကူးယှက် ထိပါးခဲ့အံ့၊ သင်္ကရဖြစ်၏။ ။ကံပြုမှု တစ်ပြိုင် နက် ကျခဲ့လျှင် နောက်သိမ်ပျက်၏။ ။ ဥပကုက္ခေပ သိမ်ချင်းလည်း ဤနည်းတူ။ သတ္တဗ္ဘန္တရနှင့်ဥပကုက္ခေပ ဖြစ်မှုကား တည်နေရာဌာနချင်း တခြားစီဖြစ်ကြ၍ အဇ္ဈောတ္ထရဏ သမ္ဘန္ဓ နှစ်ပါးမရ။ သစ်ပင်ချုံ နွယ် စသည် ကူးယှက်မှု အတွက်နှင့် ကံပျက်သင်္ကရကိုသာ ရထိုက်၏။ ထို့ကြောင့် သံဃာ တစ်သင်းနှင့် တစ်သင်း တောနယ်မှာ ဖြစ်ခဲ့အံ့။ အတောင်သုံးရာခန့်ထက် မနည်းစေမူ၍ ပြုကြရာ၏။ ရေနယ်မှာ ဖြစ်အံ့၊ အတောင်တစ်ရာထက် မနည်းစေမူ၍ ပြုကြရာ၏။ အဘယ်ကြောင့်နည်းဟူမူ သိမ်နယ်နိမိတ်ကို အမှန်အကန် သိခြင်းငှာ ခက်ခဲလှ၍။ သံဃာပွားတိုင်းလည်း သိမ်ပွားတတ်၏။ ကျယ်၌ကား မလွန်ဆန်နိုင်။ ထို့ကြောင့်ပေတည်း။

### ၄၆၆။ ဂါမနှင့်, သတ်၊ ဥ-ရောလတ်၊ မအပ်ကံပျက်ကြ။

ဂါမနှင့် သတ္တဗ္ဘန္တရ၊ ဂါမနှင့် ဥဒကုက္ခေပတို့၌ အဇ္ဈောတ္ထရဏ သမ္ဘန္ဓနှစ်ပါးမရှိ။ သစ်ပင် ချုံနွယ်စသည် ကူးယှက် ထိစပ်မှုအတွက် ကံပျက်သင်္ကရကိုသာ ရအပ်၏။

ဗဒ္ဓနှင့် အဗဒ္ဓ၊ အဇ္ဈောတ္ထရဏ၊ သမ္ဘန္ဓ၊ သင်္ကရ။

### ၄၆၇။ ဂါမနှင့် ဗဒ်၊ လွှမ်းစပ်ရောဘိ၊ ပြစ်မရှိ၊ နိဿိ, နိဿယ။

ရဏ အပြစ်လည်းမရှိ၊ သမ္ဘန္ဓ အပြစ်လည်းမရှိ၊ သစ်ပင် ချုံနွယ် စသည်ကူးယှက်သော်လည်း ကံပျက်ရန် သင်္ကရ အပြစ်လည်း မရှိ။

### ၄၆၈။ ဗဒ္ဓနှင့်သတ်၊ ဥ-ရောလတ်၊ သုံးရပ် အပြစ်ရ။

သတ္တဗ္ဘန္တရ အပိုင်းအခြားနှင့် တစ်သင်းသော သံဃာ ကံပြု၍ နေဆဲအခါ၌ အတောင်သုံးရာကျော်မျှ ကွာဝေးသောဌာနက ထို သတ္တဗ္ဘန္တရသိမ်ကိုခြုံ၍ စပ်၍ သစ်ပင်စသည် ရောယှက်၍ ဗဒ္ဓသိမ် သမုတ်ခဲ့သော် သုံးပါးလုံးအတွက်ပင် ထိုဗဒ္ဓသိမ်ပျက်ရာ၏။ ရှေးအခါ၌ ဗဒ္ဓသိမ်ရှိဖူးသောရွာသည် နောက်အခါ၌ ပျက်ပြား၍ တောနယ်ဖြစ် လေ၏။ ထိုသိမ်ရှိရာအရပ်၌ သတ္တဗ္ဘန္တရသိမ်နှင့် ကံပြုရာ၌လည်း သုံးပါးပင်ရသင်၏။ ဤ၌ သက်ရမူမှာ ထို ဗဒ္ဓသိမ်ဟောင်း၌ သံဃာရှိလျက် မသိမ်းခဲ့မှသာ ကံပျက်ရာ၏။ ဥဒကုက္ခေပ၌လည်း ဗဒ္ဓသိမ် အရပ်သည် ရေလွှမ်းကမ်းပြိုမှုနှင့် မြစ်ပြင်ဖြစ်၍သွားရာ၌ မြစ်ပြင်မှာ ဥဒကုက္ခေပ သိမ်အဖြစ်နှင့် ကံပြုကြရာ၌ ဥဒကုက္ခေပ အပိုင်းအခြားသည် ဗဒ္ဓသိမ် အရပ်ကို လွှမ်းမိုးမှု, စပ်မှု၊ ထိုဗဒ္ဓသိမ်အရပ်၌ ကျောက်ချ၍ ထိုးဝါးစိုက်၍ ပြင်ပ၌ ကံပြုမှုစသည်ဖြင့် အပြစ်သုံးပါးကို ထိုက်သည့်အားလျော်စွာ သိလေ။

သိဟိုဠ်ကျွန်းကလျာဏီမြစ်၏ မြစ်ကို ဖြတ်သန်းသော တံတား ကြီးတစ်ခုရှိ၏။ မြစ်လယ်မှာ ထိုတံတား၏ အနီး၌ ဥဒကုက္ခေပသိမ် တန်ဆောင်းငယ် ဆောက်လုပ်လျက်ရှိ၏။ ကံပြုသောအခါ၌ တံတား ပေါ်မှ နင်းကြမ်း ထိုး၍ သိမ်တန်ဆောင်းတို့ကူးကြ၏။ သိမ်တန်ဆောင်း၌ သံဃာစုံ၍ ကံပြုမည်ရှိသောအခါ၌ ထိုနင်းကြမ်းကို နုတ်ယူ၍ ထား၏။ ကံပြုပြီးလျှင် ထိုနင်းကြမ်းက ခင်းပြန်၍ တံတားသို့ လျှောက်ကူးကြ၏။ တံတားချေဖြစ်သော တိုင်တို့သည် ကံပြုရာဌာနမှ ရေတံကျ အတွင်း၌ ကျကုန်၏။ အပ်, မအပ်အဓိကရဏ်းကြီးစွာ ဖြစ်ကြ၏။ ဂိုဏ်းပင် ကွဲကြ၏။ ခမည်းတော် မင်းတုံးရှင်ဘုရင်လက်ထက်၌ သီဟိုဠ်မှ အဆုံး အဖြတ်ခံယူရန် နှစ်ကြိမ်လာရောက်၏။ ပထမအကြိမ်မှာ ထိုသိမ် မ

အပ်ကြောင်းကို သာသနာပိုင်ဆရာတော်ကြီးက ပါဠိဘာသာနှင့် ဝိနိစ္ဆယစကားရေးသား ဆုံးဖြတ်၍ ပေးလိုက်သည်။ ဒုတိယအကြိမ်မှာ ထိုသိမ်အပ်ကြောင်းကို ခင်မကန်ဆရာတော်ကြီးက ပါဠိဘာသာနှင့် ဝိနိစ္ဆယစကား ရေးသားဆုံးဖြတ်၍ ပေးလိုက်သည်။ ဂိုဏ်းနှစ်ဂိုဏ်းသည် ဝိနိစ္ဆယ စာတမ်းကြီး ကိုယ်စီလက်ကိုင် ရှိကြသဖြင့် ရှေးကထက် တိုးတက်၍ အခိုင်အမြဲ ကွဲပြားကြ၏။ သာသနာပိုင်ဆရာတော်ကြီး ဝိနိစ္ဆယကို ချီးမွမ်းသူ များကြ၏။

သိမ်အရာမည်သည် အလွန်ခဲခက်လှ၏၊ နက်နဲလှ၏။ ကျမ်းဂန်လည်းတတ်ပါမှ, အာစရိယလဒ္ဓိပဒေသလည်း ကောင်းလှပါမှ, ဝိနည်းမှိုရ်ကြီးများ ပြုလုပ်သည်ကိုလည်း တွေ့ဘူး ကြုံဘူးပါမှ, နေရာကျစီရင်တတ်သည်။ တော်ကာလျော်ကာ ဆရာနှင့်ထိုက်တန်သော အမှုပင် မဟုတ်။

သိမ်ခန်းအမြွက် ပြီး၏။

---------------

## ၃၁-ပုဗ္ဗကရဏ-ပုဗ္ဗကိစ္စ

### ၄၆၉။ တံမြက်, နေရာ၊ ရေနှစ်ဖြာ၊ ညဥ့်မှာ ဆီမီးလေး။
### ၄၇၀။ ပုဗ္ဗကရဏ၊ အမည်ရ၊ မဆွပြုအပ်သေး။

ဥပုသ်နေ့, ပဝါရဏာနေ့တို့မှာ ညဥ့်အခါ၌ ဥပုသ်ပြုကြရန် ပဝါရဏာပြုကြရန် နေမဝင်မီကပင် သိမ်အပြင်၌ တံမြက်လှည်းခြင်း, နေရာခင်းခြင်း, ခြေဆေးရေ သောက်ရေတည်ခြင်း, နေဝင်သောအခါ၌ ဆီမီးထွန်းခြင်း၊ ဤကား သိမ်တွင်းသို့ သံဃာမရောက်မီ ရှေးမဆွက ပြုနှင့်ရသော ပုဗ္ဗကရဏ လေးပါးတည်း။

ပုဗ္ဗကရဏလေးပါး ပြီး၏။

**၄၇၁။ ဆန္ဒ, ပါရိ၊ သုဒ္ဓိ, ဥတု၊ ဘိက္ခုဂဏန၊ ဩဝါဒ၊ ပုဗ္ဗကိစ္စရေး။**

**၄၇၂။ ဥပုသ်, ပဝါရဏာ၊ ရှေး၌သာ၊ ဆိုက်ရာ ပြုအပ်သေး။**

နေဝင်၌ သိမ်ပြင်၌ သံဃာစုံညီစွာ စည်းဝေးမိသောအခါ၌ ဥပုသ်ပဝါရဏာမပြုမီ ဤပုဗ္ဗကိစ္စငါးပါးကို ထိုက်သည်အားလျော်စွာ ပြုရသည်။ ယခုအခါ၌ ဘိက္ခုနီမရှိ။ ထို့ကြောင့် သံဃာ့ဥပုသ်၌ပင် ဘိက္ခုနီဩဝါဒကို ကြားဖွယ်မရှိ။ ဂဏပုဂ္ဂလ ဥပုသ် ပဝါရဏာတို့၌ ဆန္ဒပါရိသုဒ္ဓိနှစ်ပါး ကြားဖွယ်မရှိ။ ရဟန်းတစ်ပါး နှစ်ပါး သုံးပါးနေသော တိုက်တာအတွင်း၌ သံဃာရေတွက်မှု ဘိက္ခုဂဏနကို ပြုဖွယ်မရှိ။ ဥတု, မာသ, ပက, နေ့, ရက်များကို သိမ်အပြင် သံဃာအစည်းအဝေး၌ ကြားရမည်ဟု ပါဠိတော်မလာ၊ အဋ္ဌကထာ၌လာ၏။ ပါဠိတော်၌ကား တိုက်တာရှိ ရဟန်းအလုံးစုံသည် ပက္ခဂဏနကို သိအောင်ပြုကြရမည်ဟုလာ၏။ ပက္ခဂဏနဆိုသည်ကား-ထိုလဆန်းပက္ခ, လဆုတ်ပက္ခတို့၌ ရောက်ဆဲသောနေ့ရက်ကိုဆိုသည်။ လူတို့က ယနေ့လဆန်း ဘယ်နှစ်ရက် ပါလဲဟု မေးလျှင် ဘယ်အခါမဆို ပြောတတ်စေရမည် ဟူလိုသည်။ သို့သော်လည်း အဋ္ဌကထာ၌ လာလျက်ရှိသောကြောင့် အဋ္ဌကထာကို အလေးပြုသောအားဖြင့် အလုံးစုံကိုပင်ပြုခွင့်ရှိလျှင် ရှိလျှောက် မရှိလျှောက် မေးဖြေဖော်ကြားမှုကို ပြုရာ၏။ ပါဠိတော်၌ ဥပုသ်နေ့မှန်း မသိမရှိကြစေရန် ပြောကြားမှု လာသေး၏။ ဥပုသ်နေ့ ပြောကြားမှုဆိုသည်ကား-လကွယ်, လပြည့်, ဥပုသ်နေ့တိုင် ရောက်လျှင် ဥပုသ်နေ့မှန်း မသိမရှိကြစေရန် နေ့အဖို့ကပင် တိုက်တာရှိ ရဟန်းသံဃာတို့အား မထေရ်ကြီးက ကြောင့်ကြစိုက်၍ ပြောကြားမှုတည်း။

## ၄၇၃။ ဆန္ဒပေးခြင်း, သုဒ္ဓိ နှစ်ပါး၊ ပေးဆောင်ကြား၊ ကံအား လျော်ကန်စွာ။

ဆန္ဒပေးခြင်း, ဆန္ဒဆောင်ခြင်း, ဆန္ဒကြားခြင်း၊ ပါရိသုဒ္ဓိပေးခြင်း, ပါရိသုဒ္ဓိဆောင်ခြင်း, ပါရိသုဒ္ဓိကြားခြင်း သုံးပါးစီရှိ၏။ ပါရိသုဒ္ဓိဖြင့် ပဝါရဏာပေးခြင်း, ပဝါရဏာဆောင်ခြင်း, ပဝါရဏာကြားခြင်းကို လည်းယူ။ ကျောင်းတိုက်တစ်ခုလုံးကို တသိမ်တည်း သမုတ်၍ထားသော မဟာသိမ်ကျောင်းတိုက်များ၌ ပြုကြရသော ပုဗ္ဗကိစ္စမျိုးတည်း။ ဆန္ဒပေးမှု, ဆန္ဒဆောင်မှု, ဆန္ဒကြားမှုသည်ကား ယခုအခါမှာ သိမ်သမုတ်ရာ၌ ပြုလုပ် ကြ၏။ ကံအားလျော်စွာ ဆိုသည်ကား-ပါရိသုဒ္ဓိ ဆောင်မှုသည် သံဃာ့ဥပုသ်နှင့်သာ ဆိုင်၏။ ပဝါရဏာဆောင် မှုသည် သံဃာ့ပဝါရဏာ နှင့်သာ ဆိုင်၏။ ဆန္ဒဆောင်မှုကား သံဃာ့ကံ အများနှင့်ဆိုင်၏။

## ၄၇၄။ သိမ်အပြင်၌၊ သံဃာရှိက၊ ထိုကိစ္စ၊ ပြုကြ စဉ် အလာ။

မဟာသိမ်ကျောင်းတိုက်၌ ဥပုသ်အိမ်တွင် ဥပုသ်ပဝါရဏာ ကိစ္စနှင့် သံဃာလေးပါး စည်းဝေးမိသောအခါ၌ ဆန္ဒဆောင်ခြင်း, ပါရိသုဒ္ဓိဆောင်ခြင်း, ပဝါရဏာဆောင်ခြင်းဟူသော ထိုပုဗ္ဗကိစ္စသုံးပါးကို ပြုကြမြဲအစဉ်အလာ ဖြစ်သည်။ ဥပုသ်ကံမှာ လေးပါး၊ ပဝါရဏာကံမှာ ငါးပါးခွဲ၍ယူ။

## ၄၇၅။ သံဃဟတ္ထပါသ်၊ မဝင်လတ်၊ ပေးအပ် ထိုသုံးဖြာ။

သံဃာစည်းဝေးရာဌာနနှင့် တစ်သိမ်တည်း ဖြစ်ကြသော တိုက်တာအတွင်းမှာနေလျက် သံဃာ၏ နှစ်တောင့်ထွာ ဟတ္ထပါသ် အတွင်းသို့ မဝင်သောသူသည် ဆန္ဒပါရိသုဒ္ဓိ ပဝါရဏာ ထိုက်ရာရေး၍ သာ နေအပ်၏။

**၄၇၆။ ဥပုသ်မိမိ၊ မပြီးရှိ၊ ပါရိသုဒ္ဓိပေး။**

ဥပုသ်ကံပြုဆဲအခါ၌ သံဃာ့ဟတ္ထပါသ်သို့ မဝင်ဘဲနေသော ရဟန်းသည် မိမိမှာ ဥပုသ်မပြုရသေးသူဖြစ်ခဲ့သော် ပါရိသုဒ္ဓိကို ပေးရမည်။

**၄၇၇။ ပဝါရဏာ၊ လိုလေပါ၊ ပဝါရဏာပေး။**

ပဝါရဏာကံ ပြုဆဲအခါ၌ သံဃာ့ဟတ္ထပါသ်သို့ မကပ်လိုသော ရဟန်းသည် မိမိမှာ ပဝါရဏာမပြုသေးသူ ဖြစ်ခဲ့သော် ပဝါရဏာကို ပေးရမည်။

**၄၇၈။ ဥပုသ်ပဝါရဏာ၊ ပြုပြီးမှန်၊ ဆန္ဒကိုသာပေး။**

ထိုရဟန်းသည် ဥပုသ်ပြုပြီး ပဝါရဏာပြုပြီး ဖြစ်ခဲ့သော် ဆန္ဒကိုသာ ပေး။

**၄၇၉။ ဆန္ဒပေးမှု၊ သူ့ဖို့သာ၊ ကြွင်းမှာ နှစ်ပါးရေး။**

ဆန္ဒပေးမှုမှာ ကိုယ့်ဖို့မဟုတ် သူ့ဖို့သာ ဖြစ်သည်။ ဆန္ဒမပေးဘဲ ထိုသိမ်ထဲမှာနေခဲ့သော် သံဃာတို့ ဆောင်ရွက်သော ကံသည် ဝဂ္ဂကံ ဖြစ်၍ပျက်၏။ ထို့ကြောင့် သူ့ဖို့ဆိုသည်။ ပါရိသုဒ္ဓိပေး ပဝါရဏာ ပေးနှစ်ပါးမှာ သံဃဥပုသ်ကံ ပဝါရဏာကံလည်း ချောမောလေ၏။ မိမိမှာ ဥပုသ်ပြုမှု ပဝါရဏာပြုမှုလည်း ပြီးစီး၏။ ထို့ကြောင့် ကြွင်းမှာ နှစ်ပါးရေး ဆိုပေသည်။

**၄၈၀။ ဆန္ဒ, ပါရိ၊ ဆန္ဒ, ပဝါရဏာ၊ အစုံမှာ၊ နှစ်ဖြာ စိတ်ချရေး။**

သံဃဥပုသ်ကံမှာ ဆန္ဒနှင့် ပါရိသုဒ္ဓိ၌ အစုံပေးခြင်းသည် မိမိအကျိုး သံဃာ့အကျိုး နှစ်ပါးအတွက်ပင် စိတ်ချရတော့သည်။ သိမ်အပြင်၌ သံဃာလေးပါး ငါးပါးနှစ်တောင့်ထွာ ဟတ္ထပါသ်စပ်မိအောင်

စည်းဝေး၍ရှိနေ သောအခါ၌ သံဃာဘောင်တို့မဝင်လိုသောရဟန်းသည် သံဃာ့ဟတ္ထပါသ်မှ အပ၌ တည်နေသော တစ်ပါးပါးသော ရဟန်းထံ သွား၍ ဆန္ဒပါရိသုဒ္ဓိ အစုံပေးရမည်။

ပေးပုံကား-ရှေးဦးစွာ ဒေသနာကြားရာ၏၊ ကြားပြီးမှ။ "ဆန္ဒံ ဒမ္မိ၊ ဆန္ဒံ မေ ဟရ၊ ဆန္ဒံ မေ အာရောစေဟိ" (ဝိနည်းမဟာဝါ ပါဠိတော်-နှာ-၁၆၃) ဟုသုံးကြိမ်ဆို။ တစ်ဦးသောရဟန်းက "အာမေ ဘန္တေ"-ဟုဆို။ ဆန္ဒ ပေးပြီး၏။

"ပါရိသုဒ္ဓိံ ဒမ္မိ၊ ပါရိသုဒ္ဓိံ မေ ဟရ၊ ပါရိသုဒ္ဓိံ မေ အာရောစေဟိ" (ဝိနည်းမဟာဝါ ပါဠိတော်-နှာ-၁၆၁) ဟုသုံးကြိမ်ဆို။ ။ တစ်ဦးသောရဟန်းက "အာမေ ဘန္တေ"-ဟုဆို။ ။ပါရိသုဒ္ဓိ ပေးပြီး၏။

## ၄၈၁။ ဆောင်သူမှာလည်း၊ သံဃာ ဟတ္ထပါသ်၊ ချော၍ ကပ်၊ ကြားအပ် မနှောင့်နှေး။

လက်ခံသောရဟန်းက ထိုနေရာမှ အခြားတစ်ပါးသို့ မသွား မူ၍သိမ်အပြင် သံဃာဘောင် နှစ်တောင့်ထွာ ဟတ္ထပါသ်တွင်း၌ ထိုင်နေ၍ သံဃာတော်တို့အား ထိုဆန္ဒပါရိသုဒ္ဓိတို့ကို လျှောက်ထားရမည်။

လျှောက်ကြားပုံကား။ ။ဆန္ဒပေးသော ရဟန်း၏ဘွဲ့ကို ထုတ်ဖော်၍ "တိဿ နာမေန ဘန္တေ ဘိက္ခုနာ ဆန္ဒော ဒိန္နော"။ သုံးကြိမ်ဆို။ "တိဿ နာမေန ဘန္တေ ဘိက္ခုနာ ပါရိသုဒ္ဓိ ဒိန္န"။ သုံးကြိမ်ဆို။ သံဃာတော်တို့က "သာဓု သာဓု" ဆိုကြလိမ့်မည်။ ဆန္ဒကြား ပါရိသုဒ္ဓိကြား ပြီး၏။ ။ ဆန္ဒပဝါရဏာလည်း ထိုနည်းတူ။ ။"ပဝါရဏံ ဒမ္မိ၊ ပဝါရဏံ မေဟရ၊ ပဝါရဏံ မေ အာရောစေဟိ၊ မမတ္ထာယ ပဝါရေဟိ"။ ။ သုံးကြိမ်ဆို။ ဤ၌ မမတ္ထာယ ပဝါရေဟိ ပို၏။ ငါ၏အကျိုးငှာ ပဝါရဏာ ပြုပါလေ ဆိုလိုသည်။

ဆောင်သောရဟန်းသည် သံဃာဘောင်သို့ရောက်၍ ဆန္ဒပဝါရဏာနှစ်ပါးကို သံဃာအားကြားပြီးသောအခါ၌ ပေးလိုက်သောရဟန်းအတွက် ပဝါရဏာပြုရသည်။

"တိဿော ဘန္တေ ဘိက္ခု သံဃံ ပဝါရေတိ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ။ ဝဒတု တံ သံဃော အနုကမ္ပံ ဥပါဒါယ၊ ပဿန္တော ပဋိကရိဿတိ"။ (သုံး ကြိမ်ပြုလေ။)

ဆောင်သောရဟန်းသည် သံဃာ့ဟတ္ထပါသ်သို့ရောက်လျှင် ဆန္ဒပါရိသုဒ္ဓိလည်းရောက်တော့သည်။ ကြားမှုမှာ မကြားဘဲနေခဲ့လျှင် ဆောင်သောရဟန်းမှာ ဒုက္ကဋ်သင့်၏။ ထိုဒုက္ကဋ်မှ လွတ်အောင်ကြားရသည်။ ဆန္ဒပါရိသုဒ္ဓိ ကြားပြီးနောက် ဥပုသ်ကံ၌ လေးပါးသောရဟန်း ပဝါရဏာကံ၌ ငါးပါးသော ရဟန်းတို့သည် ထိုကံ ပြီးသည်တိုင်အောင် ဟတ္ထပါသ်ကိုစွန့်၍ မထမသွားရာ။ ဟတ္ထပါသ်ကို စွန့်၍ထသွားခဲ့သော် ထိုဆန္ဒပါရိသုဒ္ဓိသည် ပျက်ပြန်၏။ အသစ်တစ်ဖန် ယူရပြန်၏။

**၄၈၂။ ဥတု, မာသ၊ ပက္ခ, တိထီ၊ အစဉ်ချီ၊ ပြီးပြီ လျှောက် ကြားရေး။**

**၄၈၃။ ရဟန်း တွက်ရေ၊ ကြားမြဲပေ၊ လျှောက်လေ ဩဝါ ရေး။**

(ဤသံပေါက် နှစ်ခုသိ သာပြီ)။

ပုစ္ဆကိစ္စလေးပါး ပြီး၏။

-------------

## ၃၂-ပတ္တကလ္လအင်္ဂါလေးပါး

**၄၈၄။ ပတ္တကလ္လံ၊ အင်းလေးတန်၊ သိရန်ကြားကြလေး။**
**၄၈၅။ ဥပုသ်နေ့ကြိုက်၊ သိမ်ပြင်၌၊ ကံထိုက် သံဃာညီ။**
**၄၈၆။ သဘာဂါပတ်၊ မရှိလတ်၊ ကင်းလတ် ဝဇ္ဇနီ။**
**၄၈၇။ ပတ္တကလ္လာ၊ အင်လေးဖြာ၊ ညီခါ ကံပြုပြီ။**

ဥပုသ်ကံ၌ ဥပုသ်နေ့ ကြိုက်ကြုံခြင်းတစ်ပါး, တစ်ခုသော သိမ်အပြင်၌ကံထိုက်သော သံဃာတို့ ဟတ္ထပါသ် စပ်မိအောင် အညီအညွတ် စည်းဝေးမိခြင်း တစ်ပါး, အမှုဝတ္ထု သဘောတူသင့်သောဝတ္ထု သဘောတူအာပတ်မှ ကင်းရှင်းကြခြင်းတစ်ပါး, လူသာမဏေ စသော ဝဇ္ဇနီယပုဂ္ဂိုလ် နှစ်ကျိပ်တစ်ယောက်တို့၏ သံဃဟတ္ထပါဟ်တွင်း၌ မရှိကြခြင်း တစ်ပါး။ ပတ္တကလ္လ အင်္ဂါလေးပါး။ ဤအင်္ဂါလေးပါးညီလျှင် ဥပုသ်ကံ၌ ကံပြုထိုက်ပြီ။

**၄၈၈။ သုံးဥက္ခိတ္တ၊ အန္တိမ၊ ကြဉ်က ကံထိုက်ပြီ။**

ကံထိုက်သော ရဟန်းဆိုသည်ကား ဥက္ခိတ္တကသုံးမျိုးတို့မှ ကင်းလွတ်၍ ပါရာဇိက အန္တိမမှု မရှိသော ရဟန်းတည်း။ အာပတ်ကို မရှုမှု, အာပတ်ကို မကုစားမှု, မိစ္ဆာဒိဋ္ဌိကို မစွန့်မှုတို့ကြောင့် ဥက္ခေပနိယကံပြုခံရသော ရဟန်းသုံးမျိုးကို သုံးဥက္ခိတ္တဆိုသည်။

**၄၈၉။ ဟတ္ထပါသ၊ ကပ်တုံက၊ ကာယသာမဂ္ဂီ။**
**၄၉၀။ ဆန္ဒလာရောက်၊ မျက်မှောက်ရှိကြ၊ မမြစ်က၊ စိတ္တသာမဂ္ဂီ။**

သံဃာညီ ဟူသော အထက်စကား၌---ကာယသာမဂ္ဂီ၊ စိတ္တသာမဂ္ဂီဟူ၍ သာမဂ္ဂီနှစ်ပါးရှိ၏။ ဟတ္ထပါသ် တွင်းသို့ လာရောက်သည်ကို ကာယမဂ္ဂီ ခေါ်သည်။ ။ တသိမ်တည်း၌နေလျက် သံဃာ့ဟတ္ထပါသ်သို့

မကပ်ဘဲ ပြင်၌နေသော ပုဂ္ဂိုလ်မှာ သံဃာ့ဘောင်သို့လာရောက်သည်ကို ကာယသာမဂ္ဂီခေါ်သည်။ တစ်သိမ်တည်း၌နေလျက် သံဃာ့ဟတ္ထပါသ် သို့မကပ်ဘဲ ပြင်၌နေသော ပုဂ္ဂိုလ်မှာ သံဃာဘောင်သို့ ကိုယ်တိုင် မလာသော်လည်း ဆန္ဒ ရောက်လာမှု ဟတ္ထပါသ်တွင်းသို့ လာရောက် သောမျက်မှောက်ရှိ သံဃာများထဲကလည်း ပြုဆဲဖြစ်သော သံဃာ့ကံကို မကြိုက်မမြွက်ဆိုတားမြစ်ခြင်းတို့မှ ကင်းလွတ်မှုတို့ကို စိတ္တသာမဂ္ဂီ ဆိုသည်။

**၄၉၁။ ကိုယ်စိတ်နှစ်ဖြာ၊ ညီညွတ်လာ၊ သံဃာ ညီညွတ်ပြီ။**

ကာယသာမဂ္ဂီ စိတ္တသာမဂ္ဂီ နှစ်ပါးနှင့် ပြည့်စုံပေလျှင် သံဃာညီညွတ်ပြီ။

**၄၉၂။ လူ, ဘိ, သိက်, သာ၊ သာ, သိက္ခာ၊ ပါရာ, ဥက္ခိတ်တည်း။**

**၄၉၃။ ပဏ်, ထေ, ပက်, ဆန်၊ ပဥ္စာနန်၊ ဒုသံ, ဥဘော ဗျည်း။**

**၄၉၄။ ဟတ္ထပါသ်မှ၊ ကြဉ်ဖယ်ရ၊ ဧကဝီသတည်း။** ဝဇ္ဇနီယ ပုဂ္ဂိုလ် နှစ်ကျိပ်တစ်ယောက်။

လူ, ဘိက္ခုနီ, သိက္ခမာန်, သာမဏေယောက်ျား, သာမဏေမိန်းမ, သိက္ခာချပြီးသောသူ, ပါရာဇိက ကျသူ, ဥက္ခိတ္တက ရဟန်းသုံးမျိုး, နပုံပဏ္ဍုတ်, ထေယျသံဝါသပုဂ္ဂိုလ်, တိတ္ထိဘောင်သို့ ပြောင်းသွားသော တိတ္ထိယပက္ကန္တက ပုဂ္ဂိုလ်, ဂဠုန်နဂါးစသော တိရစ္ဆာန်, မာတုဃာတက စသော ပဉ္စာနန္တရိယကံထိုက်သော ပုဂ္ဂိုလ်ငါးယောက်, ဘိက္ခုနီကို ဖျက်ဆီးဖူးသော ဘိက္ခုနီဒူသကပုဂ္ဂိုလ်, ဥဘတောဗျည်း။

ပတ္တကလ္လအင်္ဂါလေးပါး ပြီး၏။

## ၃၃-ဥပုသ်အပြား

**၄၉၅။ အစင်ဆေးရိုး၊ ဥပုသ်ကိုး၊ သုံးမျိုး သုံးထွေပြား။**

အစင်ဆေးမှုကို ဥပုသ်ပြုမှုခေါ်သည်။ ထိုဥပုသ်သည် ကိုးပါး လာ၏။ ပဝါရဏာလည်း ကိုးပါးလာ၏။

**၄၉၆။ သံဃ ဂဏ၊ ပုဂ္ဂလ၊ သုံး၀ ပြုသူပြား။**

**၄၉၇။ သုတ္တုဒ္ဒေသာ၊ ပါရိသုဒ္ဓိ၊ ဒိဋ္ဌာန်ဘိ၊ တို့ပြုပုံပြား။**

**၄၉၈။ စာတုဒ္ဒသီ၊ ပန္နရသီ၊ သာမဂ္ဂီ၊ သုံးလီ နေ့အပြား။**

ဥပုသ်သည် ပြုသူပုဂ္ဂိုလ် အပြားအားဖြင့် သံဃာ့ဥပုသ်, ဂဏဥပုသ်, ပုဂ္ဂလဥပုသ်-ဟူ၍သုံးပါး။ ပြုသော အခြင်းအရာအားဖြင့် သုတ္တုဒ္ဒေသဥပုသ်, ပါရိသုဒ္ဓိဥပုသ်, အဓိဋ္ဌာန်ဥပုသ်-ဟူ၍သုံးပါး။ နေ့ အပြားအားဖြင့် စာတုဒ္ဒသီဥပုသ်, ပန္နရသီဥပုသ်, သာမဂ္ဂီဥပုသ် ဟူ၍ သုံးပါး။

**၄၉၉။ ပါတိမောက်သုတ်၊ ရွတ်ဖော်ထုတ်၊ သုတ္တုဒ္ဒေသငြား။**

သုတ္တုဒ္ဒေသပုဒ်၌ သုတ္တဆိုသည်ကား ပါတိမောက်ပါဠိကို ဆို သတည်း။ ဥဒ္ဒေသဆိုသည်ကား သံဃာအ လယ်၌ ထိုပါတိမောက်ပါဠိကို ရွတ်ဆိုဖော်ပြမှုကို ဆိုသတည်း။

**၅၀၀။ နိဒါန်း, ပါရာဇိ၊ သံဃာဒိ၊ အနိ, ဝိတ္ထာရာ။**

**၅၀၁။ ပါတိမောက်သုတ်၊ ငါးခဏ်းထုတ်၊ သရုပ်ဖော် ပြရာ။**

**၅၀၂။ အကျဉ်း, အကျယ်၊ သုတ္တုဒ်ဝယ်၊ ငါးသွယ် အပြားလာ။**

ထိုပါတိမောက် ပါဠိကို ရွတ်ဆိုဖော်ပြမှုသည် ဥဒ္ဒေသ အပိုင်း အခြားအားဖြင့် နိဒါနုဒ္ဒေသ, ပါရာဇိကုဒ္ဒေသ, သံဃာဒိသေသုဒ္ဒေသ, အနိယတုဒ္ဒေသ, ဝိတ္ထာရုဒ္ဒေသ-ဟူ၍ သုတ္တုဒ္ဒေသ အပြားငါးပါးရှိ၏။

**၅၀၃။ မီး,မင်း, ခိုးသူ၊ မိုးရေ, လူ၊ ဘီးလူး, သားရဲ, မြွေ။**

**၅၀၄။ အသက်, ဖြဟ္မ၊ စရိယ၊ ဒသ အန္တရေ။**

အန္တရာယ်ဆယ်ပါး၊ မီးအန္တရာယ် စသည်ဆိုလေ။

**၅၀၅။ အချင်းချင်းကြား၊ သံဃာကြား၊ နှစ်ပါး ပါရိမှာ။**

ပါရိသုဒ္ဓိဥပုသ်မှာ အချင်းချင်း လျှောက်ကြားသော ပါရိသုဒ္ဓိ, သံဃာထံမှာ လျှောက်ကြားသော ပါရိသုဒ္ဓိ ဟူ၍နှစ်ပါးရှိ၏။

**၅၀၆။ နှစ်ပါး, သုံးပါး၊ ချင်းချင်းကြား၊ နည်းများ သံဃာမှာ။**

သိမ်အပြင်၌နှစ်ပါးသာရှိ၍ နှစ်ပါးချင်းချင်းကြားသော ပါရိသုဒ္ဓိ သုံးပါးသာရှိ၍ သုံးပါးအချင်းချင်း ကြားသော ပါရိသုဒ္ဓိဟူ၍ အချင်းချင်းကြား နှစ်မျိုးရှိ၏။ သံဃဥပုသ် သံဃပဝါရဏာ ပြုပြီး၍ သိမ်ပြင်၌ ရှိနေသော သံဃာအထံမှာ နောက်မှရောက်လာသော ရဟန်းတို့က လျှောက်ကြားရသော သံဃာကြား ပါရိသုဒ္ဓိမှာမူကား နောက်မှရောက်သော ရဟန်းအနည်းအများကိုလိုက်၍ တစ်ပါးနှစ်ပါးစသည် အနည်းလည်းရှိ၏။ တစ်ကျိပ်နှစ်ကျိပ်စသည် အများလည်းရှိ၏။

**၅၀၇။ ဓမ္မာ, ဓမ္မ၊ သမဂ္ဂ၊ ဝဂ္ဂ, လေးမျိုးဖြာ။**

ဥပုသ်ကံသည် အဓမ္မဝဂ္ဂကံ, အဓမ္မသမဂ္ဂကံ, ဓမ္မဝဂ္ဂကံ, ဓမ္မသမဂ္ဂကံ-ဟူ၍ လေးပါးရှိ၏။ ။ အကျယ်ကို ပါဠိတော်၌ ကြည့်လေ။

ဥပုသ်အပြား ပြီး၏။

--------------------

## ၃၄-ပဝါရဏာအပြား

**၅၀၈။ သံဃ, ဂဏ၊ ပုဂ္ဂလ၊ သုံး၀ ပဝါရဏာ။ သံဃာ ပဝါရဏာ၊ ဂဏပဝါရဏာ၊ ပုဂ္ဂလပဝါရဏာ။**

**၅၀၉။ တေး, ဒွေး, ဧက၊ ဝါစိကနှင့်၊ သမာန၀သံ၊ ဤလေးတန်၊ ဆိုဟတ်ပြားသည်သာ။**

တေဝါစိကပဝါရဏာ, ဒွေဝါစိကပဝါရဏာ, ဧကဝါစိက ပဝါရဏာ, သမာန၀ဿိကပဝါရဏာ-ဟူ၍ ရွတ်ဆိုဟန် အခြင်းအရာ အားဖြင့် လေးပါး။ သမာန၀ဿိကကို အခြားယူခဲ့လျှင် သုံးပါးဖြစ်၏။ သိမ်အပြင်တွင် ပဝါရဏာပြုသော သံဃာတစ်ရာအရေအတွက် ရှိရာ၌ "သံဃံ ဘန္တေ ပဝါရေမိ" အစရှိသော စကားကို သုံးကြိမ်စီဆို၍ တစ်ပါး ချင်း ပြုသည်ကို တေဝါစိကပဝါရဏာ ဆိုသည်။

အန္တရာယ်ရှိလာ၍ သုံးကြိမ်စီ ဆိုခွင့်မရရာ၌ နှစ်ကြိမ်စီဆို၍ ပြုသည်ကို ဒွေဝါစိကပဝါရဏာဆိုသည်။ နှစ်ကြိမ်စီဆိုမှ ဆိုခွင့် မရရာ၌ တစ်ကြိမ်စီဆို၍ ပြုသည်ကို ဧက ဝါစိက ပဝါရဏာဆိုသည်။

အန္တရာယ်အတွက် အသီးသီး တစ်ပါးချင်းဆိုခွင့် မရရာ၌ ဝါတူချင်းပေါင်း၍ ဆယ်ပါးတစ်တွဲ ငါးပါးတစ်တွဲ စသည်ဖြင့် ဆို၍ပြု သည်ကို သမာန၀ဿိက ပဝါရဏာဆိုသည်။ ဥ တ်ထားပုံ အသီးသီး ရှိသည်။

**၅၁၀။ တေး, ဒွေး, ဧက၊ သမာန၊ သံဃပဝါရဏာ။**

ဤမတဝါစိကစသည် လေးပါးကား သံဃပဝါရဏာချည်းတည်း။

**၅၁၁။ စာတုဒ္ဒသီ, ပန္နရသီ၊ သာမဂ္ဂီ၊ သုံးလီ နေ့တွက်မှာ။**

ပဝါရဏာနေ့ပြားသည်အတွက် စာတုဒ္ဒသီပဝါရဏာ စသည် သုံးလီပြား။ ထိုနေ့စုကိုလည်း သီတင်းကျွတ် လဆန်း ၁၄-ရက်မှစ၍ တန်ဆောင်မုန်းလပြည့်နေ့ အတွင်း၌သာ မှတ်။

**၅၁၂။ နှစ်, သုံး လေးပါး၊ ဂဏမထား၊ ငါးပါးသံဃာသာ။**

ပဝါရဏာကံ၌ ရဟန်း နှစ်ပါး, သုံးပါး, လေးပါးသည် ဂဏ ပဝါရဏာမည်၏။ ရဟန်းငါးပါးရှိမှ သံဃပဝါရဏာ ခေါ်သည်။

**၅၁၃။ အကြွင်းဆိုဘွယ်၊ ဥပုသ်နှယ်၊ သွယ်သွယ် ခွဲစိတ် ဖြာ။**

ဥပုသ်ပဝါရဏာ ပြုပြီးသော သံဃာများထံ၌ နောက်မှရောက် လာသော ရဟန်အနည်းအများတို့ လျှောက်ကြားရသော အစီအရင် ဆိုဖွယ်အသွယ်သွယ်မှာ ဥပုသ်ခန်း၌ကဲ့သို့ ခွဲစိတ်ဖြာရာ၏။

ပဝါရဏာအပြား ပြီး၏။

----------------

## ၃၅-ဥပုသ်ပဝါရဏာပြုပုံ

**၅၁၄။ တစ်ပါးတည်းသာ၊ နေသူမှာ၊ ပြုပါအဓိဋ္ဌာန်။**

ကျောင်းတိုက်တစ်ခု၌ တစ်ပါးတည်းရှိနေသော ရဟန်းသည် အဓိဋ္ဌာန်ဟူသော ပုဂ္ဂလဥပုသ်ကိုပြု။ ထိုပုဂ္ဂိုလ်သည် ဥပုသ်နေ့၌ သိမ်အပြင်၌ တံမြက်စည်းလှည်းခြင်းစသော ပုဗ္ဗကရဏလေးပါးကိုပြု၍ အဖော်သံဃာများကို စောင့်စားရဦးမည်။ အဖော်သံဃာလာသူ မရှိပြီဟု စိတ်ချရမှ အဓိဋ္ဌာန်ဥပုသ်ကို ပြုရသည်။

စာတုဒ္ဒသီနေ့ ဖြစ်အံ့-“အဇ္ဇမေ ဥပေါသထော ပန္နရသော အဓိဋ္ဌာမိ” ဟုသုံးကြိမ်ဆို။ ပဝါရဏာမှာလည်း ထိုနည်းတူ။ “အဇ္ဇ မေ

ပဝါရဏာ စာတုဒ္ဒသီ အဓိဋ္ဌာမိ။ အဇ္ဇ မေ ပဝါရဏာ ပန္နရသီ အဓိဋ္ဌာမိ”။
ပုဂ္ဂလအဓိဋ္ဌာန် ဥပုသ်ပြုနည်းပြီး၏။

-----------------

## ၅၁၅။ နှစ်ယောက်မူကား၊ ဥတ်မထား၊ သုံးပါးဥတ္တိကံ။

နှစ်ပါးသာရှိသော တိုက်တာဖြစ်အံ့၊ ပုဗ္ဗကရဏ လေးပါးကို ပြု၍ပါရိသုဒ္ဓိဥပုသ်ပြု။ ။ သိမ်၌တည်၍ဒေသနာ ကြားပြီးလျှင် သီတင်းကြီး သီတင်းငယ် အစဉ်အတိုင်း ပါရိသုဒ္ဓိကြား။

“ပရိသုဒ္ဓေါ အဟံ အာဝုသော။ ပရိသုဒ္ဓေါတိ မံ ဓာရေဟိ။
ပရိသုဒ္ဓေါ အဟံ ဘန္တေ၊ ပရိသုဒ္ဓေါတိ မံ ဓာရေဟိ။
ပရိသုဒ္ဓေါ အဟံ ဘန္တေ၊ ပရိသုဒ္ဓေါတိ မံ ဓာရေထ” (ဝိနည်းမဟာဝါပါဠိတော်၊ နှာ-၁၆၇။)။ အကျွန်ုပ်ကို အာပတ်မှ စင်ကြယ်သောသူဟူ၍ မှတ်တော်မူပါဆိုလိုသည်။ တစ်ပါးပုဂ္ဂိုလ်က “သာဓု သာဓု” ဆို။ နှစ်ပါးပြီး၏။

သုံးပါးရှိသော တိုက်တာဖြစ်အံ့-ဥတ်ထား၍ပြု-“သုဏန္တု မေ အာယသ္မန္တာ၊ (ဝိနည်းမဟာဝါပါဠိတော်၊ နှာ-၁၆၇။)၊ အဇ္ဇုပေါသထော စာတုဒ္ဒသော။ ယဒိ ယသ္မန္တာနံ ပတ္တကလ္လံ။ မယံ အညမညံ ပါရိသုဒ္ဓိ ဥပေါသထံ ကရေယျာမ”။(ဝိနည်းမဟာဝါပါဠိတော်၊ နှာ-၁၆၇။)။ ။ ဥတ်။ ပြီးမှ ထေရ်စဉ်အတိုင်းဆို။ “ပရိသုဒ္ဓေါ အဟံ အာဝုသော ပရိသုဒ္ဓေါတိ မံ ဓာရေထ” (ဝိနည်းမဟာဝါပါဠိတော်၊ နှာ-၁၆၇။)။ ။သုံးကြိမ်ဆို။ နှစ်ပါးတို့က “သာဓု သာဓု” ဆို။

အချင်းချင်းကြား ပါရိသုဒ္ဓိ ဥပုသ် ပြီး၏။

-------------

သံဃာကြား ပါရိသုဒ္ဓိ၌ မဟာသိမ်ဖြစ်သော တိုက်၌ သံဃဥပုသ် ပြုကြရာ အချို့သော ရဟန်းတို့သည် ကိစ္စတစ်ပါးရှိ၍ တိုက်ပသို့ သွားကြရာ တိုက်တွင်းရှိ သံဃာတို့ သံဃာဥပုသ်ပြုကြ၍ ပြီးဆုံးမှ ရောက်လာကြကုန်၏။ ပြီးနှင့်သော သံဃာတို့ထံ၌ ပါရိသုဒ္ဓိကို ကြား၍ ပါရိသုဒ္ဓိဥပုသ်ကိုသာ ပြုကြရ၏။ "ပရိသုဒ္ဓေါ အဟံ ဘန္တေ၊ ပရိသုဒ္ဓေါတိ မံ ဓာရေထ" (ဝိနည်းမဟာဝါပါဠိတော် နှာ-၁၆၇) ဟုအသီးသီး ဆိုရမည်။ နောက်လာသော ရဟန်းတို့သည် အရပ်တစ်ပါးက လာကြသော အာဂန္တုပုဂ္ဂိုလ်တို့ ဖြစ်လျှင်လည်း ဤနည်းအတူပင် ရှေး၌ပြဆိုခဲ့ပြီးသော သံဃာကြား ပါရိသုဒ္ဓိ အပြားတို့ကို ဤနည်းကိုမှီ၍ အကုန်သိလေ။

ပါရိသုဒ္ဓိ ဥပုသ်ပြုနည်း ပြီး၏။

---------------

## ၅၁၆။ ပါတိမောက္ခ၊ ရွတ်ဆိုပြ၊ သံဃာပုသ်မှာ။

သံဃဥပုသ်-ဆိုသည်ကား သုတ္တုဒ္ဒေသ ဥပုသ်တည်း။ ပါတိမောက်ပြမှုတည်း။ နေဝင်လျှင် တိုက်ရှိ သံဃာတို့သည် ဥပုသ်အိမ်၌ စည်းဝေးကြကုန်၏။ စည်းဝေးမိသောအခါ၌ သံဃာအစည်းအဝေးသို့ မလာနိုင်သော ဂိလာနရဟန်း ဗဟုကိစ္စရဟန်းတို့သည် ဝိနည်းအရာ၌ လိမ္မာသောရဟန်းတို့ထံ၌ ဒေသနာကြားပြီးမှ ဆန္ဒပေးခြင်း ပါရိသုဒ္ဓိ ပေးခြင်းတို့ကို ပြုကြရကုန်၏။ ထိုရဟန်းတို့သည်လည်း ရှေ့၌ပြဆိုခဲ့ပြီးသောအတိုင်း ထိုဆန္ဒပါရိသုဒ္ဓိတို့ကို ဆောင်ယူ၍ သံဃာ့ဘောင် နှစ်တောင့်ထွာ ဟတ္ထပါဟ်တွင်းသို့ ဝင်ကြကုန်၍၊ မိမိတို့ဆောင်ယူလာသော ဆန္ဒပါရိသုဒ္ဓိတို့ကို ရှေး၌ပြဆိုခဲ့ပြီးသည့်အတိုင်း သံဃာတို့အား လျှောက်ကြားကြရကုန်၏။

ထိုနောက်အဋ္ဌကထာနည်းအားဖြင့် ဥတု, မာသ, ပက္ခ, တိထိတို့ကိုလည်းကောင်း၊ သိမ်အပြင်၌ရှိသော သံဃာအရေအတွက်ကိုလည်းကောင်း၊ ဘိက္ခုနီမတို့၏ ဩဝါဒစကားကိုလည်းကောင်း ကြားရာ၏။ ထိုနောက် ပတ္တကလ္လအင်္ဂါလေးပါးကို ကြားရာ၏။ သီတင်းကြီးက မေး၍ သီတင်းငယ်က ဖြေ။

"သမ္မဇ္ဇနီ ပဒီပေါစ၊ ဥဒကံ အာသနေနစ။ ဥပေါသထဿ ဧတာနိ၊ ပုဗ္ဗကရဏန္တိ ဝုစ္စတိ" (ပါတိမောက္ခ ပါဠိ-နှာ ) ဟူသော အဋ္ဌကထာပါဠိ လာသည်နှင့်အညီ သိမ်အပြင်၌ တံမြက်လှည်းခြင်း အစရှိသော ပုဗ္ဗကရဏအပြား လေးပါးရှိသည်တွင်-

၁။ တံမြက်လှည်းခြင်းကိစ္စ ပြည့်စုံပြီလော။

(ပြည့်စုံပါပြီဘုရား။)

၂။ ဆီမီးထွန်းခြင်းကိစ္စ ပြည့်စုံပြီလော။

(ပြည့်စုံပါပြီဘုရား။)

၃။ သောက်ရေ သုံးဆောင်ရေ တည်ထားခြင်းကိစ္စ ပြည့်စုံပြီလော။ (ပြည့်စုံပါပြီဘုရား။)

၄။ နေရာခင်းခြင်းကိစ္စပြည့်စုံပြီလော။ (ပြည့်စုံပါပြီဘုရား။)

"ဆန္ဒပါရိသုဒ္ဓိ ဥတုက္ခာနံ၊ ဘိက္ခု ဂဏနာစ ဩဝါဒေါ၊ ဥပေါသထဿ ဧတာနိ၊ ပုဗ္ဗကိစ္စန္တိ ဝုစ္စတိ" (ပါတိ မောက္ခပါဠိ-နှာ ) ဟူသော အဋ္ဌကထာပါဠိလာသည်နှင့်အညီ ဆန္ဒပါရိသုဒ္ဓိဆောင်ခြင်းအစရှိသော ပုဗ္ဗကိစ္စအပြား ငါးပါးရှိသည်တွင် ဆန္ဒပါရိသုဒ္ဓိဆောင်ခြင်းကိစ္စ ပြီးပြီလော။ မဟာသိမ်မဟုတ်၊ ခဏ္ဍသိမ်ဖြစ်၍ ဆောင်ဘွယ်ကိစ္စ မရှိပါပြီဘုရား။

ယခုရောက်ဆဲကား အဘယ်ဥတု၊ အဘယ်မာသ, အဘယ်ပက္ခ, ပန္နရသီ-တိထိရက်စေ့ ဝါဆိုလပြည့်နေ့ ဖြစ်ပါသည်ဘုရား။ ဤဂိမှာန

ဥတု၌ လွန်သော အဖို့ကား အဘယ်မျှနည်း။ လအားဖြင့် လေးလ လွန်ပါပြီ။ ပက္ခအားဖြင့် ရှစ်ပက္ခလွန်ပါပြီ။ ဤဝါဆိုလ၌ ရက်အားဖြင့် တစ်ဆယ့်လေးရက်လွန်ပါပြီဘုရား။

ဤဂိမှာနဥတု၌ လာလတ္တံ့သော အဖို့ကား အဘယ်မျှနည်း။ ။ ဝါဆိုလပြည့်သည် ဂိမှာနဥတု၏ အဆုံးနေ့ဖြစ်၍ လာလတ္တံ့သောအဖို့ မရှိပါဘုရား။

ဤသိမ်အပြင်၌ သံဃာအရအတွက်ကား အဘယ်မျှနည်း။ ဤသိမ်အပြင်၌ သံဃာအရေအတွက်မည်မျှ ရှိပါသည်ဘုရား။

ဘိက္ခုနီမတို့က တောင်းပန်ကြသော ဩဝါဒကိစ္စ ပြီးပြေကြပြီလော။ ဘိက္ခုနီမတို့ မရှိကြသောအခါဖြစ်၍ ကြောင့်ကြစိုက်ဖွယ် မရှိ၊ ပြီးပြေပါပြီဘုရား။

"ဥပေါသထော ယာဝတိကာစ ဘိက္ခု ကမ္မပတ္တာ၊ သဘာဂါပတ္တိယောစ နဝိဇ္ဇန္တိ။ ဝဇ္ဇနီယာစ ပုဂ္ဂလာ တသ္မိံ န ဟောန္တိ၊ ပတ္တကလ္လန္တိ ဝုစ္စတိ" (ပါတိမောက္ခပါဠိ- ) ဟူသောအဋ္ဌကထာ လာသည်နှင့်အညီ ယခု ပြုကြလတ္တံ့သော ဥပုသ်ကံသည် ဥပုသ်နေ့သုံးပါးတို့တွင် တစ်ပါးပါးကြိမ်ကြိုက်ခြင်း, ဥက္ခိတ္တက အန္တိမ မဟုတ် အယုတ်ဆုံးအားဖြင့် လေးပါးသော ပကတတ်ရဟန်းတို့သည် အချင်းချင်း ဟတ္ထပါသ်ကို မစွန့်မူ၍ တစ်ခုသော သိမ်အပြင်၌ တည်ခြင်း, ဝတ္ထုသဘောတူသော အာပတ်မှ စင်ကြယ်ကြခြင်း, သံဃဟတ္ထပါသ်တွင်း၌ နှစ်ကျိပ်တစ်ယောက်သော ဝဇ္ဇနီယပုဂ္ဂိုလ်တို့ မရှိခြင်းဟူသော ပတ္တကလ္လ အင်္ဂါလေးပါးနှင့် ညီညွတ်နှင့် ညီညွတ်ပါ၏လော။ ညီညွတ်ပါသည်ဘုရား။

မေးခန်း-ဖြေခန်း ပြီး၏။

----------------

ထို့နောက် ပါတိမောက်ပြစေရန် တောင်းပန်ရာ၏။

**၅၁၇။ နှစ်ဥဒ္ဒေသ၊ ထေရ်ကြီးရ၊ ထေရ ပိုင်သည်သာ။**

သံဃာထေရ်ကြီးသည် အစဉ် နှစ်ဥဒ္ဒေသမျှပင် ကျေပွန်စွာ ရပေသည်ဖြစ်အံ့။ ထိုဥပုသ်ကံကို သံဃာထေရ်ကြီး ပိုင်၏။

**၅၁၈။ ပြလိုပြမှု၊ တိုက်တွန်းမှု၊ ပြုထိုက်တော့သည်သာ။**

ပိုင်၏ ဆိုသည်ကား မိမိပင် ပြလိုလျှင်ပြရ၏။ သူတစ်ပါးကို တိုက်တွန်းလိုလျှင် တိုက်တွန်းရ၏။ ဤသို့ သံဃာထေရ်ကြီးကိုပင် တောင်းပန်ရမည်။

"သံဃော ဘန္တေ ထေရံ အဇ္ဈေသတိ၊ ဥဒ္ဒိသတု၊ ဘန္တေ ထေရော ပါတိမောက္ခံ"၊ (ပါတိမောက္ခပါဠိ-)။ စွမ်းနိုင်သော ရဟန်းတစ်ပါးက သုံးကြိမ် တောင်းပန်။ သံဃော=သည်။ ထေရံ=ကို။ အဇ္ဈေသတိ=တောင်းပန်၏။ ထေရော=သည်။ ပါတိမောက္ခ=ကို။ ဥဒ္ဒိသတု=ရွတ်ဆိုဖော်ပြပါလော့။

ထိုအခါ သံဃာထေရ်ကြီးသည်----

"ပုဗ္ဗကရဏ ပုဗ္ဗကိစ္စာနိ သမာဒမေတွာ ဒေသိတာ ပတ္တိကဿ သမဂ္ဂဿ ဘိက္ခုသံဃဿ အနုမတိယာ ပါတိမောက္ခံ ဥဒ္ဒိသိတုံ အာရာဓနံ ကရောမ" (ပါတိမောက္ခပါဠိ- )။ဟုရွတ်ဆိုပြီးလျှင်။ "သုဏာတု မေ အာဝုသော သံဃော" (ပါတိမောက္ခပါဠိ- ) စသည်ဖြင့်ဥ တ်ထား၍ "ကိံ သံဃဿ ပုဗ္ဗကိစ္စံ" (ပါတိမောက္ခပါဠိ)စသည်ဖြင့် ရွတ်ဆို၍ ပါတိမောက် ပြရာ၏။

**၅၁၉။ နှစ်ဥဒ္ဒေသ၊ မရက၊ ရသူပိုင်သည်သာ။**

သံဃထေရ်ကြီးသည် နှစ်ဥဒ္ဒေသမျှ မရခဲ့အံ့။ ထေရ်ငယ်များက ရခဲ့အံ့။ ရသူပိုင်၏။ ရသောရဟန်းကို တိုက်တွန်းရ၏။

"သံဃော ဘန္တေ အာယသ္မန္တံ အဇ္ဇေ့သတိ။ ဥဒ္ဒိသတု ဘန္တေ အာယသ္မာ ပါတိမောက္ခံ။ (သုံးကြိမ်ဆို။)

ထို့နောက် ပါတိမောက်ပြ ဆရာသည် "ပုဗ္ဗကရဏ ပုဗ္ဗကိစ္စာနိ။ လ။ ကရောမ"-ဟု ရွတ်ဆို၍ "သုဏာတု မေ ဘန္တေ သံဃော"-စသည်ဖြင့် ဥ တ်ကိုရွတ်ဆိုပြီးမှ "ကိံ သံဃဿ"-စသော ပါတိမောက်ပါဠိကို ပြဆိုရမည်။

**၅၂၀။ အန္တရာယ်နှင့်၊ အကျယ်မရ၊ အကျဉ်းမျှ၊ ပြနည်း ထွေထွေလာ။**

**၅၂၂။ ကြွင်းကျန်သမျှ၊ ဥဒ္ဒေသ၊ သုတသိမ်းမြဲသာ။**

အန္တရာယ် တစ်ပါးပါး ရှိလာခဲ့သော်လည်းကောင်း, အကျယ်မရခဲ့သော်လည်းကောင်း အကျဉ်းပြရာ၏။ ထိုအကျဉ်းပြနည်းသည် ဥဒ္ဒေသ အပြားသို့လိုက်၍ အထွေထွေရှိ၏။ ချောမောစွာရသော ဥဒ္ဒေသကို ရွတ်ဆိုဖော် ပြီးနောက် ကြွင်းကျန်သော ဥဒ္ဒေသတို့ကို သုတသဒ္ဒါဖြင့် သိမ်းမြဲဖြစ်၏။ နှစ်ဥဒ္ဒေသမျှကိုသာ သံဃထေရ် ပြရာ၏။ ။ကိံ သံဃဿ ပုဗ္ဗကစ္စံ မှစ၍ ပါရာဇိကုဒ္ဒေသော ဒုတိယော-တိုင်အောင် နှစ်ဥဒ္ဒေသကို ပြီပြင်စွာ ရွတ်ဆိုပြီးလျှင် ကြွင်းကျန်သော သံဃာဒိသေသုဒ္ဒေသ, အနိယတုဒ္ဒေသ, တိံသနိဿဂ္ဂိယ-စသည်တို့ကို သုတသဒ္ဒါဖြင့် သိမ်းရမည်။

သိမ်းပုံကား-

"ဥဒ္ဒိဋ္ဌံ ခေါ အာယသ္မန္တော နိဒါနံ။ ဥဒ္ဒိဋ္ဌာ စတ္တာရော ပါရာဇိကာ ဓမ္မာ"-ဟု ဆိုပြီးလျှင်။

"သုတာ ခေါ ပနာ ယသ္မန္တေဟိ တေရသ သံဃာဒိသေသာ ဓမ္မာ။ သုတာ ဒွေ အနိယတာ ဓမ္မာ။ သုတာ တိံသနိဿဂ္ဂိယာ ဓမ္မာ။

သုတာ ဒွေနဝုတိ ပါစိတ္တိယာ ဓမ္မာ။

သုတာ စတ္တာရော ပါဋိဒေသနိယာဓမ္မာ။

သုတာ သေခိယာဓမ္မာ။

သုတာ သတ္တအဓိကရဏ သမထာဓမ္မာ။

ဧတ္တကံ တဿ ဘဂဝတော သုတ္တာဂတံ သုတ္တပရိယာပန္နံ အန္វမ္ဗုမာသံ ဥဒ္ဒေသံ အာဂစ္ဆတိ။ တတ္ထ သဗ္ဗေဟေဝ သမဂ္ဂေဟိ သမ္မောဒမာနေဟိ အဝိဝဒမာနေဟိ သိက္ခိတဗ္ဗန္တိ” (ပါတိမောက္ခပါဠိယာ-အနုလောမပါဠိယော။) ဟုရွတ်ဆို၍ အဆုံးသတ်ရမည်။

တစ်ဥဒ္ဒေသမျှသာရသော သီတင်းငယ် ပြရာ၌။ နိဒါနုဒ္ဒေသော ပထမော ဆိုလျှင် ဥဒ္ဒိဋ္ဌံ ခေါ အာယသ္မန္တော နိဒါနံဟု ဆိုပြီးမှ-

“သုတာခေါ ပနာယသ္မန္တေဟိ စတ္တာရော ပါရာဇိကာ ဓမ္မာ။

သုတာ တေရသ သံဃာဒိသေသာ ဓမ္မာ။လ။ သိက္ခိတဗ္ဗန္တိ” (ပါတိမောက္ခပါဠိယာ-အနုလောမပါဠိယော။) ဟု ရွတ်ဆို၍ အဆုံးသတ်ရမည်။ ပါတိမောက် ရွတ်ဆို၍ ပြီးလျှင် ထိုပရိသတ်မှာ ပါရှိသော အလုံးစုံသော ရဟန်းသံဃာအား ဥပုသ်ပြုခြင်း ကိစ္စ ပြီးလေ၏။

ဥပုသ်ပြုပုံအပြား ပြီး၏။

----------------

ပဝါရဏာပြုရာ၌ ပုဗ္ဗကရဏ ပုဗ္ဗကိစ္စ ပတ္တကလ္လတို့မှာ ဥပုသ်၌ ပြဆိုခဲ့ပြီးသောအတိုင်းပင်။ ဥပေါသထဿ ဧတာနိ-၌ ပဝါရဏာယ ဧတာနိ-ဟုဆို။ ။ဆန္ဒပါရိသုဒ္ဓိ ဥတုက္ခာနံ။ ဥပေါသထော ယာဝတိကာ-၌ ဆန္ဒ ပဝါရဏာ ဥတုက္ခာနံ။ ဥပေါသထော ယာဝတိကာ-၌ ပဝါရဏာ ယာဝတိကာ။ (ပါတိမောက္ခ ပါဠိယာ- အနုလောဖပါဠိယော။) ။ ပါတိမောက္ခံ ဥဒ္ဒိသိတုံ-၌ ပဝါရတုံ။ အဇ္ဇုပေါသထော ပန္နရသော-၌ အဇ္ဇပဝါရဏာ

ပန္နရသီ ဟုပြင်၍ဆိုလေ။ ။နှစ်ယောက်ပြုရာ၌ ဥတ်ထားဖွယ် မရှိ။ အချင်းချင်းသာ ဖိတ်ကြားရသည်။

“အဟံ အာဝုသော အာယသ္မန္တေ ပဝါရေမိ။ ဒိဋ္ဌေနဝါ သုတေနဝါ ပရိကင်္ကာဝါ ဝဒတု မံ အာယသ္မာ အနုကမ္ပံ ဥပါဒါယ။ ပဿန္တော ပဋိကရိဿမိ။ (ဝိနည်းမဟာဝါ-နှာ/မူလသိက္ခာ-နှာ )။ ဒုတိယမ္ပိ၊ တတိယမ္ပိ” သီတင်းကြီး သုံးကြိမ်ဆို။ ။ သီတင်းငယ်က သာဓု- သာဓုဆို။ သီတင်းငယ်မှာ အာဝုသော နေရာ၌ ဘန္တေ ဆို။

သုံးယောက်ပြုရာ၌ ဥတ်ထား-

“သုဏန္တု မေ အာယသ္မန္တာ။ အဇ္ဇပဝါရဏာ ပန္နရသီ။ ယဒါယသ္မန္တာ နံ ပတ္တကလ္လံ။ မယံ အညမညံ ပဝါရေယျာမ”။ ။ဥတ်။

ထို့နောက်ထေရ်စဉ် အတိုင်းပြု-

“အဟံ အာဝုသော အာယသ္မန္တေ ပဝါရေမိ။ ဒိဋ္ဌေန ဝါသုတေနဝါ သုတေနဝါ ပရိသင်္ကာယဝါ ဝဒန္တု မံ အာယသ္မန္တော အနုကမ္ပံ ဥပါဒါယ။ ပဿန္တော ပဋိကရိဿာမိ။ (ဝိနည်းမဟာဝါ-နှာ/မူလသိက္ခာ-နှာ )။ ဒုတိယမ္ပိ။ သာဓု သာဓု”။

လေးယောက်ပြုရာ၌လည်း ထိုနည်းအတိုင်းပင်။ အာယသ္မန္တာ နေရာ၌ အာယသ္မန္တော ဟု ဩနှင့် လာ၏။

ငါးယောက်ဖြစ်ခဲ့လျှင် သံဃပဝါရဏာပြု-

“သုဏာတု မေ ဘန္တေသံဃော၊ အဇ္ဇပဝါရဏာ ပန္နရသီ၊ ယဒိသံဃဿ ပတ္တကလ္လံ၊ သံဃောပဝါရေယျ”။ သာမည ဉတ်၊ တေဝါစိက စသည်ပြုလိုရာနှင့် ဆက်ဆံ၏။ ။ “သံဃော တေဝါစိကံ ပဝါရေယျ”။ ။ တေဝါစိကဉတ်။ ။ တစ်ပါးချင်း ဒုတိယမ္ပိ၊ တတိယမ္ပိ- တိုင်အောင် သုံးကြိမ်စီဆို၍သာ ပြုရသည်။ ။ အန္တရာယ်ရှိခဲ့သော်

အန္တရာယ်ကို ထောက်၍။ "ဒွေဝါစိကံ ပဝါရေယျ။ တေဝါစိကံ ပဝါရေယျ။ သမာနဝဿိကံ ပဝါရေယျ" ဟု လျော်ရာ ဥတ်၍ထား။ ဒွေဝါစိက ဟုဥတ်ထားလျှင် တစ်ပါးချင်း ဒုတိယမွိတိုင်ရုံ နှစ်ကြိမ်စီသာပြု။ တေဝါစိကံဟု ဥတ်ထားလျှင် တစ်ပါး တစ်ကြိမ်စီသာပြု။သမာန ဝဿိကံ-ဟုဥတ်ထားခဲ့လျှင် ဝါတူချင်းပေါင်း၍ သုံးကြိမ်စီ။

"သံဃံ အာဝုသော ပဝါရေမိ" (သံဃာထေရ်ကြီး။)

"သံဃံ ဘန္တေ ပဝါရေမိ" (ကြွင်းသံဃာစု။)

ဝဒန္တု မံ အာယသ္မန္တော-ကား အကြီးအငယ် မခြားရ။

သာမဂ္ဂီဥပုသ် သာမဂ္ဂီပဝါရဏာတို့မူကား တိုက်တာအတွင်း၌ ပဓိကရုဏ်းကြီးစွာ ဖြစ်နေ၍ ဥပုသ်ပဝါရဏာ ပင် မပြုပဲနေကြရသော တိုက်တာ၌ အဓိကရုဏ်းပြေငြိမ်းသောနေ့မှာ ထိုဥပုသ် ထိုပဝါရဏာတို့ကို ပြုကြရကုန်၏။

ထိုတွင် ဥပုသ်မှာ တစ်နှစ်လုံး အတွင်း၌ ပကတိ ဥပုသ်နေ့တို့ကို ချန်လှပ်၍ ကြွင်းသောနေ့တို့၌ ဘယ်နေ့မဆို အဓိကရုဏ်းပြေငြိမ်းရာ နေ့၌ ပြုရာ၏။ သာမဂ္ဂီ အပဝါရဏာမှာ သီတင်းကျွတ် လဆုတ်တစ်ရက် နေ့မှ စ၍ တန်ဆောင် မုန်းလပြည့်အတွင်း၌ စာတုဒ္ဒသီ ပန္နရသီနေ့တို့ကို ချန်လှပ်၍ ကြွင်းသောနေ့တို့၌ ပြုအပ်၏။ ရဟန်းဖြစ်ပါလျက် ဥပုသ် ပဝါရဏာမှုများ၌ မလိမ္မာခဲ့သော် အလွန်ရှက်ဖွယ်ကောင်းလှ၏။ ထို့ကြောင့် ဥပုသ်ပဝါရဏာတို့၌ အတန်ငယ် ကျယ်၍သွားပေသည်။

ဥပုသ်ပဝါရဏာပြုပုံ ပြီး၏။

------------

## ၃၆-ဝါဆိုခန်း

### ၅၂၃။ ပုရိမိကာ၊ ပစ္ဆိမာ၊ နှစ်ဖြာ ဝါကပ်နည်း။

### ၅၂၄။ ဝါနှစ်လတွင်၊ လဆုတ်တစ်ရက်၊ ဝါကပ်ရက်၊ နှစ်ချက် စဉ်တိုင်းတည်း။

ပုရိမိကာ ဝါကပ်ခြင်း, ပစ္ဆိမိကာ ဝါကပ်ခြင်း ဟူ၍ဝါကပ်ခြင်း နှစ်ပါးရှိ၏။ ဝါဆို ဝါခေါင်နှစ်လသည် ဝါကပ်လမည်၏။ ဝါဆိုလပြည့်ကျော်တစ်ရက်နေ့ ဝါခေါင်လပြည့်ကျော် တစ်ရက်နေ့ ဤနှစ်ရက်တို့သည် အစဉ်အတိုင်း ပုရိမ+ပစ္ဆိမ နှစ်ချက် ဝါကပ်ရက်တည်း။

### ၅၂၅။ ဝါကပ်ကြုံတွေ့ တစ်လရွှေ့၊ ရွှေ့သို့တိုးသတည်း။

ဝါထပ်သည့်နှစ်ဖြစ်ခဲ့သော် တစ်လရွှေ့၏၊ နောက်ဝါဆို လဆုတ်တစ်ရက်နေ့၌ ပုရိမဝါ၊ ဝါခေါင်လဆုတ် တစ်ရက်နေ့၌ ပစ္ဆိမဝါကပ်ရသည်။ ဝါထပ်ရက်ငင်မှုမည်သည် မင်းစိုးရာဇာတို့နှင့် စပ်၏။ ထို့ကြောင့် "အနုဇာနာမိ ဘိက္ခဝေ ရာဇာနံ အနုဝတ္တိတုံ" ဟူ၍ ဟောတော်မူသည်။ မင်းစိုးရာဇာတို့က နိုင်ငံအဝန်းနှင့်တကွ ယခုနှစ် ဝါထပ်ရမည်ဟု ပြဋ္ဌာန်းခဲ့လျှင် ရဟန်းသံဃာတော်တို့ကလည်း ထပ်ကြရမည်။ မင်းစိုးရာဇာတို့က ဝါထပ်မှုမရှိခဲ့လျှင် ရဟန်းသံဃာတော်တို့ကလည်း ဝါထပ်မှုမပြုရဟူလိုသည်။ မင်းစိုးရာဇာတို့က ဝါမထပ်သော နှစ်မှာ အချို့သော ရဟန်းသံဃာတော်တို့က မိမိတို့အလိုနှင့် ဝါထပ်ငြားအံ့၊ ဝါဆို ဝါကပ်နှင့်စပ်သော ပညတ်တော်တို့သည် ယခင်ပါဠိတော်နှင့်အညီ ထိုနှစ်အတွင်းမှာ မင်းစိုးရာဇာတို့၏ ဥတုမာသပက္ခ တိထိ ဝေါဟာရသို့သာ အစဉ်လိုက်ကြကုန်ရာ၏။ ထိုရဟန်းသံဃာတော်တို့၏ ဝေါဟာရတို့ မလိုက်ကြကုန်ရာ-အဘယ်ကြောင့်နည်းဟူမူကား ရာဇာပဓာန အရာမျိုးဖြစ်သောကြောင့်တည်း။ မင်းစိုးရာဇာတို့က လွှဲအပ်ခြင်းမရှိဘဲ မိမိတို့

အလိုအလျောက် ဗေဒင်ကိန်းခန်းအတွက်နှင့် ဝါထပ်ရက်ငင်မှုကို ပြုခြင်းငှာ မထိုက်။

## ၅၂၆။ လှည်း, လှေ, နှစ်ဖြာ၊ နွားခြံမှာ၊ ဝါကပ်ရသည် ချည်း။

လမ်းခရီး သွားဆဲဖြစ်သော လှည်းဝိုင်း, သွားဆဲဖြစ်သော လှေ, သင်္ဘော၊ နွားကျောင်းသားတို့နေရာ နွားခြံဌာနတို့၌လည်း ဝါကပ်ရ၏။

## ၅၂၇။ ရွာ၌ကပ်ရာ၊ ရွာသွားရာ၊ မကွာလိုက်သတည်း။

ရွာ၌ ဝါကပ်ပြီးမှ တစ်စုံတစ်ခုသော ဘေးရန်တို့ကြောင့် ဝါတွင်းမှာပင် ဌာနတစ်ပါးသို့ ထိုရွာပြောင်းရွှေ့၍ သွားခဲ့သော် ရဟန်းသည်လည်း ထိုရွာသွားရာတို့ လိုက်၍နေရ၏၊ ဝါမပျက်။

## ၅၂၈။ ဝစီဘေဒ၊ အာလယ၊ ဒွာယ ဝါကပ်နည်း။

ဝါကပ်နည်းသည် ဝစီဘေဒက မြွက်ဆို၍ ကပ်နည်း၊ စိတ်တုပ္ပါဒ အာလယမျှပြု၍ ကပ်နည်းဟူ၍ နှစ်ပါးရှိ၏။

## ၅၂၉။ စကားပြည့်စုံ၊ မပြည့်စုံ၊ နှစ်ပုံနှုတ်မြွက်နည်း။

"ဣမသ္မိံ ဝိဟာရေ ဣမံ တေမာသံ ဝဿံ ဥပေမိ" (ဝိနယသင်္ဂဟ-နှာ-၂၁၆)။ ။ စကားပြည့်စုံနည်း။ ။ ဝိဟာရ၊ တေမာသသဒ္ဒါ မပါစေ၍ "ဣဓ ဝဿံ ဥပေမိ" မျှဆို၍ကား စကားမပြည့်စုံနည်း။ အမိုးနှင့်ပြည့်စုံခြင်း, အကာနှင့်ပြည့်စုံခြင်း, တံခါးအိမ် တံခါးဘွဲ့ တံခါးရွက်နှင့်ပြည့်စုံခြင်း, ဝါတွင်းသုံးလ အမြဲနေရန် ကျောင်းဖြစ်ခြင်း၊ ဤအင်္ဂါလေးပါးနှင့် ပြည့်စုံသောကျောင်းမျိုး၌သာ ပြည့်စုံသော ဝစီဘေဒကို မြွက်ဆို၍ ကပ်ရမည်။ ကျောင်း မဟုတ်သော ခရီးသွားဆဲ လှည်း, လှေ, သင်္ဘောတို့မှာ အမိုးအကာ တံခါးနှင့်တကွ ယာယီကုဋိ ပြုလုပ်၍ ဝါကပ်ရာ၌ "ဣဓ ဝဿံ ဥပေမိ" ဤမျှသာဆို၍ ကပ်ရမည်။ ထိုကဲ့သို့သော

ကုဋ္ဋိကိုမျှ မရခဲ့သော် လှည်း, လှေ, အမိုးတွင်းသို့ ဝင်၍ "ဣမဲ ဝဿံ ဝဿံ ဥပေမိ" ဟု စိတ္တုပ္ပါဒ အာလယမျှကိုပြု၍ ကပ်ရသည်။ ကျောင်း အဟုတ်သောကြောင့် ဝိဟာရသဒ္ဒါကို မဆိုရ။ လှည်း, လှေ သင်္ဘောတို့၌ ဝါဆို၍လိုက်သွားရာ ဝါတွင်းမှာပင် မိမိအလိုရှိရာ ရပ်ရွာသို့ ရောက်ခဲ့လျှင် ဆင်း၍နေရစ်ရ၏။ ထိုရွာမှာ ဝါကျွတ်စေရ၏။ ထို့ကြောင့် တေမာသံ သဒ္ဒါကို မဆိုရ။ လှည်း လှေ သင်္ဘောတို့၌ပင် ဝါကျွတ်သည်တိုင်အောင် နေရလိမ့်မည်ဖြစ်လျှင် တေမာသံသဒ္ဒါကို ဆိုသင့်ရာ၏။ အင်္ဂါနှင့် ပြည့်စုံသော ကျောင်းမှာ ကပ်ရာ၌ နှုတ်မြွက်၍ မဆိုမိသော်လည်း ဤကျောင်း၌ သုံးလပတ်လုံး ငါနေမည် ဟုစိတ်ဖြစ်ခဲ့လျှင် ဝါကပ်ခြင်း မြောက်ပါ၏။

**၅၃၀။ ဝဿရတ္တိ၊ ဆေဒဒွိ၊ ကြောင်းရှိ အသီးသီး။**

ဝဿစ္ဆေဒအကြောင်း ရတ္တိစ္ဆေဒအကြောင်း အသီးသီးရှိသည်။ ဝဿစ္ဆေဒ ဆိုသည်ကား ကပ်ဆိုပြီးသော ဝါကို ဖျက်ဆီးမှုတည်း။ ရတ္တိစ္ဆေဒ-ဆိုသည်ကား သတ္တာဟဆောင်၍ သွားမှုတည်း။

**၅၃၁။ သုံးဆယ့်နှစ်သာ၊ ပါဠိလာ၊ ဝါပြတ် အကြောင်း တည်း။**

ဆိုခဲ့ပြီးသော ဖျက်ထိုက်သောအကြောင်း သုံးဆယ့်နှစ်ပါးရှိ၏။ ထိုသုံးဆယ့်နှစ်ပါးသော အကြောင်းတို့ တွင် တစ်ခုခုသောအကြောင်း ရှိနေခဲ့သော် ပုရိမဝါဆိုနေ့၌ ဝါမဆိုဘဲနေခြင်းငှာလည်း အပ်၏။ ထိုအန္တရာယ်မရှိခဲ့လျှင် ဒုတိယဝါ၌လည်း ထိုအန္တရာယ်ရှိခဲ့ပြန်သော် ဒုတိယဝါ၌ ဝါမဆိုဘဲလည်း နေအပ်၏။ "ကေနစိ အန္တရာယေန ပုရိမိကံ အနုပဂတေန ပစ္ဆိမိကာ ဥပဂန္တဗ္ဗာ" (ဝိနယသင်္ဂဟ-၄-နှာ-၂၁၅)။ ။ အဋ္ဌကထာ။ ကနစိ အန္တရာယေန-၌ ဝဿစ္ဆေဒ အကြောင်းစုတွင်

ပါဝင်သော အန္တရာယ်စုကိုလည်းကောင်း ထိုမှတပါးသော အန္တရာယ်စုကိုလည်း ကောင်းယူ၊ အန္တရာယ်တစ်စုံတစ်ခုရှိခဲ့လျှင် ပုရိမဝါ၌ ဝါမကပ်ဘဲ နေရသည်ကို ပြဆိုသဖြင့် ဒုတိယဝါ၌လည်း ထိုအန္တရာယ်မျိုး ရှိခဲ့ပြန်လျှင် မကပ်ဘဲ နေရ၏ ဟူသောအနက်သည် ပြီး၏။ သုံးဆယ့်နှစ်ပါးသော အကြောင်းဆိုသည်ကား သားရဲဘေး, မြွေကင်းဘေး ခိုးသူ ဓားမြဘေး, ဘီလူး သဘက်ဘေး, ဆွမ်း မပြည့်စုံခြင်း, ကျောင်း မပြည့်စုံခြင်း, ဆေး ပစ္စည်း မပြည့်စုံခြင်း, ပတိရူပဖြစ်သော တကာဥပါသကာအလုပ် အကျွေးကို မရခြင်း, ပြဟ္မစရိအန္တရာယ်မျိုး ကိုးပါး, အရပ်တစ်ပါး၌ သံဃာကွဲပြားရန် အားထုတ်မှုကို ကြားသိရခြင်း စသည်တို့တည်း။ ဤအကြောင်းစုတို့ တစ်ခုခုရှိခဲ့လျှင် ဆိုခဲ့ပြီးသော ဝါကိုပြတ်၍ အရပ်တစ်ပါးသို့ သွားရ၏။

**၅၃၂။ ညဥ့်ပြတ် ကြောင်းကား၊ အလွန်များ၊ ထင်ရှား ကျမ်းဂန်လာ။** ။ (သိသာပြီ)။

**၅၃၃။ သီတင်းသုံးဖော်၊ မိဘသော်။ မခေါ်သွား ထိုက်ပါ။**

သီတင်းသုံးဖော် ငါးယောက် မိဘနှစ်ပါးတို့၌ အကြောင်းရှိခဲ့သော် ကပ္ပိယစကားနှင့် မပင့် မခေါ်သော်လည်း ဝါပန်၍ သွားအပ်၏။ ခုနစ်ရက်ကို မလွန်စေမူ၍ ပြန်ရ၏။

**၅၃၄။ ထိုပြင်သေသာ၊ ကြွင်းသမျှ၊ ပင့်မှ သွားထိုက်ရာ။**

**၅၃၅။ ကပ္ပိယစကား၊ ပါရှိငြား၊ သွားအပ်သည် ချည်းသာ။**

ထိုခုနစ်ယောက်တို့မှ ကြွင်းကုန်သော သူတို့ဖြစ်ခဲ့ကြမူ ပင့်ခေါ်မှု ရှိမှ ဝါပန်၍ သွားအပ်သည်။ ကပ္ပိယ စကားနှင့် ပင့်ခဲ့လျှင် ဘယ်သူ့ထံသို့

မဆို ဝါပန်၍ သွားလျှင်သွားအပ်သည်ချည်းတည်း။

"က္လစာမိ ဒါနဥ္စ ဒါတုံ ဓမ္မဉ္စ သောတုံ ဘိက္ခူစ ပဿိတုံ" (ဝိနယသင်္ဂဟ-၄-နှာ-၂၁၇)။ ကပ္ပိယစကားတည်း။ အရှင်သံဃာတော်မြတ်တို့အား မည်သည့်ဝတ္ထုကို လှူဒါန်းလိုပါသည်။ ဟောကြားတော်မူသောတရားတော်ကိုလည်း နာခံလိုပါသည်။ ရွှေမျက်နှာတော်ကိုလည်း ဖူးမျှော်လိုပါသည်။

ကပ္ပိယစကား-"အန္တော သတ္တာဟေ ပဋ္ဋိနိဝတ္တေဿမိ" (ဝိနယသင်္ဂဟ-၄-နှာ-၂၁၇)။ (ဝါပန်) သွားမည်ပြုသောနေ့၌ ယနေ့ပြန်ခဲ့မည်နက်ဖန်ပြန်ခဲ့မည်ဟူ၍လည်းကောင်း၊ ခုနစ်ရက်အတွင်း ပြန်ခဲ့မည်ဟူ၍လည်းကောင်း ရှေ့အဖို့၌ နှလုံးသွင်းသည်ဖြစ်အံ့။ သွားခါနီးမေ့လျော့၍ ဝါမပန်ဘဲ သွားသော်လည်း ဝါ မပျက်။ ဝါပန်၍ ထွက်သွားပြီးမှ ထီးမေ့ကျန်ခြင်း၊ ဖိနပ်မေ့ကျန်ခြင်း စသည်တို့ကြောင့်တိုက်တွင်းသို့ တစ်ဖန်ပြန်၍ဝင်ရောက်ခဲ့သော် ပန်ပြီးဝါပျက်၏။ ထိုကဲ့သို့ပြန်ဝင်မိသည်ရှိသော် သည်နေ့၌ မသွားရပြီ။ တိုက်တွင်းမှာနေပြီး၍ နက်ဖန်မှ ဝါပန်သွားရသည်။ သည်နေ့၌ပင် တစ်ဖန် ဝါပန်၍ သွားခဲ့မိအံ့။ ဝါပျက်၏ဟု ဆိုကြ၏။ ဆင်ခြင်။

## ၅၃၆။ လဆန်းကိုးရက်၊ ဝါပန်ထွက်၊ ပြန်ရက်မရှိပြီ။

သီတင်းကျွတ် လဆန်း၊ ကိုးရက်နေ့၌ သတ္တာဟဆောင်၍ ဝါပန်၍ထွက်သွားသောရဟန်းအား ရောက်ရာဌာနမှာ သတ္တမအာရုဏ်၌ ဝါကျွတ်သည် ဖြစ်၍ သတ္တာဟကိစ္စအတွက်နှင့် ထိုတိုက်သို့ တစ်ဖန်ပြန်ခွင့်မရှိပြီ။ မပြန်လိုလျှင် နေရ၏။ ပြန်လိုလျှင် ပြန်ရ၏ဟူလိုသည်။ အချို့ကားဝါမပန်ပဲ ထိုလဆန်းကိုးရက်နေ့၌ ထွက်သွားကြ၏။ ငါတို့ ကျေးဇူးရှင်ဆရာတော်ကြီးကား ဝါပန်၍ သွားရမည်ဟုမိန့်၏။ ဝါဆိုပြီး၍ ဝါပန်ခြင်း

ကို မပြု၊ ခုနစ်ရက်တွင်း၌ ပြန်ခဲ့မည်ဟူသော နှလုံးသွင်းကိုမျှ မပြုမိဘဲ တိုက်တွင်းမှ ထွက်သွားခဲ့သော် ထိုအရံကို လွန်သည် နှင့်တပြိုင်နက် ဝါပျက်၏။ ယခုနေ့ပင် ပြန်ခဲ့မည် အကြံနှင့် ဝါမပန်ဘဲ ထွက်သွားပြီး၍ တိုက်တွင်းတို့ရောက်မှ ယနေ့မပြန်သေးပြီဟု အကြံဖြစ်ခဲ့အံ့။ အကြံဖြစ်ရာ ဌာန၌ ဝါပျက်၏။ အရံမရှိသော ကျောင်းတိုက်၌ အဆုံးစွန် သော ကျောင်းမှ ခဲတကျလွန်လျှင် ဝါပျက်၏။ (မဟာအဋ္ဌကထာအလို။) အရှင်မဟာဗုဒ္ဓဃောသအလိုကား ဒုတိယခဲတကျကိုလွန်မှ ဝါပျက်၏။ အချို့သောသူတို့သည် အရံမရှိသော တောကျောင်း၌ ဝါဆိုကြသောအခါ အရှေ့အရပ်၌ မည်သည့်သစ်ပင်ထိ၊ တောင်အရပ်၌ မည်သည့် သစ်ပင်ထိ-စသည်ဖြင့် အရုဏ် စောင့်ရှောက်ရန် အပိုင်းအခြား မှန်း ထား၍ ဆိုကြကုန်၏။ မှန်းထား၍ ရသည် မဟုတ်။ ပြဆိုခဲ့ပြီးသော ခဲတကျ အတိုင်းသာ အပိုင်းအခြား သွား၏။

ဝါဆိုခန်း ပြီး၏။

------------------

## ၃၇-ကထိန်အမြွက်

### ၅၃၇။ ထိုတိုက်ထဲ၌၊ ခိုင်မြဲစွာလှ၊ စီဝရတွက်၊ ကြောင့် ကြစိုက်ထား၊ အနက်သွား၊ ခေါ်ငြား ကထိန်။

ကထိန သဒ္ဒါသည် မလှုပ်မရှား ခိုင်မြဲခြင်းအနက်ကို ဟော၏။ တိုက်တာအတွင်း၌ ကထိန်ခင်းမှုမည်သည် ထိုတိုက်နှင့်စပ်၍ အလွန် ခိုင်မြဲသော စီဝရပလိဗောဓမှုကို ပြုခြင်းတည်း။ တပေါင်းလပြည့်နေ့ တိုင်အောင် စီဝရကာလသမယကို ခိုင်မြဲစေနိုင်သော ဒဋ္ဌီကမ္မမှုကြီး ဆိုလိုသည်။

## ၅၃၈။ မိုးနောက်ဆုံးလ၊ ကထိန်ကျ၊ ခင်းရထိုအခါ။

ကထိန်ခင်းမှုသည် မိုးလေးလတို့တွင် နောက်ဆုံးတစ်လသည် ကထိန်ကာလကျ၏။ ထိုတစ်လအတွင်း၌ ခင်းရ၏။ သီတင်းကျွတ်လပြည့်ကျော်တစ်ရက်မှ တန်ဆောင်မုန်းလပြည့်တိုင် တစ်လကို ဆိုသည်။

## ၅၃၉။ ဤတိုက်တွင်းမှာ၊ ဝါပထမ၊ ကျွတ်သူမှ၊ ခင်းရ ပုဂ္ဂိုလ်မှာ။

ပုဂ္ဂိုလ်မှာမူကား ဤတိုက်တွင်းမှာ ပထမဝါကပ်ခဲ့၍ သီတင်းကျွတ်လပြည့်နေ့၌ ပဝါရဏာပြု၍ လပြည့်ကျော် တစ်ရက်နေ့၌ ပထမဝါကောင်းစွာကျွတ်လတ်သော ပုဂ္ဂိုလ်သည်သာ ကထိန်ခင်းရသည်။ ဒုတိယဝါသားရဟန်း, ဝါပျက်သောရဟန်း, ဝါမကပ်ခဲ့ရသောရဟန်းတို့ မခင်းရကုန်။ ပုရိမဝါသားပင် ဖြစ်သော်လည်း မိမိဝါကျွတ်ရာ တိုက်တာ၌သာ ခင်းရသည်။ တစ်ပါးတိုက်တာ၌ မခင်းရ။

## ၅၄၀။ ခံ, ရွေး, ပေးနှင်း၊ စွန့်, ထိုးခြင်း၊ တင်, ခင်း နုမောဒါ။

၁။ ကထိန်သင်္ကန်းကို အလှူခံမှု။

၂။ သံဃာတော်တို့က ကထိန်ခင်း ထိုက်သောပုဂ္ဂိုလ်ကို ရွေးချယ် ခန်း။

၃။ သိမ်တွင်းတို့သွား၍ ထိုပုဂ္ဂိုလ်အား ကထိန်သင်္ကန်းကို ပေးခန်း။

၄။ တိစီဝရိက်အဓိဋ္ဌာန် တင်ရှိသော သင်္ကန်းဟောင်းကို ပစ္စုဒ္ဓိုရ်ပြု၍ အဓိဋ္ဌာန်စွန့်မှု။

၅။ ခင်းမည့်သင်္ကန်းသစ်ကို ကပ္ပဗိန္ဒုထိုးမှု။

၆။ အမည်ဖြင့် အဓိဋ္ဌာန်တင်မှု။

၇။ နှုတ်မြွက်၍ခင်းမှု။

၈။ အနုမောဒနာခန်း။

အစဉ်အတိုင်း ပြုရန်ကိစ္စရှစ်ပါး။

ပြုပုံကား။ ကထိန်လှူလိုသော ဒါယကာသည် ဝါဦး ဝါလယ် ဆီကပင် မိမိကြည်ညိုရာ ကျောင်းတိုက်၌ ဝါကျွတ်လျှင် အရှင်တို့ တိုက်တာမှာ ကထိန်သင်္ကန်းကပ်လှူလိုပါသည်ဟု လျှောက်ကြားထားခြင်း ငှာ သင့်မြတ်လှ၏။ ထိုတိုက်တာတွင် သံဃာထေရ်ကြီးများက ဝါတွင်း အခါကပင် ကထိန်ခင်းထိုက်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံအောင် ကြောင့်ကြစိုက်မှု, ဝိနည်း တိစီဝရိက်ဆောင်မှု, အမေးအဖြေ သင်ကြားမှု များကို ကြောင့်ကြစိုက်၍ ထားရမည်။ ဒါယကာတို့မှာလည်း သံဃိက အလှူစစ်မှ အကျိုးကြီးသည်ဖြစ်၍ သံဃိက အလှူမြောက်လေအောင် ပုဂ္ဂိုလ်ကို ရည်စူးခြင်းမှ ကင်းစေရာ၏။ သီတင်းကျွတ်လပြည့်ကျော် တစ်ရက်နေ့မှစ၍ တန်ဆောင်မုန်းလပြည့်အတွင်း သင့်လျော်ရာနေ့ရက်၌ သင်္ကန်းသုံးထည်တို့တွင် တစ်ထည်ထည်ကို ယူဆောင်၍ ထိုတိုက်တွင်းရှိ သံဃာ ထေရ်ကြီးထံတို့သွား၍-

ဣမံ စီဝရံ ကထိနတ္ထာယ သံဃဿဒမ္မိ။

ဣမိနာ စီဝရေန ကထိနံ အတ္ထရထ, ဆို၍လှူဒါန်းရမည်။ မဆိုတတ်ရှိလျှင် သံဃထေရ်ကြီးက သင်ကြား၍ ရေစက်ခံ၊ အနက်ပါ ဆိုစေ။ မျက်နှာသုတ် ပဝါများ အပိုအမို ပါရှိခဲ့သေးလျှင် ဥ တ်သင်္ကန်း၏ အရံပြု၍-"ဣမာနိ စီဝရာနိ သံဃဿ ဒေမ" ဟုရေစက်ချ၍ သင့်ရာက ထား။

ခံခန်းပြီး၏။

ကထိန်မည်သည် နေ့လွန်ခြင်းငှာ မအပ်ရကား ထိုနေ့၌ပင် တိုက်ရှိသံဃာကုန်စည်းဝေး၍ ကထိန်ခင်းထိုက် သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသောပုဂ္ဂိုလ်ကို ရွေးချယ်၍ ဤနေရာ၌မေးခန်းဖြေခန်းထွက်။

ရွေးချယ်ခန်း ပြီး၏။

မေးဖြေရွေးချယ်၍ ရသောအခါ လေးပါး, ငါးပါးသော သံဃာသည် ထိုပုဂ္ဂိုလ် ထိုသင်္ကန်းတို့ကို ယူဆောင် ၍ ခဏ္ဍသိမ်သို့ သွားပြီးလျှင် ထိုပုဂ္ဂိုလ်ကို တိဿ-ဟုအမည်မှည့်။ ဉ တ်ကမ္မဝါစာဖတ်ကြား၍ ထိုပုဂ္ဂိုလ်အား သင်္ကန်းကိုပေး။ ။သင်္ကန်းလျှာ မဟုတ်၊ သင်္ကန်းပြီးပြီးဖြစ်လျှင် ဉ တ်ကမ္မဝါစာ၌ "ဣဒံ ဃံဃဿ ကထိနစီဝရံ" ဟုဖတ်။

ပေးခန်း ပြီး၏။

ဉ တ်ကမ္မဝါစာ ဆုံးလျှင် ထိုပုဂ္ဂိုလ်က ခင်းလိုရာဌာနကို ထို သင်္ကန်းကို ယူခဲ့၍ ထိုနေရာ၌ထိုင်နေ၍ ဉ တ်သင်္ကန်းသည် ဒုကုဋ် သင်္ကန်း ဖြစ်ခဲ့သော် ဒုကုဋ်ဟောင်းကို ကိုင်ပြီး "ဣမံ စီဝရံ ပစ္စုဒ္ဓရာမိ" ဆို၍ အဓိဋ္ဌာန်စွန့်။

စွန့်ခန်းပြီး၏။

ဉ တ်သင်္ကန်း၌ ကပ္ပဗိန္ဒုထိုး။

ထိုးခန်းပြီး၏။

ဉ တ်သင်္ကန်းကို "ဣမံ သံဃာဋိံ အဓိဋ္ဌာမိ"(ဝိနယသင်္ဂဟ။၄-နှာ) ဟုမြွက်ဆို၍ အဓိဋ္ဌာန်တင်။

တင်ခန်းပြီး၏။

ထိုသင်္ကန်းကိုကိုင်၍ "ဣမာယ သံဃာဋိယာ ကထိနံ အတ္ထရာမိ"( ဝိပါ-၅ နှာ ၃၀၉)ဟုသုံးကြိမ် ဆို၍ခင်း။ ထိုသို့ဆိုသည်ကိုပင် အခင်းဆို သတည်း။ ကိုယ်ရုံ ဖြစ်ခဲ့သော် "ဣမိနာ ဉတ္တရာသံင်္ဂေန" ဟုဆို၊

သင်းပိုင်ဖြစ်ခဲ့သော်“ဣမိနာ အန္တရဝါသကေန” ဟုဆို၊ သိမ်အပြင်မှာ လည်းခင်းရပါ၏။ တန်ဆောင်း, မဏ္ဍပ်, ပရိသတ် အလယ်မှာလည်း ခင်းရ၏။ ထိုပုဂ္ဂိုလ်မှာခင်းခြင်း မြောက်ပြီ၊ တိုက်တွင်းရှိ သံဃာများမှာ အခင်းမမြောက်ကြသေး။

ခင်းခန်းပြီး၏။

ခင်း၍ပြီးလျှင် ဃံဃာတို့ကို အနုမောဒနာပြုကြစေရန် တောင်း ပန်ရမည်။ အတ္ထတံ အာဝုသော သံဃဿ ကထိနံ၊ ဓမ္မိကော ကထိနတ္ထာရော အနုမောဒထ”။ (ဝိပါ-၅ နှာ ၃၀၉)။ သုံးခေါက်ဆို။

သံဃာတို့က ပုရိမဝါ ချောမောစွာ ကျွတ်ခဲ့သော ရဟန်းမှ ပါဝင်ရသည်။ အနုမောဒနာ ပြုသူတို့မှာ ကထိန်ခင်းခြင်း မြောက်ပြန်၏။ ကထိန် အာနိသင်ငါးပါးကို ရထိုက်ကြလေ၏။

အနုမောဒနာခန်း ပြီး၏။

ထိုတိုက်၌ သံဃာမလုံမလောက်ရှိခဲ့သော် တစ်ပါးတိုက်တာမှ ဥတ်ကမ္မဝါစာဖတ်တတ်သော ရဟန်းများကို ပင့်ခေါ်၍ ဖတ်စေရမည်။ ဒါယကာတို့က တစ်ပါးတိုက်တာမှ သူတို့ကြည်ညိုရာ ပုဂ္ဂိုလ်များကို ပင့်လိုလျှင် ပင့်စေရပါ၏။ မျက်နှာသုတ်ပဝါမှစ၍ အလုံးစုံသော သင်္ကန်း အထည်များတို့ကို သံဃိကအနေနှင့်ချည်း လှူကြသည်ဖြစ်လျှင် အနုမောဒနာပြုသော ထိုတိုက်တာ သံဃာသာရ၏။ ဒါယကာတို့က တစ်ပါးတိုက်တာမှ ပင့်သံဃာများသို့ အသီးပြု၍ထားသော သင်္ကန်းများ ဖြစ်ခဲ့လျှင် သူတို့အလိုရှိရာ လှူရ၏။ သင်္ကန်းမှ တစ်ပါးသော ဝတ္ထု ပရိက္ခရာတို့ကိုမူကား ထိုအခါ၌ ထိုတိုက်တွင်းမှာ ရှိနေသော တစ်ပါး တိုက်တာ သံဃာများလည်း ညီတူညီမျှ ရထိုက်၏။ သာမဏေများ

ကိုလည်း အနုမောဒနာပြုစေ၍ သင်္ကန်းများကို အဖို့ပေးဝေကြ၏။
ကထိန်ခင်းနည်း အကျဉ်းချုပ်ပြီး၏။

-------------

## ကထိန်ခင်းရာ အင်္ဂါရှစ်ပါး

**၅၄၁။ ပုဗ္ဗကရဏံ၊ ပစ္စုဒ္ဓါ၊ ဓိဋ္ဌာန်, အတ္ထာရ။**
**၅၄၂။ မာတိ, ဗောခံ၊ ဥဒ္ဓါရံ၊ နိသံ အင်ရှစ်ဝ။**

ပုဗ္ဗကရဏကိုသိခြင်း, ပစ္စုဒ္ဓိုရ်ကိုသိခြင်း, အဓိဋ္ဌာန်ကိုသိခြင်း, ခင်းမှုဟူသော အတ္ထာရကိုသိခြင်း, မာတိကာရှစ်ပါးကို သိခြင်း, ပလိဗောဓ နှစ်ပါးကို သိခြင်း, ဥဒ္ဓါရဟု ဆိုအပ်သော ကထိန်နုတ်ခြင်း နှစ်ပါးကိုသိခြင်း, အာနိသင်ငါးပါးကိုသိခြင်း။ (အင်္ဂါရှစ်ပါး။)

**၅၄၃။ လျှော်, စီ, ဖြတ်, တွဲ၊ ချုပ်, ဆိုးနဲ၊ ထိုးမြဲ, ခွန်ပုဗ္ဗ။**

သင်္ကန်းလျှာ အဝတ်ကို ဖွတ်လျှော်ရခြင်း, ပဥ္စခဏ်း သတ္တခဏ်း စသည်မျဉ်းချမှု အမှတ်ပြုမှုတို့ဖြင့် စီရင်ရခြင်း, စီရင်ချက်အတိုင်း ဖြတ်ရခြင်း, တဲအပ်တွယ်ရခြင်း, ချုပ်ရခြင်း, ဆိုးရခြင်း, ကပ္ပဗိန္ဒုထိုးရခြင်း၊ ပုဗ္ဗကရဏ ခုနစ်ပါး။

**၅၄၄။ ပစ္စုဒ္ဓါရုံ၊ အဓိဋ္ဌာန်၊ ခင်းပြန် အတ္ထာရ။**

သင်္ကန်းဟောင်းကို ပစ္စုဒ္ဓိုရ်ပြုရခြင်း, ကထိန်သင်္ကန်းကို အဓိဋ္ဌာန်တင်ရခြင်း, နှုတ်မြွက်၍ ခင်းရခြင်း။ ယခုကာလ၌ကား ချုပ်ပြီးဆိုးပြီးကို ဥ တ်သင်္ကန်းပြုလုပ်ရန် လှူကြသည်ဖြစ်၍ ပုဗ္ဗကရဏ ခုနစ်ပါးတွင် ကပ္ပဗိန္ဒုထိုးမှု တစ်ခုသာ ပြုခွင့်ရှိပေသည်။

**၅၄၅။ ဖဲသွား, ပြီးပြေ၊ ဆုံးဖြတ်ထွေ၊ ပျောက်လေ, နုတ်ပြီးကြား။**

## ၅၄၆။ အာသာ ပြတ်တုံ၊ ဆောင်းလကုန်၊ နုတ်ကြုံ, မာ, ရှစ်ပါး။

မာတိကာရှစ်ပါး၏ သရုပ်ကား-ကထိန် အာနိသင်ကို ရရှိသော ရဟန်းတို့တွင် အချို့သောရဟန်းသည် တပေါင်းလပြည့် မတိုင်မီ အတွင်း၌ ပြီးပြီးသောသင်္ကန်းကိုယူ၍ တပေါင်းလအတွင်းမပြန်ပြီဟု ထိုတိုက်တာမှ အရပ်တစ်ပါးသို့ ဖဲသွားခြင်းတစ်ပါး, ဤသို့ ဖဲသွားရာ၌ သင်္ကန်းချုပ်လုပ်ရန်ကိစ္စသည် တိုက်တွင်း၌ပင် ပြီးစီးလျက် ရှိသောကြောင့် တိုက်တွင်း၌ပင် စီဝရပလိဗောဓပြတ်၏။

တပေါင်းလအတွင်း ဤတိုက်သို့မပြန်ပြီဟု ထွက်သောကြောင့် တိုက်အရံကိုလွန်သည်နှင့် တပြိုင်နက် အာဝါသပလိဗောဓပြတ်၏။ ပလိဗောဓ နှစ်ပါးပြတ်ရာ၌ ထိုပုဂ္ဂိုလ်မှာ ကထိန်ပျက်၏။ ဖဲသွားခြင်းလျှင် အဆုံးရှိ သော ကထိန်နုတ်ခြင်းမည်၏-၁။

ပြီးပြေ ဆိုသည်ကား-မချုပ်မဆိုးရသေးသော သင်္ကန်းကို ယူ၍ ထိုနည်းတူထွက်သွား၏၊ သင်္ကန်းကို အရပ်တစ်ပါးရောက်မှ ချုပ်မည်ဟု ယူခဲ့၍ အရပ်တစ်ပါး၌ ချုပ်လုပ်၏။ ဤသို့ မပြန်ပြီဟုတွက်သောကြောင့် တိုက်အရံကို လွန်ရာ၌ အာဝါသပလိဗောဓ မပြတ်သေး၊ သင်္ကန်းချုပ်လုပ်ပြီးပြေမှ ပြတ်၏၊ ကထိန်ငြိမ်း၏၊ သင်္ကန်းပြီးခြင်းလျှင် အဆုံးရှိသော ကထိန်နုတ်ခြင်းမည်၏-၂။

ရောက်ရာ၌ သင်္ကန်းကိုလည်း ချုပ်လုပ်မည့် တပေါင်းလပြည့် အတွင်းမှာပင် တိုက်တာသို့ ပြန်မည်ဟု ထွက်သွား၍ တိုက်ပြင် အရပ်တစ်ပါးသို့ရောက်မှ သင်္ကန်းကိုလည်း မချုပ်ပြီ တိုက်တာသို့လည်း မပြန်ပြီဟု စိတ်ဆုံး ဖြတ်ရာ၏၊ ဆုံးဖြတ်ရာ၌ ကထိန်ငြိမ်း၏။ (သိသာ ပြီ-၃)။

ပျောက်လေ ဆိုသည်ကားထိုနည်းတူ ထွက်သွား၍ တိုက်ပြင်သို့ ရောက်မှ သင်္ကန်းလည်း ပျောက်၍သွား ၏။ မပြန်လိုပြီဟု စိတ်ဖြစ်၏။ ကထိန်ငြိမ်း၏။ ။(သိသာပြီ-၄)။

နုတ်ပြီကြား ဆိုသည်ကား-ထိုနည်းတူ ထွက်သွားရာ၏။ ထိုရဟန်းထွက်သွားသည်နောက် ထိုတိုက်မှာ ကထိန်နုတ်ရန် အကြောင်း ရှိ၍ ထိုကထိန်ကိုနုတ်ရ၏။ သင်္ကန်းကို ရောက်ရာ၌ ချုပ်လုပ်ပြီးမှ ထိုတိုက်တာမှာ ကထိန်နုတ်ကြောင်းကို ကြား၏။ ပြန်မည်ဟု စိတ်ရှိသော် လည်း နုတ်ကြောင်းကို ကြားသည်နှင့် တစ်ပြိုင်နက် ထိုရဟန်းမှာ ကထိန်ငြိမ်း၏။ -၅။

ထိုနည်းတူ ထွက်သွား၍ ရောက်ရာ၌ သင်္ကန်းကို ချုပ်လုပ်၍ ပြန်မည်ဟု ကြံလျက် မပြန်ဖြစ်တဲ့နိုင်ရှိ၍ တပေါင်းလအတွင်းမှာ ပြတ်လာရာ ထိုတိုက်တာ၌ အကြောင်းရှိ၍ ထိုကထိန်ကို နုတ်ကြသည်ကို ထိုရဟန်းလည်း ရောက်လာခိုက်ကြုံ၍ သံဃာတို့နှင့်အတူ နုတ်ရာပါ လေ၏။ ငြိမ်း၏။

အာသာပြတ်တုံဆိုသည်ကား-အရပ်တစ်ပါး၌ သင်္ကန်းလျာ ရလိမ့်မည်ဟု အာသာနှင့် ထိုတိုက်တာသို့ မပြန်ပြီဟု ထွက်သွား၏။ အာသာရှိသေးသည့်အတွက် တိုက်ပြင်အရပ်တစ်ပါးသို့ ရောက်သော် လည်း စီဝရပလိဗောဓ ရှိသေး၏။ အာသာပြတ်၏။ ကထိန်ငြိမ်း၏။ အာသာနှင့်တကွ ထွက်သွားရာ အာသာရှိရာက သင်္ကန်းလျာရမှုကား ထိုသင်္ကန်းလျာအတွက် ချုပ်လုပ်ရန် စီဝရပလိဗောဓ ဆက်၍ သွားပြန်၏။ ပြီးပြေ ဆုံးဖြတ် စသည်တို့သို့ရောက်ပြန်လေ၏။ အကျယ်ကို ခန္ဓက ပရိဝါရတို့၌ယူလေ။

မာတိကာ ရှစ်ပါး ပြီး၏။

-------------

**၅၄၇။ သက်န်းနှင့်စပ်၊ ကျောင်းနှင့်စပ်၊ နှစ်ရပ် ဗောဓ ပြား။** (ဤပလိဗောဓနှစ်ပါး ထင်ရှားပြီ)။

**၅၄၈။ အန္တရုဗ္ဘာ၊ သဟုဗ္ဘာ၊ နှစ်ဖြာ နုတ်ခြင်းပြား။**

အန္တရုဗ္ဘာရနုတ်ခြင်း, သဟုဗ္ဘာရနုတ်ခြင်းဟူ၍ နုတ်ခြင်း နှစ်ပါးရှိ၏။ ထိုတိုက်တွင်း၌ ကထိန်နုတ်မှုကိုပင် ထိုရဟန်းမပြန်မီနုတ်မှု, ထိုရဟန်းပြန်လာ၍ မှီသဖြင့် ထိုရဟန်းနှင့်တကွ နှုတ်မှုဟူ၍ နှစ်ပါးဖြစ် သတည်း။

**၅၄၉။ နိသင်ငါးမှာ၊ ရှေး၌သာ၊ သေချာ ပြပြီးငြား။**

ပုဗ္ဗပရဏမှစ၍ ဤအလုံးစုံကိုသိသော ရဟန်းမှ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသည်ဖြစ်၍ ကထိန်ခင်းခြင်းငှာ ထိုက်သည်ဟု ပရိဝါ၌ လာသည်။ "အဋ္ဌဟင်္ဂေဟိ သမန္နာဂတော ပုဂ္ဂလော အဘဗ္ဗော ကထိနံ အတ္ထရိတုံ။ အဋ္ဌဟင်္ဂေဟိ သမန္နာဂတော ပုဂ္ဂလော ဘဗ္ဗော ကထိနံ အတ္ထရိတုံ"။ (ပါဠိတော်။)ရှေ့ရှစ်ပါးကား အင်္ဂါ ရှစ်ပါးကို မသိခြင်း ရှစ်ပါးတည်း။

ကထိန်အမြွက် ပြီး၏။

----------

၁။ ငါးရာငါးဆယ်၊ လက်ာချယ်၊ ဤဝယ် ပြီးကဗျာ။
၂။ ဝိနယသံခိပ်၊ ဘွဲ့တံဆိပ်၊ ခပ်နှိပ် မည်သညာ။
၃။ မုံရွာလယ်တီ၊ တောရပ်မှီ၊ မထေရ် ဉာဏ်ဇော။
၄။ နော, ဆ, ဒွေ, က၊ ဝါခေါင်လ၊ ပြီးထ ဤကျမ်းစာ။
၅။ လိုရင်းအကုန်၊ အကျဉ်းခြုံ၊ နှုတ်ငုံသူတို့မှာ။
၆။ ဝိနယရေ၊ ပါမောက္ခ၊ အမျှ ကိုးကွယ်ရာ။
၇။ ကျမ်းပြုပါရ၊ ဤပုညကြောင့်၊ ဒုက္ခခပ်သိမ်း၊ ငြိမ်းစေ ခလို၊ ဆုပန်ဆို၊ ဗိုလ်လူ သတ္တဝါ။
၈။ အနာမျိုးကင်း၊ မိုးမင်း သည်းထန်၊ နိုင်ငံခပ် သိမ်း၊ တရားထိန်း၊ ငြိမ်းစေ အဖြာဖြာ။
၉။ ရှစ်သောင်းလေးထောင်၊ တရားရောင်လည်း၊ မိုက်မှောင်ပယ်တွန်း၊ ထိန်ထိန်ရွှန်း၊ ထွန်းစေ သာသနာ။

ဝိနယသံခိပ်အဖြေကျမ်း ပြီး၏။

--------- ✳ ---------